http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)

## ဒုတိယဆင့်

### မေးခွန်းဟောင်း နှင့် အဖြေများ

### ( ဝီထိ ၊ ဝီထိမုတ် ၊ ရုပ် )

၁၉၈၉ - ခုနှစ် မှ ၂၀၁၈ - ခုနှစ် အထိ

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနမာမကအဖွဲ့
( လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း )

http://www.dhammadownload.com

# သဗ္ဗညုတဉာဏ်တော်အစွမ်း

* သိရန်မှန်က မကျန်ရအောင်
လုံးဝစုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* သိသည့်တရား များအပြား၌
ဟောထားစဖွယ် နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* ကျွတ်ထိုက်ကြပေ များဝေနေ၏
ဣန္ဒြေစရိုက် သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* သဗ္ဗညုဉာဏ်အား စွမ်းသုံးပါးကြောင့်
အများဝေနေ ကျွတ်လွတ်စေဖို့
မနေမနား သက်တော်အားဖြင့်
ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၌
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင် . . . . ငါတို့ဘုရားတည်း။

တောင်မြို့-မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

"ကောင်းမွန်" ကွန်ပျူတာ အမှတ် -၁၁၄၊ ၃၄ လမ်း (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၈၉၀၂၃, ၀၉၅၁၆၀၁၀၁

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)

## ဒုတိယဆင့်

## မေးခွန်းဟောင်း နှင့် အဖြေများ

## ( ဝီထိ ၊ ဝီထိမုတ် ၊ ရုပ် )

၁၉၈၉ - ခုနှစ် မှ ၂၀၁၈ - ခုနှစ် အထိ

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနမာမကအဖွဲ့
( လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း )

http://www.dhammadownload.com

http://www.dhammadownload.com

# သာသနာရေးဦးစီးဌာန၏
# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ဒုတိယဆင့် (ဝိထိပိုင်း)
## (၁၉၇၈ - ခုနှစ်မှ ၁၉၈၈ - ခုနှစ်ထိ)
## မေးခွန်းဟောင်းများ

### ၁၉၇၈

၁။ စိတ်က အာရုံကို ဖန်တီးခြင်းမဟုတ်၊ အာရုံကို အစွဲပြု၍သာ စိတ်ဖြစ်ပေါ်နေရပုံကို သိသာစေရန် စက္ခုဒွါရဝီထိ ချ၍ ရှင်းပြပါ။

၂။ ဝိပါက်အမှန်၊ ဇောအပြန် ဟူသော အဘိဓမ္မာဆိုရိုးစကားအရ ပုထုဇဉ်၊ သေက္ခတို့၏ ဇောစိတ်နှင့် ရဟန္တာတို့၏ ဇောစိတ်ချင်း ကွာခြားပုံကို အကြောင်းပြ၍ ရှင်းလင်းပါ။

၃။ ဒွိဟိတ်ပုဂ္ဂိုလ်များ တရားအားထုတ်ပါက အဘယ်ကြောင့် ဈာန်, မဂ်, ဖိုလ် မရနိုင်ပါသနည်း၊ ရူပဘုံ၌ အနိဋ္ဌာရုံ မရှိပါဘဲလျက် အကုသလဝိပါက် စက္ခုဝိညာဏ်စိတ်များ ဖြစ်နိုင်ပုံကို ရှင်းပြပါ။

---

### ၁၉၇၉

၁။ ဘဝင်လှုပ်သည့်အကြောင်းကို ဥပမာဆောင်၍ ဖြေဆိုပြီးလျှင်၊ ဘဝင်ကျသည်ဟူသော စကား၏အဓိပ္ပါယ်ကိုလည်း ရှင်းလင်းခဲ့ပါ။

၂။ "ဝိပါက်လည်းအမှန်–ဇောလည်းအပြန်" ဟူသောစကားရပ်ကို အဘယ်ကို ရည်ရွယ်၍ ဆိုထားပါသနည်း၊ သိသာရုံမျှ ရှင်းပြပါ။

၃။ လူတို့သည် ရိုးရိုးအခါ၌ ဇော ၇–ကြိမ် စောမြဲဖြစ်သော်လည်း သေခါနီးကာလတွင် ၇–ကြိမ် မစောနိုင်ဘဲ ၅–ကြိမ်သာ စောရခြင်းအကြောင်းကို ရှင်းပြပြီးလျှင် အဟိတ် တိရစ္ဆာန်ပုဂ္ဂိုလ်တို့ မဂ်–ဖိုလ် မရနိုင်ခြင်းအကြောင်းကို ဖော်ပြခဲ့ပါ။

---

### ၁၉၈၀

၁။ အောက်ပါ အဘိဓမ္မာဝေါဟာရတို့၏ အဓိပ္ပါယ်ကို ရှင်းခဲ့ပါ။

(က) ဝီထိ (ခ) ဥပါဒ်ခဏ (ဂ) ဌီခဏ (ဃ) ဘင်ခဏ

http://www.dhammadownload.com



ရုပ်သည် စိတ္တက္ခဏ ၁၇–ချက် အသက်ရှိရခြင်းအကြောင်းနှင့် စိတ်၏ဌီနှင့် ရုပ်၏ဌီတို့၏ အထူးကို ရေးခဲ့ပါ။

၃။ အမိဝမ်းတိုက်မှ မွေးဖွားကာစ ကလေးသူငယ်များအား အစဦးဆုံးဖြစ်သော ဝီထိကို ချပြခဲ့ပါ။

၄။ လူတို့ အိပ်ပျော်နေစဉ်အခါ၌ မည်သည့်စိတ်များ ဖြစ်ပေါ်နေပါသနည်း၊ အဘယ်ကြောင့် အဆင်း၊ အသံ စသည်တို့ကို မမြင်မသိပါသနည်း။

---

**၁၉၈၁**

၁။ "အာရုံကျသည်၊ အာရုံရောက်သည်"ဟူသော စကားကို သင်မည်သို့ နားလည်ပါသနည်း၊ ရှင်းလင်းဖော်ပြပါ။

၂။ ကမ္ဘာဦးက သမ္မာထူးသည့် ကြာဖူးသက်နှံးကို လျှုဒါန်းသော အလှူဒါယကာ ဃဋီကာရ ဗြဟ္မာကြီး၏ စိတ်သန္တာန်၌ တဒါရုံစိတ် ဖြစ်–မဖြစ် အကြောင်းနှင့်တကွ ရေးသားပါ။

၃။ မဂ်စိတ်တဖွားဖွား ဖြစ်ပွားနေသည်ဟု ပြောကြားသော ယောဂီ၏စကားကို အမှန်ဟု သင်လက်ခံနိုင်ပါမည်လော၊ အကြောင်းယုတ္တိခိုင်ခိုင် ဥပမာပိုင်နိုင်စွာ ဖြေဆိုပါ။

---

**၁၉၈၂**

၁။ ယခု အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲကို ဖြေဆိုနေသူ၏သန္တာန်၌ ဖြစ်ပေါ်နေသော စိတ်အစဉ်သည် တိုက်တွန်းနှိုးဆော်သူ ဖန်ဆင်းရှင်ကြောင့် ဖြစ်ပေါ်နေပါသလော၊ (သို့မဟုတ်) အဘယ်တရား၏အစွမ်းဖြင့် ဖြစ်ပေါ်နေရပါသနည်း။

၂။ မွေးကာစ ကလေးသူငယ်များ၏သန္တာန်၌ ဝီထိစိတ်များ ဖြစ်နိုင်–မဖြစ်နိုင်၊ ထင်လာသော အာရုံကို သိနိုင်–မသိနိုင် အကြောင်းသွင်း၍ ရှင်းလင်းဖြေဆိုပါ။

၃။ ရွှေတိဂုံ၊ မဟာဝိဇယ စသောစေတီတော်များကို ဖူးမြင်ရသူ၏သန္တာန်၌ ဖြစ်နိုင်သော အကျိုးဝိပါက်စိတ်တို့ကို အကြောင်းပြ၍ ဖြေဆိုပါ။

---

http://www.dhammadownload.com



## ၁၉၈၃

၁။ ဝီထိဟူသော အဘိဓမ္မာဝေါဟာရ၏ အဓိပ္ပါယ်ကို ရှင်းပြ၍၊ ဘဝတစ်သက်တာ၌ ဝီထိများစွာ ဖြစ်သော်လည်း အကျဉ်းချုပ်အားဖြင့် မည်မျှရှိသည်ကို ရှင်းပြပါ။

၂။ အောက်ပါအစားအစာများကို စားသုံးရာ၌ စားသုံးရသော အစာအာဟာရအလိုက် စားသုံးသူ၏သန္တာန်၌ ဖြစ်ပေါ်သော အကျိုးဝိပါက်စိတ်တို့ကို အဘိဓမ္မာနည်းကျ ဖော်ပြပါ။

(က) အလွန်ကောင်းသော အစားအစာ

(ခ) သင့်ရုံကောင်းသော အစားအစာ

(ဂ) အလွန်ညံ့သော အစားအစာ

၃။ လူ့လောက၌ ဒါန, သီလ စသော ကုသိုလ်၊ လောဘ, ဒေါသစသော အကုသိုလ် ဇောစိတ်များ မဖြစ်သော ပုဂ္ဂိုလ်မျိုး ရှိနိုင်–မရှိနိုင် အကြောင်းပြဖြေဆိုပါ။

---

## ၁၉၈၄

၁။ ဘဝင်သည် ဝီထိခန်း၌ မည်သို့ပါဝင်လျက်ရှိကြောင်း သဘောပေါက်ရုံမျှ ရှင်းပြ၍၊ ဥပါဒ်, ဌီ, ဘင် လက္ခဏာရှိသည့်တရားများကို ဖော်ပြပါ။

၂။ ဤမေးခွန်းလွှာကို ကြည့်မြင်ရာဝယ် စက္ခုပသာဒရုပ် (မျက်စိ)ဖြင့် မြင်ပါသလော (သို့) စက္ခုဝိညာဏ်စိတ်ဖြင့် မြင်ပါသလော၊ အမြင်သဘောကို ရှင်းပြခဲ့ပါ။

၃။ အောက်ပါပုဂ္ဂိုလ်များ၏ ဖြစ်ဆဲဖြစ်သော စိတ်အစဉ်အရ ဝီထိအမည်များ ပေးပြီးလျှင် အမှတ် (က)၌ ဖြစ်သော ဇောစိတ်များကို ညွှန်ပြပါ။

(က) မြိန်ယှက်စွာ ထမင်းစားနေသူ

(ခ) စာပေသဘော၌ စိတ်ဝင်စားသူ

(ဂ) ဈာန်ဝင်စားသူ

၄။ ခန္ဓာကိုယ်အားဖြင့် လူချင်းတူကြသော်လည်း နာမ်ဟိတ်အားဖြင့် ကွဲပြားခြားနားမှု ရှိပုံကို ဋီကာကျော်လာ ပုဂ္ဂလဘေဒအရ ဝေဖန်ဆွေးနွေးခဲ့ပါ။

---

http://www.dhammadownload.com



## ၁၉၈၅

၁။ ပရမတ္ထတရားလေးပါးတို့တွင် စိတ်, စေတသိက်, ရုပ်တို့၏ ဥပါဒ်, ဌီ, ဘင် သတ်မှတ်ချက်နှင့် ပတ်သက်၍ ထူးခြားချက်များကို ဖော်ပြပြီးလျှင်၊ စိတ်၏ ဌီနှင့် ပတ်သက်၍ ရှေးဆရာများ၏ အယူအဆများကိုလည်း ဖော်ပြခဲ့ပါ။

၂။ နှလုံးသားနှင့် ဦးနှောက်တို့သည် နေရာအားဖြင့် ဝေးကွာသော်လည်း မဟာဘုတ်ရုပ်တို့၏ ဆက်သွယ်မှုဖြင့် တစ်ဆက်တည်းရှိပုံကို သိသာစေရန် စက္ခုပသာဒ၌ ရူပါရုံ ထင်သောအခါ ဘဝင်လှုပ်ခြင်းသဘောအားဖြင့် ထင်ဟပ်ဖော်ပြခဲ့ပါ။

၃။ သမထ, ဝိပဿနာ ရှုမှတ်ပွားများ အားထုတ်သောအခါ မိမိရှုမှတ်ပွားများသော အာရုံ မထင်မရှား ဝိုးတိုးဝါးတား ဖြစ်ခိုက်၌ ဈာန်မဂ်ဖိုလ်တရားများ ဖြစ်ပေါ်နိုင်ခြင်း ရှိ-မရှိ ဋီကာကျော် ဝီထိပိုင်း အပ္ပနာဇောဝါရကို အထောက်အထားပြု၍ ဖြေဆိုပါ။

၄။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား တွေ့မြင်ရာ၌ တွေ့မြင်သူအလိုက် ၎င်းတို့သန္တာန်၌ မည်သည့်ဝိပါက်စိတ်မျိုး ဖြစ်ပါသနည်း၊ တွေ့မြင်သူတိုင်းအနေဖြင့် ကုသိုလ်ဇောစော၍ ကုသိုလ်ရသည်ဟု မှတ်ထိုက်ပါမည်လော၊ ဖြေဆိုပါ။

---

## ၁၉၈၆

၁။ ရုပ်မြင်သံကြားကို ကြည့်ရှုနေစဉ် သင့်သန္တာန်၌ ဖြစ်ပေါ်လာသည့် ဝီထိစိတ်အစဉ်ကို အဘိဓမ္မာကျမ်းလာအရ အကျဉ်းရေးသားဖော်ပြခဲ့ပါ။

၂။ ရုပ်တရား၊ နာမ်တရားတို့သည် အဘိဓမ္မာသဘာဝအရ ဖြစ်-ချုပ်လျက်ရှိရာ နာမ်တရားသည် စိတ္တက္ခဏတစ်ချက်သာ အသက်ရှိ၏၊ ရုပ်တရားသည် စိတ္တက္ခဏ ၁၇-ချက် အသက်ရှိ၏၊ ၎င်းနှစ်ခု၏ ကွာခြားချက်ကို ဋီကာကျော်ကျမ်းလာအရ ရှင်းလင်းဖြေဆိုခဲ့ပါ။

၃။ တဒါရမ္မဏ (တဒါရုံ)ဟု ခေါ်ဆိုရာ အဘိဓမ္မာနည်းလမ်းအရ မည်သည့်ဖြစ်ပုံဖြစ်မှုကို ခေါ်ဆိုကြောင်း ဥပမာနှင့်တကွ ဖြေဆိုခဲ့ပါ။

၄။ မြတ်ဗုဒ္ဓ၏ ပစ္စဝေက္ခဏာဇောနှင့် ရဟန္တာပုဂ္ဂိုလ်ကြီးများ၏ ပစ္စဝေက္ခဏာဇောအကြိမ် ထူးခြားမှု ရှိ-မရှိ ခွဲခြားဖြေဆို၍၊ မဂ်စိတ်သည် အကြိမ်များစွာ ဖြစ်သင့်ပါလျက် တစ်ကြိမ်သာ ဖြစ်ရခြင်းကိုလည်း ဋီကာရှင်၏ အလိုကျ ရှင်းလင်းဖြေဆိုခဲ့ပါ။

---

http://www.dhammadownload.com



## ၁၉၈၇

အဘိဓမ္မာလာ ဥပါဒ်၊ ဘင်တို့၏ အဓိပ္ပါယ်ကို တစ်ခုချင်း ရှင်းပြ၍၊ ရုပ်သက်က နာမ်သက်ထက် ပိုရှည်ရခြင်းအကြောင်းကိုလည်း သိသာရုံ ဖြေဆိုခဲ့ပါ။

နှလုံးခုန်ခြင်းကို ဘဝင်လှုပ်သည်ဟု ဆိုပါသလော၊ ဘဝင်လှုပ်ပုံကို အများနားလည် အောင် ဥပမာနှင့်တကွ ရှင်းပြပါ။

အကယ်၍ သင်သည် တိဟိတ်ပုဂ္ဂိုလ် ဖြစ်ပါက အသင်၌ ဖြစ်နိုင်သမျှသော စိတ်တို့ကို ဆန်းစစ်ဝေဖန်ဖော်ပြပါ။

---

## ၁၉၈၈

၁။ ရုပ်တစ်ခု၏ ဖြစ်ချိန်ကို စိတ္တက္ခဏ ၁၇-ချက် ကြာသည်ဟု အဘိဓမ္မာသဘောအရ သတ်မှတ်ထားရာ ယင်းသတ်မှတ်ချက်အတိုင်း ရုပ်တရားအားလုံး ဖြစ်နိုင်-မဖြစ်နိုင် စိစစ်ပြပါ။

၂။ ဤမေးခွန်းလွှာကို ဖတ်ရှုနေသော စာဖြေသူ၏သန္တာန်ဝယ် စက္ခုဝိညာဏ်-သမ္ပဋိစ္ဆိုင်း စသော ဝီထိစိတ်များ စနစ်တကျ ဖြစ်ပေါ်လာအောင် တစ်စုံတစ်ယောက်သော ဖန်ဆင်း (တန်ခိုး)ရှင်က စီမံဖန်ဆင်းပေးပါသလော၊ အဘိဓမ္မာအမြင်ဖြင့် ရှုမြင်သုံးသပ်ပြပါ။

၃။ တရားအားထုတ်သော်လည်း ဘဝရင့်ကျက်မှု (လောကခံကို ခံနိုင်ရည်ရှိမှု)နှင့် ပါရမီ ကုသိုလ်ဖြစ်မှုဖြင့်သာ ကျေနပ်ရပြီး ယခုဘဝ၌ ဈာန်မဂ်ဖိုလ် မရနိုင်သော ပုဂ္ဂိုလ်များ ရှိနိုင်-မရှိနိုင် အဘိဓမ္မာသဘောအရ ဆွေးနွေးတင်ပြပါ။

http://www.dhammadownload.com

## သာသနာရေးဦးစီးဌာန၏

# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ဒုတိယဆင့် (ဝိထိပိုင်း)

## (၁၉၈၉-ခုနှစ်မှ ၂၀၀၇-ခုနှစ်ထိ)

## မေးခွန်းဟောင်းနှင့် အဖြေများ

## ၁၉၈၉

၁။ စာဖြေသူ၏ ဂုဏ်ထူးဆောင်မေးခွန်းစာရွက်တည်းဟူသော ရူပါရုံသည် အဘယ်အရာ၌ တည်၍ အာရုံအဖြစ်သို့ ရောက်သည်ကို ဖြေဆိုပြီးလျှင်၊ ယင်းရူပါရုံကို ယူတတ်သော စက္ခုပသာဒသည် အဘယ်သို့သော စိတ်နှင့်ပူးတွဲဖြစ်ပေါ်တတ်သည်ကို ဝါဒစုံအောင် ရေးပြခဲ့ပါ။

ရူပါရုံသည် မိမိ၏ တည်ရာအရုပ်၌ တည်လျက်သာလျှင် အာရုံအဖြစ်သို့ ရောက်ပါသည်။ (အကြောင်းမှာ ယင်းရူပါရုံကို ယူတတ်သော စက္ခုပသာဒရုပ်သည် အသမ္ပတ္တဂါဟကရုပ် ဖြစ်သောကြောင့်တည်း။)

**စက္ခုပသာဒသည်**

(က) **ဋီကာဆရာအယူ** = "ဘဝင်္ဂစလန၏ အနန္တရပစ္စည်းဖြစ်သော အတီတဘဝင်၏ ဥပါဒ်နှင့်အတူ ပြိုင်၍ဖြစ်၏" ဟုယူ၏။

(ခ) **အပရေဆရာအယူ** = "အာဝဇ္ဇန်း၏ ဥပါဒ်နှင့်တကွ ဖြစ်၏"ဟုယူ၏။

---

၂။ "ကြိုးစားအားထုတ်လျှင် ယခုဘဝတွင်ပင် နိဗ္ဗာန်ဝင်နိုင်၏" ဟူသော အဆိုကို မှန်-မမှန် ပုဂ္ဂိုလ်အပြားကို ရှု၍ ဆွေးနွေးဝေဖန်ခဲ့ပါ။

**"ကြိုးစားအားထုတ်လျှင် ယခုဘဝတွင်ပင် နိဗ္ဗာန်ဝင်နိုင်၏" ဟူသော အဆိုသည် တိဟိတ်ပုဂ္ဂိုလ်များအတွက် မှန်ပြီး အဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်များအတွက်မူ မမှန်ပါ။**

အဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် မူလပဋိသန္ဓေတည်စကပင် အမောဟဟိတ်တည်းဟူသော ဉာဏ်နှင့်မယှဉ်၊ ဉာဏ်ကင်း၏၊ ထို့ကြောင့် ပဝတ္တိအခါ၌ မည်မျှပင် ကြိုးစားအားထုတ်စေကာမူ အပ္ပနာဇော၏ အကြောင်းရင်းဖြစ်သော အမောဟဟိတ်

http://www.dhammadownload.com



မပါရှိသဖြင့် (တစ်နည်း) ဝိပါကန္တရာယ် တားမြစ်သောကြောင့် ဈာန်, မဂ်, ဖိုလ်တို့ မရနိုင်ပါ၊ မဂ်ဖိုလ်မရသဖြင့် နိဗ္ဗာန်သို့လည်း မရောက်နိုင်ပါ၊ ဤပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေဝိပါက်စိတ်သည် ဈာန်, မဂ်, ဖိုလ်ကို တားမြစ်အပ်သော ပဋိသန္ဓေမျိုးစေ့ ဖြစ်သောကြောင့် ဝိပါကာဝရဏဟု ခေါ်၏။

တိဟိတ်ပုဂ္ဂိုလ်တို့ကား ပဋိသန္ဓေတည်စကပင် အမောဟဟိတ် (သို့) ဉာဏ်နှင့် ယှဉ်သဖြင့် ပဝတ္တိအခါ၌ ကြိုးစားအားထုတ်လျှင် အပ္ပနာဇောဖြစ်သော ဈာန်, မဂ်, ဖိုလ်တို့ ရနိုင်ပါသည်၊ ထို့ကြောင့် နိဗ္ဗာန်သို့ ရောက်နိုင်ပါသည်။

---

**၁၉၉၀**

၁။ ရူပါရုံကိုမြင်ရာ၌ စက္ခုပသာဒက မြင်ပါသလား၊ သို့မဟုတ် စက္ခုဝိညာဏ်က မြင်ပါသလော၊ စိစစ်ဖြေဆို၍၊ တဒါရုံ၏အဓိပ္ပါယ်ကို အများနားလည်အောင် ရေးပြပါ။

**ရူပါရုံကိုမြင်ရာ၌ စက္ခုဝိညာဏ်ကသာ မြင်နိုင်ပါသည်၊ စက္ခုပသာဒက မမြင်နိုင်ပါ၊** မြင်ခြင်းကိစ္စကို စက္ခုဝိညာဏ်ကသာ ပြီးစီးစေနိုင်၏၊ စက္ခုပသာဒရုပ်သည် ရုပ်၏ ကန်းသည်ဖြစ်၍ မြင်ခြင်းကိစ္စ၌ မစွမ်းနိုင်ပါ။

**တဒါရုံ**

ဇော၏အာရုံကို အာရုံပြု၍ဖြစ်သော ကာမဝိပါက်စိတ်သည် တဒါရုံ မည်၏၊ မြစ်ညာရေညာသို့ ဆန်၍ လှော်ခတ်ခုတ်မောင်းနေသော လှေသင်္ဘော၏နောက်သို့ ရေအဟုန်ယက်ပန်းသည် အနည်းငယ် အစဉ်လိုက်ဘိသကဲ့သို့ ဇောသို့ အစဉ်တစိုက် အနည်းငယ်လိုက်သော အားဖြင့် ဇော၏အာရုံကို အာရုံပြု၍ ဖြစ်သောစိတ်သည် တဒါရုံ မည်၏။

---

၂။ "ဈာန်ရသည်၊ မဂ်ရသည်၊ ဖိုလ်ရသည်" ဆိုရာ၌ ရခါစ၌ ထိုဇောများသည် မည်သည့် အချိန်ဝယ် အကြိမ်ပေါင်းမည်မျှဖြစ်သည်၊ သတ်မှတ်သည့် အကြိမ်ထက် လျော့နည်း ပိုလွန်၍ ဖြစ်-မဖြစ်တို့ကို အဘိဓမ္မာဉာဏ်အမြင်ဖြင့် ဝေဖန်ပြပါ။

http://www.dhammadownload.com



**ဈာန်ဇော** သည် ရခါစ၌ တစ်ကြိမ်သာဇောစ၏။
ဋီကာအလို = မဟဂ္ဂုတ်ဇောသည် တစ်ကြိမ်တည်းဖြင့်ပင် ကိလေသာတို့ကို ဝိက္ခမ္ဘနသတ္တိဖြင့် ပယ်ဖျက်နိုင်သောကြောင့် တစ်ကြိမ်သာ ဇောစ၏။
ဘာသာဋီကာအလို = ရခါစဖြစ်၍ အားနည်းသောကြောင့် တစ်ကြိမ်သာဇောစ၏။

**မဂ်ဇော** သည် အခါခပ်သိမ်း တစ်ကြိမ်သာဇောစ၏။
မဂ်စိတ်တို့မည်သည် ဝရဇိန်မိုးကြိုးပမာ အလွန်တရာအရှိန်ပြင်းထန်သော တရားမျိုးဖြစ်သဖြင့် ဆိုင်ရာကိလေသာတို့ကို အကြိမ်ကြိမ် ပယ်ဖျက်ဖို့ မလို၊ တစ်ကြိမ်တည်းဖြင့်သာ ပယ်ဖျက်နိုင်သောကြောင့် တစ်ကြိမ်သာဇောစ၏။

**ဖိုလ်ဇော** သည် ရခါစ၌ မန္ဒပညာပုဂ္ဂိုလ်ဖြစ်လျှင် ၂-ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင် ၃-ကြိမ်ဇောစ၏။

ဖိုလ်စိတ်များကား မဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီးသော ကိလေသာတို့၏ အရှိန်ကို နောက်ထပ်အပြီးသတ် ငြိမ်းအေးစေသောတရားမျိုး ဖြစ်သောကြောင့် ၂-၃ ကြိမ် ဇောရ၏။

(တစ်နည်း) သမာပတ်ဝင်စားခိုက် မဟုတ်သော ပကတိရိုးရာအခါ၌ ဇောတို့သည် ၇-ကြိမ်သာ အလွန်ဆုံး ဇောနိုင်ကြ၏၊ ထို့ကြောင့် အပ္ပနာဇောဝါရ၌ မန္ဒပညာပုဂ္ဂိုလ်ဖြစ်လျှင် ဥပစာရသမာဓိဇော၄-ကြိမ်၊ မဂ်၁-ကြိမ် ဖြစ်၍ ဖိုလ်၂-ကြိမ်သာ ဇောနိုင်၏။ တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင် ဥပစာရသမာဓိဇော၃-ကြိမ်၊ မဂ်၁-ကြိမ်ဖြစ်၍ ဖိုလ်၃-ကြိမ် ဇောနိုင်၏။

ဤသို့သောအကြောင်းများကြောင့် ဈာန်, မဂ်, ဖိုလ်ဇောတို့သည် ရခါစ၌ သတ်မှတ်ထားသည့် အကြိမ်ထက် လျော့နည်း-ပိုလွန်၍ မဖြစ်နိုင်ပါ။

---

၃။ များသောအားဖြင့် ဝီထိစိတ်များသည် ဆင်ခြင်မှု "အာဝဇ္ဇန်း"၏ နောက်လိုက်များ ဖြစ်သည်၊ ဆင်ခြင်မှု "အာဝဇ္ဇန်း" မပါဘဲဖြစ်သော ဝီထိစိတ်များ ရှိ-မရှိ သိသာထင်ရှား အောင် ထုတ်ပြပါ။

http://www.dhammadownload.com



ဝီထိစိတ်များသည် များသောအားဖြင့် ဆင်ခြင်မှု "အာဝဇ္ဇန်း"၏ နောက်လိုက်များ ဖြစ်ကြသော်လည်း ဆင်ခြင်မှု "အာဝဇ္ဇန်း" မပါဘဲဖြစ်သော ဝီထိစိတ်များလည်း ရှိပါသည်။

ငင်းဝီထိစိတ်တို့မှာ –

(၁) အာဂန္တုကဝီထိ၌ အာဂန္တုကဘဝင်စိတ်

(၂) မဂ္ဂဝီထိ၌ ဂေါတြဘူ၊ ဝေါဒါန်

(၃) ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇော

(၄) နိရောဓသမာပတ္တိဝီထိ၌ နိရောဓသမာပတ်မှအထ၌ အနာဂါမိဖိုလ်ဇောနှင့် အရဟတ္တဖိုလ်ဇောတို့ ဖြစ်ပါသည်။

---

**၁၉၉၁**

၁။ အာရုံနှင့် ပသာဒဟူသော ရုပ်တရားအချင်းချင်း ပေါင်းဆုံထိခိုက်မိကြရာ၌ မသက်ဆိုင်သော နာမ်တရားဘဝင်က အဘယ်ကြောင့် လှုပ်ရပါသနည်း၊ ဘဝင်လှုပ်နိုင်ပုံကို ဥပမာသွင်း၍ ရှင်းလင်းရေးသားပါ။

**အာရုံနှင့်ပသာဒဟူသော ရုပ်တရားအချင်းချင်း ပေါင်းဆုံထိခိုက်မိကြရာ၌ မသက်ဆိုင်သော နာမ်တရားဘဝင်လှုပ်ရခြင်းအကြောင်းကို ဋီကာကျော်ဥပမာသွင်း ရှင်းလင်းပြရသော် –**

အာရုံနှင့်ပသာဒ ဟူသော ရုပ်တရားအချင်းချင်း ထိခိုက်မိသော် ပသာဒ၏မှီရာ မဟာဘုတ်သည် ဟဒယဝတ္ထု၏မှီရာ မဟာဘုတ်နှင့် တစ်ခုတည်းသော သန္တာန်အစဉ်အဆက်၏အစွမ်းဖြင့် တစ်စပ်တည်း ဆက်စပ်လျက်ရှိသောကြောင့် ဟဒယဝတ္ထုကို မှီသော ဘဝင်လှုပ်ရခြင်း ဖြစ်ပါသည်။

**ဥပမာအားဖြင့်** – စည်မျက်နှာပြင် တစ်ဖက်၌ ကပ်ငြိသော သကာခဲတွင် ယင်ကောင်တစ်ကောင်နားနေရာ ကျန်စည်မျက်နှာပြင်တစ်ဖက်ကို လက်ခတ်ဖြင့် တီးခတ်လျှင် အစဉ်အတိုင်း စည်ကို ကျက်သော သားရေကြိုးစသည် လှုပ်သဖြင့် သကာခဲလည်းလှုပ်၍ ယင်ကောင်ပျံသွားခြင်းကဲ့သို့ –

http://www.dhammadownload.com



ထို့အတူ ပဿာဒကို အာရုံလာထိခိုက်သော် ပဿာဒ၏ မှီရာမဟာဘုတ် လှုပ်၊ ထိုမဟာဘုတ်နှင့်စပ်သော မဟာဘုတ်အဆက်ဆက် လှုပ်သဖြင့် ဟဒယဝတ္ထု၏ မှီရာမဟာဘုတ်လှုပ်၏၊ ထို့နောက်မှ မဟာဘုတ်ကို မှီသော ဟဒယဝတ္ထုလှုပ်သဖြင့် ဟဒယဝတ္ထု၌ မှီသောဘဝင်လည်း လှုပ်ရလေ၏။

---

၂။ ကောင်းမြတ်သောအာရုံကို တွေ့မြင်သူတိုင်း ကုသိုလ်ဇောဖြစ်နိုင်၊မဖြစ်နိုင်ကို အဘိဓမ္မာအမြင်ဖြင့် ရှုမြင်သုံးသပ်၍ ဋီကာလာ မျက်မြင်သာဓကဖြင့် ဆွေးနွေးပါ။

**ကောင်းမြတ်သောအာရုံကို တွေ့မြင်ရသူတိုင်း ကုသိုလ်ဇောမဖြစ်နိုင်ပါ။ အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ပြရသော် –**

ကာမဇောတို့သည် ယောနိသောမနသိကာရရှိလျှင် ကုသိုလ်ဇော၊ အယောနိသောမနသိကာရရှိလျှင် အကုသိုလ်ဇော၊ ယောနိသောမနသိကာရရှိသော်လည်း နိရာနုသယရဟန္တာများ၏ သန္တာန်၌ဖြစ်လျှင် ကြိယာဇော ဇောခွင့်ရှိပါသည်။

ဋီကာလာ သာဓကထုတ်ပြရသော် – "မြတ်စွာဘုရား" တည်းဟူသော ကောင်းမြတ်သော အတိဣဋ္ဌာရုံကို တွေ့မြင်ရသူတို့အနက် –

(က) ရတနာ ၃–ပါးကို မကြည်ညိုကုန်သော တိတ္ထိစသူတို့မှာ အနိဋ္ဌအခြင်းအရာအားဖြင့် ဒေါသဇော ဇောကုန်၏။

(ခ) သဒ္ဓါတရား ခေါင်းပါးသူတို့မှာ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဥပေက္ခာဇော ဇောကုန်၏။

(ဂ) ရတနာ ၃–ပါးကို ကြည်ညိုကြသူတို့မှာ ကုသိုလ်ဇော ဇောကုန်၏။

ဤသို့ ဖြစ်ရခြင်းမှာ ဝိပ္ပလ္လာသတရား မကင်းသေးသော ပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် အချုပ်အားဖြင့် ကောင်းမြတ်သော အာရုံကို တွေ့မြင်ရသူတို့၌ ပုထုဇဉ်၊ သေက္ခ၊ အသေက္ခဟူသော ပုဂ္ဂိုလ်အလိုက် ထိုပုဂ္ဂိုလ်တို့၏ နှလုံးသွင်းမှုအလိုက် ဇောတို့သည် ကုသိုလ်ဇောသော်လည်းကောင်း၊ အကုသိုလ်ဇောသော်လည်းကောင်း၊ ကြိယာဇောသော်လည်းကောင်း ဇောကြကုန်၏။

---

http://www.dhammadownload.com



၃။ စိတ်အနည်းဆုံးဖြစ်သော ပုဂ္ဂိုလ်နှင့် ပုဂ္ဂိုလ်တစ်မျိုးစီသာ ဖြစ်ခွင့်ရှိသော စိတ်တို့ကို ကြောင်းကျိုးဖော်ပြ၍ ဖြေဆိုပါ။

**စိတ်အနည်းဆုံးဖြစ်သော ပုဂ္ဂိုလ်မှာ** မဂ်ပုဂ္ဂိုလ် ၄-ယောက်ဖြစ်ပါသည်၊ ထိုပုဂ္ဂိုလ်တို့၌ ဖြစ်သောစိတ်မှာ ဆိုင်ရာမဂ်စိတ် ၁-ပါးစီသာ ဖြစ်ပါသည်။

မဂ်စိတ်တို့မည်သည် စိတ္တက္ခဏတစ်ချက်နှင့်သာ ယှဉ်သည်အဖြစ်ကြောင့် မိမိမဂ်ပုဂ္ဂိုလ်မှ တစ်ပါးသောပုဂ္ဂိုလ်တို့၌ မဖြစ်သောကြောင့် ဖြစ်ပါသည်။

**ပုဂ္ဂိုလ်တစ်မျိုးစီသာ ဖြစ်ခွင့်ရှိသောစိတ်တို့မှာ** လောကုတ္တရာစိတ် ၈-ပါးဖြစ်ပါသည်။ မဂ်စိတ် ၄-ပါးသည် ဆိုင်ရာမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တစ်မျိုးစီ၌လည်းကောင်း၊ ဖိုလ်စိတ် ၄-ပါးသည် ဆိုင်ရာဖလဋ္ဌာန်ပုဂ္ဂိုလ်တစ်မျိုးစီ၌လည်းကောင်း ဖြစ်ခွင့်ရှိပါသည်။

(၁) မဂ်စိတ်တို့မည်သည် စိတ္တက္ခဏ တစ်ချက်နှင့်သာယှဉ်၍ မိမိဆိုင်ရာ မဂ်ပုဂ္ဂိုလ်မှ တစ်ပါးသောပုဂ္ဂိုလ်တို့၌ မဖြစ်ပါ။

(၂) ဖိုလ်စိတ်သည် မိမိဆိုင်ရာဖိုလ်ပုဂ္ဂိုလ်မှ တစ်ပါးသောပုဂ္ဂိုလ်တို့၌ မဖြစ်ရခြင်းမှာ-အောက်အောက်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် အထက်အထက်ဖြစ်သောသမာပတ်ကို မရအပ်ခြင်းကြောင့်လည်းကောင်း၊ အထက်အထက်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် (အောက်အောက်မဂ်တို့ဖြင့် အကြွင်းမဲ့ မဖြတ်အပ်သေးသော)ကံ-ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်းဖြင့် သောတာပန်အဖြစ်မှ သကဒါဂါမ်အဖြစ်၊ သကဒါဂါမ်အဖြစ်မှ အနာဂါမ်အဖြစ် စသည်သို့ ရောက်၍ အောက်အောက်အမည်များ ငြိမ်းအေးပျောက်ကွယ်သွားသောကြောင့် လည်းကောင်း ဖြစ်ပါသည်။

---

**၁၉၉၂**

၁။ ဥပါဒ်၊ ဌီ၊ ဘင်ဟူသော အဘိဓမ္မာဝေါဟာရတို့၏ အဓိပ္ပါယ်ကို ရှင်းလင်းရေးသား၍၊ ရုပ်တစ်ခု၏ သက်တမ်းသည် စိတ္တက္ခဏ ၁၇-ချက်တိုင်အောင် ဖြစ်ခွင့်ရှိရာ ယင်းသတ်မှတ်ချက် ပြည့်မီအောင် အသက်မရှည်သောရုပ်များ ရှိပါက သက်တမ်းနှင့်တကွ ထုတ်ပြပါ။

http://www.dhammadownload.com



**ဥပါဒ်** = ဖြစ်ပေါ်ရန်အကြောင်း ပြည့်စုံညီညွတ်၍ ပရမတ္ထသဘောတရားတို့၏ ရှေးဦးစွာ ဖြစ်ခြင်းသည် ဥပါဒ် မည်၏။

**ဋ္ဌီ** = ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့၏ မချုပ်သေးမီ တည်နေခြင်း (တစ်နည်း–ဥပါဒ်, ဘင်နှစ်ပါးတို့၏ အလယ်၌ ဘင်သို့ ရှေ့ရှုဖြစ်ခြင်း သဘော)သည် ဋ္ဌီ မည်၏။

**ဘင်** = ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့၏ ကွယ်ပျောက်ချုပ်ဆုံးခြင်းသည် ဘင် မည်၏။

စိတ္တက္ခဏ ၁၇–ချက်တိုင်အောင် ဖြစ်ခွင့်မရှိသော ရုပ်များကို သက်တမ်းနှင့်တကွ ထုတ်ပြရသော် –

| ရုပ် | | သက်တမ်း |
|---|---|---|
| (၁) ဝိညတ်ဒွေး | – | စိတ္တက္ခဏ ၁–ချက် (ခဏငယ် ၃–ချက်) |
| (၂) ဥပစယ | – | ခဏငယ် ၁–ချက် |
| (၃) သန္တတိ | – | ခဏငယ် ၁–ချက် |
| (၄) ဇရတာ | – | ခဏငယ် ၄၉–ချက် |

---

၂။ သက်ရှိလူသားတို့သန္တာန်မှာ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်များ ဖြစ်ပေါ်လာရာ၌ ယင်းဝီထိစိတ်များ အဆင့်ဆင့် ဖြစ်ပေါ်လာရန် အဘယ်ဖန်ဆင်းရှင်များက ဖန်ဆင်းပေး လိုက်ပါသနည်း၊ စိစစ်ဖြေဆိုပါ။

**သက်ရှိလူသားတို့သန္တာန်၌ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်များသည် စိတ္တနိယာမအားဖြင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ မည်သည့်ဖန်ဆင်းရှင်ကြောင့်မှ မဟုတ်ပါ။**

ဥတုနိယာမ, ဗီဇနိယာမ စသည်တို့ကဲ့သို့ စိတ္တနိယာမ၏ အစွမ်းဖြင့်သာ ပဝတ္တိ အခါ၌ ဝီထိစိတ်များ ဖြစ်ပေါ်လာပါသည်၊ ထိုသို့ ဖြစ်ရာ၌ ဝီထိစိတ်တို့သည် အချင်းချင်း မရောယှက်ကုန်သည်ဖြစ်၍ ဆိုင်ရာကိစ္စကို ဆောင်ရွက်ကြကုန်လျက် အဆင့်ဆင့် ဖြစ်ပေါ်ကြကုန်၏၊ တစ်စုံတစ်ယောက်သောသူက "သင်အာဝဇ္ဇန်းသည် ဘဝင်၏

http://www.dhammadownload.com



အခြားမဲ့၌ ဖြစ်ပါလေ၊ စက္ခုဝိညာဏ် စသည်သည် အာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်ပါလေ” စသည်ဖြင့် စေခိုင်းတိုက်တွန်း၍ ဖြစ်လာခြင်း မဟုတ်ပါ။

ဤသို့အားဖြင့် ပဝတ္တိအခါ အာရုံနှင့် ဒွါရတိုက်ဆိုင်သောအခါ ဆိုင်ရာဝီထိစိတ်တို့သည် စိတ္တနိယာမအားဖြင့် ဖြစ်ပေါ်လာကြပြီး အာရုံနှင့်ဒွါရ တိုက်ဆိုင်မှု မရှိသောအခါ ဘဝင်အလျဉ် ဖြစ်ပေါ်နေပါသည်။

---

၃။ ရတနာမြတ်သုံးပါးကို သံသယကင်းရှင်းစွာ ယုံကြည်စိတ်ချ ကိုးကွယ်ခြင်းသည် မည်သည့်ပုဂ္ဂိုလ်အဆင့်ရောက်မှ ဖြစ်ပါသနည်း၊ ကြောင်းကျိုးပြည့်စုံစွာ တင်ပြဆွေးနွေးပါ။

**ရတနာမြတ်သုံးပါးကို သံသယကင်းရှင်းစွာ ယုံကြည်စိတ်ချ ကိုးကွယ်ခြင်းသည် သောတာပန်ပုဂ္ဂိုလ်အဆင့်ရောက်မှ ဖြစ်ပါသည်။**

အကြောင်းမှာ–သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာတရားနှစ်ပါးတို့ကို အကြွင်းမဲ့ပယ်ဖြတ်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသောကြောင့် သောတာပန်ပုဂ္ဂိုလ်အဆင့် ရောက်မှသာ ရတနာမြတ်သုံးပါးကို ယုံကြည်စိတ်ချစွာ ကိုးကွယ်ခြင်းအဆင့်သို့ ရောက်နိုင်ပါသည်။

---

## ၁၉၉၃

၁။ ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိမည်ပုံကို ဖော်ပြ၍၊ မေးခွန်းလွှာကို ကြည့်နေသူနှင့် အဖြေမှန်ကို စဉ်းစားနေသူတို့၌ ဖြစ်ဆဲစိတ်အစဉ်၏ ဝီထိအမည်ကို ဖော်ပြပါ။

**ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိမည်ပုံ** – အာရုံပြသည့်အစွမ်းဖြင့် စိတ်တို့၏ဖြစ်ခြင်းသည် ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ မည်၏။

**မေးခွန်းလွှာကြည့်နေသူ၌ ဖြစ်ဆဲစိတ်အစဉ်**

= စက္ခုဒွါရဝီထိ (တစ်နည်း) စက္ခုဝိညာဏဝီထိ

http://www.dhammadownload.com



## အမြေမှန်ကို စဉ်းစားနေသူ၌ ဖြစ်ဆဲစိတ်အစဉ်

= ကာမဇောဝါရ မနောဒွါရဝီထိ (တစ်နည်း) ကာမဇောဝါရ မနောဝိညာဏဝီထိ

---

၂။ ရုပ် ၂၈-ပါးတို့တွင် (က) စိတ်နှင့် သက်တမ်းတူသောရုပ်၊ (ခ) စိတ်ထက် အသက်တိုသောရုပ်၊ (ဂ) စိတ်ထက် အသက်ရှည်သောရုပ်တို့ကို သက်တမ်းနှင့်တကွ ဖော်ပြပါ။

(က) **စိတ်နှင့် သက်တမ်းတူသောရုပ်**

- ဝိညတ်ဒွေး
- စိတ္တက္ခဏ ၁-ချက် သက်တမ်းရှိ၏။
- စိတ္တာနုပရိဝတ္တိတရား ဖြစ်သောကြောင့်တည်း။

(ခ) **စိတ်ထက် အသက်တိုသောရုပ်**

(၁) ဥပစယနှင့် သန္တတိ (ဇာတိရုပ်) = စိတ်၏ ဥပါဒ်ခဏနှင့်တူ၍ ခဏငယ် ၁-ချက်သာ သက်တမ်းရှိ၏။

(၂) အနိစ္စတာရုပ် = စိတ်၏ ဘင်ခဏနှင့်တူ၍ ခဏငယ် ၁-ချက်သာ သက်တမ်းရှိ၏။

(ဂ) **စိတ်ထက် အသက်ရှည်သောရုပ်**

(၁) ဝိညတ်ဒွေးနှင့် လက္ခဏရုပ် ၄-ပါးကြဉ်သော ကြွင်းရုပ် ၂၂-ပါးသည် သက်တမ်းအားဖြင့် စိတ္တက္ခဏ ၁၇-ချက် ရှိ၏။

(၂) ဇရတာရုပ်သည် ရုပ်၏ ဌီသဘောဖြစ်၍ ခဏငယ် ၄၉-ချက် သက်တမ်းရှိ၏။

---

၃။ "မကြည့်တတ်လျှင် တဏှာ၊ ကြည့်တတ်လျှင် ဘာဝနာ"ဟု ဆိုရိုးရှိရာ အဘယ်သို့ ကြည့်လျှင် တဏှာဖြစ်၍ အဘယ်သို့ကြည့်လျှင် ဘာဝနာဖြစ်သည်ကို ဖော်ပြ၍၊ စက္ခုဒွါရဝီထိ၌ ဖြစ်သော ဇောတို့၏ ဖြစ်မှုအကြောင်းခံကို ဖော်ပြဖြေဆိုပြီးလျှင်၊ တဒါရုံကျနိုင်သော နည်းဥပဒေတို့ကိုလည်း ရေးခဲ့ပါ။

http://www.dhammadownload.com



"မကြည့်တတ်လျှင် တဏှာ၊ ကြည့်တတ်လျှင် ဘာဝနာ"ဟု ဆိုရိုးရှိရာ အယောနိသော မနသိကာရဖြင့် ကြည့်လျှင် တဏှာဖြစ်၍၊ ယောနိသောမနသိကာရဖြင့် ကြည့်လျှင် ဘာဝနာဖြစ်ပါသည်။

**စက္ခုဒွါရဝီထိ၌ဖြစ်သော ဇောတို့၏ ဖြစ်မှုအကြောင်းခံ**

စက္ခုဒွါရဝီထိ၌ ကာမဇောတို့သာ ဖြစ်ကြပြီး -

(၁) ယောနိသောမနသိကာရဖြစ်သူ၌ ကာမကုသိုလ်ဇော ဇောပါသည်။

(၂) အယောနိသောမနသိကာရ ဖြစ်သူ၌ အကုသိုလ်ဇော ဇောပါသည်။

(၃) ယောနိသောမနသိကာရ ရှိသော်လည်း အနုသယကင်းသော ရဟန္တာ၏ သန္တာန်၌ ကာမကြိယာဇော ဇောပါသည်။

**တဒါရုံကျနိုင်သော နည်းဥပဒေတို့မှာ**

(၁) ကာမသတ္တဝါ

(၂) ကာမဇော

(၃) ကာမအာရုံ

ဤအင်္ဂါ ၃-ပါးညီ၍ အတိမဟန္တာရုံ, ဝိဘူတာရုံ၌သာလျှင် တဒါရုံကျနိုင်ပါသည်။

---

**၁၉၉၄**

၁။ ရေဒီယိုမှ ထုတ်လွှင့်ဟောကြား မြတ်တရားကို ထက်သန်စွာ နာကြားလျက် ရှိသော ဗုဒ္ဓဘာသာတစ်ဦး၏သန္တာန်၌ ဖြစ်ပေါ်ဆဲဝီထိစိတ်အစဉ်ကို အကျဉ်းနည်းဖြင့် ချပြပြီး၊ ဤဝီထိစိတ်အစဉ်များ အစဉ်တကျ ဖြစ်ပေါ်ခြင်းသည် မည်သည့်ဖန်ဆင်းမှုမျှ မဟုတ်ဘဲ စိတ္တနိယာမသဘောဖြစ်ကြောင်း ရှင်းပြပါ။

ရေဒီယိုမှ ထုတ်လွှင့်ဟောကြားမြတ်တရားတည်းဟူသော အတိက္ကန္တသဒ္ဒါရုံကို နာကြားနေသော ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဝီထိစိတ်အစဉ်မှာ သောတဒွါရဝီထိစိတ်အစဉ် ဖြစ်ပါသည်။ ထိုဝီထိစိတ်အစဉ်ကို အကျဉ်းအားဖြင့် ချပြရသော် တီ, န, ဒ ဟူသော ရေ့ဘဝင်များ လွန်ပြီးနောက် -

http://www.dhammadownload.com



(၁) ပဉ္စဒွါရာဝဇ္ဇန်း ၁–ကြိမ်
(၂) အဟိတ်ကုသလဝိပါက် သောတဝိညာဏ် ၁–ကြိမ်
(၃) အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း ၁–ကြိမ်
(၄) အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏ ၁–ကြိမ်
(၅) ဝုဋ္ဌော ၁–ကြိမ်
(၆) ကာမဇော ၇–ကြိမ်
(၇) (အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏ ၁ + မဟာဝိပါက်သောမနဿ ၄) ပေါင်း သောမနဿတဒါရုံ ၅–ပါးမှ ၁–ပါးပါး ၂–ကြိမ်

ထို့နောင် ဘဝင်အများတို့ ဖြစ်ပါသည်။

**ဝီထိစိတ်များ အစဉ်တကျဖြစ်ပေါ်နေခြင်းသည် စိတ္တနိယာမသဘောဖြစ်ကြောင်း** (၁၉၉၂ နံပါတ်–၂)

---

၂။ ပဋ္ဌာန်းရွတ်သံကို ကြည်ညိုစွာ နာယူနေသူနှင့် နားငြီးနေသူတို့ကို ပုံစံပြ၍ "ဝိပါက် အမှန် ဇောအပြန်" ဟူသောစကားကို ရှင်းပြပါ။

ပဋ္ဌာန်းရွတ်သံဟူသည် အတိဣဋ္ဌာရုံ ဖြစ်ပါသည်။

**ပုံစံ (၁) ပဋ္ဌာန်းရွတ်သံကို ကြည်ညိုစွာ နာယူနေသူ၌ဖြစ်သော ဝီထိစိတ်အစဉ်မှာ–**

(၁) ပဉ္စဒွါရာဝဇ္ဇန်း ၁–ကြိမ်
(၂) အဟိတ်ကုသလဝိပါက် သောတဝိညာဏ် ၁–ကြိမ်
(၃) အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း ၁–ကြိမ်
(၄) အဟိတ်ကုသလဝိပါက်, သောမနဿ သန္တီရဏ ၁–ကြိမ်
(၅) ဝုဋ္ဌော ၁–ကြိမ်
(၆) ယောနိသောမနသိကာရ ရှိသူဖြစ်၍ မဟာကုသိုလ်ဇော ၇–ကြိမ်
(၇) သောမနဿ တဒါရုံ ၂–ကြိမ်

http://www.dhammadownload.com



**ပုံစံ (၂) ပဉ္စဒွါရဝဇ္ဇန်းရွတ်သံကို နားငြီးနေသူ၌ဖြစ်သော ဝီထိစိတ်အစဉ်မှာ–**

(၁) ပဉ္စဒွါရာဝဇ္ဇန်း ၁–ကြိမ်

(၂) အဟိတ်ကုသလဝိပါက် သောတဝိညာဏ် ၁–ကြိမ်

(၃) အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း ၁–ကြိမ်

(၄) အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏ ၁–ကြိမ်

(၅) ဝုဋ္ဌော ၁–ကြိမ်

(၆) အယောနိသောမနသိကာရ ရှိသူဖြစ်၍ အကုသိုလ်ဒေါသဇော ၇–ကြိမ်

ဤပုံစံနှစ်ခုကို ကြည့်လျှင်

(က) ဝိပါက်စိတ်များဖြစ်သော သောတဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံ တို့သည် အတိဣဋ္ဌာရုံတည်းဟူသော အာရုံအလိုက် ဝေဒနာယှဉ်ပုံ မှန်ကန်ကြ၏၊ ဤသည်ကို ဝိပါက်အမှန်ဟု ခေါ်ပါသည်။

(ခ) ပုံစံ(၁)တွင် ဇောမှာ ကုသိုလ်ဇော၊ ပုံစံ(၂)တွင် အကုသိုလ်ဇော၊ ဤသို့ ဇော တို့သည် အာရုံအတိုင်း မလိုက်ဘဲ ဝေဒနာယှဉ်ပုံ ဖောက်ပြန်ကွဲပြားကြခြင်းကို ဇောအပြန်ဟု ခေါ်ပါသည်။

**ဝိပါက်အမှန်**

ဝိပါက်စိတ်တို့မည်သည် အကျိုးတရားမျိုးဖြစ်၍ သက်သက်သောကံ၏ တန်ခိုးသတ္တိအားလျော်စွာ ဖြစ်ရသောကြောင့် ကြေးမုံပြင်မှန်အတွင်းဝယ် ထင်လာသော မျက်နှာရိပ်ကဲ့သို့ အာရုံအလိုက် ဝေဒနာယှဉ်ပုံ မှန်ကန်ကြ၏။

အတိဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် သောမနဿ

ဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာ

အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာတို့ ဖြစ်ကြ၏။

ဤသို့ ဝိပါက်စိတ်တို့သည် အာရုံအလိုက် ဝေဒနာယှဉ်ပုံ မှန်ကန်ခြင်းကို "ဝိပါက်အမှန်" ဟု ခေါ်ပါသည်။

http://www.dhammadownload.com



### ဓောအပြန်

ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်ပေါ်သော ကာမဓောတို့သည် အာရုံကို မလိုက်ဘဲ၊ ပုဂ္ဂိုလ်၏ နှလုံးသွင်းမှုအားလျော်စွာ ဖောက်ဖောက်ပြန်ပြန် ဖြစ်တတ်ကြ၏၊ ထိုသို့ ဖြစ်ခြင်းမှာ ဝိပ္ပလ္လာသတရားတို့ကို မပယ်ရသေးသော ပုထုဇဉ်နှင့် (အလုံးစုံ မပယ်ရသေးသော) သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်ပေါ်သောကြောင့် ထိုဝိပ္ပလ္လာသ တရားတို့၏ အစွမ်းဖြင့် –

အတိဣဋ္ဌာရုံကိုသော်လည်း ဣဋ္ဌ, အနိဋ္ဌ

အနိဋ္ဌာရုံကိုသော်လည်း အတိဣဋ္ဌ, ဣဋ္ဌမဇ္ဈတ္တာရုံအားဖြင့် ယူတတ်ကြ၏။

ဤသို့ ဓောစိတ်တို့သည် နှလုံးသွင်းမှုအားလျော်စွာ ဖောက်ဖောက်ပြန်ပြန် စောကြခြင်းကို (ဝေဒနာယှဉ်ပုံ မမှန်ကန်ခြင်း)ကို "ဓောအပြန်"ဟု ခေါ်ပါသည်။

---

၃။ တဒါရုံသည် အဘယ်ကြောင့် ကာမဓောအဆုံး၌သာ ကျ၍ အပ္ပနာဓောအဆုံး၌ မကျပါ သနည်း၊ ဥပမာဆောင်၍ ထင်ရှားအောင် ဖြေဆိုပြပါ။

### တဒါရုံသည် ကာမဓောအဆုံး၌သာ ကျရခြင်း

ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံသည် ဖြစ်စေအပ်သောကြောင့် ကာမဓော၏အဆုံး၌သာလျှင် တဒါရုံကျနိုင်ပါသည်။

### တဒါရုံသည် အပ္ပနာဓောအဆုံး၌ မကျရခြင်း

ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံသည် ဖြစ်စေအပ်သော တဒါရုံ သည် ကာမတဏှာ၏ အာရုံသဘောမရှိသော မဟဂ္ဂုတ်ဓော, လောကုတ္တရာဓောတို့၏ အခြားမဲ့၌ မဖြစ်နိုင်ပါ၊ အကြောင်းမှာ မဟဂ္ဂုတ်ကံ, လောကုတ္တရာကံသည် တဒါရုံကို မဖြစ်စေနိုင်သောကြောင့်လည်းကောင်း၊ တဒါရုံကို ဖြစ်စေတတ်သော ကာမကံနှင့် ဘုံအားဖြင့် တူသောသဘော မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း ဖြစ်ပါသည်။

ဥပမာဆောင်၍ ဖြေဆိုရသော် မိမိနေမြဲအိမ်မှ အရပ်တစ်ပါးသို့ သွားလိုသော သူငယ်ကလေးသည် မိမိနှင့် နေမြဲအဖော်ဖြစ်သော အမိအဘ သို့မဟုတ် ဘကြီးဘထွေး စသောသူတို့၏ နောက်သို့သာလျှင် လိုက်၏၊ သူစိမ်းပြင်ပဖြစ်သောသူတို့၏ နောက်သို့

http://www.dhammadownload.com



ကား မလိုက်သကဲ့သို့ ထို့အတူ သူငယ်နှင့်တူသော တဒါရုံသည်လည်း အမိအဘနှင့်တူသော ကာမကုသိုလ် အကုသိုလ်ဇောတို့၏နောက်၌လည်းကောင်း၊ ဘကြီးဘထွေး စသူတို့နှင့်တူသော ကာမကြိယာဇော၏ နောက်၌လည်းကောင်း ကျလေ၏၊ သူစိမ်းပြင်ပဖြစ်သူတို့နှင့်တူသော မဟဂ္ဂုတ်ဇော, လောကုတ္တရာဇောတို့ နောက်၌ကား ကျရိုးမရှိချေ။

---

**၁၉၉၁**

၁။ "ဝီထိ"ဟူသည် အဘယ်နည်း၊ ရှင်းလင်းဖြေဆိုပြီး၊ နာမ်တရားက လျင်မြန်စွာ ချုပ်၍ ရုပ်တရားက ဖြည်းလေးစွာ ချုပ်ပုံကို ဥပမာဖြင့် ပြဆိုပါ။

ဒွါရ၌ ဖြစ်ကုန်သော စိတ်တို့၏ အစဉ်အတိုင်း ဖြစ်နေခြင်းသည် ဝီထိမည်၏၊ (တစ်နည်း) လူတို့၏ သွားရာခရီးသည် ရွာစဉ်ကို မကျော်ဘဲ အစဉ်သွားဘိသကဲ့သို့ ထို့အတူ စိတ္တနိယာမအတိုင်း ဖြစ်သောစိတ်တို့၏ အစဉ်သည်လည်း ဖြစ်သင့်သော စိတ်တစ်ခုနှင့်တစ်ခု မကျော်မူ၍ အစဉ်အတိုင်း ဖြစ်တတ်သောကြောင့် ဝီထိမည်၏။

**နာမ်တရားက လျင်မြန်စွာချုပ်၍ ရုပ်တရားက ဖြည်းလေးစွာ ချုပ်ပုံကို ဥပမာဖြင့် ပြဆိုရသော် –**

ယောကျ်ားတစ်ယောက်သည် အသီးကိုကျစေရန် တုတ်ဖြင့် ပစ်ခတ်ချလေရာ–

| | |
|---|---|
| (၁) အသီးတို့သည်လည်းကောင်း၊ အရွက်တို့သည်လည်းကောင်း တစ်ပြိုင်နက် ကြွေကျကုန်၏။ | ထိုသို့ အညှာမှ အသီးနှင့်အရွက်တို့ တစ်ပြိုင်နက် ကြွေကျသကဲ့သို့ ပဋိသန္ဓေအခါ နာမ်နှင့်ရုပ် တရားတို့ တစ်ပြိုင်နက် ဖြစ်မှုကို မှတ်အပ်၏။ |
| (၂) ထိုကျလာသော အသီး, အရွက်တို့တွင် အသီးတို့သည် ဝန်လေးသောကြောင့် မြေသို့ ရှေးဦးပထမ ကျရောက်၏။ | ထိုသို့ အသီးတို့ မြေသို့ ရှေးဦးပထမ လျင်စွာ ကျသကဲ့သို့ ရုပ်တရားတို့ မချုပ်သေးမီ နာမ်တရားတို့၏ ၁၆–ကြိမ်တိုင်တိုင် ဖြစ်မှု, ပျက်မှုကို မှတ်အပ်၏။ |
| (၃) အရွက်တို့သည် ပေါ့ပါးသောကြောင့်နောက်မှ မြေသို့ကျ၏။ | အရွက်တို့ နောက်မှ မြေသို့ကျသကဲ့သို့ ရုပ်တရားတို့၏ ၁၇–ကြိမ်မြောက်သောစိတ်နှင့်မှ အတူ ချုပ်ငြိမ်းကွယ်ပျောက်မှုကို မှတ်အပ်၏။ |

---

http://www.dhammadownload.com



၂။ “ဘဝင်္ဂုပစ္ဆေဒ” ဖြစ်ပေါ်လာပုံကို ရေးသား၍၊ မျက်မမြင်, နားမကြားသူ၌ ဖြစ်နိုင်သော ပဥ္စဒွါရိကဝီထိစိတ်သရုပ်ကို သာမညျ ဝိသေသ၊ ဝိတ္ထာရ အားဖြင့် ရေတွက်ပြပါ။

## “ဘဝင်္ဂုပစ္ဆေဒ” ဖြစ်ပေါ်လာပုံ

သတ္တဝါတို့၏ စိတ်အစဉ်သည် ဝီထိစဉ် မဖြစ်သောအခါ ဘဝင်အစဉ်သည် မြစ်ရေအလျဉ်ကဲ့သို့ ဖြစ်ပေါ်နေ၏၊ ထိုဘဝင်စိတ်သည် –

ပင်ကိုယ် ယူနေကျ ကံ, ကမ္မ, ဂတိနိမိတ် ၃–ပါးတွင် တစ်ပါးပါးကိုသာ အာရုံပြုမြဲ ဖြစ်ရာမှ အာရုံနှင့် ပသာဒတို့ အသီးသီး ထိခိုက်သည်ရှိသော် ထိုထိခိုက်ခြင်း၏ အစွမ်းသတ္တိကြောင့် ဘဝင်စိတ်သည် မိမိ ယူနေကျ အာရုံ(နိမိတ်)ကို စွဲမြဲငြိမ်သက်စွာ မယူနိုင်ဘဲ အာရုံသစ်ကိုပင် ယူရမလိုဖြစ်ကာ တုန်လှုပ်ချောက်ချားလာ၏။

ထိုသို့ တုန်လှုပ်ချောက်ချားသော ဘဝင်သည် ၂–ကြိမ် ဆက်ဖြစ်ပေါ်နေရာ ပထမအကြိမ်ဖြစ်သော ဘဝင်ကို ဘဝင်္ဂစလန ဟုခေါ်ပြီး ဒုတိယအကြိမ် တုန်လှုပ်ချောက်ချားသော ဘဝင်သည် မိမိ ယူမြဲတိုင်းသော အာရုံ(နိမိတ်)ကို စွန့်၍ အာရုံသစ်ကို ယူဖို့ရန် ဘဝင်အလျဉ် ပြတ်သောအားဖြင့် ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒ ဘဝင်အလျဉ်တို့၏ အဆုံးစွန်ပြတ်သောဘဝင် ဟုခေါ်၏၊ ဤသည်ကား “ဘဝင်္ဂုပစ္ဆေဒ” ဖြစ်ပုံတည်း။

**မျက်မမြင် နားမကြားသူ၌ ဖြစ်နိုင်သော ပဥ္စဒွါရိကဝီထိစိတ်သရုပ်မှာ –**

**သာမညအားဖြင့်** (၁) ပဥ္စဒွါရာဝဇ္ဇန်း
(၂) ပဉ္စဝိညာဏ်
(၃) သမ္ပဋိစ္ဆိုင်း
(၄) သန္တီရဏ
(၅) ဝုဋ္ဌော
(၆) ဇော
(၇) တဒါရုံ ဟူ၍ ၇–ပါးအပြား ဖြစ်၏။

http://www.dhammadownload.com



| | | | |
|---|---|---|---|
| **ဝိသေသအားဖြင့်** | (၁) | ပဉ္စဒွါရာဝဇ္ဇန်း | ၁–ကြိမ် |
| | (၂) | ပဉ္စဝိညာဏ် | ၁–ကြိမ် |
| | (၃) | သမ္ပဋိစ္ဆိုင်း | ၁–ကြိမ် |
| | (၄) | သန္တီရဏ | ၁–ကြိမ် |
| | (၅) | ဝုဋ္ဌော | ၁–ကြိမ် |
| | (၆) | ဇော | ၇–ကြိမ် |
| | (၇) | တဒါရုံ | ၂–ကြိမ် ဟူ၍ ၁၄–ပါးအပြား ဖြစ်၏။ |

| | | | |
|---|---|---|---|
| **ဝိတ္ထာရအားဖြင့်** | (၁) | ပဉ္စဒွါရာဝဇ္ဇန်း | ၁–ပါး |
| | (၂) | ပဉ္စဝိညာဏ် | ၆–ပါး |
| | (၃) | သမ္ပဋိစ္ဆိုင်း | ၂–ပါး |
| | (၄) | သန္တီရဏ | ၃–ပါး |
| | (၅) | ဝုဋ္ဌော | ၁–ပါး |
| | (၆) | ကာမဇော | ၂၉–ပါး |
| | (၇) | တဒါရုံ(မဟာဝိပါက်) | ၈–ပါး |
| | | ပေါင်း | ၅၀–ပါး ဖြစ်ပါသည်။ |

---

၃။ ပုဂ္ဂိုလ်အလိုက် ရထိုက်သော တဒါရုံများကို ခွဲခြားပြဆို၍၊ ဘုရားရှင်သည် တိတ္ထိတို့အား နှိမ်နင်းရန် တန်ခိုးပြာဋိဟာကို ပြတော်မူရာ၌ မည်သို့အစဉ္ဇာန်ပြုတော်မူပါသနည်း။

**ပုဂ္ဂိုလ်အလိုက် ရထိုက်သော တဒါရုံများမှာ –**

| ပုဂ္ဂိုလ် | ရထိုက်သောတဒါရုံ |
|---|---|
| (က) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် | အဟိတ်တဒါရုံ ၃–ပါး |
| (ခ) သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ် | အဟိတ်တဒါရုံ ၃–ပါး + ဒွိဟိတ်တဒါရုံ (မဟာဝိပါက် ဉာဏဝိပ္ပယုတ်) ၄–ပါး၊ ပေါင်း ၇–ပါး |
| (ဂ) တိဟိတ်ပုဂ္ဂိုလ် | အဟိတ်တဒါရုံ ၃–ပါး + ဒွိဟိတ်တဒါရုံ ၄–ပါး၊ တိဟိတ်တဒါရုံ ၄–ပါး (မဟာဝိပါက်ဉာဏသမ္ပယုတ်) ပေါင်း ၁၁–ပါး |

http://www.dhammadownload.com



## မြတ်စွာဘုရားရှင် တန်ခိုးပြာဋိဟာ ပြတော်မူပုံ

မြတ်စွာဘုရားရှင်သည် တိတ္ထိတို့အား နှိမ်နင်းရန် ယမကပြာဋိဟာ တန်ခိုးတော်ကို ပြတော်မူရာ၌ မီးအလို့ငှာ တေဇောကသိုဏ်းကို ပါဒကစျာန်ပြု၍ ဝင်စား၍ ထိုစျာန်မှထကာ ဝင်စားသော စတုတ္ထစျာန်အင်္ဂါ ၂-ပါးကို သုံးသပ်ဆင်ခြင်တော်မူ၏၊ ထို့နောက် ကိုယ်တော်၏အထက်ပိုင်းသည် မီးဖြစ်စေသတည်းဟု အဓိဋ္ဌာန်တော်မူ၏၊ ထို့နောက် ပါဒကစတုတ္ထစျာန်ကို အဘိညာဉ်၏ အခြေခံအဖြစ် ဝင်စား၍ အဘိညာဉ်ဇော ၁-ကြိမ် ဖြစ်တော်မူမှ အဘိညာဉ်၏အစွမ်းဖြင့် အထက်ကိုယ်တော်၌ မီးအဟုန်ဖြစ်ပေါ်လာ၏။

ထို့အတူ ရေအလို့ငှာ အာပေါကသိုဏ်းကို ပါဒကစျာန်ပြု၍ ဝင်စား၍ စျာန်မှထကာ ဝင်စားသော စတုတ္ထစျာန်အင်္ဂါ ၂-ပါးကို သုံးသပ်ဆင်ခြင်တော်မူ၏၊ ထို့နောက် ကိုယ်တော်၏အောက်ပိုင်းသည် ရေဖြစ်စေသတည်းဟု အဓိဋ္ဌာန်တော်မူ၏၊ ထို့နောက် ပါဒကစတုတ္ထစျာန်ကို အဘိညာဉ်၏အခြေခံအဖြစ် ဝင်စား၍ အဘိညာဉ်ဇော ၁-ကြိမ် ဖြစ်တော်မူမှ အဘိညာဉ်၏အစွမ်းဖြင့် အောက်ကိုယ်တော်၌ ရေအဟုန်ဖြစ်ပေါ်လာ၏။

---

**၁၉၉၆**

၁။ ဥပါဒ်, ဌီ, ဘင်တို့၏ အချိန်ကာလကို ပိုင်းခြားပြဆိုပြီး၊ ရူပါရုံနှင့် စက္ခုပသာဒ ထိခိုက်ရာ၌ ဘဝင်လှုပ်ပုံကို ဥပမာဖြင့် ဖြေဆိုပါ။

| | | | | |
|---|---|---|---|---|
| **စိတ်, စေတသိက်၏** | ဥပါဒ် | သည် | ခဏငယ် | ၁-ချက် |
| | ဌီ | သည် | ခဏငယ် | ၁-ချက် |
| | ဘင် | သည် | ခဏငယ် | ၁-ချက် |

**ဝိညတ်ဒွေးနှင့် လက္ခဏာရုပ် ၄-ပါးကြဉ် ရုပ် ၂၂-ပါး၏**

| | | | |
|---|---|---|---|
| ဥပါဒ် | သည် | ခဏငယ် | ၁-ချက် |
| ဌီ | သည် | ခဏငယ် | ၄၉-ချက် |
| ဘင် | သည် | ခဏငယ် | ၁-ချက် |

http://www.dhammadownload.com



**ဝိညတ်ဒွေး၏** ဥပါဒ် သည် ခဏငယ် ၁-ချက်
ဌီ သည် ခဏငယ် ၁-ချက်
ဘင် သည် ခဏငယ် ၁-ချက်

**လက္ခဏာရုပ် ၄-ပါးအနက်**

**ဥပစယနှင့် သန္တတိရုပ်** သည် ရုပ်၏ဥပါဒ်ခဏ = ခဏငယ် ၁-ချက် ရှိ၏။
**ဇရတာ** သည် ရုပ်၏ဌီခဏ = ခဏငယ် ၄၉-ချက် ရှိ၏။
**အနိစ္စတာ** သည် ရုပ်၏ဘင်ခဏ = ခဏငယ် ၁-ချက် ရှိ၏။

**ဘဝင်လှုပ်ပုံ** (၁၉၉၁ နံပါတ်-၁)

---

၂။ ဒွါရအလိုက် ဖြစ်ထိုက်သော "ဝိသယပ္ပဝတ္တိ"များကို ခွဲခြားဖော်ပြ၍၊ အဘယ်ကြောင့် မဂ်ဇောက တစ်ကြိမ်သာဖြစ်၍ ဖိုလ်ဇောက ၂-ကြိမ်, ၃-ကြိမ် ဖြစ်ရပါသနည်း။

**ဒွါရအလိုက် ဖြစ်ထိုက်သော "ဝိသယပ္ပဝတ္တိ"များမှာ -**

| **ဒွါရ** | **ဝိသယပ္ပဝတ္တိ** |
|---|---|
| (၁) ပဉ္စဒွါရ | အတိမဟန္တာရုံ |
| | မဟန္တာရုံ |
| | ပရိတ္တာရုံ |
| | အတိပရိတ္တာရုံ ဟူ၍ ၄-မျိုး |
| (၂) မနောဒွါရ | ဝိဘူတာရုံ |
| | အဝိဘူတာရုံ ဟူ၍ ၂-မျိုး ဖြစ်ပါသည်။ |

**မဂ္ဂဝီထိ၌ မဂ်ဇော၁-ကြိမ်၊ ဖိုလ်ဇော၂-ကြိမ်၃-ကြိမ်ဖြစ်ရခြင်း** (၁၉၉၀ နံပါတ်-၂)

---

၃။ ဒွိဟိတ်ပုဂ္ဂိုလ်များသည် မြေလျှိုးမိုးပုံ အဘိညာဉ် ရနိုင်ပါသလော၊ အကြောင်းပြ ဖြေဆို၍၊ သောတာပန်ဖြစ်ရေးအတွက် မျက်စိနှင့်နားတို့တွင် မည်သည့်အရာက အဓိက ဖြစ်ပါသနည်း၊ ရှင်းပြပါ။

http://www.dhammadownload.com



**ဒွိဟိတ်ပုဂ္ဂိုလ်များသည် မြေလျှိုး, မိုးပျံအဘိညာဉ် မရနိုင်ပါ၊ အကြောင်းမှာ –**

ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေတည်စကပင် အမောဟဟိတ် တည်းဟူသော ဉာဏ်နှင့်မယှဉ်၍၊ ပဝတ္တိအခါ၌ မည်မျှပင် ကြိုးစားအားထုတ်စေကာမူ အပ္ပနာဈာန မရချေ၊ ဝိပါကန္တရာယ် တားမြစ်ထားသောကြောင့်တည်း၊ ဤသို့ အပ္ပနာဈာန မရသဖြင့် အဘိညာဉ်လည်း မရနိုင်ပါ၊ ထို့ကြောင့် မြေလျှိုးမိုးပျံနိုင်ခြင်းလည်း မဖြစ်နိုင်ပါ။

**သောတာပန်ဖြစ်ရေးတွင် နားက အဓိက ဖြစ်ပါသည်။**

သောတာပန်ဖြစ်ရန် အကြောင်းတရားတို့တွင် သူတော်ကောင်းတရားသံကို နာခံမှုအကြောင်း "ပရတောဃောသပစ္စည်း" ပါဝင်၏၊ ထို့ကြောင့် တရားသံကို နာနိုင်ရန် နားက အဓိကကျပါသည်။

---

**၁၉၉၇**

၁။ "ဝီထိမုတ်စိတ်" ဟူသည် အဘယ်နည်း၊ ရှင်းလင်းဖြေဆို၍၊ ရုပ်တရား၏ ဥပါဒ်, ဌီ, ဘင် ခဏကို မလွဲမှားအောင် ခွဲခြားပြပါ။

**"ဝီထိမုတ်စိတ်"** – ၆–ဒွါရ၌ ထင်မြင်လာသော ရူပါရုံ စသည်ကို အချင်းခပ်သိမ်း အာရုံမပြုကုန်မူ၍ ၆–ဒွါရ၌ ထင်မြင်လာသော အာရုံကို အာရုံပြု၍ဖြစ်သော ဝီထိစိတ်မှအပ အခြားသောစိတ်ကို ဝီထိမုတ်စိတ်ဟု ခေါ်ပါသည်။

ထိုဝီထိမုတ်စိတ်သည် ၁၉–ပါးရှိ၍ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို ဆောင်ရွက်ကြပြီး ကံအဟုန်ကြောင့် ထင်မြင်လာသော ကံ, ကမ္မ, ဂတိနိမိတ် ၃–ပါးတို့ကိုသာ အမြဲအာရုံပြုလျက် ဖြစ်ကုန်၏။

**ရုပ်တရား၏ ဥပါဒ်ခဏ**

ဖြစ်ပေါ်ရန်အကြောင်း ပြည့်စုံညီညွတ်၍ ရုပ်ပရမတ်၏ ရှေးဦးစွာ ဖြစ်ပေါ်လာသောခဏသည် ရုပ်တရား၏ ဥပါဒ်ခဏ မည်၏၊ ကာလအားဖြင့် ခဏငယ် ၁–ချက်ဖြစ်၏။

http://www.dhammadownload.com



**ရုပ်တရား၏ ဌီခဏ**

ဖြစ်ပေါ်ပြီးသော ရုပ်ပရမတ်၏ မချုပ်သေးမီ တည်နေသော အခိုက်အတန့်သည် ရုပ်တရား၏ ဌီခဏ မည်၏၊ ကာလအားဖြင့် ခဏငယ် ၄၉-ချက် ဖြစ်၏။

**ရုပ်တရား၏ ဘင်ခဏ**

ဖြစ်ပေါ်ပြီးသော ရုပ်ပရမတ်၏ ကွယ်ပျောက်ချုပ်ဆုံးသော ခဏသည် ရုပ်တရား၏ ဘင်ခဏ မည်၏၊ ကာလအားဖြင့် ခဏငယ် ၁-ချက် ဖြစ်၏။

အထက်ပါ ကာလသတ်မှတ်ချက်မှာ ဝိညတ်ဒွေးနှင့် လက္ခဏာရုပ် ၄-ပါး ကြဉ်သော ရုပ် ၂၂-ပါးအတွက် ဖြစ်ပါသည်။

---

၂။ ဘုရားရှင်ကို ဖူးမြင်ရသူချင်း တူပါလျက် ဇောစိတ်ဖြစ်ရာတွင် မတူခြားနား ကွဲပြားနိုင်ပုံကို ဝေဖန်ပြ၍၊ မည်သည့်ဇောနောင် မည်သည့်တဒါရုံ ဖြစ်နိုင်သနည်း၊ သတ်မှတ်ဖြေဆိုပါ။

**ဘုရားရှင်တည်းဟူသော အတိဣဋ္ဌရူပါရုံကို ဖူးမြင်ရသူချင်း တူပါလျက် ပုဂ္ဂိုလ်အလိုက် ဇောစိတ်ဖြစ်ရာတွင် အောက်ပါအတိုင်း ကွဲပြားနိုင်ပါသည် –**

(၁) ယောနိသောမနသိကာရ ရှိသူဖြစ်လျှင် မဟာကုသိုလ်ဇော ဇောပါမည်။
(၂) အယောနိသောမနသိကာရ ရှိသူဖြစ်လျှင် အကုသိုလ်ဇော ဇောပါမည်။
(၃) ယောနိသောမနသိကာရ ရှိသော်လည်း နိရာနုသယရဟန္တာသန္တာန်၌ဖြစ်လျှင် ကာမကြိယာဇော ဇောပါမည်။

ဤသို့ ပုဂ္ဂိုလ်အလိုက်, နှလုံးသွင်းပုံအလိုက် ကာမဇောများ မတူခြားနား ကွဲပြားနိုင်ပါသည်။

**ဇောနောင် တဒါရုံကျပုံ**

(၁) ဟသိတုပ္ပါဒ်ဇောနှင့် မဟာကြိယာ သောမနဿဇော ၄-ပါး၊ ပေါင်း သောမနဿကြိယာဇော ၅-ပါးနောင် သောမနဿသန္တီရဏ ၁-ပါး၊ မဟာဝိပါက်သောမနဿ ၄-ပါး၊ ပေါင်း သောမနဿတဒါရုံ ၅-ပါး ကျနိုင်၏။

http://www.dhammadownload.com



(၂) မဟာကြိယာဥပေက္ခာဇော ၄-ပါးနှောင် ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက် ဥပေက္ခာ ၄-ပါး၊ ပေါင်း ဥပေက္ခာတဒါရုံ ၆-ပါး ကျနိုင်၏။

(၃) ဒေါသမူဒွေးကြဉ် အကုသိုလ်ဇော ၁၀-ပါးနှင့် မဟာကုသိုလ်ဇော ၈-ပါး၊ ပေါင်း ၁၈-ပါးသောဇောနှောင် တဒါရုံ ၁၁-ပါး ကျနိုင်၏။

(၄) ဒေါသမူဒွေးနှောင် ဥပေက္ခာတဒါရုံ ၆-ပါး ကျနိုင်၏။

---

၃။ ယခုခေတ်၌ လူအချို့က ပုဂ္ဂိုလ်ထူးများကို ရဟန္တာဟု သမုတ်ကြရာ ပုထုဇဉ်က ရဟန္တာအစစ်အမှန်ကို သိနိုင်ပါမည်လော စိစစ်ဝေဖန်၍၊ အရိယာတို့တွင် ပဋိသန္ဓေ မနေသောပုဂ္ဂိုလ်များကို ရွေးချယ်ပြပါ။

**ပုထုဇဉ်က ရဟန္တာအစစ်အမှန်ကို မသိနိုင်ပါ၊** အဘယ်ကြောင့်ဆိုသော် ရဟန္တာတို့ ရအပ်သောတရားများကို မရနိုင်သောကြောင့် ဖြစ်ပါသည်။

**အရိယာတို့တွင် ပဋိသန္ဓေမနေသောပုဂ္ဂိုလ်များမှာ** မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ဦးနှင့် အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၁-ဦး၊ ပေါင်း ၅-ဦးတို့ ဖြစ်ပါသည်။

---

**၁၉၉၈**

၁။ "အတီတဘဝင်" ဟူသည် အဘယ်နည်း၊ ရှင်းလင်းဖြေဆို၍၊ လက္ခဏာရုပ်လေးခုတို့၏ သက်တမ်းကို အသီးသီး ပိုင်းခြားပြ၏။

**အာရုံနှင့် ပသာဒတို့ မထိခိုက် မတိုက်ဆိုင် မထင်မီ ချုပ်ပျောက်သွားသောဘဝင်သည် "အတီတဘဝင်" မည်၏။**

သတ္တဝါတို့၏သန္တာန်ဝယ် အာရုံနှင့်ဒွါရ တိုက်ဆိုင်မှု မရှိ၍ ဝီထိစိတ်အစဉ် မဖြစ်သောအခါဝယ် ဘဝင်အလျဉ် ဖြစ်ပေါ်နေသည်၊ ထိုသို့ ဘဝင်အလျဉ် ဖြစ်ပေါ် နေရာမှ အာရုံတစ်ခုခုသည် ဆိုင်ရာဒွါရတစ်ခုခုသို့ လာ၍ တိုက်ဆိုင်သည်ရှိသော် ဝီထိစဉ် ဖြစ်ပေါ်လာသည်၊ သို့ရာတွင် ပဉ္စာရုံတည်းဟူသော ရုပ်တရားနှင့် ပသာဒရုပ် ၅-ပါးတည်းဟူသော ရုပ်တရားတို့ တိုက်ဆိုင်ကြရာဝယ် အနည်းဆုံး စိတ္တက္ခဏ

http://www.dhammadownload.com



ခဏတစ်ချက်လွန်ပြီး ရုပ်၏ဌီသို့ရောက်မှ တိုက်ဆိုင်ကြသဖြင့် ထိုသို့ ပဋ္ဌာရုံနှင့် ပသာဒတို့ မထိခိုက် မတိုက်ဆိုင် မထင်မီ ချုပ်ပျောက်သွားသောဘဝင်ကို "အတီတဘဝင်" ဟု ခေါ်ပါသည်။

**လက္ခဏာရုပ်လေးခုတို့၏သက်တမ်း**

**ဥပစယနှင့်သန္တတိ ၂-ပါး၏သက်တမ်း** = ရုပ်၏ဥပါဒ်ခဏမျှသာ (ထို့ကြောင့် ခဏငယ် ၁-ချက်)

**ဇရတာ၏သက်တမ်း** = ရုပ်၏ဌီခဏမျှသာ (ထို့ကြောင့် ခဏငယ်ပေါင်း ၄၉-ချက်)

**အနိစ္စတာ၏သက်တမ်း** = ရုပ်၏ဘင်ခဏမျှသာ (ထို့ကြောင့် ခဏငယ် ၁-ချက်)

---

၂။ "မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်" အချိန်တွင် ဖြစ်နိုင်သော စိတ်အရေအတွက်ကို ပြဆို၍၊ အတိပရိတ္တာရုံ၌ ဝီထိစိတ် လုံးဝမဖြစ်ပါဘဲလျက် အဘယ်ကြောင့် "ဝီထိ"ဟု ခေါ်ဆိုရသနည်း၊ ဖြေရှင်းခဲ့ပါ။

**"မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်" အချိန်တွင် ဖြစ်နိုင်သော စိတ်အရေအတွက်** = ကုဋေတစ်သိန်းခန့်

**အတိပရိတ္တာရုံ၌ ဝီထိစိတ် လုံးဝမဖြစ်ပါဘဲလျက် "ဝီထိ" ဟု ခေါ်ဆိုရခြင်း**

အာရုံနှင့် ပသာဒရုပ်တို့၏ ထိခိုက်မှုကြောင့် ဘဝင်တို့၏ လှုပ်ရှားမှုကို အစွဲပြု၍ ဝီထိစိတ် မဖြစ်သော်လည်း ဝီထိအရာသို့သွင်း၍ ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

---

၃။ "တိဟိတ်ပုဂ္ဂိုလ်" ဟု ခေါ်ဆိုရခြင်းအကြောင်းကို ရေးသား၍ ရဟန္တာအား အဘယ်ကြောင့် ကုသိုလ်, အကုသိုလ်စိတ် မဖြစ်သနည်း၊ ပြည့်စုံစွာ ဖြေဆိုပါ။

အလောဘ, အဒေါသ, အမောဟ ဟိတ်သုံးပါးရှိသော ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေတည်နေသူသည် **"တိဟိတ်ပုဂ္ဂိုလ်"** မည်၏။

http://www.dhammadownload.com



**ရဟန္တာအား ကုသိုလ်, အကုသိုလ်စိတ် မဖြစ်ခြင်းအကြောင်း**

တဏှာတည်းဟူသော အကြောင်းရင်းကို ပယ်ပြီးဖြစ်သောကြောင့် ကုသိုလ်, အကုသိုလ်စိတ် မဖြစ်ခြင်း ဖြစ်ပါသည်။

(တစ်နည်း) အဝိဇ္ဇာနှင့် တဏှာနုသယတို့ကို အရဟတ္တမဂ်ဖြင့် ပယ်အပ်ပြီးဖြစ်သောကြောင့် အနုသယနှင့် ဆက်သွယ်လေ့ ဖြစ်လေ့ရှိသော လောကီကုသိုလ်, အကုသိုလ်များ ဖြစ်ခွင့်မရတော့ချေ၊ လောကုတ္တရာကုသိုလ်သည်လည်း ပယ်ရှားဖွယ် အနုသယ မရှိတော့သဖြင့် ဖြစ်ဖွယ်မလိုတော့ချေ။

---

**၁၉၉၉**

၁။ အဘယ်ကြောင့် "ဝီထိ" ဟု ခေါ်ဆိုသနည်း၊ ဥပမာဖြင့် ဖြေဆို၍၊ လူသား၏ ပဝတ္တိကာလကို ပိုင်းခြားပြပါ။

**ဝီထိ** (၁၉၉၅ နံပါတ်-၁)

**လူသား၏ပဝတ္တိကာလ** = ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ စုတိစိတ်အတွင်းကာလ

---

၂။ ရွှေတိဂုံစေတီတော်ကို မျက်ဝါးထင်ထင် ဖူးမြင်ရသော ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက် "ဝိပါက်အမှန် ဇောအမှန်" ဖြစ်ပုံကို ရှင်းပြပါ။

**ရွှေတိဂုံစေတီတော်ကို မျက်ဝါးထင်ထင် ဖူးမြင်ရသူ၌**

အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ကာမဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ် ဟူသော **တဒါရုမ္မဏဝါရ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိ** ဖြစ်ပါသည်။

ဤဝီထိတွင် ရွှေတိဂုံစေတီတော်တည်းဟူသော အတိဣဋ္ဌရူပါရုံနှင့် တွေ့ကြုံရသောကြောင့် ဝိပါက်စိတ်ဖြစ်သော စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ တို့သည် ကုသလဝိပါက်စိတ်များ ဖြစ်ကြပြီး ဝေဒနာခွဲရှိသော သန္တီရဏနှင့် တဒါရုံတို့သည် သောမနဿဝေဒနာ ဖြစ်ကြ၏၊ ဤသို့ ဝိပါက်များသည် အာရုံကိုလိုက်၍ ဝေဒနာယှဉ်ပုံ မှန်ကန်ခြင်းကို **ဝိပါက်အမှန်** ဟု ခေါ်၏။

http://www.dhammadownload.com



ကာမဇော စောရာ၌ကား ဝိပ္ပလ္လာသကင်းပြီးသော ရဟန္တာတို့သန္တာန်၌ဖြစ်သော ကြိယာဇောများသည် (ကုသိုလ်, အကုသိုလ်ဇောများကဲ့သို့) ဖောက်ပြန်ပြောင်းလဲမှု မရှိဘဲ အာရုံကိုလိုက်၍ သောမနဿဇော စော၏၊ ဤသို့ ကြိယာဇောများသည် အာရုံကိုလိုက်၍ ဝေဒနာယှဉ်ပုံ မှန်ကန်ခြင်းကို **ဇောအမှန်** ဟု ခေါ်၏။

**ဝိပါက်အမှန်ဖြစ်ရခြင်းအကြောင်း**

ကြေးမုံပြင် မှန်အတွင်း၌ ထင်လာသော မျက်နှာရိပ်ကဲ့သို့ အကြောင်းကံ၏ အစွမ်းအာနုဘော်ကြောင့် ဖြစ်ရသော ဝိပါက်စိတ်သည်လည်း ဖောက်ပြန်ကြံဆ၍ အာရုံကိုယူခြင်း မရှိသောကြောင့် ထင်လာသော အာရုံအတိုင်းသာ ဝေဒနာယှဉ်မှု ဖြစ်ရပါသည်။

**ဇောအမှန်ဖြစ်ရခြင်းအကြောင်း**

ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိပ္ပလ္လာသတရားများ လုံးဝ ပယ်ရှားကင်းစင်ပြီး ဖြစ်သည့်အတွက် ထိုရဟန္တာသန္တာန်၌ ဖြစ်လေ့ရှိသော ကြိယာဇောတို့သည်လည်း ထင်လာသော အာရုံအတိုင်းသာ ဝေဒနာယှဉ်မှု ဖြစ်ရပါသည်။

---

၃။ "အရိုးကြေကြေ အရေစုတ်စုတ်" ဘယ်လိုပင် အားထုတ်သော်လည်း ယခုဘဝတွင် မဂ်ဖိုလ်မရနိုင်သူများကို ရေတွက်ပြ၍၊ တိဟိတ်ပုထုဇဉ်ချင်းတူသော လူသားနှင့် အရူပဗြဟ္မာကြီး နှစ်ဦးတွင် မည်သူက သောတာပန်ဖြစ်ခွင့် ရှိပါသနည်း၊ ယုတ္တိပြ၍ ဖြေဆိုပါ။

**မဂ်ဖိုလ်မရနိုင်သူများ** – အဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်

**တိဟိတ်ပုထုဇဉ် လူသားသည် သောတာပန်ဖြစ်ခွင့်ရှိပြီး အရူပဗြဟ္မာကြီးမှာ သောတာပန်ဖြစ်နိုင်ခွင့် မရှိပါ။**

သောတာပန်ဖြစ်ရန် အကြောင်းတရားတို့တွင် သူတော်ကောင်းတရားသံကို နာခံမှုအကြောင်း "ပရတောဃောသပစ္စည်း" ပါဝင်၏၊ ကာမဘုံသားဖြစ်သော လူသား၌သာ သောတပသာဒရုပ်ရှိပြီး၊ သောတာပန်ဖြစ်နိုင်ပါသည်၊ အရူပဗြဟ္မာ၌

http://www.dhammadownload.com



သောတပသာဒရုပ် မရှိသဖြင့် သောတဝိညာဏ်စိတ်လည်း မဖြစ်နိုင်ရကား အရူပဗြဟ္မာတို့သည် သောတာပန်ဖြစ်ခွင့် မရှိပါ။

---

**၂၀၀၀**

၁။ အိပ်ပျော်နေသူ၏စိတ်သည် အာရုံနှင့် ကင်းကွာနေပါသလား၊ ရှင်းလင်းဖြေဆို၍ ဝီထိစိတ်နှင့် ဝီထိမုတ်စိတ်တို့၏ ထူးခြားပုံကို နှိုင်းယှဉ်ပြပါ။

စိတ်ဟူသည် အာရုံကို သိခြင်းသဘောရှိသောကြောင့် **အိပ်ပျော်နေသူ၏စိတ်သည် အာရုံနှင့် ကင်းကွာခြင်းမရှိပါ၊** အိပ်ပျော်နေသူ၏စိတ် (တစ်နည်း) ဘဝင်စိတ်သည် ကံအဟုန်ကြောင့် ဖြစ်ပေါ်လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဟူသော နိမိတ် ၃-ပါးတွင် တစ်ပါးပါးကို အာရုံပြုပါသည်။

**ဝီထိစိတ်**

(၁) အာရုံနှင့်ဒွါရ တိုက်ဆိုင်သောအခါ ဖြစ်ပေါ်လာသော အာဝဇ္ဇန်းအစ တဒါရုံ အဆုံးရှိသောစိတ်သည် ဝီထိစိတ် မည်၏။

(၂) ဝီထိစိတ်သည် အာရုံ ၆-ပါးကို ထိုက်သလို အာရုံပြု၏။

(၃) ဒွါရိကစိတ်အမျိုးအစား (တစ်နည်း) ဝီထိစိတ်ဟူသည် ၆-ဒွါရ၌ထင်လာသောအာရုံကို အာရုံပြုသောစိတ်ဖြစ်၏။

(၄) သရုပ်အားဖြင့် မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါးကြဉ်သော ကြွင်းစိတ် ၈၀-ပါး

**ဝီထိမုတ်စိတ်**

(၁) အာရုံနှင့်ဒွါရ တိုက်ဆိုင်မှုကြောင့် မဟုတ်ဘဲ ရှေးကံအဟုန်ကြောင့် ထင်မြင်လာသော နိမိတ်(အာရုံ)ကို အာရုံပြု၍ ဖြစ်ပေါ်လာသောစိတ်သည် ဝီထိမုတ်စိတ် မည်၏။

(၂) ဝီထိမုတ်စိတ်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃-ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

(၃) ဒွါရဝိမုတ်စိတ် အမျိုးအစား (တစ်နည်း) ဝီထိမုတ်စိတ်ဟူသည် ၆-ဒွါရ၌ ထင်လာသောအာရုံကို အာရုံပြုရိုး မရှိပါ။

(၄) သရုပ်အားဖြင့် ဥပေက္ခာသန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါး၊ ပေါင်း ၁၉-ပါး

http://www.dhammadownload.com



၂။ တဒါရုံဟူသည် အဘယ်နည်း၊ ရေးသားဖြေဆို၍ တဒါရုံဖြစ်ခွင့် မရှိသူများကိုလည်း အကြောင်းပြလျက် ဖော်ပြပါ။

**တဒါရုံ** (၁၉၉၀ နံပါတ်-၁)

**တဒါရုံဖြစ်ခွင့်မရှိသူမှာ ဗြဟ္မာဘုံသားများ ဖြစ်ပါသည်၊**

အကြောင်းမှာ ဗြဟ္မာဘုံသားတို့၌ တဒါရုံ၏ အားကြီးသောမှီရာအကြောင်း ဖြစ်သော ကာမာဝစရပဋိသန္ဓေမျိုးစေ့ မရှိသောကြောင့် ဖြစ်ပါသည်။

---

၃။ မဂ်စိတ်သည် အဘယ်ကြောင့် တစ်ကြိမ်သာ ဖြစ်ရသနည်း၊ ဥပမာဖြင့် ဖြေဆို၍ အောက်ပါတို့ကို မှန်ကန်စွာ ရေးသားပါ။

(က) ဝိပါကာဝစရဏ အမည်ရသောစိတ်

(ခ) ပဋိသန္ဓေလည်း မနေ၊ သေလည်း မသေသူ

**မဂ်စိတ်** (၁၉၉၀ နံပါတ်-၂)

(က) အဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ် (ဈာန်, မဂ်, ဖိုလ်ကို တားမြစ်သော ပဋိသန္ဓေစိတ်)

(ခ) မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ဦး

---

**၂၀၀၁**

၁။ ဥပါဒ်, ဌီ, ဘင်တို့၏ အချိန်ကာလကို ပိုင်းခြားပြ၍ မည်သည့်အကြောင်းတရားများ ပြည့်စုံမှ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာပါသနည်း၊ ဖြေဆိုပါ။

**ဥပါဒ်, ဌီ, ဘင်** (၁၉၉၆ နံပါတ်-၁)

**စက္ခုဝိညာဏ် ဖြစ်ပေါ်စေသော အကြောင်းတရားများ**

၁။ စက္ခုပသာဒ ကောင်းမွန်စွာရှိခြင်း

၂။ လုံလောက်သော အလင်းရောင်ရှိခြင်း

http://www.dhammadownload.com



၃။ ရူပါရုံ၏ စက္ခုပသာဒ၌ ထင်ခြင်း
၄။ မနသိကာရ ဟူသော အာဝဇ္ဇန်း၏ ဖြစ်ခြင်း (နှလုံးသွင်းမှုရှိခြင်း)

---

၂။ ဘုရားရှင်ကို ဖူးမြင်ရသော တိတ္ထိတို့၏ "ဝိပါက်အမှန် ဇောအပြန်" ဖြစ်ပုံကို ရှင်းလင်း ဖြေဆို၍ တိဟိတ်ပုဂ္ဂိုလ်တို့တွင် ပဋိသန္ဓေမနေသောသူများကိုလည်း ရေတွက်ပြပါ။

**ဝိပါက်အမှန်ဖြစ်ပုံ** (၁၉၉၉ နံပါတ်–၂)

**ဇောအပြန်ဖြစ်ပုံ**

ကာမဇော ဇောရာ၌ ပုထုဇဉ်ဖြစ်သော တိတ္ထိတို့သည် ဝိပ္ပလ္လာသ၏အစွမ်း ကြောင့် ဘုရားရှင်ဟူသော အတိဣဋ္ဌာရုံကို ဖူးမြင်ရပါသော်လည်း အနိဋ္ဌအခြင်းအရာ အားဖြင့် ဒေါမနဿဇော ဇောကုန်၏၊ ဤသို့ ဇောများသည် (အာရုံကိုလိုက်၍ ဝေဒနာအမှန်နှင့် မယှဉ်နိုင်ဘဲ) ဖောက်ပြန်ခြင်းကို ဇောအပြန်ဟု ခေါ်၏။

---

၃။ ယခုခေတ်၌ လူအချို့က ပုဂ္ဂိုလ်ထူးများကို "ရဟန္တာ"ဟု ပြောဆိုနေကြရာ ပုထုဇဉ်က ရဟန္တာအစစ်ကို သိနိုင်ပါမည်လော၊ စိစစ်ဝေဖန်၍၊ ဒွိဟိတ်ပုဂ္ဂိုလ်များ မဂ်ဖိုလ်မရနိုင် ခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

**ပုထုဇဉ်** (၁၉၉၇ နံပါတ်–၄)

**မဂ်ဖိုလ်မရနိုင်ခြင်း** (၁၉၉၆ နံပါတ်–၃)

---

## ၂၀၀၂

၁။ စိတ္တက္ခဏ ၁၇–ချက် သက်တမ်းရှိသော ရုပ်တရားတို့ကို သက်တမ်းနှင့်တကွ ဖော်ပြ၍ ပရိတ္တာရုံဝီထိ၌ ဇောမဇောရခြင်း၏အကြောင်းကို ရေးသားပါ။

**စိတ္တက္ခဏ ၁၇–ချက် သက်တမ်းရှိသောရုပ်** (၁၉၉၂ နံပါတ်–၁)

http://www.dhammadownload.com



**ပရိတ္တာရုံဝီထိ၌ ဇောမဇောရခြင်းအကြောင်း**

ဝုဋ္ဌော၁-ကြိမ် ဖြစ်ပြီးနောက် စိတ္တက္ခဏ ၆-ချက် အသက်ကြွင်းရှိသော အာရုံသည် အလွန်အားနည်းသည့်အတွက် ဇောဖြစ်ခြင်း၏အကြောင်း အထောက်အပံ့ မဖြစ်နိုင်သောကြောင့် ဇောမဖြစ်ပါ။

---

၂။ ဈာနဝီထိ၊ မဂ္ဂဝီထိတို့၌ ပါရှိသော ဂေါတြဘူ ၂-ပါးတို့၏ ခြားနားချက်ကို ရေးသား၍ အပ္ပနာဝီထိအရာဝယ် (၃-ကြိမ်၊ ၆-ကြိမ်၊ ၇-ကြိမ်)မြောက်၌ အပ္ပနာဇော မဇောရခြင်း၏အကြောင်းကို ဖြေဆိုပါ။

**ဈာနဝီထိနှင့် မဂ္ဂဝီထိတို့၌ ပါရှိသော ဂေါတြဘူ ၂-ပါးတို့၏ ခြားနားချက်**

**ဈာနဝီထိ၌ပါသော ဂေါတြဘူသည်** ကာမအနွယ်ကို နှိပ်စက်၍ မဟဂ္ဂုတ်အနွယ်ကို ပွားစေသောကြောင့်

**မဂ္ဂဝီထိ၌ပါသော ဂေါတြဘူသည်** ပုထုဇဉ်အနွယ်ကို နှိပ်စက်၍ လောကုတ္တရာအနွယ်ကို ပွားစေသောကြောင့် ဂေါတြဘူမည်၏။

**အပ္ပနာဝီထိ၌ ၃-ကြိမ်မြောက်၌ အပ္ပနာဇော မဇောရခြင်းအကြောင်း**

အနုလုံသည် ဥပစာဟူသော မှီရာတူဇောမှ အာသေဝနပစ္စည်းမရလျှင် ဂေါတြဘူကို မဖြစ်စေနိုင်၊ ဂေါတြဘူ မဖြစ်လျှင် အပ္ပနာဇောလည်း မဖြစ်နိုင်၊ ထို့ကြောင့် ၄-ကြိမ်မြောက် အောက် ၃-ကြိမ်မြောက်၌ အပ္ပနာဇော မဇောရခြင်း ဖြစ်ပါသည်။

**အပ္ပနာဝီထိ၌ ၆-ကြိမ်,၇ကြိမ်မြောက်၌ အပ္ပနာဇော မဇောရခြင်းအကြောင်း**

၆-ကြိမ်,၇-ကြိမ်မြောက်၌ဖြစ်သော ဇောသည် ဘဝင်ကျဖို့ နီးကပ်နေသောကြောင့် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်ခြင်းငှာ မစွမ်းနိုင်ပါ၊ ဥပမာ-ချောက်ကမ်းပါးသို့ ရှေးရှုပြေးလာသောသူသည် ရပ်လိုသော် ကမ်းပါးနှင့်ကပ်၍ မရပ်ဝံ့ မရပ်နိုင်၊ ရပ်ပါက အရှိန်လွန်၍ ကမ်းပါးအောက် ချောက်ထဲသို့ ကျတတ်သကဲ့သို့ ထို့အတူ အပ္ပနာဇောတို့သည် ဘဝင်တည်းဟူသော ကမ်းပါးပြတ်နှင့် နီးကပ်လျက်ရှိသောကြောင့် ၆-ကြိမ်,၇-ကြိမ်မြောက်၌ မဇောခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com



၃။ ဘုရားရှင်ကိုတွေ့မြင်ရပါလျက် သဒ္ဓါကင်းမဲ့သဖြင့် အရေးမစိုက်သောသူအား ရှေ့နောက်ဖြစ်သင့်သော ဇော၊တဒါရုံတို့ကို ဖော်ပြ၍ သမာပတ်ဝင်စားရာ၌ မဟဂ္ဂုတ်၊ လောကုတ္တရာဇောများ အကြိမ်များစွာ စောရခြင်း၏အကြောင်းကို ဖြေဆိုပါ။

**ဘုရားရှင်ကိုတွေ့မြင်ရပါလျက် သဒ္ဓါကင်းမဲ့သဖြင့် အရေးမစိုက်သောသူအား**

ဖြစ်သင့်သောဇောမှာ ဥပေက္ခာဇော ဖြစ်ပြီး

ဖြစ်သင့်သောတဒါရုံမှာ သောမနဿတဒါရုံ ၅-ပါးမှ တစ်ပါးပါး ဖြစ်ပါသည်။

**သမာပတ်ဝင်စားရာ၌ မဟဂ္ဂုတ်,လောကုတ္တရာဇောများ အကြိမ်များစွာ စောရခြင်းအကြောင်း**

နေ့ညပတ်လုံး သမာပတ်ဝင်စားနိုင်ခြင်း၏ ဖြစ်ခြင်းကြောင့် မဟဂ္ဂုတ်, လောကုတ္တရာဇောများ အကြိမ်များစွာ စောရခြင်း ဖြစ်ပါသည်။

---

**၂၀၀၃**

၁။ ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိမည်ပုံကို ဖော်ပြ၍ စိတ်(နာမ်)တရားနှင့် ရုပ်တရားတို့သည် သန္တတတရားချင်း တူပါလျက် စိတ်(နာမ်)တရားက သက်တမ်းတို၍ ရုပ်တရားက သက်တမ်းရှည်ပုံကို အကြောင်းပြဖြေဆိုပါ။

**ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိမည်ပုံ**

အာရုံတို့၏ ဒွါရတို့၌ ထင်ခြင်းသို့ ရောက်သည်၏အစွမ်းဖြင့် ဖြစ်ခြင်း

**သန္တတတရားချင်း တူပါလျက် စိတ်(နာမ်)တရားက သက်တမ်းတို၍ ရုပ်တရားက သက်တမ်းရှည်ရခြင်းအကြောင်း**

| | |
|---|---|
| နာမ်တရားသည် | အာရုံကို ယူတတ်သောတရားမျိုးဖြစ်ပြီး စိတ္တက္ခဏ ၁-ချက်မျှဖြင့် အာရုံယူခြင်းကိစ္စပြီး၏။ |
| ရုပ်တရားသည်ကား | အာရုံအဖြစ် ယူခြင်းခံရသော တရားမျိုးဖြစ်၍ စိတ္တက္ခဏ ၁၇-ချက်ကြာမှ အာရုံယူခြင်းခံရမှုကိစ္စ၊ ပုရေဇာတစသော ပစ္စည်းတပ်သောကိစ္စ၊ ဖောက်ပြန်မှုကိစ္စတို့ပြီး၏။ |

http://www.dhammadownload.com



(တစ်နည်း)

နာမ်တရားသည် — အကောင်အထည် အတုံးအခဲသဘောမှ ကင်းဆိတ်သဖြင့် လျင်မြန်စွာ ဖြစ်တတ်, ပျက်စီးတတ်၏။

ရုပ်တရားသည် — အကောင်အထည် အတုံးအခဲသဘောရှိသောကြောင့် နှေးကွေးစွာ ဖြစ်တတ်, ပျက်စီးတတ်၏။

---

၂။ တဒါရုံ၏ ဖြစ်ပုံသဘောကို ဥပမာဖြင့် ထင်ရှားစွာ ပြဆို၍ ဝီထိအမည်သာရှိ၍ ဝီထိစိတ်လုံးဝမဖြစ်သော ဝီထိမျိုးရှိက အကြောင်းနှင့်တကွ ထုတ်ပြဖြေဆိုပါ။

**တဒါရုံ** (၁၉၉၀ နံပါတ်-၁)

**ဝီထိအမည်သာရှိ၍ ဝီထိစိတ်လုံးဝမဖြစ်သော ဝီထိမှာ အတိပရိတ္တာရုံဝီထိ (မောဃဝါရ) ဖြစ်ပါသည်။**

ဤဝီထိ၌ ထင်လာသောအာရုံတို့သည် စိတ္တက္ခဏ ၁၀-ချက်မှ ၁၅-ချက်တိုင်အောင် လွန်ပြီးမှ ငါးဒွါရ၌ထင်လာပြီး စိတ္တက္ခဏ ၇-ချက်မှ ၂-ချက်တိုင်အောင် အသက်ကြွင်းရှိသော အလွန်အားနည်းသော ပဉ္စာရုံ (အတိပရိတ္တာရုံ)ဖြစ်သဖြင့် ဝုဒ္ဓော ၂-ကြိမ်၊ ၃-ကြိမ် ဖြစ်ခြင်းငှာ မလောက်သောကြောင့် ဝီထိစိတ်ဖြစ်ခွင့်မရှိ၊ ဘဝင်သာ ကျရသည်၊ (တစ်နည်း-ဘဝင်လှုပ်ရုံမျှသာ ဖြစ်သည်) ဤသို့ အချင်းခပ်သိမ်း ဝီထိစိတ် မဖြစ်သောကြောင့် ဝီထိစိတ်မှ အချည်းနှီးဖြစ်သော မောဃဝါရ ဖြစ်ရ၏။

---

၃။ တစ်ကြိမ်တည်းသာ စားသောဇောများကို အကြောင်းနှင့်တကွ ဖော်ပြ၍ ရဟန္တာပုဂ္ဂိုလ်အား အဘယ်ကြောင့် ကုသိုလ်၊ အကုသိုလ်စိတ် မဖြစ်သနည်း၊ ပြည့်စုံစွာ ဖြေဆိုပါ။

**တစ်ကြိမ်တည်းသာ စားသောဇော**

(၁) အာဒိကမ္မိကဈာန်ဇော (၁၉၉၀ နံပါတ်-၂)
(၂) အဘိညာဉ်ဇော (အဘိညာဉ်ဇောသည် အခါခပ်သိမ်း ၁-ကြိမ်သာစော၏)
(၃) မဂ်ဇော (၁၉၉၀ နံပါတ်-၂)
(၄) နိရောဓသမာပတ်မှ အထ ဖိုလ်ဇော

**ရဟန္တာပုဂ္ဂိုလ်** (၁၉၉၀ နံပါတ်-၃)

---

http://www.dhammadownload.com



၂၀၀၄

၁။ အာရုံငါးပါးတို့ ဒွါရငါးပါး၌ ထင်ခြင်းသို့ ရောက်ပုံအထူးကို ရှင်းပြဖြေဆို၍ မဟဂ္ဂတာရုံ ဝီထိ၌ တဒါရုံမကျနိုင်ခြင်းအကြောင်းကိုလည်း ရေးသားခဲ့ပါ။

**အာရုံငါးပါးတို့ ဒွါရငါးပါး၌ ထင်ခြင်းသို့ ရောက်ပုံအထူး**

- ရူပါရုံနှင့် သဒ္ဒါရုံတို့သည် ဆိုင်ရာဒွါရ (စက္ခုပသာဒနှင့် သောတပသာဒ)တို့၌ ထင်ရာ၌ ပသာဒ၌ မငြိကပ်ဘဲ မိမိတည်ရာအရပ်၌ တည်လျက်သာလျှင် ထင်ခြင်းသို့ ရောက်နိုင်၏။ (အကြောင်းမှာ စက္ခု၊ သောတပသာဒရုပ်တို့သည် အသမ္ပတ္တဂေါစရဂ္ဂါဟကရုပ်များ ဖြစ်သောကြောင့်တည်း။)
- ဂန္ဓာရုံ၊ ရသာရုံနှင့် ဖောဋ္ဌဗ္ဗာရုံတို့သည်ကား ဃာန၊ ဇိဝှာ၊ ကာယပသာဒတို့၌ ထင်ရာ၌ ထိုပသာဒရုပ်တို့၏ မှီရာ မဟာဘုတ်တို့၌ ငြိကပ်လျက်သာ ထင်ခြင်းသို့ ရောက်နိုင်၏။ (အကြောင်းမှာ ဃာနပသာဒစသော ပသာဒရုပ် ၃-ပါးတို့သည် သမ္ပတ္တဂေါစရဂ္ဂါဟကရုပ်များ ဖြစ်သောကြောင့်တည်း။)

ထို့ပြင် ထိုသို့ထင်ရာ၌ များစွာသော ရုပ်ကလာပ်တို့၌ တည်ရှိသော ရူပါရုံ သဒ္ဒါရုံတို့ကသာ ထင်နိုင်၏၊ ကြွင်းဂန္ဓာရုံ စသော ၃-ပါးသည်ကား ရုပ်ကလာပ် တစ်ခု၌ တည်ရှိသော ဂန္ဓာရုံ စသည်တို့က ဒွါရ၌ ထင်နိုင်၏။

ဤသို့ ထူးပါသည်။

**မဟဂ္ဂတာရုံဝီထိ၌ တဒါရုံမကျနိုင်ခြင်းအကြောင်း**

ဒုတိယမဟဂ္ဂတာရုံဝီထိ = ထင်ပြီးသည်မှစ၍ ရေတွက်လျှင် စိတ္တက္ခဏ ၁၄-ချက် အသက်ရှိသောအာရုံ(ဒုတိယမဟဂ္ဂတာရုံ)၌ သတ္တမဇောတွင် အာရုံချုပ်သောကြောင့် တဒါရုံကျခွင့်မရှိပါ။

ပထမမဟဂ္ဂတာရုံဝီထိ = ထင်ပြီးသည်မှစ၍ ရေတွက်လျှင် စိတ္တက္ခဏ ၁၅-ချက် အသက်ရှိသောအာရုံ(ပထမမဟဂ္ဂတာရုံ)၌ သတ္တမဇောနောင် စိတ္တက္ခဏ ၁-ချက် ကြွင်းသေး၏၊ သို့သော် တဒါရုံတို့မည်သည် ၂-ကြိမ်သာ ဖြစ်ရိုးရှိသောကြောင့် ယခု ၂-ကြိမ် မဖြစ်နိုင်၍၊ တဒါရုံ မကျပါ။

---

http://www.dhammadownload.com



၂။ ရွှေအိမ်ရွှေနန်းစသော ကောင်းသောဣဋ္ဌာရုံကို မြင်ရသောအခါ အဘယ်ဝီထိစိတ်များ ဖြစ်နိုင်သည်ကို ဖော်ပြ၍၊ စိတ်အနည်းဆုံးဖြစ်သော ပုဂ္ဂိုလ်ကိုလည်း ကြောင်းကျိုး ဖော်ပြဖြေဆိုပါ။

**ရွှေအိမ်ရွှေနန်း** (၁၉၉၄ နံပါတ်-၂, ၁၉၉၉ နံပါတ်-၂ တို့ကို မှီး၍ဖြေပါ)

**စိတ်အနည်းဆုံးဖြစ်သောပုဂ္ဂိုလ်** (၁၉၉၁ နံပါတ်-၃)

---

၃။ သကဒါဂါမိပုဂ္ဂိုလ်သန္တာန်ဝယ် ဘုရားစသည်၌ ယုံမှားသံသယရှိသော ဝိစိကိစ္ဆာသဟဂုတ် စိတ် မရနိုင်ခြင်းအကြောင်းကို ရေးသား၍ တိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုနိုင်သောပုဂ္ဂိုလ် များကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

**ဝိစိကိစ္ဆာသဟဂုတ်စိတ်မရနိုင်ခြင်း** (၁၉၉၂ နံပါတ်-၃)

**တိဟိတ်ပုဂ္ဂိုလ်** (၁၉၉၈ နံပါတ်-၃)

---

## ၂၀၀၅

၁။ "မင်းထက်ငါက စိတ်ရှည်တယ်၊ ပို၍ စိတ်တိုတယ်"ဟု ပြောဆိုတတ်ကြရာ ၎င်းစကား သည် မှားသလော၊ မှန်သလော အဘိဓမ္မာအမြင်ဖြင့် တင်ပြဆွေးနွေး၍၊ အာရုံနှင့် ဝီထိစိတ်တို့တွင် အဘယ်တရားက ရှေးဦးစွာ ဖြစ်ပါသနည်း၊ ဖြေဆိုပါ။

"မင်းထက်ငါက စိတ်ရှည်တယ်၊ ပို၍ စိတ်တိုတယ်"ဟူသော စကားသည် အဘိဓမ္မာ အမြင်ဖြင့် ဆိုရလျှင် အမှားသာ ဖြစ်ပါသည်၊ စိတ်ပရမတ်သည် သက်တမ်း အားဖြင့် ဥပါဒ်, ဌီ, ဘင်ဟူသော ခဏငယ် ၃-ချက် (တစ်နည်း) စိတ္တက္ခဏ ၁-ချက်သာ ရှိသောကြောင့် ဖြစ်ပါသည်။

အာရုံနှင့် ဝီထိစိတ်တို့တွင် - အာရုံက ရှေးဦးစွာ ဖြစ်ပါသည်။

---

၂။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့၏ အဓိပ္ပါယ်ကို အသီးသီးရေးခဲ့ပါ။

**ပရိကံ** = အပ္ပနာဇောဖြစ်ပေါ်ရန် ပြုပြင်စီရင်တတ်သောကြောင့် ပရိကံ မည်၏။

http://www.dhammadownload.com



**ဥပစာ** = အပ္ပနာဇောအနီး၌ မကြာမီ အပ္ပနာဖြစ်ပေါ်ရန် ဖြစ်တတ်သောကြောင့် ဥပစာမည်၏။

**အနုလုံ** = အောက်ပရိကံဇောအားလည်းကောင်း၊ အထက်အပ္ပနာဇောအား လည်းကောင်း၊ ရှေ့နောက်လျော်စွာ ဖြစ်တတ်သောကြောင့် အနုလုံ မည်၏။

**ဂေါတြဘု** = ကာမအနွယ်ကို နှိပ်စက်၍ မဟဂ္ဂုတ်အနွယ်ကို ပွားစေတတ်သော ကြောင့်လည်းကောင်း၊ ပုထုဇဉ်အနွယ်ကို နှိပ်စက်၍ လောကုတ္တရာ အနွယ်ကို ပွားစေတတ်သောကြောင့်လည်းကောင်း ဂေါတြဘုမည်၏။

---

၃။ ကာမပဋိသန္ဓေမျိုးစေ့မရှိသော ဗြဟ္မာတို့အား တဒါရုံမဖြစ်လျှင် စက္ခုဝိညာဉ်စသည်တို့ လည်း မဖြစ်နိုင်ဟု မှတ်ရမည်လော ဖြေဆိုပြီးလျှင်၊ အရိုးကြေကြေ အရေခမ်းခမ်း ကြိုးပမ်းအားထုတ်ပါသော်လည်း ဈာန်, မဂ်, ဖိုလ် မရနိုင်သော ပုဂ္ဂိုလ်များရှိက အကြောင်းနှင့်တကွ ဖော်ပြပါ။

**ကာမပဋိသန္ဓေမျိုးစေ့မရှိသော ဗြဟ္မာတို့အား တဒါရုံမဖြစ်လျှင် စက္ခုဝိညာဉ်စသည်တို့ လည်း မဖြစ်နိုင်ဟု မမှတ်ရပါ။**

အကြောင်းမှာ စက္ခုန္ဒြေ, သောတိန္ဒြေ ဖြစ်ခြင်း၏ အစွမ်းအာနုဘော်ကြီးသော ကြောင့်လည်းကောင်း၊ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိတို့၌ သမ္ပဋိစ္ဆိုင်း, သန္တီရဏစိတ် တို့ ဖြစ်ခြင်းမြဲသောကြောင့်လည်းကောင်း၊ စက္ခုဝိညာဉ်စသော ကာမဝိပါက်စိတ်တို့မှာ ဗြဟ္မာတို့၌ ဖြစ်နိုင်ပါသည်။

**ဈာန်, မဂ်, ဖိုလ် မရနိုင်သောပုဂ္ဂိုလ်** (၁၉၈၉ နံပါတ်-၂)

---

**၂၀၀၆**

၁။ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ကလာပ်မည်မျှ၌ တည်၍ထင်ခြင်းသို့ ရောက်ကြ ပါသနည်း၊ ဖြေဆို၍၊ "ဘဝင် စလိတေ"၌ ဘဝင်လှုပ်ခြင်း၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

http://www.dhammadownload.com



ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ကလာပ်တစ်ခုတည်း၌ တည်ရှိမှုဖြင့် ထင်ခြင်းသို့ ရောက်နိုင်ပါသည်။ (၂၀၀၄ နံပါတ်-၁ ကိုမှီး၍ ဖြေပါ။)

**ဘဝင်လှုပ်ခြင်း**

ဝီထိစိတ်မဖြစ်သောအခါ ဖြစ်နေကျဘဝင်အစဉ်နှင့်မတူသော အာဝဇ္ဇန်းစသော ဝီထိစိတ်အစဉ် ဖြစ်ပေါ်လာခြင်း၏ အကြောင်းအဖြစ်သို့ ရောက်ရှိလာခြင်းသဘောကို ဘဝင်လှုပ်သည်ဟု ဆိုပါသည်။

---

၂။ တဒါရုံ၏ဖောသို့ အစဉ်လိုက်ပုံကို ရေး၍၊ သတ္တဝါတို့၏ ဝမ်းခေါင်းထဲ၌ ဝီထိစိတ်, ဝီထိမုတ်စိတ်တို့သည် အစဉ်အတန်းအားဖြင့် တည်ရှိနေကြပါသလော, ရှင်းပြပါ။

**တဒါရုံ၏ဖောသို့ အစဉ်လိုက်ပုံ**

မြစ်ညာ ရေညာသို့ ဆန်တက်ခုတ်မောင်းနေသော လှေ, သင်္ဘောနောက်သို့ မြစ်ရေအလျဉ်သည် အနည်းငယ်သော ကာလပတ်လုံး အစဉ်တစိုက် လိုက်သကဲ့သို့၊ တဒါရုံသည် အနည်းငယ်သောကာလပတ်လုံး ဇော၏အာရုံကို အာရုံပြု၍ ဇောနောက်သို့ အစဉ်လိုက်ပါသည်။

**သတ္တဝါတို့၏ ဝမ်းခေါင်းထဲ၌ ဝီထိစိတ်, ဝီထိမုတ်စိတ်တို့သည် အစဉ်အတန်းအားဖြင့် မတည်ရှိကြပါ။**

ဝီထိစိတ်ဟူသည် အာရုံနှင့် ဒွါရတိုက်ဆိုင်သောအခါ ဖြစ်ပေါ်လာ၏။ ထိုသို့ ဖြစ်ရာတွင် စိတ္တနိယာမအရ ထိုထိုဒွါရ၌ ပဥ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း စသည်ဖြင့် အစဉ်အတန်းဖြစ်သည်ကို ဝီထိဟု သတ်မှတ်ခြင်း ဖြစ်၏။

ဝီထိမုတ်စိတ်ဟူသည် ကံအဟုန်သက်သက်ကြောင့်သာ, ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃-ပါးအနက် တစ်ပါးပါးကို အာရုံပြု၍ ဖြစ်ပေါ်သောစိတ် ဖြစ်၏။

ဝီထိစိတ်ဖြစ်စေ ဝီထိမုတ်စိတ်ဖြစ်စေ ပရမတ်တရားသာဖြစ်ပြီး စိတ္တက္ခဏ ၁-ချက် (ဥပါဒ်-ဌီ-ဘင်) သက်တမ်းစေ့လျှင် ချုပ်မြဲ ဖြစ်၏။ စိတ်တစ်ခုဖြစ်ခိုက်

http://www.dhammadownload.com



အခြားစိတ်တစ်ခု ဖြစ်ရိုးမရှိ၊ ထို့ကြောင့် စိတ်ပရမတ်တို့သည် အစဉ်အတန်းအားဖြင့် တည်နေသော သဘောတရားများ မဟုတ်ကြပါ။

---

၃။ ကုသိုလ်ဇောနှင့် အခြားမဲ့၌ ကြိယာဇောများ အဘယ်ကြောင့် မရပါသနည်း၊ ဖြေဆို၍၊ "ဝိပါက်အမှန်" အရ အဘယ်ကြောင့် ဝိပါက်သည် အမှန်ဖြစ်ရပါသနည်း၊ ဖြေဆိုပါ။

**ကုသိုလ်ဇော၏ အခြားမဲ့၌ ကြိယာဇောမရခြင်း**

ပုဂ္ဂိုလ်သန္တာန်မတူ ကွဲပြားခြင်း၊ ဇာတ်ပြားခြင်းတို့ကြောင့် ကုသိုလ်ဇော၏ အခြားမဲ့၌ ကြိယာဇော မရနိုင်ခြင်း ဖြစ်ပါသည်။

**ဝိပါက်အမှန် ဖြစ်ရခြင်း** (၁၉၉၄ နံပါတ်-၂)

---

၄။ ချာန်လျော့ကြသောပုဂ္ဂိုလ်များ၏ ဒေါသဇောနောင် တဒါရုံမကျရခြင်း၏ အကြောင်းကို ရေး၍၊ ကာမဇော၏ အဆုံး၌သာ အဘယ်ကြောင့် တဒါရုံဖြစ်ပါသနည်း၊ ဖြေဆိုပါ။

**ချာန်လျော့ကြသောပုဂ္ဂိုလ်များ၏ ဒေါသဇောနောင် တဒါရုံမကျရခြင်းအကြောင်း**

ကာမအာရုံမဟုတ်၊ မဟဂ္ဂုတ်အာရုံဖြစ်သောကြောင့် တဒါရုံမကျရခြင်း ဖြစ်ပါသည်။

**ကာမဇော၏အဆုံး၌သာ တဒါရုံကျရခြင်းအကြောင်း** (၁၉၉၄ နံပါတ်-၃)

---

## ၂၀၀၇

၁။ "ဖြစ်ပျက်နှစ်တန်၊ နိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏" ဟုဆိုရာ၌ ဖြစ်ခြင်းဥပါဒ်၊ ပျက်ခြင်းဘင်တို့၏အရကို ကောက်ပြပြီး၊ "အာရုံထိခိုက်၏" ဟူသည် ဝတ္ထုပစ္စည်းနှစ်ခုတို့၏ ထိခိုက်ခြင်းကဲ့သို့ ထိခိုက်ခြင်းမျိုးကို ဆိုလိုပါသလော၊ ဖြေဆိုခဲ့ပါ။

**ဖြစ်ခြင်းဥပါဒ်၊ ပျက်ခြင်းဘင်တို့၏အရ**

စိတ်၊ စေတသိက်၊ ရုပ်ပရမတ္ထတရားတို့၏ ဖြစ်ပေါ်မှုနှင့် ချုပ်ပျက်မှုတို့ကို ရ၏။

http://www.dhammadownload.com



### "အာရုံထိခိုက်၍"ဟူသည်

ဝတ္ထုပစ္စည်းနှစ်ခုတို့၏ ထိခိုက်ခြင်းကဲ့သို့ ထိခိုက်ခြင်းမျိုးကို မဆိုလိုပါ။ အာရုံငါးပါးတို့သည် ဆိုင်ရာပသာဒရုပ်ငါးပါးတို့၌ ထင်နိုင်လောက်ရာအရပ်ဝယ် အာရုံတည်နေခြင်းကို "အာရုံထိခိုက်၍"ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

---

၂။ တဒါရုံ၏ ဖြစ်ခြင်းသဘောကို ဥပမာအားဖြင့် ဖော်ပြပြီးလျှင်၊ ကာမဇောဝါရဝီထိစိတ်ဖြစ်စဉ်ကိုလည်း သရက်ပင်အောက်အိပ်ခြင်းစသော ယောကျ်ား၏ဖြစ်စဉ်နှင့် ယှဉ်စပ်တွဲပြခဲ့ပါ။

**တဒါရုံ** (၁၉၉၀ နံပါတ်-၁ နှင့် ၂၀၀၆ နံပါတ်-၂)

### ကာမဇောဝါရ ဝီထိစိတ်ဖြစ်စဉ်ကို သရက်ပင်အောက်အိပ်သော ယောကျ်ားဥပမာဖြင့် ယှဉ်စပ်ပြဆိုချက်

အသီးသီးသော သရက်ပင်အောက်၌ ယောကျ်ားတစ်ယောက်သည် အိပ်နေရာ သရက်သီးသည် ထိုယောကျ်ား၏ အနီး၌ ကြွေကျလေ၏။ ထိုကြွေကျသော အသံဖြင့် နိုး၍ မျက်စိကို ဖွင့်ပြီးကြည့်လျှင် သရက်သီးကို မြင်၍ ထိုသရက်သီးကို ကောက်ယူ၍ နှိပ်၍ နမ်း၍ ကြည့်ရှုသဖြင့် မှည့်သည်ကို သိရှိသဖြင့် ကိုက်ခါကိုက်ခါ စားပြီးလျှင် သလိပ်နှင့်တကွ မျိုချ၍ သရက်ပင်ရင်း၌ အိပ်မြဲအိပ်ပြန်၏။

ဤဥပမာစကားရပ်၌ -

| | |
|---|---|
| (၁) ယောကျ်ားတစ်ယောက်၏ သရက်ပင်အောက်၌ အိပ်ပျော်နေခြင်းသည်-- | - သတ္တဝါတိုင်း၌ ဝီထိစိတ် မဖြစ်မီ ရှေးဦးစွာ ဘဝင်ကျနေခြင်းနှင့် တူ၏။ |
| (၂) အနီးအပါး၌ သရက်သီးကြွေကျပုံသည်-- | - ဝီထိစိတ် ဖြစ်ပေါ်ရန် ပသာဒ၌ အာရုံ၏ ထိခိုက်ခြင်းနှင့် တူ၏။ |
| (၃) သရက်သီး ကြွေကျသံကြောင့် နိုးလာခြင်းသည်-- | - ဘဝင်အစဉ်ကို ဖြတ်၍ အာဝဇ္ဇန်းစိတ် ရှေးဦးစွာ ပေါ်လာခြင်းနှင့် တူ၏။ |
| (၄) မျက်စိကိုဖွင့်၍ ကြည့်ခြင်းသည်-- | - စက္ခုဝိညာဏ်စိတ်ဖြစ်၍ ရူပါရုံကို မြင်ခြင်းနှင့် တူ၏။ |

http://www.dhammadownload.com



| | |
|---|---|
| (၅) သရက်သီးကို ကောက်ယူသကဲ့သို့ ဖြစ်ခြင်းသည်-- | - သမ္ပဋိစ္ဆိုင်းစိတ်၏ အာရုံကို ခံယူခြင်းနှင့် တူ၏။ |
| (၆) သရက်သီးကို နှိပ်၍ နမ်း၍ ကြည့်ရှုခြင်းသည်-- | - သန္တီရဏစိတ်၏ ထိုခံယူအပ်ပြီးသော အာရုံကို ဣဋ္ဌမှန်း, အနိဋ္ဌမှန်း စုံစမ်းခြင်းနှင့် တူ၏။ |
| (၇) သရက်သီးကို ကြည့်ရှု၍ မှည့်သည်ကို သိရှိခြင်းသည်-- | - ဝုဋ္ဌောစိတ်၏ ဣဋ္ဌပဲ, အနိဋ္ဌပဲဟု ပိုင်းခြားသတ်မှတ်ဆုံးဖြတ်ခြင်းနှင့် တူ၏။ |
| (၈) မှည့်မှန်းသိ၍ အရသာခံလျက် ကိုက်ခါ ကိုက်ခါ စားခြင်းသည်-- | - ဇောစိတ်၏ အာရုံအရသာကို ခံစားခြင်းနှင့် တူ၏။ |
| (၉) သလိပ်နှင့်တကွ မျိုချလိုက်ခြင်းသည်-- | - တဒါရုံစိတ်၏ ဇောနောက်လိုက်ကာ ဇော၏အာရုံကို ယူခြင်းနှင့် တူ၏။ |
| (၁၀) သရက်ပင်ရင်း၌ အိပ်မြဲပြန်အိပ်နေခြင်းသည်-- | - ဘဝင်ကျမြဲ ကျခြင်းနှင့် တူ၏။ |

---

၃။ "မဂ်ပေါက် ဖိုလ်ဝင်"ဆိုရာ၌ မဂ်ဇောနောင် ဖိုလ်ဇော စောနိုင်သော အကြိမ်အရေအတွက်တို့ကို ဖော်ပြပြီးလျှင်၊ ဒွိဟိတ်ပုဂ္ဂိုလ်-ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

**မဂ်ဇောနောင် ဖိုလ်ဇော စောနိုင်သော အကြိမ်အရေအတွက်**

မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် ၂-ကြိမ်, တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် ၃-ကြိမ် ဖြစ်ပါသည်။

**ဒွိဟိတ်ပုဂ္ဂိုလ်**

ပဋိသန္ဓေအခါ၌ အလောဘ, အဒေါသဟိတ်နှစ်ပါးသာရှိသော ပုဂ္ဂိုလ်သည် ဒွိဟိတ်ပုဂ္ဂိုလ်မည်၏။

---

http://www.dhammadownload.com



၄။ မကောင်းသော အနိဋ္ဌာရုံများကို အကုသလဝိပါက်စက္ခုဝိညာဏ်စိတ်ဖြင့်သာ မြင်ရသောကြောင့် အနိဋ္ဌာရုံမရှိသော ရူပဘုံ၌ အကုသလဝိပါက်စက္ခုဝိညာဏ်စိတ် ရ/မရနိုင် ဖြေဆိုပြီးလျှင်၊ ရရှိနေသော ဘဝတစ်ခုအတွင်း ဝီထိစိတ်တို့၏ ဖြစ်ရာကာလဖြစ်ပုံ အခြင်းအရာများကိုလည်း ဖော်ပြပါ။

## ရူပဘုံ၌ အကုသလဝိပါက်စက္ခုဝိညာဏ်စိတ် ရနိုင်ပုံ

ရူပဘုံ၌ အနိဋ္ဌာရုံ မရှိသော်လည်း လူ့ပြည်သို့ လှမ်းကြည့်သောအခါ အနိဋ္ဌာရုံကို မြင်နိုင်သောကြောင့် အကုသလဝိပါက်စက္ခုဝိညာဏ်စိတ် ရနိုင်ပါသည်။

## ဘဝတစ်ခုအတွင်း ဝီထိစိတ်ဖြစ်ရာကာလနှင့် ဖြစ်ပုံအခြင်းအရာ

ဝီထိစိတ်တို့သည် ပဋိသန္ဓေနောင် ဘဝင်္ဂ၏ အစွမ်းဖြင့်ဖြစ်သော မနောဒွါရိကဝီထိစိတ်မှစ၍ စုတိစိတ်အဆုံးတိုင်အောင် (တစ်နည်း) စုတိစိတ်မှ ရှေ့ဖြစ်သော ဘဝင်အဆုံးတိုင်အောင် နိရောဓသမာပတ် ဝင်စားမှု မရှိလတ်သော် မပြတ်မစဲ အမြဲတမ်း ဖြစ်နေကြပါသည်။

http://www.dhammadownload.com

# သာသနာရေးဦးစီးဌာန၏
# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ဒုတိယဆင့် (ဝိထိမုတ်ပိုင်း)
## (၁၉၇၈ – ခုနှစ်မှ ၁၉၈၈ – ခုနှစ်ထိ)
## မေးခွန်းဟောင်းများ

### ၁၉၇၈

၁။ အဘယ်ကြောင့် ဗြဟ္မာဟုခေါ်သနည်း၊ အမိဝမ်းတွင်း၌ စက္ခုပသာဒဖြစ်သော်လည်း လေ, ပိုး အန္တရာယ်တို့ကြောင့် မျက်စိကန်း၍ မွေးဖွားလာသူကို ပဋိသန္ဓေကန်းဟု ခေါ်ပါသလော၊ ဋီကာဆိုသည့်အတိုင်း ရှင်းပြပါ။

၂။ အကုသလကမ္မပထတရား ၁၀–ပါးတွင် သူရာမေရယကံမှာ အဘယ်ကြောင့် မပါဝင်ပါ သနည်း၊ မိစ္ဆာဒိဋ္ဌိအရာ၌ ကမ္မပထမြောက်သော ဒိဋ္ဌိတို့ကိုလည်း အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

၃။ အပြစ်ကင်းသော အတတ်ပညာနှင့် ပိဋကတ်စာပေကျမ်းဂန်တို့ကို ပို့ချမှု နာယူသင်ကြား မှုများသည် မည်သည့် ပုညကြိယာဝတ္ထုတို့ ဖြစ်သနည်း၊ ပုညကြိယာဝတ္ထုဆယ်ပါးတွင် ဘာဝနာ၏အရကို ဋီကာလာသည့်အတိုင်း ဖော်ပြပါ။

၄။ နာမ်တရားတို့ကို ရှုမှန်းသော ရုပ်ဝါဒီသမားများသည် အဘယ်ကမ္မဋ္ဌာန်းကို စီးဖြန်း၍ အသညသတ်ဘုံသို့ ရောက်ကြသနည်း၊ ဥက္ကဋ္ဌဒါနကုသိုလ်နှင့် ဩမကဒါနကုသိုလ်တို့ ၏ အဓိပ္ပါယ်ကိုလည်း ရှင်းပြပါ။

---

### ၁၉၇၉

၁။ စတုမဟာရာဇ်နတ်၊ တာဝတိံသာနတ်ဟု ခေါ်ဆိုရပုံကို ရေးသားပြီးလျှင်၊ တစ္ဆေ, သူရဲတို့၏ ပဋိသန္ဓေစိတ်ကို အဘိဓမ္မာနည်းအရ စိစစ်ပြပါ။

၂။ အပါယ် ၄–ဘုံဟူ၍ ဆိုရာ၌ ဘုံ ၄–ဘုံ သီးခြားတည်ရှိပါသလော၊ ဘုံသီးခြားရှိသော အပါယ်နှင့် သီးခြားမရှိသော အပါယ်ကို ခွဲခြားပြီးလျှင် အသုရကာယ်၌ ပါဝင်သင့်သော အသုရာအကြောင်းကို သိသာရုံ ဖော်ပြပါ။

http://www.dhammadownload.com



၃။ လူတစ်ယောက် သေပြီးလျှင် နောက်ဘဝသစ်၌ ပဋိသန္ဓေ မဖြစ်သေးဘဲ စုတိနှင့် ပဋိသန္ဓေကြားခံ ယာယီဘဝ ရှိသေးသည်ဟူသော အယူဝါဒ မှန်-မမှန် အဘိဓမ္မာ အမြင်ဖြင့် ဆုံးဖြတ်ချက် ချခဲ့ပါ။

---

**၁၉၈၀**

၁။ ကမ္ဘာလောကကြီး လုံးဝပျက်စီးသောအခါ မီး၊ ရေ၊ လေအားဖြင့် ပျက်စီးပုံကို ရေးပြ၍၊ ကမ္ဘာပျက်သည့်အခါ ၃၁-ဘုံတွင် မီး၊ ရေ၊ လေ ပျက်စီးခြင်းတို့မှ ကင်းလွတ်သောဘုံ တို့ကို အသီးသီးဖော်ပြခဲ့ပါ။

၂။ ဥပစ္ဆေဒကကံဖြင့် လတ်တလော ပွဲချင်းပြီး အစိမ်းသေ မသေနိုင်သော ပုဂ္ဂိုလ်တို့ကို ရေး၍၊ ယခုခေတ် လူသားတို့သည် ထိုကဲ့သို့ မသေနိုင်သူမျိုး ဖြစ်ပါသလော၊ မဖြစ်ပါ သလော၊ အဘယ်သို့ မှတ်ရမည်နည်း၊ ဆုံးဖြတ်ခဲ့ပါ။

၃။ လူတစ်ယောက် သေဆုံးပြီးနောက် မည်သည့်ဘဝများ၌ ဆက်လက်ဖြစ်ပေါ်နိုင်ပါ သနည်း၊ ပုဂ္ဂိုလ်အလိုက် ခွဲခြားဖော်ပြခဲ့ပါ။

---

**၁၉၈၁**

၁။ ဗုဒ္ဓအဘိဓမ္မာက အဘယ်သို့သော ပုဂ္ဂိုလ်အတန်းအစားကို "မန္ဒသ-လူသား"ဟု သတ်မှတ်ထားပါသနည်း၊ တိတိကျကျ ဖော်ပြခဲ့ပါ။

၂။ မူးယစ်ဆေးဝါးကို မှီဝဲသုံးစွဲသောသူသည် အဘယ်ဒုစရိုက်ကို ကျူးလွန်သူ မည်ပါ သနည်း၊ အကြောင်းနှင့်တကွ ဖြေဆိုပါ။

၃။ ဈာန်သမာပတ်ကို ရရှိသော အမျိုးသမီးယောဂီများသည် ဗြဟ္မာဘုံသို့ ရောက်နိုင်- မရောက်နိုင် ဆုံးဖြတ်ပါ။

---

**၁၉၈၂**

၁။ (က) ပဏ္ဍုက်၊ (ခ) မမ်းစွဲသူ ဟူသည် အဘယ်သို့သောပုဂ္ဂိုလ်မျိုး ဖြစ်ပါသနည်း၊ ရှင်းလင်းဖြေဆို၍ ထိုပုဂ္ဂိုလ်တို့၏ (ဂ) ပဋိသန္ဓေစိတ်၊ (ဃ) စုတိစိတ်တို့ကို ရေးပြပါ။

http://www.dhammadownload.com



၂။ ဘဝတစ်လျှောက်၌ ဂရုကံမှတစ်ပါး ဒုစရိုက်မျိုးစုံကို အကုန်ပြုခဲ့သူသည် သေခါနီးကာလ၌ ဆေးရုံဆောက်ခြင်း၊ ကျောင်းဆောက်ခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်သည်ရှိသော် သုဂတိဘဝသို့ ရောက်နိုင်-မရောက်နိုင် ဥပမာနှင့်တကွ ဖြေဆိုပါ။

၃။ နောင်ဘဝ ရှိ-မရှိ ပြဿနာနှင့် စပ်လျဉ်း၍ နောင်ဘဝ ဧကန်ရှိကြောင်း သိနိုင်ရန် လူတို့၏ စုတိစိတ်ကို စိစစ်၍ ဗုဒ္ဓအဘိဓမ္မာနည်းကျ ဖြေဆိုပါ။

---

## ၁၉၈၃

၁။ ယခုခေတ်တွင် "ဘုံခန်းဖြင့်မြှောက်၊ ငရဲခန်းဖြင့်ခြောက်"ဟူ၍ ၃၁-ဘုံ မရှိလေဟန် ကြံဖန်ပြောဆိုချက်များသည် ဗုဒ္ဓအဘိဓမ္မာနှင့် မည်မျှဆန့်ကျင်ကြောင်း ဝေဖန်စိစစ်ပြပါ။

၂။ မြတ်စွာဘုရားရှင်၏ တရားတော်မြတ်ဖြစ်သော ဂုဏ်ထူးဆောင်အဘိဓမ္မာစာမေးပွဲကို ဖြေဆိုရာ၌ တိဟိတ်ဥက္ကဋ္ဌ အမြတ်ဆုံးဖြစ်အောင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။

၃။ လူတို့ သေခါနီး၌ ထင်မြဲနိမိတ်တို့တွင် ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်တို့အကြောင်းကို သိသာရုံမျှ ရှင်းပြပါ။

---

## ၁၉၈၄

၁။ ဆန်းကြယ်လှသော ဤသတ္တလောကဝယ် "အသူရာ"ဟူသော သတ္တဝါတစ်မျိုးနှင့် ပတ်သက်၍ ဗုဒ္ဓအဘိဓမ္မာအမြင်အရ စုံလင်စွာ ဖော်ပြခဲ့ပါ။

၂။ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် အရေးတကြီး သိထားထိုက်သော အောက်ပါကံနှစ်မျိုး၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင် ဘဝကူးရာ၌ မည်သည့်ကံက ပို၍ အရေးကြီးကြောင်း ဥပမာနှင့်တကွ ဖော်ပြပါ။

(က) အာသန္နကံ (ခ) အာစိဏ္ဏကံ

၃။ ကုသိုလ်ကောင်းမှုပြုရာဝယ် အထက်တန်းကျသော ဥက္ကဋ္ဌကုသိုလ်မျိုးဖြစ်အောင် မည်သို့ မည်ပုံ လုပ်ဆောင်ရမည်ဟု အဘိဓမ္မာပညာရှင်တစ်ဦးအနေဖြင့် နည်းလမ်းပေးခဲ့ပါ။

---

http://www.dhammadownload.com



## ၁၉၈၅

၁။ "အဟောသိကံ–အဟောသိကံ"ဟု ပြောဆိုကြရာ၌ မည်သည့်ကံမျိုးသည် အဟောသိကံ ဖြစ်ပါသနည်း၊ အများနားလည်အောင် ရှင်းပြပါ။

၂။ ဒုစရိုက် ၁၀–ပါးတွင် သီးခြားမပါဝင်သောကြောင့် သေရည်သေရက် သောက်စားခြင်းသည် အပြစ်မရှိဟုဆိုသော သူတို့၏ စကားကို သင်လက်ခံပါမည်လော၊ အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၃။ ဒါန–သီလ–ဘာဝနာတို့တွင် ဘာဝနာအရ ပရမတ္ထတရားကို ကောက်ပြပြီးလျှင် စာချ–စာသင်–စာတက်–စာအံခြင်းသည်လည်း ဘာဝနာကုသိုလ်ပင်ဖြစ်ကြောင်း ထောက်ခံရေးသားခဲ့ပါ။

---

## ၁၉၈၆

၁။ ဗုဒ္ဓဘာသာဝင်တိုင်း သီလ ဆောက်တည်ကြ၏၊ ယင်း သီလ ဟူသော စကားဝေါဟာရကို ရှင်းလင်းရေးသား၍၊ သီလ မဆောက်တည်ဘဲ တွေ့ကြုံလာသော ကာယဒုစရိုက်စသည်မှ ရှောင်ကြဉ်မှုသဘောကို သီလဟု ဆိုနိုင်ပါသလော၊ ဖြေဆိုခဲ့ပါ။

၂။ မနုဿ(လူ)ဟု ခေါ်ဆိုရာ၌ ပခုံးနှစ်ဘက်ကြားက ခေါင်းပေါက်ရုံမျှဖြင့် လူဟု ခေါ်ဆိုနိုင်ပါသလော၊ မနုဿ(လူ)ဟု ခေါ်ဆိုနိုင်လောက်အောင် လိုအပ်သောဂုဏ်အင်္ဂါရပ်များကို ဋီကာကျမ်းပြုဆရာ၏ အလိုကျ ဖော်ပြခဲ့ပါ။

၃။ ကံမကောင်းအကြောင်းမလှ၍ အပါယ်ဘုံ၌ ဖြစ်နေရသော သတ္တဝါတစ်ဦးအတွက် အပါယ်ဘုံ၌ ဖြစ်နေစဉ် ကုသိုလ်ကံက အကျိုးပေးနိုင်ပုံများကို ဋီကာကျမ်းပြုဆရာက မည်ကဲ့သို့ ပြဆိုထားပါသနည်း၊ ဖြေဆိုခဲ့ပါ။

---

## ၁၉၈၇

၁။ အသည်းအသန် မကျန်းမမာဖြစ်နေသော ဆရာတော်ကြီးအား ပြုစုကြသည့် ဂိလာနုပဋ္ဌာက ရဟန်းသာမဏေများ၊ ဆေးရုံ၌ သူနာပြုဆရာမများသည် မည်သို့ပြုစုမှ ဝေယျာဝစ္စကုသိုလ် ရနိုင်ကြမည်နည်း၊ ဝေယျာဝစ္စကုသိုလ်ရသောပြုစုနည်း၊ မရသော ပြုစုနည်းတို့ကို ခွဲခြားဖော်ပြပါ။

http://www.dhammadownload.com



၂။ သေဆုံးသူကို ရည်စူး၍ ဆွမ်းသွတ်ခြင်း စသော ကောင်းမှုကုသိုလ် ပြုလုပ်ကြရာ သေဆုံးသူမှာ ဘယ်ပုံဘယ်နည်းဖြင့် ထိုကုသိုလ် ရနိုင်ပါသနည်း၊ ပုညကြိယာအဖွင့်ကို မြွက်ချင့်၍ ဖြေဆိုပါ။

၃။ သေခြင်းလေးမျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ ဥပစ္ဆေဒကကံဖြင့် မသေနိုင်သော ပုဂ္ဂိုလ်များကိုလည်း ဋီကာကျမ်းလာအတိုင်း ဖြေဆိုပါ။

၄။ လူများစုသည် ဘဝကူးပြောင်းမှုနှင့်ပတ်သက်၍ ကြည်လင်ပြတ်သားသော အသိအမြင် နည်းပါးကြ၏၊ ယခုဘဝမှ အသက်ဝိညာဉ်သည် နောက်ဘဝသို့ ကူးပြောင်းသည်ဟု အထင်ရှိကြ၏၊ အဘိဓမ္မာတတ်ကျွမ်းသော အသင်စာဖြေပုဂ္ဂိုလ်က ဘဝကူးပြောင်းမှု သဘာဝအမှန်ကို ဥပမာနှင့်တကွ ရှင်းပြပါ။

---

**၁၉၈၈**

၁။ လောကတွင် အသုံးများသော "တိရစ္ဆာန်, ပေတ(ပြိတ္တာ)" ဟူသော ဝေါဟာရတို့၏ အဓိပ္ပါယ်ကို အများနားလည်အောင် ရှင်းပြ၍၊ တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံတို့ကိုလည်း ဋီကာလာသည့်အတိုင်း သတ်မှတ်ပြပါ။

၂။ လူသားတို့၏သက်တမ်းကို သတ်မှတ်၍ ရနိုင်-မရနိုင် အဘိဓမ္မာအဆိုအရ ဆွေးနွေး တင်ပြပါ။

၃။ သတ္တဝါတို့ကို ခြယ်လှယ်ပြုပြင်စီမံပေးနေသော ကံတရား၏ ပစ္စုပ္ပန်ဘဝ၌ ဆောင်ရွက်မှု ကိစ္စလေးမျိုးကို ဖော်ပြပြီးလျှင်၊ "အာစိဏ္ဏကံဖြစ်အောင် လုပ်စမ်းပါ" ဟု သုံးနှုန်းနေကြရာဝယ် "အာစိဏ္ဏကံ"၏ အဓိပ္ပါယ်ကို ဖွင့်ဆိုရေးပြပါ။

၄။ မိမိထက် အဆင့်အတန်းမြင့်သူ လာ၍ အရိုအသေပြုမှုသည် အပစာယန ပုညကြိယာဝတ္ထု ဖြစ်-မဖြစ် ဖွင့်ဆိုရေးပြပါ။

http://www.dhammadownload.com

# သာသနာရေးဦးစီးဌာန၏
# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ဒုတိယဆင့် (ဝိထိမှတ်ပိုင်း)
# (၁၉၈၉-ခုနှစ်မှ ၂၀၀၇-ခုနှစ်ထိ)
# မေးခွန်းဟောင်းနှင့် အဖြေများ

## ၁၉၈၉

၁။ "၃၁-ဘုံ ကျင်လည်ကုန်သော" ဟု ဆိုလေ့ရှိကြရာ စာဖြေပုဂ္ဂိုလ်သည် ၃၁-ဘုံ ကျင်လည်ဖူးပါသလော၊ အကြောင်းပြဖြေဆို၍၊ ၃၁-ဘုံတွင် အလွန်စင်ကြယ်သူတို့ နေထိုင်ရာဘုံ ရှိပါက အစဉ်ကျကျ ရှင်းလင်းချက်နှင့်တကွ ဖြေဆိုပါ။

"၃၁-ဘုံ ကျင်လည်ကုန်သော" ဟု ဆိုလေ့ရှိကြရာ စာဖြေပုဂ္ဂိုလ်သည် ၃၁-ဘုံလုံး၌ ကျင်လည်ဖူးခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် ၃၁-ဘုံအနက် သုဒ္ဓါဝါသ ၅-ဘုံသည် စင်ကြယ်ကုန်သော အနာဂါမ်နှင့် ရဟန္တာတို့သာ နေထိုင်ရာဘုံဖြစ်၍ "သုဒ္ဓါဝါသ ဖူးမရ" ဟူသောစကားနှင့်အညီ စာဖြေသူ ပုထုဇဉ်ပုဂ္ဂိုလ်အနေဖြင့် ကျင်လည်ဖူးခြင်း မရှိပါ။ သုဒ္ဓါဝါသ ၅-ဘုံကြဉ်သော ၂၆-ဘုံ၌သာ ကျင်လည်ဖူးမည် ဖြစ်ပါသည်။

**၃၁-ဘုံတွင် အလွန်စင်ကြယ်သူတို့ နေထိုင်ရာဘုံ ရှိပါသည်၊ ကာမရာဂါနုသယ, ပဋိဃာနုသယတို့ မရှိသဖြင့် အလွန်စင်ကြယ်တော်မူကြသော အနာဂါမ်နှင့် ရဟန္တာ အရှင်တို့၏ နေထိုင်ရာဖြစ်သော သုဒ္ဓါဝါသ ၅-ဘုံပင် ဖြစ်ပါသည်။**

သုဒ္ဓါဝါသ ၅-ဘုံကို အစဉ်ကျကျ ရှင်းလင်းချက်နှင့်တကွ ဖြေဆိုရသော် -

(၁) အဝိဟာဘုံ = အနည်းငယ်သောကာလအားဖြင့် မိမိနေရာဌာနကို မစွန့်တတ်သောကြောင့် "အဝိဟာ" မည်သော ဗြဟ္မာတို့၏ နေရာဘုံ၊

(၂) အတပ္ပါဘုံ = တစ်စုံတစ်ခုသောအကြောင်းဖြင့် ပူလောင်ခြင်း မရှိသောကြောင့် "အတပ္ပါ" မည်သော ဗြဟ္မာတို့၏ နေရာဘုံ၊

http://www.dhammadownload.com



(၃) သုဒဿာဘုံ = မြင်သော ကောင်းသောအဆင်းရှိ၍ ချမ်းသာသဖြင့် ကြည့်အပ်သောကြောင့် "သုဒဿာ" မည်သော ဗြဟ္မာတို့၏ နေရာဘုံ၊

(၄) သုဒဿီဘုံ = အလွန်စင်ကြယ်သော စက္ခုဝိညာဉ်ရှိ၍ ချမ်းသာစွာ မြင်နိုင်သောကြောင့် "သုဒဿီ" မည်သော ဗြဟ္မာတို့၏ နေရာဘုံ၊

(၅) အကနိဋ္ဌဘုံ = လွန်ကဲသော စည်းစိမ်ဂုဏ်သိရ် ရှိသဖြင့် စည်းစိမ်ဂုဏ်သိရ် သေးငယ်မှု မရှိသောကြောင့် "အကနိဋ္ဌ" မည်သော ဗြဟ္မာတို့၏ နေရာဘုံ

တို့ ဖြစ်ကြပါသည်။

---

၂။ သူတို့ကို ကြောက်စရာမလိုသော်လည်း ဗုဒ္ဓဘာသာဝင်မှန်လျှင် သူတို့ရှိကြောင်းကို လက်ခံရမည်ဖြစ်သော "တစ္ဆေ၊ သရဲ" ဟူသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသနည်း၊ ယင်းတို့၏ ပါဠိအမည်နှစ်မျိုးနှင့်တကွ ရှင်းလင်းတင်ပြခဲ့ပါ။

**သူတို့ကို ကြောက်စရာမလိုသော်လည်း ဗုဒ္ဓဘာသာဝင်မှန်လျှင် သူတို့ရှိကြောင်းကို လက်ခံရမည်ဖြစ်သော "တစ္ဆေ၊ သရဲ" ဟူသည်မှာ** ဒွိဟိတ်ဩမက ကုသိုလ်ကံကြောင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော သုဂတိအဟိတ် ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်၊ **ယင်းတို့၏ ပါဠိအမည် ၂-မျိုးနှင့် ရှင်းလင်းပြရသော် –**

ယင်းတို့သည် တန်ခိုးကြီးမားသော ရုက္ခစိုး, ဘုမ္မစိုးနတ်တို့ကိုမှီ၍ နေကြရသောကြောင့် "ဘုမ္မဿိတနတ်" ဟု အမည်တွင်ကြပါသည်၊ ထိုနတ်တို့သည် မိမိကိုယ်ပိုင် ဘုံဗိမာန်များ မရှိကြဘဲ တော, ချုံပုတ်များ၌သာ မှီခိုကပ်ရပ်၍ ဆင်းရဲစွာ နေကြရ၏။

ထိုကဲ့သို့ ချမ်းသာအပေါင်းမှ ရွေ့လျောတတ်, ကင်းကွာတတ်သောကြောင့် ဘုမ္မဿိတ ဖြစ်သော တစ္ဆေသရဲ စသောနတ်တို့သည် "ဝိနိပါတိကအသုရာ"လည်း မည်ကြပါသည်။

---

http://www.dhammadownload.com



၃။ ကာယ–ဝစီ–မနောဒွါရ ၃–ပါးတို့ကို ရုပ်–နာမ်အားဖြင့် ခွဲခြားတင်ပြ၍၊ လိမ်ညာရုံမျှဖြင့် အပါယ်ကျ–မကျ အကြောင်းပြဆိုးဖြတ်ပါ။

**ကာယဒွါရနှင့် ဝစီဒွါရသည် ရုပ်ဒွါရဖြစ်ပြီး၊ မနောဒွါရသည် နာမ်ဒွါရ ဖြစ်ပါသည်။**

**လိမ်ညာရုံမျှဖြင့် အပါယ်မကျနိုင်ပါ၊** အကြောင်းပြရသော် –

မုသာဝါဒသည် သူတစ်ပါးအကျိုးစီးပွား ပျက်စီးခြင်းကိုပြုမှသာ ကမ္မပထ မြောက်၍ အပါယ်ကျစေပါသည်၊ သူတစ်ပါးအကျိုးစီးပွား ပျက်စီးခြင်းကို မပြုလျှင် ကမ္မပထ မမြောက်ပါ၊ ထို့ကြောင့် လိမ်ညာရုံမျှဖြင့် အပါယ်မကျနိုင်ပါ။

---

၄။ စာဖြေပုဂ္ဂိုလ် အဘိဓမ္မာသင်တန်းတက်ရာ၌ ဖြစ်ပေါ်သောစေတနာကို ပုညကြိယာ ဆယ်ပါးတို့တွင် သင့်ရာသို့သွင်းပြ၍ လှူဒါန်းပေးကမ်းမှု၊ သီလဆောက်တည်မှု စသည်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အစဉ်မပြတ် ပြုလုပ်လျက်ရှိကြရာ ယင်းအတွက် အလွန်အကျိုးတရားကြီးမားအောင် ပြုလုပ်နည်းကိုလည်း တင်ပြခဲ့ပါ။

**စာဖြေပုဂ္ဂိုလ် အဘိဓမ္မာသင်တန်းတက်ရာ၌ ဖြစ်ပေါ်လာသော စေတနာသည်** အပြစ်မရှိသော အတတ်ပညာကို ကြားနာကြောင်း စေတနာဖြစ်၍ ပုညကြိယာ ၁၀–ပါးတွင် "ဓမ္မဿဝန" ၌ သွင်းယူရမည် ဖြစ်ပါသည်။

**လှူဒါန်းပေးကမ်းမှု၊ သီလဆောက်တည်မှု စသည်ကို အလွန်အကျိုးတရားကြီးမားအောင် ပြုလုပ်နည်းမှာ –**

ကုသိုလ်ပြုစဉ်အခါ၌ ကံ၊ ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာဉာဏ် (သို့မဟုတ်) ရုပ်နာမ်တရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုတတ်သော ဝိပဿနာဉာဏ်တို့နှင့်ယှဉ်သော တိဟိတ်ကုသိုလ်မျိုးဖြစ်အောင် ပြုရ၏။

ထို့ပြင် လှူဒါန်းပေးကမ်းတော့မည်၊ သီလဆောက်တည်တော့မည်ဟု ကြံစည် သည်မှစ၍ ပုဗ္ဗစေတနာအခိုက်တွင် အလွန်ထက်သန်ရ၏၊ ကုသိုလ်နှင့်စပ်သော ဇောများစွာ ဖြစ်နေရ၏၊ လှူဒါန်းပြီး၊ သီလဆောက်တည်ပြီးနောက်မှာလည်း လွန်စွာအားရလျက် ပြုရပေပြီဟု ဝမ်းမြောက်နေကြ၏၊ ဤသို့ ရှေ့ရှေ့နောက်ပါ

http://www.dhammadownload.com



ကုသိုလ်ခြံရံလျက် လွန်စွာအင်အားရှိသောကုသိုလ် - ဥက္ကဋ္ဌ (မြင့်မြတ်သော)ကုသိုလ်မျိုး ဖြစ်အောင် ပြုရ၏။

ဤသို့လျှင် ညာဏ်နှင့်ယှဉ်၍, ရှေ့နောက် ၂-တန် ကုသိုလ်ခြံရံသော, တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဖြစ်အောင် ပြုခြင်းဖြင့် အလွန် အကျိုးတရား ကြီးမားမှု ရရှိနိုင်ကြမည် ဖြစ်ပါသည်။

---

၅။ သတ္တာဝါမှန်လျှင် ရုပ်နာမ်နှစ်ရပ် တွဲစပ်လျက်ရှိနေမှသာ သဘာဝကျသည်ဟု ထင်မြင်ချက်ရှိခဲ့ရာ ရုပ်ချည်းသက်သက်ရှိသော သတ္တဝါ၊ နာမ်ချည်းသက်သက်ရှိသော သတ္တဝါတို့ ရှိနေခြင်းအတွက် အယူမခက်ရအောင် အကြောင်းနှင့်တကွ ရှင်းလင်းတင်ပြခဲ့ပါ။

ရုပ်ချည်းသက်သက်ရှိသော သတ္တဝါဟူသည် အသညသတ်ဗြဟ္မာများ ဖြစ်ပါသည်၊ နာမ်တရားကို စက်ဆုပ်ရွံရှာ၍၊ ပဉ္စမဈာန် ဘာဝနာကို ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ၎င်းရထိုက်သော အသညီဘဝ၌ နာမ်၌တပ်မက်ခြင်းကင်းသော ဘာဝနာ၏အစွမ်းကြောင့် ရုပ်ချည်းသက်သက်သာရှိ၍ (နာမ်မရှိသော)သတ္တဝါအဖြစ်သို့ ရောက်ရပါသည်။

နာမ်ချည်းသက်သက်ရှိသော သတ္တဝါဟူသည် အရူပဗြဟ္မာများ ဖြစ်ပါသည်၊ ရုပ်တရားကို အပြစ်မြင်၍ ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် ပယ်ထားသောကြောင့် အရူပဗြဟ္မာတို့၏ သန္တာန်ဝယ် ရုပ်တရားများ မရှိဘဲ နာမ်ချည်းသက်သက်သာ ရှိသောသတ္တဝါ ဖြစ်ရ၏။

---

**၁၉၉၀**

၁။ လူသုံးဝေါဟာရတွင် တွင်ကျယ်နေသော "ဗြဟ္မာ၊ မဟာဗြဟ္မာ" ဟူသော ဝေါဟာရတို့ကို ဋီကာရှင်က မည်သို့ဖွင့်ဆိုထားပါသနည်း၊ ရေးပြ၍ လူသားဗြဟ္မဏတိုင်း ဗြဟ္မာဖြစ်နိုင်-မဖြစ်နိုင်ကိုလည်း ကျိုးကြောင်းဖော်ပြ၍ ဖြေဆိုပါ။

http://www.dhammadownload.com



**ဗြဟ္မာ**

စျာန်အစရှိသော ထိုထိုဂုဏ်ထူးတို့ဖြင့် တိုးတက်ကြီးပွား မြင့်မားကြသောကြောင့် ဗြဟ္မာ မည်၏၊

(တစ်နည်း)

စျာန်အဘိညာဉ်ကို ရသည့်အတွက် အထက်ဗြဟ္မာ့ဘုံတို့၌ အသက်ရှည်စွာ ချမ်းချမ်းသာသာ နေရခြင်း စသောဂုဏ်တို့ဖြင့် လူနတ်တို့ထက် မြင့်မြတ်သာလွန်သူများကို ဗြဟ္မာဟု ခေါ်၏။

**မဟာဗြဟ္မာ**

ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့ထက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း စသောဂုဏ်တို့ဖြင့် ကြီးကျယ်မြင့်မြတ်သောကြောင့် "မဟာဗြဟ္မာ" မည်၏။

**လူသားဗြဟ္မာတိုင်း ဗြဟ္မာမဖြစ်နိုင်ကြပါ၊ အဘယ်ကြောင့်ဆိုသော် -**

သုဂတိအဟိတ်နှင့် ဒွိဟိတ်လူတို့သည် အမောဟ(ဉာဏ်)ကင်းသော ပဋိသန္ဓေဝိပါက်က တားမြစ်သောကြောင့် ပဝတ္တိအခါ စျာန်ရအောင် မစွမ်းနိုင်ကြ၍ နောင်ဘဝ၌ ဗြဟ္မာ မဖြစ်နိုင်ကြပါ။

တိဟိတ်လူသားတို့သာ စျာန်ရနိုင်၍ ယခုဘဝ စျာန်ရအောင် ကြိုးစားအားထုတ်ပြီး ထိုစျာန်နှင့်တကွ စုတေသော် ဆိုင်ရာ "ဗြဟ္မာ" ဘုံဘဝအသီးသီးသို့ ရောက်နိုင်မည် ဖြစ်ပါသည်။

---

၂။ လောက၌ "အခြေအနေပေးတုန်း မလုပ်လျှင် အဟောသိကံ ဖြစ်သွားမည်" စသည်ဖြင့် ပြောဆိုကြရာ ယင်း "အဟောသိကံ"၏ အဘိဓမ္မာသဘာဝကို ရေးပြ၍၊ အမြဲမပြတ် ပြုလုပ်နေသော အာစိဏ္ဏကံ ရှိပါလျက် အာသန္နကံက ရှေးဦးစွာ မည်သို့အကျိုးပေးနိုင်ပါသနည်း၊ ဥပမာသွင်း၍ ရှင်းလင်းဖြေဆိုပါ။

**"အဟောသိကံ" ၏ အဘိဓမ္မာသဘာဝကို ရေးပြရသော် -**

- ဖြစ်ပြီးသည်သာလျှင် ဖြစ်သောကံသည် "အဟောသိကံ" မည်၏၊

http://www.dhammadownload.com



ထိုကံ၏အကျိုးကား ဖြစ်ပြီးလည်းမဟုတ်၊ ဖြစ်ဆဲလည်းမဟုတ်၊ ဖြစ်လတ္တံ့လည်း မဟုတ်၊ ဤသို့ ဆိုထိုက်သောကံသည် "အဟောသိကံ" မည်၏၊

(တစ်နည်း) ပါကကာလကံ၄-ပါးအနက် ဒိဋ္ဌဓမ္မဝေဒနီယကံစသော ရှေးကံ၃-ပါး တို့သည် အကြောင်းမသင့်၊အခွင့်မသာကုန်သဖြင့် မိမိတို့ဆိုင်ရာဆိုင်ရာ ကာလ အားလျော်စွာ အကျိုးမပေးကြဘဲ အလိုလိုသုဉ်းဆိတ်၍သွားသော ကံမျိုးသည် "အဟောသိကံ" မည်၏။

## အာစိဏ္ဏကံရှိပါလျက် အာသန္နကံက ရှေးဦးစွာ အကျိုးပေးနိုင်ပုံ

အာသန္နကံ ဟူသည် သေခါနီး၌ ပြုသောကံ (သို့) ရှေးကပြုပြီး၍ သေခါနီး၌ အောက်မေ့အပ်သောကံမျိုး ဖြစ်၏။

ဥပမာ - နွားအပေါင်းနှင့်ပြည့်နေသော နွားခြံတစ်ခု၏တံခါးကို ဖွင့်လိုက်သည် ရှိသော် အတွင်းပိုင်း၌ အင်အားရှိသောနွားများ ရှိပါသော်လည်း ခြံတံခါးနှင့် အနီးဆုံး နွားသည် နွားအိုကြီးပင်ဖြစ်စေ ရှေးဦးစွာ ထွက်လာရသကဲ့သို့ ထို့အတူ အမြဲမပြတ် ပြုလုပ်နေသော အာစိဏ္ဏကံ ရှိသော်လည်း အာသန္နကံသည် သေခါနီးကာလနှင့် နီးသောကြောင့် ရှေးဦးစွာ အကျိုးပေးနိုင်ပါသည်။

---

၃။ ဂုဏ်ထူးဆောင်အဘိဓမ္မာသင်တန်း ပို့ချပေးသော သင်တန်းဆရာ၏ ကုသိုလ်စေတနာ သည် အဘယ်ပုညကြိယာဝတ္ထုတွင် ပါဝင်ပါသနည်း၊ ဖြေဆိုပြီးလျှင် အမျှဝေခြင်း၊ သာဓုခေါ်ခြင်းတို့သည် ဒါန, သီလ, ဘာဝနာ သုံးမျိုးတို့တွင် အဘယ်အရာ၌ ပါဝင် သေးသည်ကိုလည်း စိစစ်ပြပါ။

ဂုဏ်ထူးဆောင်အဘိဓမ္မာသင်တန်း ပို့ချပေးနေသော သင်တန်းဆရာ၏ ကုသိုလ် စေတနာသည် ပုညကြိယာဝတ္ထု ၁၀-ပါးတွင် **"ဓမ္မဒေသနာ"** ၌ ပါဝင်ပါသည်။

**အမျှဝေခြင်း၊ သာဓုခေါ်ခြင်းတို့သည် ဒါန, သီလ, ဘာဝနာ သုံးမျိုးတို့တွင် "ဒါန" ၌ ပါဝင်သင့်ပါသည်၊** စိစစ်ပြရသော် -

အမျှဝေခြင်း (ပတ္တိဒါန)၊ သာဓုခေါ်ခြင်း (ပတ္တာနုမောဒနာ)တို့သည် ဒါန သဘော ရှိသောကြောင့် ၎င်းတို့ကို ဒါန၌ သွင်းယူရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



ဒါနနှင့် သဘောချင်းတူပုံမှာ - ဒါနသည် ဣဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက် ဖြစ်၏၊ ထိုပတ္တိဒါနနှင့် ပတ္တာနုမောဒနာတို့သည်လည်း ဣဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက် ဖြစ်ကြ၏၊ ဤသို့ တူသော ဆန့်ကျင်ဘက်ရှိသည် အဖြစ်အားဖြင့် တူသောလက္ခဏာ ရှိသောကြောင့် ပတ္တိဒါနနှင့် ပတ္တာနုမောဒနာတို့ သည် ဒါနနှင့် သဘောချင်း တူကြပါသည်။

---

၄။ "လူပုဂ္ဂိုလ်များ ကွယ်လွန်ပြီးနောက် ၇-ရက်စေ့မှ မိမိအိမ်ပေါ်မှဆင်း၍ ဘဝအသစ်၌ ဖြစ်ရသည်" ဟု ယူဆသော အန္တရာဘဝဝါဒ မှန်/မမှန် အဘိဓမ္မာဉာဏ်အမြင်ဖြင့် ဆွေးနွေးတင်ပြပါ။

**"လူပုဂ္ဂိုလ်များ ကွယ်လွန်ပြီးနောက် ၇-ရက်စေ့မှ မိမိအိမ်ပေါ်မှဆင်း၍ ဘဝအသစ်၌ ဖြစ်ရသည်" ဟု ယူဆသော အန္တရာဘဝဝါဒ မမှန်ပါ။**

အဘိဓမ္မာသဘောအရ စုတိစိတ်ချုပ်ပြီးနောက် ထိုစုတိစိတ်၏အခြားမဲ့၌ ပဋိသန္ဓေစိတ် ဖြစ်ရပါသည်၊ ကာလခြားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

---

## ၁၉၉၁

၁။ ဘုံသုံးဆယ့်တစ် ဖြစ်နေကြသော သတ္တဝါများတွင် "လူ" ဟူသော ဝေါဟာရနှင့် ပတ်သက်၍ သင်ဉာဏ်စွမ်းရှိသမျှ ဆွေးနွေးတင်ပြပြီးလျှင်၊ လူနှင့်တူ၍ လူဟုခေါ်ရသည့် ပုဂ္ဂိုလ်တို့ကိုလည်း ထုတ်ပြပါ။

**"လူ" ဟူသည်**

(၁) သတိစသော လောကုတ္တရာဂုဏ်ထူး
(၂) ရဲရင့်သောဂုဏ်ထူး
(၃) ရဟန်းပဒွင်း ဖြစ်နိုင်သော ဂုဏ်ထူးတို့ဖြင့် မြတ်သောစိတ်ရှိသူများ ဖြစ်သောကြောင့် "လူ(မနုဿ)" မည်၏။

အဘယ်ကြောင့်ဆိုသော် လွန်မြတ်သော သတိ၏ရင့်ကျက်ခြင်း အစရှိသည်သို့ ရောက်ကုန်သော မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့သည်လည်း "မနုဿ =

http://www.dhammadownload.com



လူသား" တို့ပင် ဖြစ်သောကြောင့်တည်း၊ ဤ၌ "မနုဿ" အရ မုချအားဖြင့် ဇမ္ဗူဒိပ်ကျွန်း (မဇ္ဈိမဒေသ)၌ နေသောလူတို့ကိုသာ ယူရပါမည်။

လောကီသဒ္ဒါကျမ်းဆရာတို့ကား "မနု" မည်သော ကမ္ဘာဦးကာလ အစဆုံး မင်း၏ သားသမီးများ ဖြစ်ကြသောကြောင့် "မနုဿ(လူ)" မည်၏ဟု ဆိုကြပါသည်။

**လူနှင့်တူ၍ လူဟု ခေါ်ရသည့်ပုဂ္ဂိုလ်တို့မှာ -**

ဇမ္ဗူဒိပ်ကျွန်းတွင်ပါဝင်သော ကျွန်းငယ်များ၌ နေသောသူများနှင့် ဇမ္ဗူဒိပ်ကျွန်းမှ တစ်ပါးသော ကျွန်းကြီး၃-ကျွန်းတို့၌ နေသောသူများသည် ဇမ္ဗူဒိပ်ကျွန်းရှိ လူတို့နှင့် ရုပ်သွင်သဏ္ဌာန်တူသောကြောင့် လူဟု ခေါ်ရပါသည်။

---

၂။ လူသားတစ်ယောက်ကို မျက်မမြင်ဒုက္ခိတဘဝ ရောက်အောင် မည်သူက ဖန်ဆင်း ပေးလိုက်ပါသနည်း၊ စိစစ်ပြ၍ ယခုကာလ လူ့သက်တမ်း သတ်မှတ်ချက်ကို သင် မည်သို့နားလည်ပါသနည်း၊ ဖြေဆိုပါ။

**လူသားတစ်ယောက်ကို မျက်မမြင်ဒုက္ခိတဘဝရောက်အောင် ထိုသူပြုခဲ့သောကံကသာ ဖန်တီးပေးပါသည်၊** (မည်သူတစ်စုံတစ်ယောက်ကမျှ ဖန်ဆင်းပေးခြင်း မဟုတ်ပါ။)

**တိကျစွာစိစစ်ပြရသော်**-လူ့ဘဝပဋိသန္ဓေအကျိုးကို ပေးခွင့်ရသော ကုသိုလ်ကံ သည် ပြုလုပ်ခဲ့စဉ်အခါက "ဒွိဟိတ်ဩမက" ကုသိုလ်ကံမျိုး ဖြစ်ခြင်းကြောင့်သာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော အဟိတ်ဇစ္စန္ဓ ပုဂ္ဂိုလ် ဖြစ်ရခြင်း (မျက်မမြင်ဒုက္ခိတဘဝ ရောက်ရခြင်း) ဖြစ်ပေသည်။

**ယခုကာလ လူ့သက်တမ်း သတ်မှတ်ချက်၊ ဥပမာ - ၇၅နှစ်တမ်း စသည်မှာ ခန့်မှန်းအပ်သော အသက်အတိုင်းအရှည်သာ ဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော်-**

အပါယ်ဘုံသား၊ လူ၊ ဝိနိပါတိကအသုရာတို့သည် သက်တမ်းမမြဲပါ၊ လူတို့အား ကံသာလျှင် လိုရင်းပမာဏဖြစ်၍ တစ်ခါတစ်ရံ အသချေ်ယျတိုင်အောင် အသက်ရှည် ကြ၍ တစ်ခါတစ်ရံ ၁၀-နှစ်မျှသာလျှင် အသက်ရှည်ကြ၏၊ ထို့ကြောင့် လူတို့၏ သက်တမ်းအပိုင်းအခြားကို အတိအကျ သတ်မှတ်၍ မရနိုင်ပါ။

---

http://www.dhammadownload.com



၃။ "အလေးဂရုပြု၍ ဆောင်ရွက်ပါ" စသည်ဖြင့် တွင်ကျယ်နေသော နေ့စဉ်သုံး ဝေါဟာရ၏ ဆင်းသက်ခဲ့ရာ အဘိဓမ္မာဝေါဟာရတွင် "ဂရုက" အကြောင်းကို ရေးပြ၍၊ ယင်းကံ၏အကျိုးပေးပုံကိုလည်း ဖြေဆိုပါ။

**ဂရုကံဟူသည်**

(၁) အလွန်ကြီးလေးသောအပြစ် ရှိသည်ဖြစ်၍လည်းကောင်း၊ (၂) အလွန်ကြီးသောအာနုဘော် ရှိသည်ဖြစ်၍လည်းကောင်း အခြားတစ်ပါးသောကံက အကျိုးမပေးအောင် တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကံသည် "ဂရုကံ" မည်၏၊ (တစ်နည်း) အခြားသောကံက တားမြစ်ခြင်းငှာ မစွမ်းနိုင်လောက်အောင် အပြစ်ကြီးသောကံ၊ အာနုဘော်ကြီးသောကံသည် "ဂရုကံ" မည်၏။

**ဂရုကံအရ**

အကုသိုလ်အရာ၌ မာတုဃာတက စသော ပဉ္စာနန္တရိယကံနှင့် နတ္ထိက, အဟေတုက, အကိရိယဒိဋ္ဌိ ဟူသော နိယတမိစ္ဆာဒိဋ္ဌိကံများကို ယူရပါမည်။ ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံကို ယူရပါမည်။

**ဂရုကံ၏အကျိုးပေးပုံ**

မဟဂ္ဂုတ်ကံသည် ဆိုင်ရာဗြဟ္မာဘုံ၊ အကုသိုလ်ဂရုကံသည် အဝီစိငရဲတို့၌ စုတိ၏ အခြားမဲ့၌ ကေန်အကျိုးပေး၏။

**ဂရုကံ၏ အကျိုးပေးပုံအစီအစဉ်**

ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံ ဟူ၍ "ပါကဒါနပရိယာယကံ" ၄-ပါးရှိရာတွင် ဂရုကံကသာ ရှေးဦးစွာ အကျိုးပေးပါသည်။ ဥပမာ – အနည်းငယ်သောရေကို လွှမ်းမိုး၍သွားသော ကြီးစွာသောရေအယဉ်ကဲ့သို့ ဖြစ်ပါသည်။

---

၄။ သူတစ်ပါး၏ လုံ့လပယောဂကြောင့် မသေနိုင်သောပုဂ္ဂိုလ်တို့ကို ဖြေဆို၍၊ သတ္တဝါတို့ ဘဝကူးပြောင်းပုံသဘာဝကို "တံဆိပ်တုံးရိုက်နှိပ်သည့်" ဥပမာပြ၍ ရှင်းလင်းရေးသားပါ။

http://www.dhammadownload.com



**သူတစ်ပါး၏ လုံ့လပယောဂကြောင့် မသေနိုင်သောပုဂ္ဂိုလ်တို့မှာ –**

- ငရဲသား, ငရဲသူများ
- မြောက်ကျွန်းသူ, မြောက်ကျွန်းသားများ
- အချို့သောနတ်များ
- မဂ်ပုဂ္ဂိုလ် ၄–ဦး
- မြတ်စွာဘုရား တို့ ဖြစ်ကြပါသည်။

**သတ္တဝါတို့ ဘဝကူးပြောင်းပုံသဘာဝကို "တံဆိပ်တုံးရိုက်နှိပ်သည့်" ဥပမာပြ၍ ရှင်းလင်းရေးသားရသော် –**

"တံဆိပ်တုံး ရိုက်နှိပ်ရာ" ၌ တံဆိပ်ရာသည် မူလတံဆိပ်၏ အဆက်လည်း မဟုတ်၊ မူလတံဆိပ်နှင့်လည်း မကင်းနိုင်ပုံကဲ့သို့ ထို့အတူ သတ္တဝါတို့ ဘဝကူးပြောင်းရာ၌ ဘဝသစ် ပဋိသန္ဓေဝိညာဉ်သည် ဘဝဟောင်းက ရုပ်နာမ်တို့၏အဆက်လည်း မဟုတ်၊ သို့သော် အဝိဇ္ဇာ, တဏှာ, သင်္ခါရတို့ ဝိုင်းဝန်းစီမံလိုက်သဖြင့် ပဋိသန္ဓေဝိညာဉ် ဖြစ်ပေါ်ဥပါဒ်ရကား ဘဝဟောင်းက အကြောင်းများနှင့်လည်း မကင်းနိုင်ပါ။

---

**၁၉၉၂**

၁။ လူသားတို့မှာ အသက်တမ်း အတည်တကျ သတ်မှတ်ထားမှု ရှိနိုင်/မရှိနိုင် ရှင်းလင်းတင်ပြ၍၊ မီး, ရေ, လေတို့ကြောင့် ဤကမ္ဘာလောကကြီး ပျက်စီးသည့်အခါ အဘယ်ဘုံများထိအောင် ပျက်စီးနိုင်ကြောင်း သင်သိထားပါသနည်း၊ သတ်မှတ်ဖြေဆိုပါ။

**လူသားတို့မှာ အသက်တမ်း အတည်တကျ သတ်မှတ်ထားမှု မရှိနိုင်ပါ။**

ရှင်းလင်းတင်ပြရသော် – လူတို့အား ကံသာလျှင် လိုရင်းပမာဏဖြစ်၍ လူတို့သည် တစ်ရံတစ်ခါ အသင်္ချေယျတိုင်အောင် အသက်ရှည်၍ တစ်ခါတစ်ရံ ၁၀–နှစ်မျှသာ အသက်ရှည်ကြသောကြောင့် ဖြစ်ပါသည်။

**မီးကြောင့် ကမ္ဘာလောကကြီး ပျက်စီးသည့်အခါ** ပဌမဈာန် ၃–ဘုံတိုင်အောင် ပျက်စီး၏၊ (တစ်နည်း) ဒုတိယဈာန် ၃–ဘုံမှ အောက်တစ်လျှောက်လုံး မီးကြောင့် ပျက်စီး၏။

http://www.dhammadownload.com



**ရေကြောင့် ကမ္ဘာလောကကြီး ပျက်စီးသည့်အခါ** ဒုတိယဈာန် ၃-ဘုံတိုင်အောင် ပျက်စီး၏၊ (တစ်နည်း) တတိယဈာန် ၃-ဘုံမှ အောက်တစ်လျှောက်လုံး ရေကြောင့် ပျက်စီး၏။

**လေကြောင့် ကမ္ဘာလောကကြီး ပျက်စီးသည့်အခါ** တတိယဈာန် ၃-ဘုံတိုင်အောင် ပျက်စီး၏၊ (တစ်နည်း) စတုတ္ထဈာန် ၃-ဘုံမှ အောက်တစ်လျှောက်လုံး လေကြောင့် ပျက်စီး၏။

---

၂။ ဗုဒ္ဓဘာသာဝင်တို့ စုတေခါနီးကာလ၌ ကုသိုလ်ကောင်းမှုများ အရေးပေါ် ပြုလုပ်တတ်ကြရာ ယင်းကုသိုလ်များသည် ထိုကုသိုလ်ရှင်အား အကျိုးပြုနိုင်၊ မပြုနိုင်ကို ဥပမာပြ၍ ဆွေးနွေးပါ။

**ကုသိုလ်အာသန္နကံဖြစ်၍ ဂရုကံမရှိက ပဋိသန္ဓေအကျိုးပေးနိုင်ပုံ** (၁၉၉၀ နံပါတ်-၂)

---

၃။ ပညာတံခွန်ထူနိုင်သည့် လူရည်ချွန်အာဇာနည်ဘဝမျိုး ရရှိအောင် ဖန်တီးပေးနိုင်သော ကုသိုလ်၏ အဓိပ္ပါယ်ကို အများနားလည် ပြုလုပ်နိုင်အောင် ရှင်းလင်းဖြေဆိုပါ။

**ပညာတံခွန်ထူနိုင်သည့် လူရည်ချွန်အာဇာနည်ဘဝမျိုး ရရှိအောင် ဖန်တီးပေးနိုင်သော ကုသိုလ်မှာ တိဟိတ်ဥက္ကဋ္ဌကုသိုလ် ဖြစ်ပါသည်။**

တိဟိတ်ဥက္ကဋ္ဌကုသိုလ် ဟူသည် - ကုသိုလ်ပြုစဉ်အခါက ကံ-ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာဉာဏ် (သို့) ရုပ်နာမ်တရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုတတ်သော ဝိပဿနာဉာဏ်တို့နှင့်ယှဉ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ပါးတွင် တစ်ပါးပါးနှင့် ပြုလုပ်သောကံ (တိဟိတ်ကုသိုလ်ကံ)လည်း ဖြစ်ရပေမည်။

ကံပြုရာကာလ၏ ရှေ့အဖို့၊ နောက်အဖို့၌လည်း ကုသိုလ်ခြံရံအပ်သော (တစ်နည်း) ကံပြုရာကာလမှနောက်၌ အဖန်ဖန် ထုံမွမ်းမှုကို ရခြင်းအားဖြင့် မပြတ်မလပ် အထပ်ထပ် လေ့ကျက်အပ်သောကံ (ဥက္ကဋ္ဌ)လည်း ဖြစ်ရပေမည်။

ဤသို့သော တိဟိတ်ဥက္ကဋ္ဌကုသိုလ်မျိုး ပြုလုပ်ခြင်းအားဖြင့် ပညာတံခွန်ထူနိုင်သည့် လူရည်ချွန်အာဇာနည်(တိဟိတ်ပုဂ္ဂိုလ်)ဘဝမျိုး ရနိုင်ကြမည် ဖြစ်ပါသည်။

---

http://www.dhammadownload.com



**၁၉၉၃**

၁။ ဒုစရိုက် ၁၀-ပါးတွင် သုရာပါန မပါသောကြောင့် အရက်သောက်ခြင်းကို အပြစ်မရှိဟု ယူဆလျှင် မှန်ပါမည်လော၊ အကြောင်းပြ ဖြေဆိုပါ။

**ဒုစရိုက် ၁၀-ပါးတွင် သုရာပါန မပါသောကြောင့် အရက်သောက်ခြင်းကို အပြစ်မရှိဟု ယူဆလျှင် မမှန်ပါ။**

အကြောင်းပြရသော် - အရက်သောက်ခြင်းသည် "ရသာရုံ ဟု ဆိုအပ်သော ဝတ္ထုကာမတို့၌ မှားယွင်းလွန်ကျူးသောအကျင့် ဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရနှင့် သဘောတူသောကြောင့်လည်းကောင်း၊ ပါဏာတိပါတ စသောကံ ၄-ပါး၏အကြောင်း ဖြစ်သောကြောင့်လည်းကောင်း သုရာပါနကို ကာမေသုမိစ္ဆာစာရ၌သာ ပေါင်း၍ ဆိုအပ်၏" ဟု ဋီကာဆရာ ဖော်ပြထားသောကြောင့် အရက်သောက်ခြင်းဖြင့် ကာမေသုမိစ္ဆာစာရဒုစရိုက်မှုကို ကျူးလွန်ရာရောက်၍ အပြစ်ရှိပါသည်။

---

၂။ "အလှူဒါန ပြုကြသူငါ" မြင်တွေ့ရာ၌ အဘယ်စိတ်ထားဖြင့် သာခုခေါ်မှ ပတ္တာနုမောဒနာကုသိုလ် ရပါသနည်း၊ ဖြေဆို၍ ယင်း ပတ္တာနုမောဒနာသည် ဒါန၊ သီလ၊ ဘာဝနာတို့တွင် အဘယ်၌ အကျုံးဝင်ကြောင်း ရှင်းပြပါ။

"အလှူဒါန ပြုကြသူငါ" မြင်တွေ့ရာ၌ သူတစ်ပါးတို့သည် ပေးဝေအပ်သည်လည်း ဖြစ်သော၊ မပေးဝေအပ်သည်လည်းဖြစ်သော ကောင်းမှုကို ဝန်တိုခြင်းကင်းသောစိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာ သာခုခေါ်မှသာ ထိုစိတ်စေတနာသည် "ပတ္တာနုမောဒနာ" ကုသိုလ်မြောက်ပါသည်။

**ယင်း "ပတ္တာနုမောဒနာ" သည် ဒါန၊ သီလ၊ ဘာဝနာတို့တွင် "ဒါန" ၌ အကျုံးဝင်ပါသည်၊ အဘယ်ကြောင့်ဆိုသော်** - ဒါနသည် ဣဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်၏၊ "ပတ္တာနုမောဒနာ" သည်လည်း ဣဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ဤသို့ တူသောဆန့်ကျင်ဘက်ရှိသည်အဖြစ်အားဖြင့် တူသော လက္ခဏာရှိသောကြောင့် ဖြစ်ပါသည်။

---

http://www.dhammadownload.com



၃။ သင်္ခါရအကြောင်းကံသည် ယင်းနှင့်တူညီသော သင်္ခါရအကျိုးဝိပါက်ကိုသာ ဖြစ်စေသည်ဟူသော အယူအဆကို ဋီကာကျော်ဆရာက အဘယ်သို့ ရှုမြင်သုံးသပ်ပါသနည်း၊ ဖြေဆိုပြပါ။

သင်္ခါရအကြောင်းကံသည် ယင်းနှင့်တူညီသော သင်္ခါရအကျိုးဝိပါက်ကိုသာ ဖြစ်စေသည်ဟူသော အယူအဆမှာ – **မောရဝါဂီဆရာ အရှင်ဓမ္မရက္ခိတမထေရ်၏ အယူအဆ**ဖြစ်၏၊ ဤအယူအဆအရ အကြောင်းသင်္ခါရိက ကုသိုလ်ကံ၏ အကျိုးဝိပါက်သည်လည်း အသင်္ခါရိကသာ ဖြစ်ရမည်၊ သသင်္ခါရိက မဖြစ်ရ၊ ထို့အတူ သင်္ခါရိကကုသိုလ်ကံ၏ အကျိုးဝိပါက်သည်လည်း သသင်္ခါရိကသာ ဖြစ်ရမည်၊ အသင်္ခါရိက မဖြစ်ရ၊ ဥပမာ – မျက်နှာလှုပ်သည်ရှိသော် မှန်ထဲမှ မျက်နှာရိပ်သည်လည်း လိုက်၍လှုပ်သကဲ့သို့ ဖြစ်၏။

**ထိုအယူအဆကို ဋီကာကျော်ဆရာ ရှုမြင်သုံးသပ်ပုံကို ဖြေဆိုရသော် –** ဝိပါက်ပဋိသန္ဓေစိတ်၏ သင်္ခါရကွဲပြားမှုကို ပယောဂနှင့်ကင်း၍လည်းကောင်း၊ ပယောဂနှင့်တကွလည်းကောင်း ထင်လာသည့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် စသော နီးကပ်သောအကြောင်း၏ အစွမ်းဖြင့်သာ အလိုရှိအပ်၏၊ ရှေးကံ၏အစွမ်းဖြင့် (အကြောင်းကံနှင့် တူညီစွာ) အလိုမရှိအပ်ပေ၊ ထို့ကြောင့် "သင်္ခါရအကြောင်းကံသည် တူညီသော သင်္ခါရအကျိုးဝိပါက်ကိုသာ ဖြစ်စေသည်" ဟူသော အယူအဆကို ညံ့သော = အဆင့်နိမ့်သော ကေစိဝါဒ ဟု ဋီကာကျော်ဆရာ ရှုမြင်သုံးသပ်ထားပါသည်။

---

၄။ မရဏာသန္နဇောများသည် ပဋိသန္ဓေအကျိုးကို ပေးနိုင်–မပေးနိုင် အကြောင်းပြ ဖြေဆို၍၊ အဘယ်ကံမျိုးကသာ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်ကိုလည်း သိသာရုံ ဖြေဆိုခဲ့ပါ။

**မရဏာသန္နဇောများသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော်–**

(၁) ဆည်းပူးအပ်သည်၏အဖြစ် (အထပ်ထပ်ဖြစ်မှု အာသေဝန) မရှိခြင်း၊

(၂) တဏှာဖြင့် မသာယာအပ်သည်၏အဖြစ်တို့ကြောင့် မရဏာသန္နဇောတို့သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါ။

http://www.dhammadownload.com



**ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကံ(စေတနာ)သည် –**

(၁) ဆည်းပူးအပ်သည်၏အဖြစ်ရှိခြင်း(အဖန်ဖန်အထပ်ထပ် ရအပ်သော အာသေဝန ရှိခြင်း)

(၂) နိကန္တိတဏှာဖြင့် သာယာခြင်း၊

(၃) မနောဒွါရိကဇောဖြစ်၍ အားရှိခြင်း၊

ဟူသော အင်္ဂါ၃–ချက်ဖြင့် ပြည့်စုံသောကံမျိုး ဖြစ်ရပါမည်။

---

**၁၉၉၄**

၁။ လူသားလျှင် ပဓာန ဟု ပြောရလောက်အောင် အခြားသတ္တဝါများနှင့်မတူ တစ်မူထူးခြား လူသားတို့၏ ဂုဏ်အရည်အချင်းကို ဋီကာဆရာ သတ်မှတ်ပြသည့်အတိုင်း ဖော်ပြ၍၊ ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့၏ တူသောအာရုံဌာနများကိုလည်း ရေးခဲ့ပါ။

**လူသားတို့၏ ဂုဏ်အရည်အချင်းများမှာ –**

(၁) သတိစသော လောကုတ္တရာဂုဏ်ထူး

(၂) ရဲရင့်သောဂုဏ်ထူး

(၃) ရဟန်းပဉ္စင်းဖြစ်နိုင်သော ဂုဏ်ထူးတို့ဖြင့် မြတ်သောစိတ်ရှိခြင်းပင် ဖြစ်ပါသည်၊ (လွန်မြတ်သောသတိ,လွန်မြတ်သောပညာ အစရှိသောဂုဏ်ထူးသို့ ရောက်ကုန်သော မြတ်စွာဘုရား အစရှိသောအရှင်တို့သည် လူသားများ ဖြစ်ကြသည်ကို ထောက်ဆ၍ သိနိုင်ပေသည်။)

**ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ တူသောအာရုံဌာနများမှာ –**

ကံ, ဇာတ်, သမ္ပယုတ္တဓမ္မ, သင်္ခါရ, အာရုံတို့ ဖြစ်ကြပါသည်။

---

၂။ စကားမပြောတတ်အောင် ဆွံ့အနေသူများသည် ဝစီကံကို ကျူးလွန်နိုင်ခြင်း ရှိ–မရှိ ပြေဆို၍၊ ဗုဒ္ဓဘာသာဝင်များ၌ ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိ ဖြစ်–မဖြစ် စိစစ်ပြပါ။

**စကားမပြောတတ်အောင် ဆွံ့အနေသူများသည် ဝစီကံကို ကျူးလွန်နိုင်ပါသည်၊**

http://www.dhammadownload.com



**အဘယ်ကြောင့်ဆိုသော်** –

ဝစီဒွါရ၌ဖြစ်သောကံသည် ဝစီကံ, ဝစီကံ၏ဖြစ်ကြောင်းဒွါရသည် ဝစီဒွါရသာ ဖြစ်ရမည်ဟု ကံနှင့် ဒွါရကို မူသေသတ်မှတ်၍ မရနိုင်၊ ဝစီဒွါရ၌ အဖြစ်များသော ကြောင့်သာ အခြားကံများနှင့် မရောယှက်စေရန် ဝစီကံဟု သတ်မှတ်ခြင်းဖြစ်၏၊ သို့ဖြစ်၍ ဝစီဒွါရ၌သာမက ကာယဒွါရ၌လည်း ဖြစ်နိုင်သောကြောင့် စကားမပြောတတ် အောင် ဆွံ့အနေသူများသည် ဝစီကံကို ကိုယ်အမူအရာ=ကာယဝိညတ်ဖြင့် ကျူးလွန် နိုင်ကြပါသည်။

**ဗုဒ္ဓဘာသာဝင်များ၌ ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိ မဖြစ်ပါ၊** စိစစ်ပြရသော် – မိစ္ဆာဒိဋ္ဌိအရာ၌ –

(၁) **နတ္ထိကဒိဋ္ဌိ** = နောက်နောက်ဘဝ၌ အကျိုးမရှိဟု အကျိုးဝိပါက်ကို တားမြစ်သောအယူ၊

(၂) **အဟေတုကဒိဋ္ဌိ** = အကြောင်းလည်းမရှိ၊ အကျိုးလည်းမရှိဟု အကြောင်း အကျိုး နှစ်မျိုးလုံးကို တိုက်ရိုက်ပယ်သောအယူ၊

(၃) **အကြိယဒိဋ္ဌိ** = ကောင်းမှု, မကောင်းမှုကို ပြုသော်လည်း ပြုလုပ်သည် မမည်၊ ပြုရာမရောက်ဟု အကြောင်းကံကို တားမြစ်သော အယူတို့သာလျှင် ကမ္မပထမြောက်ပါသည်၊ အခြားသော သဿတဒိဋ္ဌိ စသည်တို့ဖြင့် ကမ္မပထ မမြောက်ဟု

ဋီကာဆရာ ပြဆိုထားရာ ဗုဒ္ဓဘာသာဝင်တို့သည် "ကံ–ကံ၏အကျိုးကို ယုံကြည်သောသူ" များ ဖြစ်ကြသောကြောင့် အထက်ပါ ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိ မဖြစ်နိုင် ကြပါ။

---

၃။ "အသက်ညဏ်စောင့်၊ ဥစ္စာကံစောင့်" ဟု ဆိုရိုးရှိရာ သေခြင်းလေးမျိုးကို ကိုးကား၍ "အသက်ညဏ်စောင့်" ဟူသောအဆိုကို ထောက်ခံဖြေဆိုပါ။

**"အသက်ညဏ်စောင့်၊ ဥစ္စာကံစောင့်" ဟု ဆိုရိုးရှိရာ သေခြင်းလေးမျိုးကို ကိုးကား၍ "အသက်ညဏ်စောင့်" ဟူသောအဆိုကို ထောက်ခံဖြေဆိုရသော်** –

http://www.dhammadownload.com



သတ္တဝါတို့၏သေခြင်းမှာ –

(၁) **အာယုက္ခယ** = အသက်မသေ နေရမည့်ကံ ပါရှိသော်လည်း ထိုထိုဂတိတို့၌ ပိုင်းခြားအပ်သော သက်တမ်းကုန်ခြင်းကြောင့် သေခြင်း၊

(၂) **ကမ္မက္ခယ** = ပိုင်းခြားအပ်သောသက်တမ်း ကျန်ပါသော်လည်း၊ ရှေးကံ၏ အကျိုးပေးခြင်းကိစ္စကုန်ခြင်းကြောင့်သေခြင်း၊

(၃) **ဥဘယက္ခယ** = သက်တမ်း, ကံစွမ်းတို့၏ အညီအမျှကုန်ခြင်းကြောင့် သေခြင်း၊

(၄) **ဥပစ္ဆေဒက** = သက်တမ်း, ကံစွမ်း နှစ်ပါးပင်ရှိသော်လည်း ဥပစ္ဆေဒကကံကြောင့် အဆောတလျင် ဓား,လက်နက်စသည်ဖြင့် သေခြင်း၊

ဟူ၍ ၄–မျိုး ရှိပါသည်။

ယင်းသေခြင်း ၄–မျိုးတို့တွင် ကမ္မက္ခယနှင့် ဥပစ္ဆေဒကမရဏတို့မှာ ဉာဏ်မယှဉ်သဖြင့် သေရခြင်းဖြစ်ပါသည်၊ ထို့ကြောင့် ဉာဏ်ဖြင့်ယှဉ်၍ ကုသိုလ်ကောင်းမှုများပြုခြင်း၊ ဉာဏ်ဖြင့်ဆင်ခြင်၍ စားသောက်နေထိုင်ခြင်း စသည်တို့လုပ်လျှင် ဇီဝိရက္ခေယျ ပညာယ=အသက်ကို ပညာဖြင့် စောင့်ရှောက်ရာ၏ ဆိုသည့်အတိုင်း မိမိအသက်ကို စောင့်ရှောက်ရာ ရောက်ပါသည်၊ ထို့ကြောင့် 'အသက်ဉာဏ်စောင့်' ဟူသောအဆိုမှာ မှန်ကန်ပါသည်။

---

၄။ သုဂတိဥပလဘိတဗ္ဗ ဂတိနိမိတ်နှင့် ဒုဂ္ဂတိဥပဘောဂ ဂတိနိမိတ်တို့ကို နှစ်ခုစီ ဖော်ပြ၍၊ ကံတရားတို့၏ အဘိနဝကရဏ ဖြစ်ပုံကိုလည်း ဖြေဆိုပါ။

**သုဂတိဥပလဘိတဗ္ဗ ဂတိနိမိတ်နှစ်မျိုး** = (၁) နတ်ဘုံဗိမာန်
(၂) အမိဝမ်းရေ

**ဒုဂ္ဂတိဥပဘောဂ ဂတိနိမိတ်နှစ်မျိုး** = (၁) ငရဲမီးလျှံ
(၂) ခွေးနက်ကြီး

http://www.dhammadownload.com



**ကံတရားတို့၏ အဘိနဝကရဏဖြစ်ပုံ**

ကံတရားသည် အတိတ်တရားဖြစ်၍ စုတေလတ္တံ့သောသူသည် မိမိပြုခဲ့သမျှသော အတိတ်ကံကို မသိလင့်ကစား ကမ္မာတစ်သိန်းက ပြုခဲ့သောကံပင်ဖြစ်စေကာမူ ယခုသေခါနီးသောအခါ၌ ပြုနေရဘိသကဲ့သို့ မနှောဒ္ဓါရ၌ အသစ်တစ်ဖန် ထင်လာပြန်၏၊ ယင်းသို့ အတိတ်ဖြစ်သဖြင့် ကြာမြင့်ဟောင်းနွမ်း၍နေသော်လည်း ယခု သေခါနီးအခါ၌ လက်ငင်းပြု၍နေရသကဲ့သို့ ထင်ပေါ်၍လာသည်ကိုပင် အဘိနဝကရဏ ဟု ဆိုပါသည်။

---

**၁၉၉၅**

၁။ ဘုမ္မသိတနတ်တို့၏ ဘဝအခြေအနေကို ဖော်ပြ၍၊ တာဝတိံသာနတ်တို့၏ သက်တမ်းသည် စာတုမဟာရာဇ်နတ်တို့ထက် လေးဆလွန်ပုံကို ရှင်းလင်းပြပါ။

**ဘုမ္မသိတနတ်တို့၏ ဘဝအခြေအနေကို ဖော်ပြရသော် –**

တန်ခိုးကြီးမားသော ရုက္ခစိုး၊ ဘုမ္မစိုးနတ်တို့ကို မှီခို၍နေကြရသောကြောင့် ဘုမ္မသိတ မည်သောနတ်တို့သည် မိမိကိုယ်ပိုင် ဘုံဗိမာန်များ မရှိကြသဖြင့် တောချုံပုတ်ပေါင်း၊ လှိုဏ်ရိုး၊ မြှောင်ရိုး၊ လိုဏ်အိုး၊ ဂူအို၊ ကျောင်းပျက်၊ ကန်ပျက်၊ သုသာန် စသည်တို့၌ မှီခိုကပ်ရပ်၍ ဆင်းရဲစွာနေကြရသောနတ်မျိုး ဖြစ်သည်။

ယခုကာလ၌ တစ္ဆေ၊ သရဲဟု ခေါ်ဝေါ်နေကြသော ဘုမ္မသိတနတ်တို့သည် ချမ်းသာအပေါင်းမှ ရွေ့လျောတတ်၊ ကင်းကွာတတ်သောကြောင့် ဝိနိပါတိကအသုရာ မည်ကုန်၏။

၎င်းတို့သည် ဒွိဟိတ်ဩမကကုသိုလ်ကံကြောင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြသော သုဂတိအဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

**တာဝတိံသာနတ်တို့၏သက်တမ်းသည် စာတုမဟာရာဇ်နတ်တို့ထက် လေးဆလွန်ပုံ**

တာဝတိံသာနတ်တို့သည် စာတုမဟာရာဇ်နတ်တို့ထက် ရက်၊ လ၊ နှစ် အားဖြင့် ၂–ဆ သာ၏၊ အသက်တမ်းအားဖြင့်လည်း ၂–ဆ သာလွန်၏။ ဤသို့ ရက်၊ လ၊

http://www.dhammadownload.com



နှစ်အားဖြင့် ၂–ဆသာလွန်သော ရက်၂–ဆ တက်၊ အသက်တမ်းနှစ်အားဖြင့် ၂–ဆ သာလွန်သော နှစ်၂–ဆ တက်အားဖြင့် ၄–ဆ သာလွန်၏။

လွန်ပုံမှာ **ရက်အားဖြင့်** –

- လူတို့၏ အနှစ် ၅၀ သည် စာတုမဟာရာဇ်နတ်တို့၏ ၁–ရက် ဖြစ်သည်၊ စာတုမဟာရာဇ်နတ်တို့၏ ၁–ရက်ဖြစ်သော အနှစ် ၅၀ ကို ၂–ဆ လွန်၍ ...
- လူတို့၏ အနှစ် ၁၀၀ မှာ တာဝတိံသာနတ်တို့၏ ၁–ရက်သာဖြစ်သောကြောင့် တာဝတိံသာနတ်တို့သည် စာတုမဟာရာဇ်နတ်တို့ထက် ရက်အားဖြင့် ၂–ဆလွန် ဖြစ်၏၊

**အသက်တမ်းအားဖြင့်လည်း** –

- စာတုမဟာရာဇ်နတ်တို့၏ အသက်တမ်းသည် ၅၀၀ ဖြစ်သဖြင့်၊ ၎င်း ၅၀၀ ထက် ၂–ဆ လွန်သော အနှစ် ၁၀၀၀ သည် တာဝတိံသာနတ်တို့၏အသက် ဖြစ်၍ အသက်တမ်းအားဖြင့်လည်း ၂–ဆသာ၊ ၂–ဆတက် ဖြစ်၏။

**ဤသို့ ရက် ၂–ဆသာ၊ အသက်တမ်း ၂–ဆသာကို ပေါင်းသော် ၄–ဆလွန်ခြင်း ဖြစ်ပါသည်။**

---

၂။ ဘဝတစ်ခု၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့သည် ဘူမိ၊ ဇာတိ၊ သမ္ပယုတ္တဓမ္မ၊ သင်္ခါရ၊ အာရုံအားဖြင့် တူညီကြပုံကို ပြဆို၍၊ ပါကကာလက်လေးပါး၏ အကျိုးပေးရာကာလ ကို ပိုင်းခြားပြပါ။

**ဘဝတစ်ခု၌ ပဋိသန္ဓေ, ဘဝင်, စုတိ တူညီကြပုံ**

**ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ တူသောအရာဌာနများမှာ** –

ဘုံ, ဇာတ်, သမ္ပယုတ္တဓမ္မ, သင်္ခါရ, အာရုံတို့ ဖြစ်ကြပါသည်။

**တူညီပုံမှာ – ဘဝတစ်ခု၌**

(၁) ပဋိသန္ဓေစိတ်သည် ကာမစိတ်ဖြစ်အံ့၊ ဘဝင်, စုတိစိတ်တို့သည်လည်း ကာမဘဝင်, ကာမစုတိစိတ်တို့သာ ဖြစ်ရကုန်၏၊ ရူပ, အရူပတို့၌လည်း ထို့အတူပင်၊ (ဘုံတူပုံ)

http://www.dhammadownload.com



(၂) ပဋိသန္ဓေစိတ်သည် ဝိပါက်အဗျာကတဓာတ်ဖြစ်အံ့၊ ဘဝင်, စုတိတို့သည်လည်း ဝိပါက်အဗျာကတဓာတ်သာ ဖြစ်ရကုန်၏၊ (ဓာတ်တူပုံ)

(၃) ပဋိသန္ဓေစိတ်သည် ဖဿ စသောစေတသိက်နှင့်ယှဉ်သည်ဖြစ်အံ့၊ ဘဝင်, စုတိတို့သည်လည်း ဖဿ စသောစေတသိက်နှင့်သာ ယှဉ်ရကုန်၏၊ (သမ္ပယုတ္တဓမ္မတူပုံ)

(၄) ပဋိသန္ဓေစိတ်သည် အသင်္ခါရိက ဖြစ်အံ့၊ ဘဝင်, စုတိတို့သည်လည်း အသင်္ခါရိကသာ ဖြစ်ရကုန်၏၊ (သင်္ခါရတူပုံ)

(၅) ပဋိသန္ဓေစိတ်သည် ကံကို အာရုံပြုအံ့၊ ဘဝင်, စုတိတို့သည်လည်း ကံကိုသာ အာရုံပြုရကုန်၏၊ (အာရုံတူပုံ)

**ပါကကာလကံလေးပါး၏ အကျိုးပေးရာကာလကို ပိုင်းခြားပြရသော် -**

| | | | |
|---|---|---|---|
| (၁) | ဒိဋ္ဌဓမ္မဝေဒနီယကံ | = | မျက်မှောက်ပစ္စုပ္ပန်ကာလ၊ |
| (၂) | ဥပပဇ္ဇဝေဒနီယကံ | = | ထိုပစ္စုပ္ပန်ဘဝ၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၊ |
| (၃) | အပရာပရိယာယဝေဒနီယကံ | = | တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် အမှတ်မထား တစ်ပါးပါးသောဘဝ၊ |
| (၄) | အဟောသိကံ | = | ထို အကျိုးပေးရာကာလ၏ မရှိခြင်းဟူသော ကာလ၊ |

---

၃။ မိဘက သားသမီးကို ကြမ်းတမ်းစွာ ပြောဆိုဆုံးမခြင်းသည် "ဖရုသဝါစာ" ဖြစ်ပါသလော၊ ဖြေရှင်း၍ မောဟကြောင့် အဒိန္နာဒါနကံ ဖြစ်နိုင်ပုံကို ပြဆိုပါ။

**မိဘက သားသမီးကို ကြမ်းတမ်းစွာ ပြောဆိုဆုံးမခြင်းသည် "ဖရုသဝါစာ" မဖြစ်ပါ၊**

"ဖရုသဝါစာ" အရ သူတစ်ပါးမြတ်နိုးခြင်းကို ဖြတ်တတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော စင်စစ် ကြမ်းတမ်းသောစေတနာကိုသာ ယူရမည်ဟု ဋီကာဆရာ ပြဆိုထားသောကြောင့် မိဘက သားသမီးကို ကြမ်းတမ်းစွာ ပြောဆိုဆုံးမရာ၌ စိတ်ဓာတ်က နူးညံ့ပျော့ပျောင်းနေ၍ စင်စစ် ကြမ်းတမ်းသောစေတနာ မဖြစ်သဖြင့် "ဖရုသဝါစာ" မဖြစ်ပါ။

http://www.dhammadownload.com



**မောဟကြောင့် အဒိန္နာဒါနကံ ဖြစ်နိုင်ပုံ**

(၁) နီတိကျမ်းကို လေးစားသမှု ပမာဏပြုသောအားဖြင့် လူဆိုးလူမိုက်တို့ကို နှိမ်နင်းခြင်း အကျိုးငှာ ဒဏ်တပ်၍ ထိုလူဆိုးလူမိုက်တို့၏ဥစ္စာကို ဆောင်ယူသော မင်းတို့၏လည်းကောင်း၊

(၂) မိမိဥစ္စာဟူသော အမှတ်သညာဖြင့် အမှတ်မရှိ တစ်စုံတစ်ခုသော ဥစ္စာကို ဆောင်ယူကုန်သော ပုဏ္ဏားတို့၏လည်းကောင်း၊

(၃) ကံနှင့်အကျိုးဆက်သွယ်မှုကို ပယ်ရှားတားမြစ်တတ်သူ (ကံနှင့်ကံ၏အကျိုးကို မယုံကြည်သူ) တို့၏လည်းကောင်း

အဒိန္နာဒါနသည် မောဟမူလ၊ မောဟမူလရှိသောစိတ်ကြောင့် ဖြစ်ပါသည်။

---

၄။ "လူသေ လူဖြစ်ဝါဒ" သည် ဗုဒ္ဓအဘိဓမ္မာအရ မှန်ကန်မှု ရှိ-မရှိ ကျိုးကြောင်းပြ ဆုံးဖြတ်ချက်ချ၍၊ ကွယ်လွန်သူကို ဘဝသစ်သို့ရောက်ရှိအောင် မည်သည့်တရားများက မည်သို့ပို့ဆောင်ပါသနည်း။

**"လူသေ လူဖြစ်ဝါဒ" သည် ဗုဒ္ဓအဘိဓမ္မာအရ မှန်ကန်မှု မရှိပါ၊ ကျိုးကြောင်းပြ၍ ဆုံးဖြတ်ရသော် –**

"စုတိနောင် ပဋိသန္ဓေနောင်းပုံ" အရ

(၁) ကာမတိဟိတ်စုတိ ၄-ပါးနောင် (တိဟိတ်လူ စုတေလျှင်) ၃၁-ဘုံ၌ ပဋိသန္ဓေ ၂၀-လုံး နောင်းနိုင်သောကြောင့်လည်းကောင်း၊

(၂) ကာမအဟိတ်,ဒွိဟိတ်စုတိနောင်(သုဂတိအဟိတ်, ဒွိဟိတ်လူ စုတေလျှင်) ကာမ ၁၁-ဘုံ၌ ကာမပဋိသန္ဓေ ၁၀-ပါး နောင်းနိုင်သောကြောင့်လည်းကောင်း၊

ထိုက်သင့်သည်အားလျော်စွာ လူသေလျှင် လူလည်းဖြစ်နိုင်၊ နတ်ဗြဟ္မာလည်း ဖြစ်နိုင်၊ တိရစ္ဆာန်လည်းဖြစ်နိုင်၍ "လူသေလျှင် လူသာဖြစ်သည်" ဟူသောဝါဒသည် အဘိဓမ္မာအမြင်အရ မှန်ကန်မှု မရှိခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



**ကွယ်လွန်သူသည် ဘဝသစ်သို့ ကူးပြောင်းရာ၌ –**

(၁) **အပါယ်ဘုံသို့ ရောက်ရှိမည်ဖြစ်အံ့** – မရဏာသန္နဇောနှင့်တကွဖြစ်သော အဝိဇ္ဇာ, တဏှာ, သင်္ခါရတရားတို့က ထင်လာသောအာရုံ၏အပြစ်ကို ဖုံးလွှမ်းခြင်း၊ ပဋိသန္ဓေဝိညာဉ်ကို အာရုံသို့ ညွတ်စေခြင်း၊ ပဋိသန္ဓေဝိညာဉ်ကို ပစ်ချခြင်း ဟူသောကိစ္စတို့ကို အစဉ်အတိုင်း ဆောင်ရွက်ကြကုန်လျက် ပို့ဆောင်ကြပါသည်။

(၂) **ကြွင်းသော သုဂတိဘုံသို့ ရောက်ရှိမည်ဖြစ်ပါက** – မဂ်ဖြင့် မပယ်အပ်သေးသည်ဖြစ်၍ ကိန်းဝပ်လျက်ရှိသော အဝိဇ္ဇာ, တဏှာနုသယတို့သည် ထင်လာသော အာရုံ၏အပြစ်ကို ဖုံးလွှမ်းခြင်း၊ ပဋိသန္ဓေဝိညာဉ်ကို အာရုံသို့ စေလွှတ်ခြင်း ဟူသော အလုပ်ကိစ္စကိုလည်းကောင်း၊ ကုသိုလ်သင်္ခါရတို့က ပဋိသန္ဓေဝိညာဉ်ကို ပစ်ချခြင်းကိစ္စကိုလည်းကောင်း ဆောင်ရွက်ကြကုန်လျက် ပို့ဆောင်ကြမည် ဖြစ်ပါသည်။

---

**၁၉၉၆**

၁။ တိရစ္ဆာန်ဘုံကို သတ်မှတ်ပြ၍၊ "လူချင်းတူသော်လည်း အသက်ရှုခြင်းကွဲ" ဆိုသကဲ့သို့ အမည်ချင်းတူသော်လည်း ဘဝချင်းမတူကြသည့် သုဂတိအဟိတ်သုံးမျိုးကို (က) ဖြစ်ရာဘုံ၊ (ခ) ပဋိသန္ဓေ၊ (ဂ) အနန္တရဘဝတို့ဖြင့် နှိုင်းယှဉ်ပြပါ။

**တိရစ္ဆာန်ဘုံကို သတ်မှတ်ပြရသော် –**

တိရစ္ဆာန်ဘုံသည် သီးခြားပိုင်းခြားသတ်မှတ်အပ်သော အရပ်ဌာန မရှိသောကြောင့် တိရစ္ဆာန်ဘုံအရ –

(က) တိရစ္ဆာန်တို့၏ ခန္ဓာတို့၏ဖြစ်ခြင်းပင် ယူရပါမည်။

(ခ) ကစ်နည်း – တိရစ္ဆာန်တို့၏ အမြဲနေရာဌာနဖြစ်သော တောတောင်စသော အရပ်များကို ယူရပါမည်။

http://www.dhammadownload.com



**အမည်ချင်းတူသော်လည်း ဘဝချင်းမတူကြသည့် သုဂတိအဟိတ်သုံးမျိုးတို့မှာ -**

| သုဂတိအဟိတ်သုံးမျိုး | (က) ဖြစ်ရာဘုံ | (ခ) ပဋိသန္ဓေ | (ဂ) အနန္တရဘဝ |
|---|---|---|---|
| ၁။ လူသုဂတိအဟိတ် (ဥပမာ - ဇစ္စန္ဓ, ဇစ္စဗဓိရ စသည်) | လူ့ဘုံ | အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁-ပါး | ကာမ ၁၁-ဘုံ (ပဋိသန္ဓေ ၁၀-ပါး ဖြစ်နိုင်၏။) |
| ၂။ နတ်သုဂတိအဟိတ် (ဘုမ္မဿိတနတ် = ဝိနိပါတိကအသုရာ) | ဘုံဗိမာန်သီးခြားမရှိ၊ တောချုံပုတ်စသည်၌ မှီခိုကပ်ရပ်နေရ၏။ | အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁-ပါး | ကာမ ၁၁-ဘုံ (ပဋိသန္ဓေ ၁၀-ပါး ဖြစ်နိုင်၏။) |
| ၃။ ဗြဟ္မာသုဂတိအဟိတ် (အသညသတ်ဗြဟ္မာ) | အသညသတ် ရူပဗြဟ္မာဘုံ | ဇီဝိတနဝကကလာပ် ရုပ်ပဋိသန္ဓေ ၁-ပါး | ကာမသုဂတိ ၇-ဘုံ (ကာမဒွိဟိတ်, တိဟိတ် ပဋိသန္ဓေ ၈-ပါး ဖြစ်နိုင်၏။) |

---

၂။ လူသားများ သက်တမ်းမမြဲခြင်းအကြောင်းကို ရှင်းပြပြီး "လူသည် မျောက်ဘဝမှ ဆင်းသက်လာသည်" ဟူသောအဆိုကို အဘိဓမ္မာယုတ္တိပြ၍ အမှားအမှန် ဆုံးဖြတ်ခဲ့ပါ။

**လူသားများ သက်တမ်းမမြဲခြင်းအကြောင်း** (၁၉၉၂ နံပါတ်-၁)

**"လူသည် မျောက်ဘဝမှ ဆင်းသက်လာသည်" ဟူသောအဆို မမှန်ပါ။**

အဘိဓမ္မာအမြင်အရ ယုတ္တိပြ၍ ဆုံးဖြတ်ရသော် - မျောက်သတ္တဝါ၏ ပဋိသန္ဓေစိတ်သည် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဟူသော အပါယ်ပဋိသန္ဓေ ဖြစ်၏၊ လူတို့၏ ပဋိသန္ဓေစိတ်မှာ လူစဉ်မမီသူ (ဇစ္စန္ဓ စသည်)၏ ပဋိသန္ဓေစိတ်မှာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဟူသော ကာမသုဂတိပဋိသန္ဓေ ဖြစ်၏၊ လူစဉ်မီသူ လူသား၏ ပဋိသန္ဓေစိတ်ကား မဟာဝိပါက် ဟူသော ကာမသုဂတိပဋိသန္ဓေ ဖြစ်၏။

http://www.dhammadownload.com



ဤသို့ မျောက်သတ္တဝါနှင့် လူသားတို့၏ ပဋိသန္ဓေစိတ်ချင်း မတူ ကွဲပြားသောကြောင့် လူသည် မျောက်သတ္တဝါမှ ဆင်းသက်ပြီး အသွင်ပြောင်းလာသည် ဟူသောအဆို မမှန်ပါ။

---

၃။ အလှူဒါနပြုကြရာ၌ အကျိုးပေးထက်သန်စေရန် "တိဟိတ်ဥက္ကဋ္ဌကုသိုလ်" ဖြစ်အောင် ပြုလုပ်ပုံကို ရေးသား၍၊ အရာရှိကြီးကို ခရီးဦးကြိုဆိုကြသည့် ဝန်ထမ်းနှစ်ဦးတွင် တစ်ဦးက အပစာယနကုသိုလ် ရရှိ၍ တစ်ဦးက မရရှိသော် အဘယ်ကြောင့်ပါနည်း။

**"တိဟိတ်ဥက္ကဋ္ဌကုသိုလ်" ဖြစ်အောင် ပြုလုပ်ပုံ** (၁၉၉၈ နံပါတ်-၄)

**အရာရှိကြီးကို ခရီးဦးကြိုဆိုကြသည့် ဝန်ထမ်းနှစ်ဦးတွင် တစ်ဦးက အပစာယနကုသိုလ် ရရှိခြင်းသည်** - အရွယ်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ကြီးသော အရာရှိကြီးအား လာဘ်လာဘတို့၌ မျှော်လင့်တောင့်တခြင်းမှ ကင်းသော၊ ညစ်ညူးခြင်း မရှိသော မြတ်သောအလိုဆန္ဒဖြင့် ခရီးဦးကြိုဆိုခြင်းဖြင့် ရိုသေပြတ်နိုးခြင်းကိုပြကြောင်း စေတနာဖြင့် ပြည့်စုံသည့်အတွက်ကြောင့် ဖြစ်သည်၊ **တစ်ဦးမှာမူ** - ထိုကဲ့သို့သော မြတ်သောအလိုနှင့် ယှဉ်သောစေတနာဖြင့် ခရီးဦးကြိုဆိုခြင်း မဟုတ်သည့်အတွက် "အပစာယနကုသိုလ်" မရရှိခြင်း ဖြစ်ပါသည်။

---

## ၁၉၉၇

၁။ အဘယ်ကြောင့် "အသုရာ" ဟု ခေါ်ဆိုပါသနည်း၊ ပြည့်စုံအောင် ဖြေဆို၍၊ သိကြားမင်း ဦးမာဃ၏သက်တမ်းကို လူ့အရေအတွက်ဖြင့် ဖော်ပြပါ။

**"အသုရာ" ဟု ခေါ်ဆိုရခြင်းအကြောင်း**

(၁) ပြိတ္တာအသုရာ = အစိုးရသည်၏အဖြစ်၊ မြူးတူခြင်း အစရှိသည်တို့ဖြင့် မမြူးတူး တတ်ကုန်သောကြောင့် ပြိတ္တာအသုရာတို့သည် "အသုရာ" မည်ကုန်၏၊

(၂) နတ်အသုရာ = ပြိတ္တာအသုရာမှတစ်ပါးကုန်သော နတ်အသုရာတို့သည်ကား တာဝတိံသာနတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သောကြောင့် "အသုရာ" မည်ကုန်၏၊

http://www.dhammadownload.com



(၃) ဘုမ္မစိုးနတ်တို့ကို မှီခို၍ နေကြရသော ဘုမ္မဿိတနတ်တို့သည် ချမ်းသာအပေါင်းမှ ရွေ့လျောတတ် ကင်းကွာတတ်သောကြောင့် **ဝိနိပါတိကအသုရာ** မည်ကုန်၏၊ (စတုမဟာရာဇ်နတ်အနွယ်၌ ပါဝင်၍ ယခုကာလ တစ္ဆေ၊ သရဲ ခေါ်ကြသောနတ်များ ဖြစ်၏။)

**သိကြားမင်းဦးမာဃ၏ သက်တမ်းကို လူ့အရေအတွက်ဖြင့် ဖော်ပြရသော် –**

လူတို့၏ နှစ်ပေါင်း ၃–ကုဋေ ၆–သန်း ရှိပါသည်။

---

၂။ မဟာကပ်၏ အချိန်ကာလကို ထင်ရှားအောင် ဥပမာဖြင့် ပြဆို၍ တရားရုံး၌ မမှန်မကန် သက်သေခံ ထွက်ဆိုသူ၏ မူလအခြေခံစိတ်ကို ယုတ္တိပြ၍ ဖော်ထုတ်ပါ။

**မဟာကပ်၏အချိန်ကာလကို ထင်ရှားအောင် ဥပမာဖြင့် ပြဆိုရသော် –**

အလျား တစ်ယူဇနာ၊ အနံ တစ်ယူဇနာရှိသော မုံညင်းဖြူစေ့ပုံကြီးမှ အနှစ်တစ်ရာ တစ်ရာ ကုန်လွန်သောအခါ၌ တစ်စေ့တစ်စေ့ကို ယူပစ်ရာ မုံညင်းဖြူစေ့အပုံကြီး ကုန်သွားသော်လည်း မကုန်နိုင်ခြင်းသဘောရှိသော ကပ်သည် "မဟာကပ်"ပင် ဖြစ်ပါသည်။ (မဟာကပ်တစ်ကပ်၌ အသင်္ချေယျကပ်ပေါင်း ၄–ကပ် ရှိပါသည်။)

**တရားရုံး၌ မမှန်မကန် သက်သေခံထွက်ဆိုသူ၏ မူလအခြေခံစိတ်ကို ယုတ္တိပြ၍ ဖော်ထုတ်ရသော် –**

မုသာဝါဒကံကို ကျူးလွန်ခြင်းဖြစ်၍ လောဘ (သို့မဟုတ်) ဒေါသမူလ အခြေခံသောစိတ်ကြောင့် ဖြစ်ပါသည်။

ဥပမာ – ရရှိလာမည့်လာဘ် (လာဘ)ကို မျှော်ကိုး၍ မမှန်မကန် ထွက်ဆိုပါက လောဘမူလအခြေခံမည်ဖြစ်၍၊ တစ်ဖက်သား အပြစ်ကျစေလိုသောစိတ်ဖြင့် မမှန်မကန် သက်သေခံထွက်ဆိုပါက ဒေါသမူလ အခြေခံမည် ဖြစ်ပါသည်။

---

၃။ တရားဟော၊ တရားနာပုဂ္ဂိုလ်များ ထားရှိသင့်သော ရည်ရွယ်ချက်ကို ပြဆို၍၊ ဒါန၏ ဆန့်ကျင်ဘက်တရားများကို ဖြေဆိုပါ။

http://www.dhammadownload.com



**တရားဟော၊ တရားနာ ပုဂ္ဂိုလ်များ ထားရှိသင့်သော ရည်ရွယ်ချက်မှာ –**

**တရားဟောပုဂ္ဂိုလ်တို့သည်** – လာဘ်ပူဇော်ခြင်း အစရှိသည်တို့၌ မငဲ့သည်ဖြစ်၍ အသင့်အားဖြင့် နှလုံးသွင်းသောသူ၏ အကျိုးစီးပွားကို ရည်ရွယ်၍ ဟောရ၏၊

**တရားနာပုဂ္ဂိုလ်တို့သည်လည်း** – တရားကို ကြားနာ၍ ထိုတရား၌ ဟောအပ်သော နည်းဖြင့် ကျင့်သောသူသည် လောကီ, လောကုတ္တရာဂုဏ်ထူး ရပါလို၏ဟုလည်းကောင်း၊ အကြားအမြင်ရှိသည်ဖြစ်၍ သူတစ်ပါးတို့အား တရားဟောခြင်း စသည်တို့ဖြင့် ချီးမြှောက်အံ့ဟု လည်းကောင်း၊ ဤသို့ မိမိ၏လည်းကောင်း, သူတစ်ပါး၏ လည်းကောင်း အကျိုးစီးပွားဖြစ်စေရန် ညစ်ညူးခြင်းမရှိသော မြတ်သောအလိုဖြင့် ကြားနာသင့်ပါသည်။

**ဒါန၏ဆန့်ကျင်ဘက်ဖြစ်သော တရားတို့မှာ** – လောဘ, မစ္ဆရိယတို့ ဖြစ်ပါသည်။

---

၄။ အသညသတ်ဗြဟ္မာကြီးဖြစ်အောင် မည်သို့အားထုတ်ရမည်နည်း၊ စုံလင်စွာ ရေးသား၍ ဥပစ္ဆေဒကမရဏမှ လွတ်မြောက်နိုင်သူများကို ပြဆိုပါ။

**အသညသတ်ဗြဟ္မာကြီးဖြစ်အောင် အားထုတ်ပုံ**

ရူပ ပဥ္စမဈာန်ကို ရရှိပြီးသော ကာမဘုံသား ပုထုဇဉ်ပုဂ္ဂိုလ်သည် – ထိုပဥ္စမဈာန်ကိုပင် သညာသည် အိုင်းအမာတည်း၊ သညာသည် အနာရောဂါတည်းဟု လည်းကောင်း၊ စိတ်သည် စက်ဆုပ်ဖွယ်ဖြစ်သည်၊ စိတ်သည် စက်ဆုပ်အပ်သော အကျင့်၏ ဖြစ်ကြောင်းတည်းဟု လည်းကောင်း၊ နာမ်တရားတို့၌ အပြစ်ကို ရှုပြီး ထိုစိတ် မရှိသည်အဖြစ်၌ မွန်မြတ်သည်၏အဖြစ်ကို ဆုံးဖြတ်လျက် ဝါယောကသိုဏ်း၌ လည်းကောင်း၊ အချို့သောဆရာတို့၏ အလိုအားဖြင့် ပိုင်းခြားအပ်သော ကောင်းကင်၌ လည်းကောင်း နာမ်၌တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်းဖြင့် အားထုတ်ရပါမည်။

ကံသာလျှင် ပြုပြင်တတ်၏ဟု အယူရှိကုန်သော တိတ္ထိတို့သာလျှင် အသညသတ်ဗြဟ္မာဘဝ၌ ဖြစ်ကုန်၏၊ ထိုတိတ္ထိတို့သည် ဤလူ့ပြည်၌ စုတေသော ဣရိယာပုထ်ဖြင့်သာလျှင် အသညသတ်ဘုံတို့၌ ဖြစ်ကြပါသည်။

**ဥပစ္ဆေဒကမရဏမှ လွတ်မြောက်နိုင်သူများမှာ** (၁၉၉၁ နံပါတ်–၄)

---

http://www.dhammadownload.com



**၁၉၉၈**

၁။ "လူသာလျှင် ဓာန"ဟူသောစကားအရ လူသား၏ ဝိသေသလက္ခဏာများကို ဖော်ပြ၍၊ ကာမသုဂတိဘုံ၌ အသက်အရှည်ဆုံးပုဂ္ဂိုလ်၏ သက်တမ်းကို လူ့အရေအတွက်ဖြင့် ဖြေဆိုပါ။

**လူသား၏ ဝိသေသလက္ခဏာများ** (၁၉၉၄ နံပါတ်–၁)

**ကာမသုဂတိဘုံ၌ အသက်အရှည်ဆုံးပုဂ္ဂိုလ်၏သက်တမ်းကို လူ့အရေအတွက်ဖြင့် ဖော်ပြရသော် –**

ပရနိမ္မိတဝသဝတ္တီနတ်တို့ဖြစ်၍ လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း ၉၂၁–ကုဋေ ၆–သန်း သက်တမ်း ရှိကြပါသည်။

---

၂။ "အာစိဏ္ဏကံ"ဟူသည် အဘယ်နည်း၊ စုံလင်စွာရေးသား၍၊ အရက်သောက်ခြင်းသည် ဒုစရိုက် ဖြစ်–မဖြစ် ခိုင်လုံသော သာဓကဖြင့် ဆုံးဖြတ်ပါ။

**"အာစိဏ္ဏကံ" ဟူသည်မှာ**

(၁) အမြဲမပြတ် လေ့လာပြုလုပ်အပ်သော ကုသိုလ်, အကုသိုလ်ကံသည် လည်းကောင်း၊

(၂) တစ်ကြိမ်ပြုပြီး နောက်အမြဲမပြတ် မှီဝဲအပ်, ဆင်ခြင်အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ်ကံသည်လည်းကောင်း အာစိဏ္ဏကံ မည်၏။

ပါကဒါန ပရိယာယကံ ၄–ပါး၌ ပါဝင်၍ အကျိုးပေးပုံအလှည့်အစဉ်အားဖြင့် ဂရုကံနှင့် အာသန္နကံ မရှိခဲ့သော် အခြားမဲ့ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးသော ကံမျိုး ဖြစ်ပါသည်။

**အရက်သောက်ခြင်းသည် ဒုစရိုက်ဖြစ်ပုံ** (၁၉၉၃ နံပါတ်–၁)

---

၃။ ဆွံ့အသူက မုသာဝါဒ ပြုလုပ်နိုင်ပုံကို ရှင်းလင်းပြ၍၊ အပါယ်သို့ ရောက်စေသော မိစ္ဆာဒိဋ္ဌိများကို ရေတွက်ပြပါ။

http://www.dhammadownload.com



**ဆွဲ.အသူက မုသာဝါဒ ပြုလုပ်နိုင်ပုံ** (၁၉၉၄ နံပါတ်–၂)

**အပါယ်သို့ ရောက်စေသော မိစ္ဆာဒိဋ္ဌိများ**

ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိ ၃–မျိုး (၁၉၉၄ နံပါတ်–၂)

---

၄။ "ဥပစ္ဆေဒကကံ" ဟူသည် အဘယ်နည်း၊ ရေးသား၍၊ သတ္တဝါများ ပဋိသန္ဓေနေရခြင်းသည် ဘဝဟောင်းနှင့် ဆက်နွယ်မှု ရှိပါသလော၊ ပဲ့တင်သံဥပမာဖြင့် ဖြေရှင်းပြပါ။

**"ဥပစ္ဆေဒကကံ" ဟူသည် –**

ကိစ္စစတုက္က၌ ပါဝင်သော ဥပဃာတကကံသည်ပင် "ဥပစ္ဆေဒကကံ" မည်၏၊ အားနည်းသော ဇနကကံ၏ အကျိုးကို ဖြစ်စေတတ်သော အစွမ်းသတ္တိကို ဖြတ်၍ ပဝတ္တိ၊ ပဋိသန္ဓေ ၂–ပါးလုံး၌ မိမိအကျိုးကို ပေးသော ကုသိုလ်, အကုသိုလ်စေတနာ (ကပ်၍ သတ်ဖြတ်တတ်သောကံ) ဖြစ်ပါသည်။

ရှေးဘဝက ပြုခဲ့သော ဥပစ္ဆေဒကကံ၊ ယခုဘဝ ဂုဏ်ကြီးသော မိဘ စသော သူတို့အပေါ်၌ ပြုအပ်သော ဥပစ္ဆေဒကကံတို့သည် လက်ရှိဘဝ၌ သက်တမ်း ကံစွမ်း ၂–ပါးပင် ရှိသော်လည်း အဆောတလျင် ဓား,လက်နက်ဖြင့် သေခြင်း စသည့် "ဥပစ္ဆေဒကမရဏ" ကို ဖြစ်စေနိုင်ပါသည်။

**သတ္တဝါများ ပဋိသန္ဓေနေရခြင်းသည် ဘဝဟောင်းနှင့် တိုက်ရိုက်ဆက်နွယ်မှု မရှိပါ၊ သို့သော် ဘဝဟောင်းက အကြောင်းနှင့်လည်း မကင်းနိုင်ပါ။**

ဥပမာ – တောင်အနီး၌ ဟစ်အော်သောအသံသည် တောင်နံရံကို တိုက်ခိုက်မိသောအခါ "ပဲ့တင်သံ" ဟုခေါ်သော အသံတစ်မျိုး တောင်မှ ပြန်ထွက်လာ၏၊ ထိုပဲ့တင်သံသည် မူလအော်သံလည်း မဟုတ်၊ မူလအော်သံနှင့်ကင်းလျက် အလွတ်သက်သက်လည်း မဖြစ်နိုင်သကဲ့သို့၊ ထို့အတူ သတ္တဝါများ ပဋိသန္ဓေနေရာ၌ ဘဝဟောင်းမှ ပဋိသန္ဓေဝိညာဉ် စသော ရုပ်, နာမ် ခန္ဓာအလုံးစုံတွင် တစ်စုံတစ်ခုသော တရားမျှ ဘဝသစ်သို့ ပြောင်း၍မဖြစ်၊ (ဘဝဟောင်း၌ပင် အကုန်ချုပ်ငြိမ်း၏။) သို့သော် ဘဝဟောင်းက အဝိဇ္ဇာ, တဏှာ, ကံ ဟုဆိုအပ်သော အကြောင်းတို့နှင့် ကင်း၍လည်း ဘဝသစ်ပဋိသန္ဓေဝိညာဏ် မဖြစ်နိုင်ပါ။

---

http://www.dhammadownload.com



## ၁၉၉၉

၁။ အမည်ချင်းတူသော်လည်း ဘဝချင်းမတူသည့် သုဂတိအဟိတ် ၃-မျိုးကို ဖော်ပြ၍၊ တောင်ပြုံးမင်းညီနောင်နတ်သည် ၃၁-ဘုံတွင် မည်သည့်ဘုံ၌ ပါဝင်ပါသနည်း၊ စစ်တမ်းထုတ်ခဲ့ပါ။

**သုဂတိအဟိတ် ၃-မျိုး**

(၁) အသညသတ် (ဗြဟ္မာ သုဂတိအဟိတ်)

(၂) ဇစ္စန္ဓစသည် (လူ သုဂတိအဟိတ်)

(၃) ဝိနိပါတိကအသုရာ (နတ် သုဂတိအဟိတ်)

**တောင်ပြုံးမင်းညီနောင်နတ်သည်** ဝိနိပါတိက အသုရာ၌ အကျုံးဝင်သောကြောင့် **စတုမဟာရာဇ်ဘုံ၌ ပါဝင်၏။**

---

၂။ "အဟောသိကံ" ဟူသည် အဘယ်နည်း။ ရေးသား၍၊ သူ့အသက်သတ်မှုတွင် ပါဏာတိပါတကံ မြောက်-မမြောက် ဆုံးဖြတ်နည်းကို ညွှန်ပြပါ။

**အဟောသိကံ** (၁၉၉၀ နံပါတ်-၂)

**ပါဏာတိပါတကံ မြောက်-မမြောက် ဆုံးဖြတ်နည်း**

(၁) သတ္တဝါဖြစ်ခြင်း

(၂) သတ္တဝါဟု အမှတ်ရှိခြင်း

(၃) သေစေလိုသော စိတ်ရှိခြင်း

(၄) သတ်ခြင်း (လုံ့လပြုခြင်း)

(၅) သေခြင်း

ဤအင်္ဂါရပ်များနှင့် ပြည့်စုံမှ ကံမြောက်၏။

---

၃။ ပုညကြိယဝတ္ထုဆယ်ပါးကို အုပ်စု ၃-မျိုးခွဲပြ၍၊ အပါယ်ပဋိသန္ဓေမှ ကင်းလွတ်သော အကုသိုလ်ကံကို ခိုင်လုံသော သာဓကဖြင့် ဖော်ပြပါ။

http://www.dhammadownload.com



**ပုညကြိယဝတ္ထုဆယ်ပါးကို အုပ်စု ၃-မျိုးခွဲပြရသော်**

ဒါနမယ = ဒါန, ပတ္တိဒါန, ပတ္တာနုမောဒနာ

သီလမယ = သီလ, အပစာယန, ဝေယျာဝစ္စ

ဘာဝနာမယ = ဘာဝနာ, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ

**အပါယ်ပဋိသန္ဓေမှ ကင်းလွတ်သော အကုသိုလ်ကံ**

ဥဒ္ဓစ္စသဟဂုတ်စေတနာ ဖြစ်ပါသည်။

သာဓကမှာ - သောတာပတ္တိမဂ်က ပယ်ထိုက်သော အကုသိုလ်တရားတို့တွင် ဥဒ္ဓစ္စ မပါဝင်သောကြောင့် ဖြစ်ပါသည်။

---

၄။ သတ္တဝါတို့၏ ဘဝင်စိတ်ဖြစ်ရာကာလကို ပြဆို၍၊ အောက်ပါပုဂ္ဂိုလ်များ၏ နောက်ဘဝကို အဘိဓမ္မာ ထောက်ဆ၍ ဖြေဆိုပါ။

(က) အသည့်သတ်ဖြဟ္မာကြီး (ခ) ခွေးနက်ကြီး ဂတိနိမိတ်ထင်သူ

**ဘဝင်စိတ်ဖြစ်ရာကာလ** = ပဋိသန္ဓေမှ စုတိအတွင်း ဝိထိစိတ်များ မဖြစ်ရာကာလ

(က) အသည့်သတ်ဖြဟ္မာ၏ နောက်ဘဝ = ကာမသုဂတိဘုံ၌ ဒွိဟိတ်, တိဟိတ်ပုဂ္ဂိုလ်

(ခ) ခွေးနက်ကြီးဂတိနိမိတ်ထင်သူ၏ နောက်ဘဝ = ငရဲဘုံ၌ ငရဲသား

---

**၂၀၀၀**

၁။ အဘယ်ကြောင့် မနသိကာ ခေါ်ဆိုသနည်း။ စုံလင်စွာရေးသား၍ (က) အမုန်းတရား မရှိသောဘုံ (ခ) ၃၁-ဘုံ၌ ပါဝင်သော်လည်း သီးခြားနေရာမရှိသောဘုံတို့ကို ရေတွက်ပြပါ။

**မနသိကာမည်ပုံ** (၁၉၉၁ နံပါတ်-၁)

http://www.dhammadownload.com



(က) အမုန်းတရားမရှိသောဘုံ = ဗြဟ္မာဘုံ
(ခ) ၃၁-ဘုံ၌ ပါဝင်သော်လည်း
သီးခြားနေရာမရှိသောဘုံ = တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဘုံ

---

၂။ ဘုရားရှင်က "ချစ်သား ရာဟုလာ, မုသားဟူက ရယ်စရာမျှပင် မပြောလင့်"ဟု မိန့်ကြားခဲ့ရာ မုသာဝါဒ၏ အင်္ဂါရပ်များကို ပြဆို၍၊ လောက၌ အပြောများလှသော "ဝေယျာဝစ္စ"၏ အဓိပ္ပါယ်ကိုလည်း ရေးသားပါ။

**မုသာဝါဒ၏ အင်္ဂါရပ်များ**

(၁) မဟုတ်မမှန်သော ဝတ္ထုဖြစ်ခြင်း
(၂) ထိုဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတစ်ပါးကို သိစေလိုခြင်း
(၃) ထိုသို့သိအောင် လုံ့လပြုခြင်း
(၄) ထိုကံသည် သူတစ်ပါးအကျိုးကို ပျက်စီးစေခြင်း

ဤအင်္ဂါရပ်များနှင့် ပြည့်စုံလျှင် ကံမြောက်၏။ (ကမ္မပထ မြောက်၏။)

**"ဝေယျာဝစ္စ"ဟူသည်**

အသက်ဂုဏ်သိက္ခာကြီးသူတို့၌လည်းကောင်း၊ ဂိလာနတို့၌လည်းကောင်း၊ လာဘ်လာဘကို မငဲ့ဘဲ ညစ်ညူးခြင်း မရှိသော, မြတ်သောအလိုဆန္ဒဖြင့် ထိုထိုကိစ္စတို့ကိုပြုကြောင်း ကုသိုလ်ဖြစ်၏။

အရကား မဟာကုသိုလ်စိတ်၌ ယှဉ်သောစေတနာကို ရ၏။

---

၃။ ကံစီမံရာအတိုင်းသာ ဘုံဘဝ၌ သတ္တဝါတို့ဖြစ်ရပုံကို အဘိဓမ္မာနည်းအရ ညွှန်ပြ၍ "တူသောအကျိုးပေးလိမ့်မည်"ဟူသော စကားသည် မည်သည့်တရားကို ရည်ညွှန်းပါသနည်း၊ ထင်ရှားအောင် ဖြေဆိုပါ။

**ကံစီမံရာအတိုင်းသာ ဘုံဘဝ၌ သတ္တဝါတို့ ဖြစ်ရပုံ**

- ဥဒ္ဓစ္စကြဉ်သော အကုသိုလ်ကံ ၁၁-ပါးကြောင့် အပါယ် ၄-ဘုံ၌ အပါယ်ဘုံသားတို့ ဖြစ်ကြရ၏။

http://www.dhammadownload.com



- ကာမာဝစရကုသိုလ်ကံ ၈-ပါးကြောင့် ကာမသုဂတိ ၇-ဘုံ၌ လူ,နတ်တို့ ဖြစ်ကြ၏။
- ရူပါဝစရကုသိုလ်ကံ ၅-ပါးကြောင့် ရူပါဝစရ ၁၅-ဘုံ၌ ရူပဗြဟ္မာတို့ ဖြစ်ကြ၏။
- "နာမ်ပျောက်စေလိုမှုနှင့်ယှဉ်သော" ရူပပဉ္စမဈာန်ကုသိုလ်ကံကြောင့် အသညသတ်ဘုံ၌ အသညသတ်ဗြဟ္မာ ဖြစ်၏။
- အရူပါဝစရကုသိုလ်ကံ ၄-ပါးကြောင့် အရူပါဝစရ ၄-ဘုံ၌ အရူပဗြဟ္မာတို့ ဖြစ်ကြ၏။

**"တူသောအကျိုးကို ပေးလိမ့်မည်"ဟူသောစကားသည်** မဟဂ္ဂုတ်ကုသိုလ်ကံကို ရည်ညွှန်းပါသည်။

လူ စသည်တို့၏ အရိပ်သည် လူစသည်တို့နှင့် တူသကဲ့သို့ မဟဂ္ဂုတ်ကုသိုလ်ကံတို့သည်လည်း ကုသိုလ် ၅-ပါးရှိလျှင် ဝိပါက်လည်း ၅-ပါး စသည်ဖြင့် တူသောအကျိုးကို ပေးကုန်၏။

---

၄။ ဘုရားရှင်၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြုပါသလော၊ ရှင်းလင်းဖြေဆို၍၊ သတ္တဝါအများ စုတေပြီးနောက် ဘဝသစ်သို့ရောက်အောင် မည်သည့်တရားများက မည်သို့ဆောင်ရွက်ပေးသည်ကို ရေးသားပါ။

**ဘုရားရှင်၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံမပြုပါ။**

ဘုရားရှင်၏ စုတိစိတ်သည် ပထမမဟာဝိပါက်စိတ်ဖြစ်၍ အာရမ္မဏသင်္ဂဟ အရသော်လည်းကောင်း၊ တစ်ဘဝ၌ တူမြဲတရား ၃-ပါးအရသော်လည်းကောင်း ကံ, ကမ္မနိမိတ်,ဂတိနိမိတ် အာရုံဟူသော ကာမတရား,ပရိတ္တတရားကိုသာ အာရုံပြု၏။

**ဘဝသစ်သို့ရောက်အောင် အဝိဇ္ဇာ, တဏှာ, ကံသင်္ခါရတရားများက ပို့ဆောင်ပုံ**

သတ္တဝါများ စုတေပြီးနောက် ၎င်းတို့ပြုခဲ့သော ကံတရားကြောင့် ဘဝသစ်၌ ပဋိသန္ဓေ နေကြရာ၌ ဘဝသစ်၌ အပြစ်မမြင်အောင် အဝိဇ္ဇာက ဖုံးလွှမ်း၍၊ ဘဝသစ်၌ စိတ်အစဉ်ကို ညွတ်ကိုင်းရှိုင်းစေအောင် တဏှာက ပြုလုပ်၍၊ ထိုအဝိဇ္ဇာ ခြံရံ, တဏှာ အရင်းခံကာ ပြုခဲ့သော ကုသိုလ်, အကုသိုလ်ကံ (သင်္ခါရ)၏ ပစ်ချမှုဖြင့် ဘဝသစ်၌ ပဋိသန္ဓေနေကြ၏။

---

http://www.dhammadownload.com



## ၂၀၀၁

၁။ သုံးဆယ့်တစ်ဘုံတွင် (က) ဘဝဂ်အမည်ရသောဘုံ (ခ) အောက်ဆုံး၌ တည်သောဘုံတို့ကို ဖော်ပြ၍ သုစရိုက်ဆယ်ပါးကိုလည်း ရေတွက်ပြပါ။

(က) **ဘဝဂ်အမည်ရသောဘုံ** = နေဝသညာနာသညာယတနဘုံ
(ခ) **အောက်ဆုံး၌ တည်သောဘုံ** = အဝီစိငရဲ

**သုစရိုက် ၁၀-ပါး**

(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း
(၂) သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း
(၃) ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း
(၄) လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း
(၅) ချောပစ်ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း
(၆) မကြားဝံ့မနာသာ ကြမ်းတမ်းစွာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း
(၇) သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း
(၈) သူတစ်ပါးစည်းစိမ်ကို မတရားယူလိုမှု မဖြစ်အောင် စောင့်စည်းခြင်း
(၉) သူတစ်ပါး ပျက်စီးသေကြေဖို့ရန် ကြံစည်မှု မဖြစ်အောင် စောင့်စည်းခြင်း
(၁၀) အယူမှန်ခြင်း

---

၂။ မဟာကပ်၏ အချိန်အပိုင်းအခြားကို ဥပမာဖြင့် ဖြေဆို၍ မိဘက သားသမီးကို ကြမ်းတမ်းစွာ ပြောဆိုဆုံးမလျှင် "ဖရုသဝါစာ" ဖြစ်ပါသလော။ ဖြေရှင်းပြပါ။

**မဟာကပ်** (၁၉၉၇ နံပါတ်-၂)
**ဖရုသဝါစာ** (၁၉၉၅ နံပါတ်-၃)

---

၃။ သေခါနီးအချိန်၌ ပြုလုပ်သောကောင်းမှုကံသည် ကောင်းမှုရှင်အား မည်သို့အကျိုးပြုပါသနည်း၊ ဥပမာဖြင့် ဖြေဆို၍ ပုထုဇဉ်သန္တာန်၌ ကုသိုလ်နှင့် အကုသိုလ်နှစ်မျိုးတွင် မည်သည့်စိတ်က ရှေးဦးစွာ ဖြစ်ပါသနည်း။

http://www.dhammadownload.com



**အာသန္နကံ** (၁၉၉၀ နံပါတ်–၂)

**ပုထုဇဉ်သန္တာန်၌ အကုသိုလ်စိတ်က ရှေးဦးစွာ ဖြစ်ပါသည်။**

ထိုထို ဘုံဘဝတို့၌ ပဋိသန္ဓေနေသော သတ္တဝါအား အစ၌ ဝီထိစိတ်၏ အစွမ်းဖြင့် ရှေးဦးစွာ ဘဝကို တပ်နှစ်သက်သော လောဘမူစိတ် ဖြစ်ပါသည်။

---

**၂၀၀၂**

၁။ လူသားတို့၏ သက်တမ်းကို သတ်မှတ်၍ ရနိုင်–မရနိုင် အကြောင်းပြ ဆုံးဖြတ်၍၊ ဘုမ္မသိတနတ်တို့၏ ဘဝအဆင့်အတန်းကို ဖော်ပြပါ။

**သက်တမ်း** (၁၉၉၂ နံပါတ်–၁)

**ဘုမ္မသိတနတ်** (၁၉၉၅ နံပါတ်–၁)

---

၂။ အသင်္ချေယျကပ်၏ ကာလပမာဏကို ရေးသား၍ အမြဲတမ်းပြုလုပ်နေသော အာစိဏ္ဏကံ ရှိလျက် အာသန္နကံက ဦးစွာအကျိုးပေးပုံကို ဥပမာဖြင့် ထင်ရှားအောင် ဖြေဆိုပါ။

**အသင်္ချေယျကပ်၏ ကာလပမာဏ**

အသင်္ချေယျကပ်ဟူသည် မဟာကပ်၏ ၄–ပုံ ၁–ပုံ ဖြစ်ပါသည်။ ထိုအသင်္ချေယျကပ်၌ အန္တရကပ် ၆၄–ကပ် ရှိပါသည်။ (ကေစိဆရာတို့က အန္တရကပ် ၂၀–ရှိ၏ဟု ဆိုကြပါသည်။)

**အာသန္နကံ** (၁၉၉၀ နံပါတ်–၂)

---

၃။ အရက်သေစာ သောက်စားမှုကို ဒုစရိုက်ဟု ခေါ်နိုင်–မခေါ်နိုင် မှန်ကန်စွာဆုံးဖြတ်၍၊ ပတ္တာနုမောဒနာကုသိုလ် ဖြစ်ရန် လိုအပ်သောအချက်အလက်များကို ပြည့်စုံအောင် ရေးသားပါ။

http://www.dhammadownload.com



**အရက်သောက်ခြင်း** (၁၉၉၃ နံပါတ်-၁)

**ပတ္တာနုမောဒနာကုသိုလ်ဖြစ်ရန် လိုအပ်သောအချက်အလက်များ**

အလှူရှင်တို့က အမျှပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ ၎င်းတို့ပြုသော ကုသိုလ်ကောင်းမှုကို မဆွေရကင်း၊ သန့်ရှင်းစင်ကြယ်သောစိတ်ဖြင့် ဝမ်းမြောက်စွာ သာဓုခေါ်လျှင် ပတ္တာနုမောဒနာကုသိုလ် ဖြစ်ပါသည်။

---

၄။ ဥပစ္ဆေဒကကံကြောင့် မသေနိုင်သောပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ သတ္တဝါတစ်ယောက် သေဆုံးပြီးနောက် ဘဝကူးပြောင်းမှုနှင့် ပတ်သက်၍ သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိ အစွန်း ၂-ပါး မငြိစေရန် ယူဆပုံကို ဋီကာနှင့်အညီ ဖြေဆိုပါ။

**ဥပစ္ဆေဒကကံကြောင့် မသေနိုင်သူ** (၁၉၉၁ နံပါတ်-၄)

**သတ္တဝါတစ်ယောက် သေဆုံးပြီးနောက် ဘဝကူးပြောင်းမှုနှင့် ပတ်သက်၍**

ရှေးဘဝက အတ္တဖြစ်သော ရုပ်နာမ်သည်ပင် နောက်ဘဝသို့ ပြောင်းရွှေ့လာသည် ဟု ယူဆလျှင် သတ္တဝါသည် မပြတ်မစဲမြဲ၏ဟု ယူဆသော သဿတဒိဋ္ဌိ ဖြစ်၏။

ရှေးဘဝက အတ္တဖြစ်သော ရုပ်နာမ်ဟူသမျှနှင့် လုံးဝဆက်စပ်မှုမရှိ၊ ပြတ်၏၊ နောက်ဘဝ၌ ရုပ်နာမ်အသစ် သီးခြားဖြစ်သည်ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

ထိုအစွန်း ၂-ပါးမှ ကင်းလွတ်အောင် -

"ဘဝသစ်၌ ပဋိသန္ဓေစိတ် ဖြစ်သောအခါ ဘဝဟောင်း၌ အကျုံးဝင်သော မည်သည့်တရားမှ ဘဝအသစ်သို့ ပြောင်းရွှေ့လာခြင်းမရှိ၊ သို့သော် ဘဝဟောင်း၌ အကျုံးဝင်သော အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ အကြောင်းတရားတို့နှင့်လည်း ကင်း၍ ပဋိသန္ဓေစိတ် ဖြစ်သည်မဟုတ်"ဟု ယူရပါမည်။

---

**၂၀၀၃**

၁။ အပါယ်လေးဘုံလာ အသုရကာယ်အရကို ဖော်ပြ၍၊ အကယ်၍ နတ်အသုရာများရှိခဲ့သော် အဘယ်ဘုံဌာန၌ သွင်းယူရမည်ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



အပါယ်လေးဘုံလာ အသုရကာယ်အရ ပြိတ္တာအသုရာကို ယူရပါမည်။
နတ်အသုရာများကို တာဝတိံသာနတ်ဘုံ၌ သွင်းယူရပါမည်။

---

၂။ ကုသိုလ်မနောကံ ၃-ပါးကို သိသာအောင်ဖော်ပြ၍၊ အကုသိုလ်တရားတိုင်း အပါယ်တံခါးဝသို့ တွန်းပို့နိုင် မပို့နိုင်ကိုလည်း အကြောင်းပြဖြေဆိုပါ။

**ကုသိုလ်မနောကံ ၃-ပါး** (၂၀၀၁ နံပါတ်-၁)

**အပါယ်သို့ မရောက်စေနိုင်သောကံ** (၁၉၉၉ နံပါတ်-၃)

---

၃။ ယခုခေတ်သတင်းနှင့် မှုခင်းဂျာနယ်များ၌ တွေ့ရှိနေရသော လိမ်လည်နည်းမျိုးစုံဖြင့် လှည့်ပတ်လုပ်ကိုင်နေကြရာ ယင်းမှုခင်းဖြစ်ရခြင်း အကြောင်းရင်းကို ဖော်ပြ၍၊ တစ်ဘဝ၌ တူမြဲတရား ၃-ပါးရှိသည်ဟုဆိုရာ မတူမြဲသောတရားကိုလည်း ရှာပြပါ။

**လိမ်လည်ခြင်း၏ အကြောင်းရင်း** မှာ လောဘနှင့် ဒေါသ မူလနှစ်ပါးဖြစ်ပြီး
**တရားကိုယ်** မှာ လောဘမူနှင့် ဒေါသမူစိတ်တို့နှင့် ယှဉ်သော စေတနာ ဖြစ်ပါသည်။

တစ်ဘဝ၌ တူမြဲတရား ၃-ပါးသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်တို့ဖြစ်ပြီး၊ **မတူမြဲသောတရားမှာ** အာဂန္တုကဘဝင်ကိစ္စတပ်ခိုက် အာဂန္တုကဘဝင်စိတ် ဖြစ်ပါသည်။

---

၄။ ရုပ်သက်သက်သာရှိသော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေကို ဖော်ပြ၍ စုတေခါနီးကာလ၌ အဝိဇ္ဇာနှင့် တဏှာတို့၏ ဖြစ်နေပုံအခြင်းအရာကို ပေါ်လွင်အောင် တင်ပြပါ။

ရုပ်သက်သက်သာရှိသော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေမှာ **ဇီဝိတနဝက ကလာပ်ရုပ်ပဋိသန္ဓေ** ဖြစ်ပါသည်။

**စုတေခါနီးကာလ၌ အဝိဇ္ဇာနှင့် တဏှာတို့ ဖြစ်နေပုံအခြင်းအရာ**

စုနေခါနီးကာလ၌ အဝိဇ္ဇာသည် ဘဝသစ်၌ အပြစ်ကို မမြင်အောင် ဖုံးလွှမ်း၍၊ တဏှာသည် ဘဝသစ်၌ စိတ်အစဉ်ကို ညွတ်ကိုင်းရှိုင်းစေပါသည်။

http://www.dhammadownload.com



(တစ်နည်း)

ဒုဂ္ဂတိဘုံသို့ လားမည့် သတ္တဝါ၏ မရဏာသန္နဇောနှင့်တကွဖြစ်သော အဝိဇ္ဇာသည် ထင်လာသော အာရုံ၏ အပြစ်ကို ဖုံးလွှမ်း၍၊ တဏှာသည် ပဋိသန္ဓေဝိညာဉ်ကို အာရုံသို့ ညွတ်စေပါသည်။

သုဂတိဘုံသို့လားမည့် သတ္တဝါ၏ မဂ်ဖြင့် မပယ်အပ်သေးသည်ဖြစ်၍ ကိန်းဝပ်လျက်ရှိသော အဝိဇ္ဇာ၊ တဏှာနုသယတို့သည် ထင်လာသော အာရုံ၏ အပြစ်ကို ဖုံးလွှမ်းခြင်း၊ ပဋိသန္ဓေဝိညာဉ်ကို အာရုံသို့ ညွတ်စေခြင်းတို့ကို ပြုလုပ်ပါသည်။

---

**၂၀၀၄**

၁။ တိရစ္ဆာန်နှင့် ပြိတ္တာတို့၌ ဘုံသီးခြားမရှိဟု ဆိုရာ အဘယ်ကို တိရစ္ဆာန်ဘုံ ပြိတ္တာဘုံဟု မှတ်ရမည်ကို ရှင်းလင်း၍ စာမေးပွဲဝင် ပုဂ္ဂိုလ်ရှင်တို့ မရောက်ဖူးသေးသော ဘုံဌာနကိုလည်း ဖော်ပြခဲ့ပါ။

**တိရစ္ဆာန်ဘုံနှင့် ပြိတ္တာဘုံအရ** ၎င်းတို့၏ ခန္ဓာတို့၏ဖြစ်ခြင်းကိုပင် ဘုံဟု မှတ်ရပါမည်။ (တစ်နည်း) ၎င်းတို့နေထိုင်ရာ တောတောင် စသည်ပင်လျှင် ဘုံဟု မှတ်ရပါမည်။

**စာမေးပွဲဝင်ပုဂ္ဂိုလ်ရှင်တို့ မရောက်ဖူးသေးသော ဘုံဌာနမှာ** သုဒ္ဓါဝါသ ၅-ဘုံ ဖြစ်ပါသည်။

---

၂။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးကာမှ ဘာသာခြား အယူဝါဒတွင်းသို့ ဝင်ရောက်ကူးပြောင်းသွားရခြင်းအကြောင်းရင်းကို ဖြေရှင်း၍ "မိန်းမလျှာ၊ ယောကျ်ားလျှာ"များကို ဧစ္ဆန္နပုဂ္ဂိုလ်စာရင်းသွင်းနိုင်/မသွင်းနိုင်ကိုလည်း အကြောင်းသွင်း ဖြေဆိုပါ။

ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးကာမှ ဘာသာခြားအယူဝါဒတွင်းသို့ ကူးပြောင်းသွားရခြင်းအကြောင်းမှာ - လောဘမူလရှိသော မိစ္ဆာဒိဋ္ဌိကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



**မိန်းမလျှာ၊ ယောက်ျားလျှာများကို ဇစ္စန္တပုဂ္ဂိုလ်စာရင်းသွင်းနိုင် မသွင်းနိုင် ဆုံးဖြတ်ချက်**

ဇစ္စန္တပုဂ္ဂိုလ်စာရင်းတွင်ပါသော ပဏ္ဍုက်၊ ဥဘတောဗျည်း၊ နပုန်းအဆင့်သို့ ရောက်လျှင် ဇစ္စန္တပုဂ္ဂိုလ်စာရင်း သွင်းနိုင်ပါသည်၊ ဤအဆင့်အထိ မရောက်လျှင် မသွင်းနိုင်ပါ။

---

၃။ ပုညကြိယာဝတ္ထု (၁၀)ပါးလာ ဒါနအရကို (က) သဘာဂ၊ (ခ) ဝိသဘာဂအားဖြင့် ကောက်ပြ၍ သဿတဝါဒ, ဥစ္ဆေဒဝါဒများသည် မိစ္ဆာဒိဋ္ဌိအရာ၌ ကမ္မပထမြောက်, မမြောက်ကိုလည်း ဖြေဆိုပါ။

ဒါနအရ (က) သဘာဂအရ - အလောဘ

(ခ) ဝိသဘာဂအရ - လောဘနှင့် မစ္ဆရိယ တို့ဖြစ်ပါသည်။

**သဿတဝါဒ, ဥစ္ဆေဒဝါဒများသည် မိစ္ဆာဒိဋ္ဌိအရာ၌ ကမ္မပထ မမြောက်ပါ။**

(ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိ ၃-မျိုး) (၁၉၉၄ နံပါတ်-၂)

---

၄။ ဘဝဟောင်းမှ စုတေ၍ ဘဝသစ်၌ ပဋိသန္ဓေ ရုပ်နာမ်တို့ ဖြစ်ရပုံကို သမ္မာဝါဒီများ လက်ခံနိုင်လောက်အောင် ဥပမာနှင့်တကွ ဖြေဆိုပါ။

**ဘဝဟောင်းမှ စုတေ၍ ဘဝသစ်၌ ပဋိသန္ဓေရုပ်နာမ်တို့ ဖြစ်ပုံ**

(၂၀၀၂ နံပါတ်-၄ နှင့် ၁၉၉၁ နံပါတ်-၄ ကို မှီး၍ ဖြေပါ။)

---

## ၂၀၀၅

၁။ ချစ်ခြင်း မုန်းခြင်းများ ကင်းဝေးသော ဘုံဌာနရှိပါက ဖော်ပြ၍၊ ဗြဟ္မာပါရိသဇ္ဇာဘုံ စသည်တို့ထက် ရုပ်အဆင်းသက်တမ်းအားဖြင့် သာလွန်သော ဘုံသားများကိုလည်း ရှာဖွေတင်ပြခဲ့ပါ။

**ချစ်ခြင်း မုန်းခြင်းကင်းဝေးသော ဘုံဟူသည်** - သုဒ္ဓါဝါသ ၅-ဘုံ ဖြစ်ပါသည်။

http://www.dhammadownload.com



**ဖြဟ္မပါရိသဇ္ဇာဘုံ စသည်တို့ထက် ရုပ်အဆင်းသက်တမ်းအားဖြင့် သာလွန်သော ဘုံသားများမှာ** မဟာဗြဟ္မာ ဖြစ်ပါသည်။

---

၂။ ရန်လိုမှုများပြားလာသော ဤကမ္ဘာကြီးဝယ် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်ဝင်ရောက်၍ စစ်ခင်းနေရခြင်း၏ အကြောင်းရင်း (မူလ)များကို ဖော်ထုတ်၍ အမေရိကတိုက်ကို မြောက်ကျွန်း၊ ဩစတေးလျတိုက်ကို အရှေ့ကျွန်းဟု သတ်မှတ်ယူဆလျှင် ဖြစ်နိုင်/မဖြစ်နိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဖြေဆိုပါ။

**တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်ခင်းနေရခြင်း၏အကြောင်းရင်းမှာ** - ဒေါသမူလ ဖြစ်ပါသည်။

---

၃။ ကာမဘုံသို့ တစ်ဖန်ပြန်လာခြင်းမရှိသောပုဂ္ဂိုလ်ကို အကြောင်းနှင့်တကွ ဖြေဆို၍၊ ၎င်း ပုဂ္ဂိုလ်သည် အဘယ်ဘုံဌာနသို့သာ ဆိုက်ရောက်ရသည်ကိုလည်း ဖော်ပြခဲ့ပါ။

**ကာမဘုံသို့ တဖန်ပြန်လာခြင်းမရှိသောပုဂ္ဂိုလ်မှာ**

ကာမရာဂါနုသယကို အမြစ်ပြတ် ပယ်သတ်ပြီးသော အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်သည် မိမိရရှိသော ဈာန်အားလျော်စွာ ဆိုင်ရာ ဗြဟ္မာ့ဘုံသို့သာ ရောက်ပါသည်။

---

၄။ ခေတ်ပေါ်နည်းပညာများဖြင့် စမ်းသပ်ရှာဖွေ၍ တွေ့ရှိရန် ခဲယဉ်းသော အရူပကဲ့သို့သော ဘုံဌာနများကို လက်တွေ့မပြနိုင်သောကြောင့် မရှိဟု ဆိုလာခဲ့သော် မည်ကဲ့သို့ ဖြေရှင်းမည်ကို ဘုံပိုင်းရှုထောင့်မှ ဖြေဆိုပြပါ။

၃၁-ဘုံ တည်ရှိနေခြင်းသည် သတ္တဝါတို့ ပြုလုပ်သောကံအကြောင်းကြောင့် တည်ရှိနေခြင်း ဖြစ်ပါသည်၊ ခေတ်ပေါ်နည်းပညာများဖြင့် စမ်းသပ်ရှာဖွေလျှင် ရုပ်သဘောတရားကိုသာ တွေ့ရှိနိုင်ပါမည်၊ အရူပဘုံကဲ့သို့ ရုပ်မရှိသော ဘုံဌာနများကို မတွေ့နိုင်ပါ၊ ကံနှင့် ကံ၏အကျိုးကို ယုံကြည်မှုသာလျှင် အရူပကဲ့သို့သော ဘုံဌာနများ

http://www.dhammadownload.com



တည်ရှိမှုကို လက်ခံနိုင်မည် ဖြစ်ပါသည်၊ ထို့ကြောင့် ကမ္မသကတာသမ္မာဒိဋ္ဌိ ဖြစ်အောင် လုပ်ပေးရပါမည်။

---

**၂၀၀၆**

၁။ တာဝတိံသာ–ဟုဆိုသဖြင့် ၎င်းတာဝတိံသာနတ်ပြည်၌ "မဃလုလင်"နှင့်တကွ နတ်သား (၃၃)ယောက်သာ ရှိသည်ဟု မှတ်သားရပါသလော–ရှင်းပြ၍၊ ဩကာသလောက ပျက်စီးရာ၌ ဘုံအားဖြင့် ပိုင်းခြားပြပါ။

**တာဝတိံသာနတ်ပြည်ဟူသည်** – မဃလုလင်နှင့် နတ်သား ၃၃–ယောက်တို့ ဖြစ်ရာ ဌာနဖြစ်သောကြောင့် တာဝတိံသာဟု ခေါ်ဝေါ်ပညတ်ထားခြင်းသာ ဖြစ်၏၊ ထိုသူတို့ သာရှိသည်ဟု ဆိုလိုရင်း မဟုတ်ပါ၊ ထို့ကြောင့် တာဝတိံသာနတ်ပြည်၌ ထိုသူတို့သာ ရှိသည်ဟု မမှတ်သားသင့်ပါ။

**ဩကာသလောကပျက်စီးပုံ** (၁၉၉၂ နံပါတ်–၁ မိုး၍ ဖြေပါ။) (မီး ၇–ကြိမ်၊ ၈– ကြိမ်မြောက်၌ ရေ ၁–ကြိမ်၊ ဤနည်းအတိုင်း တစ်လှည့်စီပျက်, ၈–ကြိမ်ပြည့်သော် ၆၄–ကြိမ်မြောက်တွင် လေကြောင့် ပျက်စီး၏။)

---

၂။ ဒိဋ္ဌဓမ္မဝေဒနီယကံသည် အဘယ်ကြောင့် ပစ္စုပ္ပန်အတ္တဘော၌ အကျိုးပေးလေ့ရှိပါသနည်း, ဖြေဆို၍၊ အကျိုးပေးရာကာလမရှိသော "အဟောသိကံ"၏ ပါကကာလမည်ထိုက်ပုံကို လည်း ရေးခဲ့ပါ။

**ဒိဋ္ဌဓမ္မဝေဒနီယကံသည်** အားရှိသည်၏အဖြစ်သို့ရောက်သောကြောင့်လည်းကောင်း၊ ရိုးရိုးပထမဇောတို့ထက် လွန်ကဲသောသတ္တိရှိသောကြောင့်လည်းကောင်း ပစ္စုပ္ပန် အတ္တဘော၌ အကျိုးပေးခြင်း ဖြစ်ပါသည်။

**အဟောသိကံ၏ ပါကကာလမည်ထိုက်ပုံ**

ဒိဋ္ဌဓမ္မဝေဒနီယစသော ကံ ၃–မျိုးတို့၏ ပစ္စုပ္ပန်ဘဝစသော အကျိုးပေးရာ ကာလကို လွန်ခြင်းကြောင့်သာလျှင် အဟောသိကံ၏ "ပါကကာလ"ဟူသော ဝေါဟာရ

http://www.dhammadownload.com



ဖြစ်ရပါသည်၊ ထို့ကြောင့် အကျိုးပေးရာကာလ မရှိခြင်းကို အဟောသိကံ၏ ပါကကာလ ဟု ဆိုရခြင်း ဖြစ်ပါသည်။

---

၃။ အကုသိုလ်ကံ (၁၂)ပါးတို့တွင် ဥဒ္ဓစ္စစေတနာကြဉ်ရခြင်းအကြောင်းကို ဖြေဆို၍၊ သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်ရေးအတွက် အနာဂါမ်တို့သည် အဘယ်အခါ၌ ရအပ်သော ပဋ္ဌမဈာန်ကို ပွားများရပါသနည်း၊ ဖြေဆိုပါ။

**ဥဒ္ဓစ္စစေတနာကြဉ်ရခြင်း** (၁၉၉၉ နံပါတ်-၃)

**သုဒ္ဓါဝါသဘုံ၌ဖြစ်နိုင်ရေးအတွက် အနာဂါမ်တို့သည်**

ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ဖြစ်ရာကာလ၌သော်လည်းကောင်း၊ အနာဂါမ် ဖြစ်ပြီးရာကာလမှ နောက်၌သော်လည်းကောင်း ရအပ်သောပဋ္ဌမဈာန်ကို ပရိတ္တ, မဇ္ဈိမ, ပဏီတဖြစ်အောင် ပွားများရပါသည်။

---

**၂၀၀၇**

၁။ တိရစ္ဆာန်, ပြိတ္တာတို့၏ တည်ရာဘုံဌာနကို အဘိဓမ္မာအမြင်အားဖြင့် ပြဆိုပြီးလျှင်၊ အသုရကာယ်အမျိုးအစားတို့ကို ရေတွက်၍၊ အသုရာ-အရ ယူရမည့် အသုရာကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

**တိရစ္ဆာန်ဘုံနှင့် ပြိတ္တာဘုံ** (၂၀၀၄ နံပါတ်-၁)

**အသုရကာယ်အမျိုးအစား** - ပြိတ္တာအသုရာနှင့် နတ်အသုရာဟူ၍ နှစ်မျိုးနှစ်စား ရှိပါသည်။

**အသုရာအရ** - နတ်အသုရာတို့ကို တာဝတိံသာနတ်တို့၌ ထည့်သွင်း ရေတွက်ခြင်းကို အလိုရှိအပ်သောကြောင့် "အသုရာ" အရ ပြိတ္တာအသုရာကိုသာ ယူရပါသည်။

---

http://www.dhammadownload.com



၂။ ဂရုကံ-အရ ကောက်ယူရမည့်တရားများကို ဖော်ပြပြီးလျှင်၊ မိဘဆရာသမားတို့သည် မကောင်းသဖြင့် ပြုအပ်သည်ကို မြင်သဖြင့် သားသမီးတပည့်တို့အား "သေပါစေ"ဟု ကျိန်ဆဲခြင်းသည် ဖရုဝါစာ ဖြစ်/မဖြစ် စိစစ်ပြပါ။

**ဂရုကံအရ** (၁၉၉၁ နံပါတ်-၃)

**ဖရုသဝါစာ ဖြစ်/မဖြစ်** (၁၉၉၅ နံပါတ်-၃)

---

၃။ ပုထုဇဉ်မှန်သမျှ ဥပစ္ဆေဒကကံဖြင့် သေနိုင်၏-ဟုဆိုသော် သင့်/မသင့် ဆုံးဖြတ်ပြီးလျှင်၊ ပုဂ္ဂိုလ်သတ္တဝါဖြစ်ပေါ်လာအောင် အဓိကဆောင်ရွက်သွားသော တရားတို့ကိုလည်း ဆောင်ရွက်ပုံနှင့်တကွ ဖြေဆိုခဲ့ပါ။

**ဥပစ္ဆေဒကကံ** (၁၉၉၁ နံပါတ်-၄ ကို မှီး၍ ဖြေပါ။)

**ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ပေါ်လာအောင် အဓိကဆောင်ရွက်သွားသော တရားများမှာ-**

အဝိဇ္ဇာ, တဏှာ, သင်္ခါရတို့ ဖြစ်ပါသည်၊ အဝိဇ္ဇာသည် ထင်လာသောအာရုံ၏ အပြစ်ကို ဖုံးလွှမ်းပေး၏၊ တဏှာသည် ပဋိသန္ဓေဝိညာဏ်ကို အာရုံသို့ ညွတ်စေ၏၊ သင်္ခါရသည် ပဋိသန္ဓေဝိညာဏ်ကို ပစ်ချပေး၏။

http://www.dhammadownload.com

# သာသနာရေးဦးစီးဌာန၏
# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ဒုတိယဆင့် (ရှုပ်ပိုင်း)
## (၁၉၇၈-ခုနှစ်မှ ၁၉၈၈-ခုနှစ်ထိ)
## မေးခွန်းဟောင်းများ

### ၁၉၇၈

၁။ ဇာတိရုပ်တစ်ခုတည်းကို အဘယ်ကြောင့် ဥပစယ သန္တတိဟု နှစ်ပါးခွဲဆိုရပါသနည်း။

၂။ ရုပ်တို့ကို မဖြစ်စေနိုင်သောစိတ်တို့တွင် ပဋိသန္ဓေစိတ် မပါဝင်သဖြင့် ပဋိသန္ဓေစိတ်သည် ရုပ်ကို ဖြစ်စေနိုင်သည်ဟု မှတ်ရမည်လော၊ အကြောင်းခိုင်လုံစွာပြ၍ ဖြေဆိုပါ။

၃။ ခန္ဓာကိုယ်တွင် မည်သည့်တရားများ ချုပ်ငြိမ်းမှ သတ္တဝါသေသည်ဟု ဆိုရသနည်း၊ ရူပဗြဟ္မာကြီးများ၌ ကျား-မ ကွဲပြားမှု မရှိခြင်းအကြောင်းကိုလည်း ရှင်းပြပါ။

---

### ၁၉၇၉

၁။ မဟာဘုတ် ခေတ်ကြီးလေးပါးတို့တွင် အဘယ်ကို အာပေါ, တေဇောဟု ခေါ်ပါသနည်း။

၂။ လူတွင်ရှိသော ကမ္မဇရုပ်တို့ကို ရေတွက်ဖော်ပြ၍ မည်သည့်ရုပ်သည် မည်သည့်စိတ်ကို အစိုးရကြောင်း ရှင်းလင်းရေးသားခဲ့ပါ။

၃။ လူ၏ ကိုယ်အမူအရာနှင့် နှုတ်အမူအရာတို့ကိုလည်းကောင်း၊ ရယ်ရွှင်ခြင်းကိုလည်းကောင်း၊ ဖြစ်စေနိုင်သောစိတ်များကို ရေတွက်ပြပြီးလျှင် အပူအအေး ဥတုနှင့် အစာအာဟာရ၌ပါသော ဩဇာရုပ်တို့သည် ဋီခဏ၌သာ အဘယ်ကြောင့် အားရှိကြပါကုန်သနည်း။

၄။ လူ၏ ပဋိသန္ဓေစိတ်သည် လူ၏ ရုပ်တစ်စုံတစ်ရာကို ဖြစ်စေနိုင်ပါသလော၊ ရှင်းပြပြီးလျှင် လူသားမိခင်၏ ပဋိသန္ဓေသားယိသည် ရက်ပေါင်းမည်မျှရှိမှ စက္ခုဒသကကလာပ်ဖြစ်ပေါ်ပါသနည်း၊ အဘိဓမ္မာအမြင်အရ ညွှန်ပြခဲ့ပါ။

---

http://www.dhammadownload.com



## ၁၉၈၀

၁။ လူတို့၏ ရယ်ရွှင်ခြင်းသည် စိတ်ကြောင့်ဖြစ်သလော၊ ရုပ်ကြောင့်ဖြစ်သလော၊ အခြေခံ အကြောင်းတရားကို ရှာပြခဲ့ပါ။

၂။ ရုပ်ကလာပ် လက္ခဏာ ၄-ပါးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပြီးလျှင် အောက်ပါ ရုပ်ကလာပ်တို့ကို ထောက်ပြခဲ့ပါ။

(က) နိုးကြားနေသောသူ၌ ရသင့်သော ရုပ်ကလာပ်များ

(ခ) လူသေ၌ ရသင့်သော ရုပ်ကလာပ်များ

၃။ လူ့ဘဝတွင် မည်သည့်တရားများ ချုပ်ဆုံးပြီးစီးမှ "သေသည်"ဟု ဆိုရပါသနည်း၊ နှလုံးခုန် ရပ်ရုံမျှဖြင့် သေပြီဟု ဆိုနိုင်ပါသလော၊ သေခြင်း၏ သတ်မှတ်ချက်ကို အဘိဓမ္မာကျကျ စိစစ်ဖော်ပြပါ။

---

## ၁၉၈၁

၁။ ယောကျ်ား-မိန်းမ ကွဲပြားခြားနားစေသော ဘာဝရုပ်သည် လူ၏ကိုယ်တွင် မည်သည့် နေရာ၌ တည်ရှိကြောင်း တိတိပပ ဖော်ပြပါ။

၂။ အမိဝမ်းတွင်းမှာ တည်နေသော သန္ဓေသားငယ်၌ မည်သည့်ကာလမှ အစပြု၍ မျက်စိအတွင်း၌ စက္ခုပသာဒရုပ်ဖြစ်ကြောင်းကို အဘိဓမ္မာနည်းကျ ဖော်ပြပါ။

၃။ တယ်လီဗေးရှင်း ခေါ် ရုပ်မြင်သံကြားကို ရှုစားနားဆင်နေဆဲအခါ၌ တယ်လီဗေးရှင်းမှ ရုပ်-သံတို့သည် ရှုစားနားဆင်သူ၏ မျက်စိ၊ နားသို့ ရောက်-မရောက် ဖြေဆိုပါ။

၄။ ဝါန ဟု ဆိုအပ်သော တဏှာမှ လွန်မြောက်သောကြောင့် နိဗ္ဗာန်မည်သည်ဆိုရာ၌ အဘယ်သို့ လွန်မြောက်ပါသနည်း၊ လွန်မြောက်ပုံကို သိသာအောင် ရေးသားပါ။

---

## ၁၉၈၂

၁။ အပိုလို အာကာသယာဉ်များ လဗိမာန်သို့ ရောက်နိုင်ခြင်းသည် မည်သည့်ဓာတ်၏ အစွမ်းသတ္တိကြောင့်ဖြစ်ကြောင်း၊ အဘိဓမ္မာနည်းကျ ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com



၂။ အကျိုးမည်သည် အကြောင်းကြောင့်သာ ဖြစ်လေ့ရှိရာ၊ အကြောင်းကင်းသောရုပ်ဟူ၍ ရှိနိုင်ပါမည်လော၊ ရှင်းလင်းဖြေဆိုပါ။

၃။ ထက်မြက်သော ခေတ်မီသိပ္ပံအသိဉာဏ်ဖြင့် ဗုဒ္ဓဘာသာတို့က ရည်ညွှန်းသော နိဗ္ဗာန်တရားမြတ်ကို မြင်နိုင်ပါမည်လော၊ မည်ကဲ့သို့သော ဉာဏ်မျိုးဖြင့်သာ နိဗ္ဗာန်ကို မြင်နိုင်ပါသနည်း၊ အကြောင်းယုတ္တိခိုင်လုံစွာ ပြ၍ ဖြေဆိုပါ။

---

## ၁၉၈၃

၁။ မျက်စိကောင်းအောင် ကျေးဇူးပြုသောရုပ်၊ အထောက်အပံ့ပြုသောတရား၊ စောင့်ရှောက်သောရုပ်နှင့် ခြံရံသောရုပ်တို့ကို ဖော်ပြပါ။

၂။ "လူ၏ ခန္ဓာကိုယ်သည် အဏုမြူအောက် သေးငယ်သော ရုပ်ကလာပ်စည်းများဖြင့် ဖွဲ့စည်းတည်ဖြစ်နေသည်" ဟူရာ၌ ကလာပ်စည်းများ ဖြစ်ပေါ်စေသည့် ရုပ်အကြောင်းကို စုံလင်စွာ ဖော်ပြပါ။

၃။ ယခုခေတ် ပုထုဇဉ်လူသားတို့ ရယ်မောရွှင်ပြကြရာ၌ အပြစ်ရှိသော ရယ်ခြင်းနှင့် အပြစ်ကင်းသော ရယ်ခြင်းတို့ကို ခွဲခြားဖော်ပြပါ။

၄။ ယခုခေတ်တွင် သေပြီဟု ဆုံးဖြတ်ပြီးသည့်နောက် မသေဘဲ ပြန်ရှင်သန်လာသည့် ဖြစ်ရပ်များရှိရာ၊ မည်သည့်အခြေအနေရောက်မှ တကယ်သေသည်မည်ကြောင်း ဗုဒ္ဓအဘိဓမ္မာအရ ဖော်ပြပါ။

---

## ၁၉၈၄

၁။ ရုပ်တရားတို့၏ ဖောက်ပြန်ပုံကို သိသာရုံမျှ ရှင်းပြပြီးလျှင် စိတ်နှင့်အပြိုင် ဖြစ်နိုင်၊ ချုပ်နိုင်သော ရုပ်များကိုလည်း ရွေးကောက်ဖော်ပြပါ။

၂။ လူ၏အသက်ဖြစ်သော ဇီဝိတရုပ်သည် –

(က) သင်၏ခန္ဓာကိုယ်တွင် မည်သည့်နေရာ၌ တည်ပါသနည်း။

(ခ) မည်သည့်သမုဋ္ဌာန်ကြောင့် ဖြစ်ပါသနည်း။

(ဂ) မည်သည့်ကလာပ်စည်းများ၌ ပါဝင်ပါသနည်း၊ အသီးသီးဖြေဆိုပါ။

http://www.dhammadownload.com



၃။ ဗုဒ္ဓဘာသာတို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သည် ဘာမျှမရှိသော အဘာဝပညတ် မဟုတ်ကြောင်း အကြောင်းယုတ္တိခိုင်လုံစွာဖြင့် ရှင်းလင်းဖြေဆိုပါ။

---

**၁၉၈၅**

၁။ မြေ–ရေ–လေ–မီး ဓာတ်ကြီး ၄–ပါးတို့၏ သဘောကို အဘိဓမ္မာသင်ကြားထားသူ တစ်ဦးအနေဖြင့် အများနားလည်အောင် ရှင်းလင်းရေးသားခဲ့ပါ။

၂။ လူသားတစ်ဦးအနေဖြင့် ပဋိသန္ဓေတည်သည်ဟု အတိအကျသတ်မှတ်နိုင်ရန် လိုအပ်သော ရုပ်–နာမ်သဘာဝကို အဘိဓမ္မာနည်းကျ ဖော်ပြပြီးလျှင် ယခုခေတ် ဖန်ပြွန်ဖြင့် မွေးယူသော လူသားသန္ဓေသည် ဂဗ္ဘသေယျက၊ သံသေဒဇတို့တွင် မည်သည့်သန္ဓေမျိုး ဖြစ်ကြောင်း ဖော်ပြခဲ့ပါ။

၃။ နှလုံးခုန်ရပ်ရုံမျှဖြင့် သေသည်ဟု သတ်မှတ်နိုင်ပါအံ့လော၊ အမှန်တကယ် သေသည်ဟု ဆုံးဖြတ်နိုင်ရန် ဗုဒ္ဓအဘိဓမ္မာက ဖော်ပြထားသော အချက်တို့ကို စုံလင်စွာဖြေဆိုပါ။

---

**၁၉၈၆**

၁။ လူသားတစ်ဦးအတွက် ကိုယ်အင်္ဂါပြည့်စုံမှုသည် အလွန်အရေးကြီး၏၊ ၎င်းကိုယ်အင်္ဂါ အစိတ်အပိုင်း (ခက်မငါးဖြာ)သည် မည်သည့်အချိန်အခါမှစ၍ ဖြစ်ပါသနည်း၊ ဗုဒ္ဓအဘိဓမ္မာအလိုကျ ထုတ်ပြ၍ စက္ခုစသော ရုပ်ဆယ်ခုအပေါင်း (စက္ခုဒသက)၏ ဖြစ်ပေါ်ချိန်ကိုလည်း အာစရိယဝါဒ ၂–မျိုးဖြင့် ရှင်းလင်းဖြေဆိုခဲ့ပါ။

၂။ အမိဝမ်းတွင်း စသည်၌ ပဋိသန္ဓေနေစဉ်ကာလ သတ္တဝါတို့အတွက် အာဟာရဇရုပ် ဖြစ်ပေါ်လာအောင် တန်ခိုးရှင်က ဖန်ဆင်းထားပါသလော၊ သို့မဟုတ် မည်သို့မည်ပုံ အာဟာရဇရုပ်များ ဖြစ်ပေါ်လာပါသနည်း၊ ဋီကာကျော် အလိုကျ ရှင်းပြခဲ့ပါ။

၃။ စာဖြေနေသူအား နိဗ္ဗာန်ကို မြင်ဖူးသလားဟု မေးက မည်ကဲ့သို့ ဖြေမည်နည်း၊ အကယ်၍ မြင်ဖူးပါက သင်၏ နိဗ္ဗာန်ကိုမြင်ပုံနှင့် အရိယာပုဂ္ဂိုလ်တို့၏မြင်ပုံ တူပါသလော၊ မည်ကဲ့သို့ ခြားနားပါသနည်း။

---

http://www.dhammadownload.com



## ၁၉၈၇

၁။ ဓာတ်ကြီးလေးပါးသည် အဝိနိဗ္ဘောဂ သဘောဖြင့် နေရာတကာဝယ် တတွဲတွဲရှိကြပါလျက်၊ ဂေါစရရုပ် ဖွဲ့စည်းရာတွင်မှ အဘယ်ကြောင့် အာပေါဓာတ်ကို ခွဲချန်ထားခဲ့ပါသနည်း၊ မဆန့်ကျင်အောင် သုံးသပ်ပြပါ။

၂။ ငါးမည်ရရုပ် ၁၈-ပါးသည် အဘယ်ကြောင့် ထိုအမည်များ ရကြပါသနည်း၊ အသီးသီး အကြောင်းပြ ဖြေဆိုပါ။

၃။ နိုးကြားလှုပ်ရှားနေသောသူ၊ အိပ်ပျော်နေသောသူ၊ သေနေသောလူတို့၏ ခန္ဓာတို့၌ ဖွဲ့စည်းတည်ဖြစ်နေသော နာမ်ပိုင်း-ရုပ်ပိုင်းဆိုင်ရာ စိတ် စေတသိက် ရုပ်သဘာဝ တရားတို့ကို အဘိဓမ္မာအမြင်ဖြင့် စိစစ်ဝေဖန်ပြခဲ့ပါ။

---

## ၁၉၈၈

၁။ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေးအတွက် ယောဂီပုဂ္ဂိုလ်သည် ရုပ်တရားကို စွန့်ပယ်ရန် လို-မလို စိစစ်ဖြေဆိုပါ။

၂။ ကိုယ်လက်ပေါ့ပါးသွက်လက်မှု စသော (ကျန်းမာရေး) ရုပ်တရား ၃-မျိုးသည် အတိတ်ကံကြောင့် ဟုတ်-မဟုတ် ရှင်းလင်းဖြေဆိုပါ။

၃။ ရုပ်တရား ဖြစ်ပေါ်လာစေရန် စီစဉ်ပေးသော တရား ၁၄-ပါးတွင် ဥတုပါဝင်၏၊ ယင်းဥတုက ရုပ်တရားဖြစ်ပေါ်ရန် ဆောင်ရွက်ပုံကို ဋီကာအတိုင်း ရေးပြပါ။

http://www.dhammadownload.com

# သာသနာရေးဦးစီးဌာန၏
# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ဒုတိယဆင့် (ရှပ်ပိုင်း)
# (၁၉၈၉-ခုနှစ်မှ ၂၀၀၇-ခုနှစ်ထိ)
# မေးခွန်းဟောင်းနှင့် အဖြေများ

## ၁၉၈၉

၁။ သူတို့သာ မရှိခဲ့သော် ခန္ဓာကိုယ်ကြီးကို ထင်းတုံးဘ၀သို့ ရောက်စေနိုင်သော ရုပ်တရားတို့ကို ဖော်ပြ၍၊ ဒွါရရုပ်ချင်းတူပါလျက် အကြောင်းတရားကွဲပြားသော ရုပ်တို့ကို ကွဲပြားပုံနှင့်တကွ တင်ပြခဲ့ပါ။

**သူတို့သာ မရှိခဲ့သော် ခန္ဓာကိုယ်ကြီးကို ထင်းတုံးဘ၀သို့ ရောက်စေနိုင်သော ရုပ်တရားတို့မှာ -**

ခန္ဓာကိုယ် အတ္တဘောအား အလွန်တရာ ကျေးဇူးများသော ပသာဒရုပ် ၅-ပါး ဖြစ်သော စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှာပသာဒရုပ်၊ ကာယပသာဒရုပ်တို့ ဖြစ်ပါသည်။ ဤပသာဒရုပ် ၅-ပါးတို့သည် ခန္ဓာကိုယ် အတ္တဘောအား အလွန်အကဲကျေးဇူးပြုတတ်သောကြောင့် အဇ္ဈတ္တိကရုပ်ဟုလည်း အမည်ရကြပါသည်။

**ပသာဒရုပ် ၅-ပါးနှင့် ဝိညတ်ရုပ် ၂-ပါးတို့သည် ဒွါရရုပ်ချင်း တူညီကြ၏၊ သို့သော် အကြောင်းတရား ကွဲပြားကြ၏။ ၎င်းဒွါရရုပ် ၇-ပါးတို့၏ ကွဲပြားပုံမှာ -**

စက္ခုပသာဒ စသော ပသာဒရုပ် ၅-ပါးတို့၏ ဒွါရရုပ်ဖြစ်ပုံမှာ ပဉ္စဒွါရိက **ဝီထိစိတ်-စေတသိက်ဟူသော ဝီထိစိတ် စေတသိက်တို့၏ ဖြစ်ကြောင်း** ဖြစ်သောကြောင့်တည်း။

ကာယဝိညတ်-ဝစီဝိညတ်ဟူသော ဝိညတ်ရုပ် ၂-ပါးတို့၏ ဒွါရရုပ်ဖြစ်ပုံမှာ ပါဏာတိပါတ စသော **အကုသိုလ်ကံ,** ဒါန စသော **ကုသိုလ်ကံတို့၏ဖြစ်ကြောင်း** ဖြစ်သောကြောင့်တည်း။

---

http://www.dhammadownload.com



၂။ လူတို့အသုံးပြုနေသော "ဣရိယာပုထ်"ဟူသော စကား၌ "ဣရိယာ"နှင့် "ဣရိယာပထ" တို့ကို ရှင်းလင်းတင်ပြ၍၊ အပ္ပနာဇောဆဆိုင်သသည် ဣရိယာပုထ်ကိုလည်း ခိုင်စေ၏ဟု ဆိုထားရာ အပ္ပနာဇောမရှိသော စာဖြေပုဂ္ဂိုလ်သည် စာဖြေရန် ထိုင်နေခြင်းကို အဘယ် စိတ်များက ပြုလုပ်ပေးပါသနည်း၊ သိသာရုံဖြေခဲ့ပါ။

**ဣရိယာ** = သွားခြင်း၊ လာခြင်း၊ ထိုင်ခြင်း စသော ကြိယာသည် "ဣရိယာ" မည်ပါသည်။

**ဣရိယာပထ** = ၎င်းဣရိယာကြောင့်ဖြစ်သော သွားသောအခိုက်အတန့်၊ လာသော အခိုက်အတန့်အတွင်း၌ဖြစ်သော ရုပ်တရားသည် "ဣရိယာပုထ်" မည်ပါသည်။

**စာဖြေပုဂ္ဂိုလ်၌ အပ္ပနာဇောမရှိသော်လည်း ဣရိယာပုထ်ကို ခိုင်စေနိုင်သောစိတ် ပေါင်းမှာ –**

အပ္ပနာဇော–၂၆၊ မနောဒွါရာဝဇ္ဇန်း–၁၊ ကာမဇော–၂၉၊ အဘိညာဉ်–၂ = ၅၈–ပါး ရှိသောကြောင့် စာဖြေပုဂ္ဂိုလ် စာဖြေရန် ထိုင်နေခြင်းကို မနောဒွါရာဝဇ္ဇန်း– ၁ နှင့် အကုသိုလ်ဇော–၁၂၊ မဟာကုသိုလ်ဇော–၈၊ ပေါင်း ၂၁–ပါးသော စိတ်တို့က ပြုလုပ်ပေးပါသည်။

---

၃။ လူတို့အတွက် သန္ဓေတည်စ ကလလရေကြည်၏ ပမာဏနှင့် အဆင်းကို ဖော်ပြ၍ ယင်း၌ စုပေါင်းတည်ရှိနေကြသော တရားများကိုလည်း သိသာရုံ တင်ပြခဲ့ပါ။

**လူတို့အတွက် သန္ဓေတည်စ ကလလရေကြည်၏**

**ပမာဏ** = ယခုဖွားစဖြစ်သော သိုး၏အမွေး (သို့မဟုတ်) ဟိမဝန္တာတော၌ သိမ်မွေ့သော ဇာတိမည်သော သားကောင်၏ အမွေးတစ်ချောင်းကို ကြည်လင်သောဆီ၌ နှစ်၍ ဆယ်ယူသောအခါ အမွေးအဖျား၌ ငြိကပ်နေသော ဆီပေါက်ပမာဏ ရှိပါသည်။

**အဆင်း** = အလွန်ကြည်လင်သောအဆင်း ရှိပါသည်။

http://www.dhammadownload.com



**ယင်း၌စုပေါင်းတည်ရှိနေသော တရားများ** = ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကအားဖြင့် ကမ္မဇကလာပ် ၃-စည်း၊ ရုပ်အားဖြင့် ရုပ်ပေါင်း ၃၀ နှင့် ပဋိသန္ဓေစိတ်၊ စေတသိက်ခန္ဓာငါးပါးတို့ စုပေါင်းတည်ရှိကြပါသည်။ (နပုံး ဖြစ်က ဘာဝဒသကကို မရနိုင်ပါ။)

---

## ၁၉၉၀

၁။ ရုပ်တရားကို ဝိပဿနာရှုသောသူသည် ရုပ် ၂၈-ပါးလုံးကို ရမည်လော၊ စိစစ်ပြ၍ စက္ခု, သောတ ဤရုပ်တရား ၂-ပါး၏ မိမိတို့ရှိရာသို့ အာရုံရောက်မလာဘဲ အာရုံယူ (အာရုံလက်ခံ)ပုံကိုလည်း ပေါ်လွင်အောင် ရေးပြပါ။

**ရုပ်တရားကို ဝိပဿနာရှုသောသူသည် ရုပ် ၂၈-ပါးလုံးကို မရှုရပါ၊ စိစစ်ပြရသော် -**

ရူပသမုဒ္ဒေသ၌ နိပ္ဖန္နရုပ်(၁၈)ပါးသည် 'ပရိစ္ဆေဒ အစရှိသည်တို့၏ အဖြစ်ကို လွန်လျက် သဘောအားဖြင့် ရအပ်သည်ဖြစ်၍ အနိစ္စတာစသော လက္ခဏာယာဉ် သုံးပါးသို့တင်ကာ သုံးသပ်ခြင်းငှာ ထိုက်သောကြောင့် **သမ္မသနရုပ်** မည်၏' ဟု ဖော်ပြထားသဖြင့် နိပ္ဖန္နရုပ်(၁၈)ပါးကိုသာ ဝိပဿနာရှုပွားရမည်ဖြစ်ပါသည်။

အနိပ္ဖန္နရုပ်(၁၀)ပါးသည် ဝိပဿနာရှုပွား၍ မရစကောင်းသောရုပ် (အသမ္မသနရုပ်)များ ဖြစ်ကြပါသည်။

**စက္ခုသောတဤရုပ်တရား ၂-ပါးသည်** မိမိတို့ရှိရာသို့ ရူပါရုံ, သဒ္ဒါရုံတို့ ရောက်မလာဘဲ အာရုံယူ(အာရုံလက်ခံ)နိုင်ကြသော အသမ္ပတ္တဂေါစရဂ္ဂါဟကရုပ်များ ဖြစ်ကြပါသည်၊ **၎င်းတို့၏ အာရုံယူပုံကို ပေါ်လွင်အောင် ရေးပြရသော် -**

**စက္ခုပသာဒရုပ်သည် -**

(၁) ဝေးသောအရပ်၌ တည်နေသော လ, နေ အစရှိသော အဆင်းတို့ကိုလည်းကောင်း၊

(၂) ဖန်, မှန် အစရှိသည်တို့ ခြားကွယ်အပ်သော အဆင်းတို့ကိုလည်းကောင်း၊

(၃) ကြီးမားစွာသော တောင်အစရှိသော အဆင်းတို့ကိုလည်းကောင်း၊

http://www.dhammadownload.com



ထို ဆိုအပ်ခဲ့ပြီးသော အဆင်း (ရူပါရုံ)တို့ကဲ့သို့ မိမိထံသို့ မထိမရောက် မလာနိုင်ကြသည့် ရူပါရုံတို့ကိုဖြစ်စေ, လာနိုင်ကြသည့် အခြားရူပါရုံတို့ကိုဖြစ်စေ၊ မထိ, မရောက်ခင်ပင် ယူနိုင်ကြသည်။

**သောတပသာဒရုပ်သည်လည်း**

(၁) ကောင်းကင်အစရှိသော ဝေးသောအရပ်၌ တည်သောအသံကိုလည်းကောင်း၊

(၂) ဝမ်းရေ၏ အခြားမဲ့၌ တည်သော အသံကိုလည်းကောင်း၊

(၃) ခေါင်းလောင်းသံ–ကြေးစည်သံ–တုံးခေါက်သံ–အမြောက်သံ စသော သိန်းသောင်းကုဋေမက ပေါင်းစုမိသော ကြီးပွားသော အသံလုံးကြီးများကိုလည်းကောင်း၊

ထိုကဲ့သို့ မိမိထံသို့ မထိမရောက်မလာနိုင်ကြသည့် သဒ္ဒါရုံတို့ကိုဖြစ်စေ၊ ထိရောက်လာနိုင်ကြသည့် အခြားသဒ္ဒါရုံတို့ကိုဖြစ်စေ မထိမရောက်ခင် ယူနိုင်ကြသည်။

---

၂။ မည်သည့်အရာများက သတ္တဝါများကို တိရစ္ဆာန်နှင့် လူ–ဗြဟ္မာဟု ဘဝအဆင့်အတန်း အသီးသီး ကွဲပြားခြားနားအောင် စီစဉ်ပေးနေပါသနည်း၊ ဖြေဆိုပြီးလျှင် ဝစီဝိညတ်ရုပ်နှင့် သဒ္ဒရုပ်တို့သည် ရုပ်တစ်မျိုးစီ ဖြစ်ပါလျက် စိတ္တဇကလာပ်ဖွဲ့စည်းရာ၌ ပေါင်းယှူထားပုံကိုလည်း ဖြေဆိုပါ။

ရုပ်ပိုင်း ရူပသမုဋ္ဌာနအရ သတ္တဝါပုံသဏ္ဌာန်အမျိုးမျိုးကို နာနာက္ခဏိက အတိတ်အကုသိုလ်ကံ၊ ကာမာဝစရ ကုသိုလ်ကံ၊ ရူပါဝစရကုသိုလ်ကံအားဖြင့် ၂၅–ပါးသော ကံတို့က ဖြစ်စေကြောင်း ဖော်ပြထားသဖြင့် ၎င်းအတိတ်ကံ အသီးသီးပေါ်မူတည်၍ အကုသိုလ်ကံကြောင့် တိရစ္ဆာန်၊ ကာမာဝစရ ကုသိုလ်ကံကြောင့် လူ၊ ရူပါဝစရ ကုသိုလ်ကံကြောင့် ဗြဟ္မာစသည်ဖြင့် သတ္တဝါများ ဘဝအဆင့်အတန်း အသီးသီး ကွဲပြားခြားနားရခြင်း ဖြစ်ပါသည်။

**ဝစီဝိညတ်ရုပ်နှင့် သဒ္ဒရုပ်တို့သည် ရုပ်တစ်မျိုးစီဖြစ်ပါလျက် စိတ္တဇကလာပ်ဖွဲ့စည်းရာ၌ ပေါင်းယှူထားပုံမှာ** – ဝစီဝိညတ်သည် သဒ္ဒရုပ်နှင့်ကင်း၍ မဖြစ်သည့်

http://www.dhammadownload.com



အတွက် "ဝစီဝိညတ္တိ" သဒ္ဒါဖြင့် သဒ္ဒရုပ်ကိုလည်း သိမ်းယူအပ်သောကြောင့် "ဝစီဝိညတ္တိသဒ္ဒဒသက"ဟု မဆိုဘဲ "ဝစီဝိညတ္တိဒသက"ဟုသာ ပေါင်းယူထားခြင်း ဖြစ်ပါသည်။

---

၃။ သန္ဓေတည်စ ကာမဘုံသားသတ္တဝါများ၌ "စက္ခု-သောတ-ဃာန-ဘာဝ" ကလာပ်စည်းများ ဖြစ်နိုင်-မဖြစ်နိုင်ကို ပဋိသန္ဓေအလိုက် စိစစ်ဖြေဆိုပါ။

**သန္ဓေတည်စ ကာမဘုံသားများ၌ –**

- သံသေဒဇနှင့် ဥပပါတ်ပဋိသန္ဓေတို့တွင် "စက္ခု-သောတ-ဃာန-ဘာဝ" ကလာပ်စည်းများ ဖြစ်နိုင်ပါသည်၊
- ဂဗ္ဘသေယျက (ဇလာဗုဇ,အဏ္ဍဇ) ပဋိသန္ဓေတို့တွင် ဘာဝကလာပ်စည်းသာ ဖြစ်နိုင်၏၊ "စက္ခု-သောတ-ဃာန" ကလာပ်စည်းများ မဖြစ်နိုင်ပါ။

---

**၁၉၉၁**

၁။ စာဖြေသည့်လုပ်ငန်းကို အဓိကကျသောအခန်းကဏ္ဍမှ ဆောင်ရွက်ပေးနေသော စက္ခုပသာဒရုပ်၏ တည်ရာဌာန၊ အတိုင်းအတာပမာဏ၊ ဆောင်ရွက်ချက်များနှင့် ယင်း၏ ကျန်းမာရေးအတွက် ပံ့ပိုး,စောင့်ရှောက်နေသော သဘာဝဓမ္မများကိုလည်း ကုန်စင်အောင် ဖော်ပြပါ။

**စက္ခုပသာဒရုပ်၏**

**တည်ရာဌာန** – မျက်နက်ဝန်းအလယ်, ရှေ့၌ရပ်သောသူ၏ ကိုယ်သဏ္ဌာန် ပုံရိပ်ပေါ်ရာအရပ်၌ ဂွမ်းလွှာ ၇-ထပ်တွင် လောင်းအပ်သော ဆီသည် ပျံ့နှံ့၍ တည်သကဲ့သို့ မျက်လွှာ ၇-ထပ်တို့၌ ပျံ့နှံ့၍ တည်၏။

**အတိုင်းအတာပမာဏ** – သန်းဦးခေါင်းပမာဏ။

**ဆောင်ရွက်ချက်များ** – ထိုက်သည့်အားလျော်စွာ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော စသော စက္ခုဒွါရိကဝီထိစိတ်တို့၏ မှီရာအဖြစ်၊ ဒွါရအဖြစ်ကို ပြီးစေ၏။

http://www.dhammadownload.com



**ယင်း၏ ကျန်းမာရေးအတွက် ပံ့ပိုးစောင့်ရှောက်နေသော သဘာဝဓမ္မများ**

စက္ခုပသာဒရုပ်ကို စိတ်–ဥတု–အာဟာရတရားများက ပံ့ပိုး (ထောက်ပံ့)၍၊ တကွဖြစ်ဘက် ဇီဝိတရုပ်က စောင့်ရှောက်ပါသည်။

---

၂။ ကိုယ်ခန္ဓာစသော အစိုင်အခဲဒြပ်ဝတ္ထုအားလုံးကို ရုပ်တရားများဖြင့် စုပေါင်း၍ တည်ဆောက်ထားရာ ထိုရုပ်တရားများကို တစ်ခုစီခွဲစိတ်၍ ရနိုင်–မရနိုင် စိစစ်ပြပါ။

**ကိုယ်ခန္ဓာစသော အစိုင်အခဲဒြပ်ဝတ္ထုအားလုံးကို ရုပ်တရားများဖြင့် စုပေါင်း၍ တည်ဆောက်ထားရာ** ထိုရုပ်တရားများအနက် –

ပထဝီ, အာပေါ, တေဇော, ဝါယော, ဟူသော မဟာဘုတ်ရုပ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပေါင်း ၈–ပါးသော ရုပ်တို့မှာ အသီးသီးတစ်ပါးစီ ခွဲစိတ်၍ မရနိုင်သော အဝိနိဗ္ဘောဂရုပ်များ ဖြစ်ကြပါသည်။

ဤ ၈–ပါးမှ ကြွင်းသော ဝိနိဗ္ဘောဂရုပ် ၂၀–ပါးတို့ကို တစ်ပါးစီ ခွဲစိတ်၍ ရနိုင်ပါသည်။

---

၃။ "စိတ်ထောင်းကိုယ်ကြေ၊ စိတ်ပျိုကိုယ်နု"အရ စိတ်သည် ရူပကာယကို ဖန်တီးစီရင်နိုင်သဖြင့် ရူပကာယကို ဖန်တီးစီရင်ရာတွင် ပါဝင်ခွင့်မရသော စိတ်တို့ကို ကြောင်းကျိုးဖော်ပြဖြေဆိုပြီးလျှင်၊ ပဋိသန္ဓေတည်နေရာကို အကြောင်းပြု၍ ကွဲပြားလာသော သတ္တဝါ သုံးမျိုးကိုလည်း အမိပွါယ်နှင့်တကွ ရေးပြပါ။

**"စိတ်ထောင်းကိုယ်ကြေ၊ စိတ်ပျိုကိုယ်နု"အရ စိတ်သည် ရူပကာယကို ဖန်တီးစီရင်နိုင်၏၊ သို့ရာတွင် ရူပကာယကို ဖန်တီးစီရင်ရာတွင် ပါဝင်ခွင့်မရသောစိတ်တို့မှာ–**

အရူပဝိပါက် ၄–ပါး၊ ဒွေပဉ္စဝိညာဉ် ၁၀–ပါး၊ ရဟန္တာတို့၏ စုတိစိတ်နှင့် အလုံးစုံသောပဋိသန္ဓေစိတ်တို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com



**ထိုစိတ်တို့ ရူပကာယကို မဖြစ်စေခြင်းကို ကြောင်းကျိုးဖော်ပြရသော် - အရူပဝိပါက်စိတ်(၄)ပါး**

(၁) ရုပ်၌ တပ်ခြင်းကင်းသော အရူပဈာန်ဟူသော ဘာဝနာကြောင့် ဖြစ်ရသည့်အတွက် အကြောင်းဖြစ်သော အရူပဈာန်သည် ထိုရုပ်၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့်လည်းကောင်း၊

(၂) အရူပဘုံသည် ရုပ်၏ဖြစ်ရာအရပ် မဟုတ်သောကြောင့်လည်းကောင်း၊ အရူပဝိပါက် ၄-ပါးတို့ ရုပ်ကို မဖြစ်စေနိုင်ခြင်း ဖြစ်သည်။

**ဒွေပဉ္စဝိညာဉ် (၁၀)ပါး**

ရုပ်ကိုဖြစ်စေခြင်း၌ ထူးခြားသော အကြောင်းဖြစ်ကုန်သော ဟိတ်၊ ဈာနင်၊ မဂ္ဂင်တို့နှင့် မယှဉ်သဖြင့် စိတ်အင်္ဂါအားနည်းသောကြောင့် ဒွေပဉ္စဝိညာဉ် (၁၀)ပါးသည် ရုပ်ကို မဖြစ်စေနိုင်ခြင်း ဖြစ်သည်။

**ရဟန္တာတို့၏ စုတိစိတ်**

ငြိမ်းအေးပြီးသော ဝဋ်မြစ်ရှိသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ အလွန်အကဲနှင့်တကွ ငြိမ်သက်သောဖြစ်ခြင်း ရှိသောကြောင့် ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ဟု အဋ္ဌကထာ၌ ဆိုပါသည်။

(မူလဋီကာကျမ်းပြု အရှင်အာနန္ဒ အစရှိသော ဆရာတို့ကား အလုံးစုံသော သတ္တဝါတို့၏ စုတိစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ဟု ဆိုကြပါသည်။)

**အလုံးစုံသော ပဋိသန္ဓေစိတ်**

၁။ အားနည်းသော မှီရာဝတ္ထုကို မှီ၍ ဖြစ်ရသောကြောင့်လည်းကောင်း၊

၂။ မိမိ၏ဘဝသစ်၌ ရောက်ခါစ အာဂန္တုက ဖြစ်သောကြောင့်လည်းကောင်း၊

၃။ ကမ္မဇရုပ်တို့သည် စိတ္တဇရုပ်တို့၏ နေရာကိုယူ၍ တည်သောကြောင့်လည်းကောင်း ပဋိသန္ဓေစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ခြင်း ဖြစ်ပါသည်။

**ပဋိသန္ဓေတည်နေရာကို အကြောင်းပြု၍ ကွဲပြားလာသော သတ္တဝါသုံးမျိုး**

(၁) **သံသေဒဇသတ္တဝါ** - ပဒုမ္မာကြာတိုက်၊ ကိုယ်ဝန်အညစ်အကြေး အစရှိသော စေးကပ်သောအရပ်တို့၌ ဖြစ်သော သတ္တဝါတို့သည် "သံသေဒဇ" သတ္တဝါမည်၏။

http://www.dhammadownload.com



(၂) **ဩပပါတိက(ဥပပါတ်)သတ္တဝါ** – ရုတ်တရက် ကောင်းကင်မှ ကျလာသကဲ့သို့ ထင်ရှားစွာ ဖြစ်ပေါ်လာသော သတ္တဝါသည် "ဩပပါတိက(ဥပပါတ်)" သတ္တဝါ မည်၏။

(၃) **ဂဗ္ဘသေယျကသတ္တဝါ** – အမိဝမ်းတွင်း၌ ကိန်းတတ်ဖြစ်တတ်သော သတ္တဝါတို့သည်ပင် ရှုပါရုံ အစရှိသော အာရုံတို့၌ ငြိကပ်တတ်သောကြောင့် "သတ္တ" မည်ရကား "ဂဗ္ဘသေယျက" သတ္တဝါမည်ကြပါသည်၊ ထိုဂဗ္ဘသေယျကသတ္တဝါတို့သည် အဏ္ဍဇသတ္တဝါ, ဇလာဗုဇ သတ္တဝါအားဖြင့် ၂–မျိုး ကွဲပြားပါသည်။

---

**၁၉၉၂**

၁။ ဇီဝိတရုပ်၏ ဆောင်ရွက်ချက်လုပ်ငန်း အပြည့်အစုံကို ရေးပြ၍၊ ယင်း၏တည်ရာဌာနကို လည်း ညွှန်ပြပါ။

**ဇီဝိတရုပ်၏ ဆောင်ရွက်ချက်လုပ်ငန်း အပြည့်အစုံမှာ** –

ဇီဝိတရုပ်သည် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်းကိစ္စ ဆောင်ရွက်ကြ၏၊ ဆောင်ရွက်ပုံမှာ – ကမ္မဇရုပ်တို့သည် အကြောင်းကံတရား ချုပ်ပြီးနောက် အတော်ကြာမှ ဖြစ်ပေါ်ရသောကြောင့် အမိမဲ့သောသားကို နို့ထိန်းက စောင့်ရှောက်ရသကဲ့သို့ ထိုရုပ်တို့သက်တမ်းအတိုင်း ဆက်လက်တည်တံ့နိုင်စေရန် ဇီဝိတရုပ်က စောင့်ရှောက်ပေးပါသည်။

**ဇီဝိတရုပ်၏တည်ရာဌာနမှာ** ကမ္မဇတေဇော (ပါစကဝမ်းမီး)နှင့်တကွ အလုံးစုံသော ဥပါဒိန္နက ကာယကို နှံ့၍ တည်ပါသည်။

---

၂။ လူသားများ ရယ်ရွှင်မှုဖြစ်ပေါ်လာအောင် ဖန်တီးပေးနိုင်သော စိတ် ၁၃–ပါးရှိသည်ဟု ဆိုရာ၊ အဘယ်စိတ်များက အဘယ်ပုဂ္ဂိုလ်များအား ရယ်ရွှင်အောင် ဖန်တီးပေးနေပါသနည်း၊ ပုဂ္ဂိုလ်အလိုက် ဖြစ်ထိုက်သလို ခွဲခြားဖြေဆိုပါ။

http://www.dhammadownload.com



**လူသားများ ရယ်ရွှင်မှုဖြစ်ပေါ်လာအောင် ဖန်တီးပေးနိုင်သောစိတ် ၁၃-ပါး**

**ပုထုဇဉ်ပုဂ္ဂိုလ်တို့အား** - မဟာကုသိုလ် သောမနဿသဟဂုတ်စိတ် ၄-ပါး၊ လောဘမူ သောမနဿစိတ် ၄-ပါး၊ ပေါင်း ၈-ပါး သောစိတ်တို့က၊

**သေက္ခ (အောက်ဖလဋ္ဌာန်) ပုဂ္ဂိုလ်တို့အား** - မဟာကုသိုလ် သောမနဿသဟဂုတ်စိတ် ၄-ပါး၊ လောဘမူ ဒိဋ္ဌိဂတ ဝိပ္ပယုတ် သောမနဿစိတ် ၂-ပါး၊ ပေါင်း ၆-ပါးသော စိတ်တို့က၊

**အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့အား** - ဟသိတုပ္ပါဒ် ၁-ပါး၊ မဟာကြိယာ သောမနဿသဟဂုတ်စိတ် ၄-ပါး၊ ပေါင်း ၅-ပါးသောစိတ်တို့က အသီးသီး ဖန်တီးပေးပါသည်။

---

၃။ အသက်ရှင်နေသော ပုဂ္ဂိုလ်တို့၏ ခန္ဓာကိုယ်နှင့် အသက်မရှိသော ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်တို့ ခြားနားမှု ရှိ၊ မရှိ စိစစ်ပြပါ။

**အသက်ရှင်နေသော ပုဂ္ဂိုလ်တို့၏ ခန္ဓာကိုယ်နှင့် အသက်မရှိသော ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်တို့ ခြားနားမှု ရှိပါသည်။ စိစစ်ပြရသော် -**

| **အသက်ရှင်သောပုဂ္ဂိုလ်** | **အသက်မရှိသောပုဂ္ဂိုလ်** |
|---|---|
| (၁) နာမ်တရား - စိတ်, စေတသိက်များ | (၁) နာမ်တရား - လုံးဝမရှိပါ။ |
| (၂) ရုပ်တရား - အဇ္ဈတ္တသန္တာန်ဖြစ်၍ ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်များ ရှိပါသည်။ ဤသို့အားဖြင့် ခြားနားမှု ရှိပါသည်။ | (၂) ရုပ်တရား - ဗဟိဒ္ဓသန္တာန်ဖြစ်၍ ဥတုဇရုပ်သာ ရှိပါသည်။ |

---

၄။ ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ပုထုဇဉ်လူသားများ သိနိုင်၊ မသိနိုင် ဆွေးနွေးတင်ပြပါ။

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ပုထုဇဉ်လူသားများသည် **အစဉ်လျှောက်၍ သိတတ်သော အနုမာနဉာဏ်အားဖြင့် မှန်းဆ၍** သိနိုင်ကြပါသည်။

**ပုထုဇဉ်လူသားများ နိဗ္ဗာန်ချမ်းသာကို မှန်းဆ၍ သိနိုင်ပုံ**

သင်္ခတတရားလျှင် အာရုံရှိသော, သို့မဟုတ် ပညတ်တရားလျှင် အာရုံရှိသော ဉာဏ်သည် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း, တစ်ဖန်ငြိမ်းစေခြင်းကိစ္စ၌ မစွမ်းနိုင်၊ ဤလောက၌ အရိယာပုဂ္ဂိုလ်တို့သည် မဂ်၊ ဖိုလ်တရားတို့ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း၊ တစ်ဖန်ငြိမ်းစေခြင်းတို့ကို ဆောင်ရွက်နိုင်ကြကုန်၏၊ ထို့ကြောင့် သင်္ခတတရား, ပညတ်တရားတို့မှ ထူးသော (သင်္ခတတရားလည်းမဟုတ်, ပညတ်တရားလည်း မဟုတ်သော) ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း, တစ်ဖန်ငြိမ်းစေခြင်းကို ပြုတတ်ကုန်သော, မဂ်၊ ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်မည်သော တရားတစ်မျိုးသည် ကေန်ရှိ၏ဟု မှန်းဆ၍ သိနိုင်ကြပါသည်။

---

**၁၉၉၃**

၁။ စက္ခုဝိညာဉ်စိတ်သည် စက္ခုပသာဒရုပ်ကို ဖြစ်စေနိုင်ပါသလော အကြောင်းပြဖြေဆို၍၊ မဲ့ပြုံးနှင့် ရွှံ့ပြုံးတို့ကို ဖြစ်စေသော ဇောစိတ်တို့၏ ဝေဒနာကိုလည်း ရေးခဲ့ပါ။

**စက္ခုဝိညာဉ်စိတ်သည် စက္ခုပသာဒရုပ်ကို မဖြစ်စေနိုင်ပါ။** (၁၉၉၁ နံပါတ်-၃)

**မဲ့ပြုံးနှင့် ရွှံ့ပြုံးတို့ကို ဖြစ်စေနိုင်သော ဇောစိတ်တို့၏ ဝေဒနာကို ဖော်ပြရသော် -**

မဲ့ပြုံးနှင့် ရွှံ့ခြင်းတို့သည် အပြုအမူ-ကာယဝိညတ်ရုပ်များပင် ဖြစ်၏၊ ထိုမဲ့-ရွှံ့ခြင်း ကာယဝိညတ်ရုပ်များကို ဖြစ်စေသောဇောမှာ - ဒေါသဇော ဖြစ်ပါသည်၊ သို့သော် မဲ့-ရွှံ့ခြင်း အခိုက်အတန့်၌ မပြုံးနိုင်သေးပါ၊ ထိုမဲ့-ရွှံ့မှုအပေါ် တစ်ဖက်သား မခံမရပ်နိုင် ဖြစ်သွားသည်ကို သိရသောအခါ ကျေနပ်သော **အကုသိုလ် (လောဘမူ) သောမနဿစော ၄-ပါးမှ တစ်ပါးပါး**ဖြင့် ပြုံးမည် ဖြစ်ပါသည်။ ထို့ကြောင့် မဲ့ခြင်း၊ ရွှံ့ခြင်းကို ဖြစ်စေသော စိတ်၏ ဝေဒနာမှာ ဒေါမနဿဝေဒနာဖြစ်ပြီး၊ ပြုံးခြင်းကို ဖြစ်စေသော ဝေဒနာမှာ သောမနဿဝေဒနာ ဖြစ်ပါသည်။

---

http://www.dhammadownload.com



၂။ အသင်၏ လူ့ဘဝအစ ပဋိသန္ဓေကာလတုန်းက ရရှိခဲ့သော ရုပ်တို့ကို သိသာရုံဖော်ပြ၍၊ သန္ဓေသားဘဝအဆင့်ဆင့် ကြီးထွားခဲ့ရပုံကိုလည်း အဘိဓမ္မာနည်းအရ ဖော်ပြပါ။

**အကျွန်ုပ်၏ လူ့ဘဝအစ ပဋိသန္ဓေကာလတုန်းက ရရှိခဲ့သော ရုပ်တို့ကို သိသာရုံဖော်ပြရသော်** – ကာယဒသကကလာပ် ၁–စည်း၊ ဣတ္ထိဘာဝဒသကကလာပ် ၁–စည်း၊ ဝတ္ထုဒသကကလာပ် ၁–စည်း၊ ပေါင်းကမ္မဇကလာပ် ၃–စည်း ကလာပ်စည်း ရုပ်ပေါင်း ၃၀–တို့ ဖြစ်ပါသည်။

**သန္ဓေသားဘဝ အဆင့်ဆင့်ကြီးထွားခဲ့ရပုံကို အဘိဓမ္မာနည်းကျ ဖော်ပြရသော် – ပဋိသန္ဓေတည်ပြီးနောက် ပဝတ္တိအခါ၊**

ပထမသတ္တာဟ၌ – ကလလ ရေကြည်တည်နေ၏။
ဒုတိယသတ္တာဟ၌ – အမြှုပ်ဖြစ်၏။
တတိယသတ္တာဟ၌ – နှီနှီထွေးထွေး သားတစ်ဖြစ်၏။
စတုတ္ထသတ္တာဟ၌ – မာမာခက်ခက် အစိုင်အခဲ သားတစ် ဖြစ်၏။
ပဉ္စမသတ္တာဟ၌ – ခက်မငါးဖြာ၊ ဆံပင်၊ မွေးညှင်းစသည် ဖြစ်၏။
ဆဋ္ဌမသတ္တာဟ၌ – ဖြစ်ပြီးသော ခက်မငါးဖြာ၊ ဆံပင် စသည်တို့ ရင့်ကျက်၏။

**အဋ္ဌကထာအလို** သတ္တမသတ္တာ
**မူလဋီကာအလို** ကောဒသကသတ္တာဟ } ၌ စက္ခုဒသကဖြစ်၏။

ထို့နောက် သတ္တာဟများ၌ သောတ၊ ဃာန၊ ဇိဝှာ ဒသကများဖြစ်ပွားကာ အဆင့်ဆင့် ကြီးထွားခြင်းသို့ ရောက်ပါသည်။

---

၃။ အသင်၏ လူ့ဘဝအဆုံး နောက်ဆုံးထွက်သက်(စုတိစိတ်)နှင့်အတူ ချုပ်ဆုံးပျက်စီးရမည့်ရုပ်တို့ကို သိသာရုံဖော်ပြ၍၊ သဥပါဒိသေသနိဗ္ဗာန်၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

**အကျွန်ုပ်၏ လူ့ဘဝအဆုံး နောက်ဆုံးထွက်သက် (စုတိစိတ်)နှင့်အတူ ချုပ်ဆုံးပျက်စီးရမည့်ရုပ်တို့မှာ** – ကမ္မဇရုပ်များ ဖြစ်ပါသည်။

http://www.dhammadownload.com



**သဥပါဒိသေသနိဗ္ဗာန်၏ အဓိပ္ပါယ်**

ကိလေသာအပေါင်းသာ ကုန်ခမ်း၍ ခန္ဓာငါးပါးမှာမူ ကြွင်းကျန်နေသဖြင့် ညစ်ကြေးသန့်ရှင်းသော ရေစင်ပမာ အာသဝေါအညစ်အကြေးမှ ကင်းစင်သော ခန္ဓာငါးပါး ရှိနေသေးသောကြောင့် သဥပါဒိသေသနိဗ္ဗာန် မည်ပါသည်။

---

**၁၉၉၄**

၁။ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့သည် အဘယ်ကြောင့် ဇီဝိတရုပ်ကို မမှီနိုင်ကြပါသနည်း၊ ဖြေဆို၍ ၎င်းဓာတ်နှစ်ပါးတို့ မှီသောဝတ္ထု၏ တည်နေရာနှင့် အကျယ်အဝန်းတို့ကိုလည်း ဖော်ပြပါ။

ဇီဝိတရုပ်သည် **သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်းဟူသော ကိစ္စတစ်မျိုးနှင့် ယှဉ်နေရသောကြောင့်** မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ထိုဇီဝိတရုပ်ကို မမှီနိုင်ကြခြင်း ဖြစ်ပါသည်။

**၎င်းဓာတ်နှစ်ပါးသည် ဟဒယဝတ္ထုရုပ်ကိုသာ မှီကြပါသည်။**

**ဟဒယဝတ္ထု၏ တည်နေရာ** – နှလုံးသားအတွင်း၌ တည်နေပါသည်။

**ဟဒယဝတ္ထု၏ အကျယ်အဝန်း** – ပုန်းညက်စေ့လောက် ပမာဏရှိသော တွင်းငယ်အကျယ်၌ တစ်လက်ဆွမ်းခွဲမျှလောက်သော သွေးကိုမှီလျက် တည်ရှိပါသည်။

---

၂။ ရုပ်တရားများသည် အာရုံကို မယူတတ်ပါဘဲလျက် အဘယ်ကြောင့် ပသာဒရုပ်ငါးပါးကို အာရုံကို ယူတတ်သော ဂေါစရဂ္ဂါဟိကရုပ်ဟု ဆိုပါသနည်း၊ မဆန့်ကျင်အောင် ရှင်းပြပါ။

ရုပ်တရားများသည် အာရုံကိုမယူတတ်=အနာရမ္မဏဟု ဆိုခြင်းသည် မုချတိုက်ရိုက် ဆိုခြင်း ဖြစ်ပါသည်။

တစ်ဖန် ပသာဒရုပ် ၅–ပါး ရုပ်တရားသည် အာရုံကို ယူတတ်သော ဂေါစရဂ္ဂါ ရုပ်ဟု ဆိုခြင်းမှာ– ဥပစာနည်းအားဖြင့် တင်စား၍ ဆိုထားခြင်းသာ ဖြစ်ပါသည်။

http://www.dhammadownload.com



အမှန်မှာ ပသာဒရုပ် ၅-ပါးသည် အာရုံကို မယူတတ်ပါ၊ ပသာဒရုပ် ၅-ပါး အပေါ် မှီတည်နေသော ပဉ္စဝိညာဉ်တို့၏ အာရုံယူတတ်သည်၏အဖြစ်ကို ၎င်း၏မှီရာ ဌာနဖြစ်သော ပသာဒရုပ်များအပေါ် တင်စား၍ ဆိုထားခြင်းသာ ဖြစ်ပါသည်။ (ပသာဒရုပ် ၅-ပါးသည် အာရုံကို လက်ခံနိုင်ခြင်းသာ ဖြစ်ပါသည်။)

တင်စားဆိုထားသော အရာဖြစ်၍ အဆိုနှစ်ရပ် မဆန့်ကျင်ပါ။

---

၃။ လူတစ်ယောက် အမှန်တကယ် သေ-မသေ သိနိုင်ရန် မည်သည့်အရာဖြင့် တိုင်းတာဆုံးဖြတ်မည်နည်း၊ ဒေသနာတော်နည်းအရ ဖြေဆိုပါ။

**လူတစ်ယောက် အမှန်တကယ် သေ-မသေ သိနိုင်ရန် တိုင်းတာဆုံးဖြတ်ရမည့် အချက်တို့ကို ဒေသနာတော်နည်းအရ ဖြေဆိုရသော် -**

"အကြင်အခါ၌ ဇီဝိတိန္ဒြေလည်းကောင်း၊ ကမ္မဇတေဇောဖြစ်သော အငွေ့ဓာတ်လည်းကောင်း၊ ဝိပါက်ဖြစ်သော ဝိညာဏ်လည်းကောင်း ဤသုံးပါးသော တရားတို့သည် ဤရူပကာယကို စွန့်ကုန်၏၊ ထိုအခါ၌ အကျိုးမရှိသော ထင်းတုံးကို စွန့်ပစ်သကဲ့သို့ အကျိုးမရှိသော ဤရုပ်ကလာပ်ကို စွန့်ပစ်အပ်၏" ဟု ဒေသနာတော် လာရှိသဖြင့် လူတစ်ယောက်၌ -

(၁) **ဇီဝိတိန္ဒြေ** = ရုပ်ဇီဝိတ + နာမ်ဇီဝိတ

(၂) **ကမ္မဇတေဇော** = ကိုယ်ငွေ့ဓာတ်

(၃) **ဝိပါက်ဝိညာဉ်** = ဘဝင်စိတ် (စုတိစိတ်)ကို တစ်ပြိုင်နက်တည်း ချုပ်လျှင် အမှန်တကယ် သေသည်ဟု ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

---

**၁၉၉၅**

၁။ စက္ခုစသောရုပ်တို့ကို "ရူပရုပ်"ဟု အမည်ပေးခြင်း၏ ရည်ရွယ်ချက်ကို ဥပမာဖြင့် ဖြေဆို၍၊ ဣန္ဒြိယရုပ်တို့၏ အစိုးရပုံကို ပြဆိုပါ။

http://www.dhammadownload.com



**စက္ခုစသောရုပ်တို့ကို "ရူပရုပ်"ဟု အမည်ပေးခြင်း၏ ရည်ရွယ်ချက်ကို ဥပမာဖြင့် ပြဆိုရသော်** – ဖောက်ပြန်သောသဘောသည် "ရုပ်"မည်၏။ ထိုဖောက်ပြန်ခြင်း သဘောနှင့် ယှဉ်သည်သာလျှင် ဖြစ်သော စက္ခုစသော ရုပ်တို့သည် "ရူပရုပ်"မည်၏။

ဥပမာ – ညိုသောအဆင်းရှိပြီးသော ကြာကို နီလုပ္ပလ် – ကြာညိုဟု အထူးတပ်ကာ ခေါ်သကဲ့သို့ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်အစစ်ဖြစ်သောကြောင့် စက္ခုစသောရုပ်တို့ကို "ရူပရုပ်"ဟု အထူးတပ်ကာ ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

(တစ်နည်း)

"ရူပ"သဒ္ဒါသည် ဖောက်ပြန်ခြင်းသဘော အစစ်မဟုတ်သော အနိပ္ဖန္နရုပ် (၁၀) ပါး၌လည်း ဖြစ်သေးသောကြောင့် ဖောက်ပြန်ခြင်းသဘော အစစ်ဖြစ်သော စက္ခုစသောရုပ် (နိပ္ဖန္နရုပ် ၁၈–ပါး)တို့ကို အခြား "ရူပ"သဒ္ဒါတစ်ခုဖြင့် အထူးပြု၍ "ရူပရုပ်" ဟု ဆိုရခြင်း ဖြစ်ပါသည်။

ဥပမာ – အစစ်အမှန်ဒုက္ခကို "ဒုက္ခဒုက္ခ"ဟု ဆိုအပ်သကဲ့သို့ပင်တည်း။

**ဣန္ဒြိယရုပ် ၈–ပါးတို့၏ အစိုးရပုံမှာ**

| | | | |
|---|---|---|---|
| (၁) | စက္ခုပသာဒရုပ်သည် | – | စက္ခုဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။ |
| (၂) | သောတပသာဒရုပ်သည် | – | သောတဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။ |
| (၃) | ဃာနပသာဒရုပ်သည် | – | ဃာနဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။ |
| (၄) | ဇိဝှာပသာဒရုပ်သည် | – | ဇိဝှာဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။ |
| (၅) | ကာယပသာဒရုပ်သည် | – | ကာယဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။ |
| (၆) | ဣတ္ထိဘာဝရုပ်သည် | – | ဣတ္ထိလိင် အစရှိသည်ကို အစိုးရ၏။ |
| (၇) | ပုမ္ဘာဝရုပ်သည် | – | ပုရိသလိင် အစရှိသည်ကို အစိုးရ၏။ |
| (၈) | ဇီဝိတရုပ်သည် | – | မိမိနှင့် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို အစိုးရ၏။ |

---

http://www.dhammadownload.com



၂။ ဇာတိရုပ်တစ်ခုတည်းကိုပင် "ဥပစယ၊ သန္တတိ"ဟု နှစ်ပါးခွဲခြားဟောကြားရခြင်း အကြောင်းကို ရေးသား၍၊ (က) ကာမဘုံ (ခ) ရူပဘုံတို့၌ ရရှိနိုင်သော စတုသမုဋ္ဌာနိက ရုပ်တို့ကို ခွဲခြားဖော်ပြပါ။

ဇာတိရုပ်တစ်ခုတည်းကိုပင် "ဥပစယ၊ သန္တတိ"ဟု နှစ်ပါးခွဲ ဟောကြားရခြင်းမှာ -

(၁) နိပ္ဖန္နရုပ်တို့၏ တစ်ဘဝ၌ ရှေးဦးအစ ပထမဖြစ်ခြင်း၊ အထက်အထက်၌ ဖြစ်ခြင်း ဟု ဆိုအပ်သော ဖြစ်ပုံအခြင်းအရာ ကွဲပြားသောကြောင့်လည်းကောင်း၊

(၂) ဝေနေယျသတ္တဝါတို့၏ အလိုဆန္ဒအားလျော်စွာလည်းကောင်း၊

နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်းသဘောရှိသော ဇာတိရုပ်တစ်ခုတည်းကို "ဥပစယ၊ သန္တတိ"ဟု နှစ်ပါးခွဲ၍ ဘုရားရှင်ဟောတော်မူခြင်း ဖြစ်ပါသည်။

(က) **ကာမဘုံ၌ ရနိုင်သော စတုသမုဋ္ဌာနိကရုပ်တို့မှာ** - လက္ခဏာရုပ် ၄-ပါးကြဉ်သော ကျန် ၂၄-ပါးသော စတုသမုဋ္ဌာနိကရုပ်များ (ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်) ဖြစ်ပါသည်။

(ခ) **ရူပဘုံ၌ ရနိုင်သော စတုသမုဋ္ဌာနိကရုပ်တို့မှာ** -

**အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌** - လက္ခဏာရုပ် ၄-ပါး၊ ဃာန, ဇိဝှာ, ကာယပသာဒရုပ် ၃-ပါး၊ ဘာဝရုပ် ၂-ပါး၊ ပေါင်း ၉-ပါး ကြဉ်သော ၁၉-ပါး (ကမ္မဇ, စိတ္တဇ, ဥတုဇရုပ်)များ ဖြစ်ပါသည်။

**အသညသတ်ဘုံ၌** - လက္ခဏာရုပ် ၄-ပါး၊ ဇီဝိတကြဉ်ကမ္မဇကောန် ၈-ပါး၊ သဒ္ဒရုပ် ၁၊ ဝိညတ်ရုပ် ၂-ပါး၊ ပေါင်း ၁၅-ပါး ကြဉ်၊ ကျန် ရုပ် ၁၃-ပါး (ကမ္မဇ, ဥတုဇရုပ်) ဖြစ်ပါသည်။

မှတ်ချက်။ ။ ရူပဘုံ၌ စတုသမုဋ္ဌာနိကရုပ် မရှိပါ၊ အာဟာရဇရုပ် မရှိသောကြောင့်တည်း။

---

၃။ လူ့ခန္ဓာ၌ သေဆုံးပြီးမှ ချုပ်သော ရုပ်တို့ကို ချုပ်ဆုံးသည့် အချိန်ကာလနှင့်အတူ ဖော်ပြ၍၊ "စုတေသွားသော ဗြဟ္မာကြီး၏ ဦးခေါင်းကို နတ်သမီးများက အလှည့်ကျ

http://www.dhammadownload.com



ကိုင်ဆောင်ထားရသည်"ဟု သကြိန်စာ၌ ရေးသားထားရာ ယင်းစကားရပ်သည် မှန်ကန်ပါသလော၊ ယုတ္တိပြ၍ ဖြေဆိုပါ။

**လူ့ခန္ဓာ၌ သေဆုံးပြီးမှ ချုပ်သောရုပ်တို့ကို ချုပ်ဆုံးသည့် အချိန်ကာလနှင့်တကွ ဖော်ပြရသော် –**

(၁) **စိတ္တဇရုပ်** – စုတိစိတ် ချုပ်ပြီးနောက် စိတ္တက္ခဏ ၁၆–ချက်၊ (ခဏငယ် ၄၈–ချက်) ကြာမှ ချုပ်၏။

(၂) **အာဟာရဇရုပ်** – စုတိစိတ်ချုပ်ပြီးနောက် စိတ္တက္ခဏ ၁၆–ချက်နှင့် ခဏငယ် ၂–ချက် (ဝါ) ခဏငယ် ၅၀ ကြာမှ ချုပ်၏။

(၃) **ဥတုဇရုပ်** – စုတေပြီးနောက် လူသေကောင်သန္တာန်မှာ ပါသွား၍ သုသာန်တစ သင်္ချိုင်းဝကျအောင် မကုန်မဆုံး မပျက်ပြုန်း သေးဘဲ ရုပ်ကလာပ်ရုပ်ကြွင်းရှိသမျှ ကာလပတ်လုံး ဖြစ်သေး၏။ (ဝါ) ကမ္ဘာပျက်သည်ထိ ဖြစ်နိုင်၍ ကမ္ဘာ ပျက်မှသာ ဥတုဇရုပ်များ ချုပ်မည် ဖြစ်ပါသည်။

**"စုတေသွားသော ဗြဟ္မာကြီး၏ ဦးခေါင်းကို နတ်သမီးများက အလှည့်ကျ ကိုင်ဆောင် ထားရသည်"ဟု သကြိန်စာ၌ ရေးသားထားရာ ယင်းစကားရပ်သည် မှန်ကန်မှု မရှိပါ။**

ယုတ္တိပြရသော် – ရူပပဝတ္တိက္ကမ၌ စုတေသောကာလတွင် ဗြဟ္မာတို့၏ ကိုယ်ကို ပစ်ချခြင်း မရှိသောကြောင့် အသညသတ်မှ တစ်ပါးသော ရူပဗြဟ္မာတို့အား ကံ, စိတ်, ဥတုကြောင့်ဖြစ်သော ရုပ်တို့သည်လည်းကောင်း၊ အသညသတ် ဗြဟ္မာတို့အား ကံ, ဥတုကြောင့်ဖြစ်သော ရုပ်တို့သည်လည်းကောင်း၊ စုတိစိတ်နှင့် အတူတကွသာလျှင် ချုပ်ဆုံးကြကုန်၏၊ အသေကောင် မကျန်တော့ကြောင်း ဋီကာဆရာ ဖော်ပြထားသော ကြောင့် ဖြစ်ပါသည်။

---

**၁၉၉၆**

၁။ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့၍ တည်သောရုပ်များကား အဘယ်ပါနည်း၊ ရေတွက်ပြ၍ "လဟုတာ, မုဒုတာ, ကမ္မညတာ"ရုပ်တို့၏ လက္ခဏာများကို ဥပမာဖြင့် ထင်ရှားအောင် ပြဆိုပါ။

http://www.dhammadownload.com



**ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့၍ တည်သောရုပ်များမှာ –**

(၁) ကာယပသာဒရုပ်
(၂) ဇီဝိတရုပ်
(၃) ဘာဝရုပ် ၂–ပါး (ဣတ္ထိဘာဝ၊ ပုမ္ဘာဝရုပ်)
(၄) အာပေါဓာတ်လွှမ်းကဲသော သုက်, သွေး, သည်းခြေ တို့ဖြစ်ပါသည်။

**"လဟုတာ၊ မုဒိတာ၊ ကမ္မညတာ" ရုပ်တို့၏ လက္ခဏာများ**

**ရူပဿလဟုတာ** – ရောဂါမရှိသူ(ကျန်းမာသူ)၏ကိုယ်သည် မလေးလံ မထိုင်းမှိုင်းဘဲ ပေါ့ပေါ့ပါးပါး ရှိသကဲ့သို့, တိဇနိပ္ဖန္နရုပ်တို့၏ မလေးလံမထိုင်းမှိုင်းဘဲ ပေါ့ပါးခြင်း လက္ခဏာ ရှိပါသည်။

**ရူပဿမုဒုတာ** – ကောင်းစွာထက်၍ ညက်စွာနယ်ပြီးသော သားရေ၏ နူးညံ့သည့် အဖြစ်ကဲ့သို့, တိဇနိပ္ဖန္နရုပ်တို့၏ မခက်မာ မကြမ်းတမ်းခြင်း၊ နူးညံ့ခြင်းလက္ခဏာ ရှိပါသည်။

**ရူပဿကမ္မညတာ** – ဦးသစ်စဖြစ်သော ရွှေ၏ တန်ဆာအထူးကို ပြုခြင်းငှာ လျောက်ပတ်သည့်အဖြစ်ကဲ့သို့, တိဇနိပ္ဖန္နရုပ်တို့၏ ကိုယ်ဖြင့်ပြုအပ်သော အမှုအရာ ကြိယာတို့အား လိုက်လျော, ကောင်းမွန်သည်အဖြစ်, ခံ့သည်၏အဖြစ်လျှင် လက္ခဏာ ရှိပါသည်။

---

၂။ "စိတ်ရင်းဖြူစင်လျှင် ရုပ်ဆင်းလှပ၏"ဟူသော စကားသည် မှန်ကန်ပါသလော၊ အဘိဓမ္မာအမြင်ဖြင့် ဖြေဆိုပြီး၊ (က) ကလလရေကြည်၏ ပမာဏနှင့် (ခ) ပဝတ္တိကာလတို့ကို ပိုင်းခြားပြပါ။

**"စိတ်ရင်းဖြူစင်လျှင် ရုပ်ဆင်းလှပ၏"ဟူသော စကားသည် မှန်ကန်ပါသည်၊ အဘိဓမ္မာ အမြင်ဖြင့် ဖြေဆိုရသော်** – ရူပသမုဋ္ဌာနအရ,

အဆင်းရုပ်(ဝဏ္ဏ)သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄–ပါး လုံးကြောင့် ဖြစ်နိုင်သည့် စတုဇရုပ်ဖြစ်သဖြင့် စိတ်ဟူသော အကြောင်းတရားကြောင့် အဆင်း(ဝဏ္ဏ)ရုပ် ဖြစ်နိုင်၍ "စိတ်ရင်းဖြူစင်လျှင် ရုပ်ဆင်းလှပနိုင်မည်" ဖြစ်ပါသည်။

http://www.dhammadownload.com



(က) **ကလလရေကြည်၏ ပမာဏမှာ** –

ယခုဖွား စ သိုးငယ် (သို့မဟုတ်) ဟိမဝန္တာတောတွင်း ဇာတိမည်သော သားကောင်၏ အမွေးတစ်ချောင်းကိုယူ၍ အလွန်သန့်စင်အောင် ချက်ထားသော ဆီအတွင်းနှစ်၍ ဆယ်ယူသောအခါ အမွေးအဖျား၌ ငြိကပ်နေသော ဆီပေါက် ပမာဏ ရှိပါသည်။

( ခ ) **ပဝတ္တိကာလကို ပိုင်းခြားပြရသော်** –

ပဋိသန္ဓေအခါမှနောက် ပထမဘဝင်မှစ၍ အမိဝမ်းတွင်း၌ တည်နေသမျှ ကာလသည် "ပဝတ္တိကာလ" မည်၏။

(မှတ်ချက်–ဂဗ္ဘသေယျကသတ္တဝါတို့အတွက် အမိဝမ်း၌ တည်နေခိုက် သတ်မှတ်သော ကာလ ဖြစ်၏။

---

၃။ ရုပ်ဖြစ်ကြောင်းတရား ၄–ပါးကို သက်ဆိုင်ရာဘုံနှင့် သင့်လျော်အောင် ယှဉ်တွဲပြဆို၍၊ ပဘာဝတီမင်းသမီးသည် တိုက်ခန်းအတွင်း မီးမထွန်းဘဲ လင်းနိုင်ပုံကို အဘိဓမ္မာနည်းဖြင့် ကြောင်း,ကျိုး ဆက်စပ်ဝေဖန်ပြပါ။

**ရုပ်ဖြစ်ကြောင်းတရား ၄–ပါးကို သက်ဆိုင်ရာဘုံနှင့် ယှဉ်တွဲပြဆိုရသော်** –

| ဘုံ | ရုပ်ဖြစ်ကြောင်းတရား |
|---|---|
| ၁။ ကာမဘုံ | – ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄–ပါး |
| ၂။ အသညသတ်ကြဉ်သော ရူပ၁၅–ဘုံ | – ကံ, စိတ်, ဥတု အကြောင်းတရား ၃–ပါး |
| ၃။ အသညသတ်ဘုံ | – ကံ, ဥတု အကြောင်းတရား ၂–ပါး |

**ပဘာဝတီမင်းသမီးသည် တိုက်ခန်းအတွင်း မီးမထွန်းဘဲ လင်းနိုင်ပုံကို အဘိဓမ္မာနည်းဖြင့် ကြောင်းကျိုးဆက်စပ် ဝေဖန်ပြရသော်** –

အလင်း (ဝဏ္ဏ)ရုပ်ဟူသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄–ပါးလုံးကြောင့် ဖြစ်နိုင်၍ ပဘာဝတီမင်းသမီး တိုက်ခန်းအတွင်း မီးမထွန်းဘဲ

http://www.dhammadownload.com



လင်းနိုင်ခြင်းသည် ကောင်းမှုကံတည်းဟူသော အကြောင်းတရားကြောင့်ဖြစ်သော ဝဏ္ဏရုပ်ကြောင့်ပင် ဖြစ်ပါသည်။

---

**၁၉၉၇**

၁။ လူ့ခန္ဓာ၌ စက္ခုပသာဒတည်ရှိနေပုံကို ညွှန်ပြ၍၊ "ဘယ်သူခွဲခွဲ တို့မကွဲ" ဟု ဆိုရလောက်အောင် အမြဲစည်းလုံးညီညွတ်နေသောရုပ်များကို ကလာပ်ဖွဲ့ပြပါ။

**လူ့ခန္ဓာ၌ စက္ခုပသာဒတည်ရှိနေပုံ**

မျက်နက်ဝန်းအလယ်, သန်းဦးခေါင်းပမာဏရှိသော, ရှေ့၌ရပ်သောသူ၏ ကိုယ်သဏ္ဌာန်ပုံရိပ်ပေါ်ရာအရပ်၊ ဝွမ်းလွှာ ၇-ထပ်တွင် လောင်းအပ်သောဆီသည် ပျံ့နှံ့၍ တည်သကဲ့သို့ မျက်လွှာ ၇-ထပ်လုံး၌ ပျံ့နှံ့၍ တည်ရှိပါသည်။

**"ဘယ်သူခွဲခွဲ တို့မကွဲ" ဟု ဆိုရလောက်အောင် အမြဲစည်းလုံးညီညွတ်နေသော ရုပ်များမှာ** – မဟာဘုတ်ရုပ် ၄-ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ ဟူသော အဝိနိဗ္ဘောဂရုပ် ၈-ပါး ဖြစ်ပါသည်။

၎င်း အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄-ပါးလုံးကြောင့် ဖြစ်နိုင်သောရုပ်များဖြစ်၍ ရုပ်ကလာပ်ဖွဲ့သော် –

**စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈-ပါး** = စိတ္တဇသုဒ္ဓဋ္ဌက ကလာပ်
**ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈-ပါး** = ဥတုဇသုဒ္ဓဋ္ဌက ကလာပ်
**အာဟာရကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈-ပါး** = အာဟာရဇသုဒ္ဓဋ္ဌက ကလာပ်
ဟူ၍ ကလာပ်ဖွဲ့ရပါသည်။

**ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈-ပါး**ကိုမူ ဇီဝိတရုပ်ပါ ထည့်သွင်းပြီး အနည်းဆုံး ဇီဝိတနဝကကလာပ်အဖြစ်ဖြင့် ဖွဲ့စည်းရပါသည်။

---

၂။ ရယ်ရွှင်ရာ၌ ပုဂ္ဂိုလ်အလိုက် ဖြစ်ထိုက်သောစိတ်များကို ခွဲခြားပြဆို၍၊ "အသက်သည် သွေး၊ သွေးသည် အသက်" ဟု ပြောဆိုကြရာ ပုလင်းအတွင်းရှိ သွေးထဲတွင် အသက် ရှိပါသလော၊ ဆန်းစစ်ဝေဖန်ပြပါ။

http://www.dhammadownload.com



**ရယ်ရွှင်ရာ၌ ပုဂ္ဂိုလ်အလိုက် ဖြစ်ထိုက်သောစိတ်များ** (၁၉၉၂ နံပါတ်-၂)

**ပုလင်းအတွင်းရှိ သွေးထဲတွင် အသက်မရှိပါ၊ ဆန်းစစ်ပြရသော် -**

အသက်ရုပ်ဟူသည် ဇီဝိတရုပ်ကို ဆိုလို၏၊ ဇီဝိတရုပ်သည် ကမ္မဇကောန်ရုပ်ဖြစ်၏၊ ပုလင်းအတွင်းရှိ သွေးသည် ဗဟိဒ္ဓသန္တာန်ဖြစ်၍ ဥတုဇရုပ်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ + သဒ္ဒရုပ် ၁၊ ပေါင်း ၉-ပါးသာ ရနိုင်၏၊ ဇီဝိတရုပ် မရနိုင်၍ ပုလင်းအတွင်းရှိ သွေးထဲတွင် အသက်မရှိနိုင်ပါ။

---

၃။ ကြာပန်း၌ သန္ဓေယူသော ပဒုမဝတီ၏ ပဋိသန္ဓေအခါဝယ် ရနိုင်သော ပရမတ္ထတရားများကို (၂)နည်းဖော်ပြ၍၊ နိဗ္ဗာန်ကို အာရုံပြုရာ၌ ပုထုဇဉ်နှင့် အရိယာတို့ ကွဲပြားခြားနားပုံကို ရေးသားပါ။

**ကြာပန်း၌ သန္ဓေယူသော ပဒုမဝတီ၏ ပဋိသန္ဓေအခါဝယ် ရနိုင်သော ပရမတ္ထတရားများကို (၂)နည်း ဖော်ပြရသော်** - ပဋိသန္ဓေ စိတ်စေတသိက် နာမက္ခန္ဓာ ၄-ပါးနှင့်တကွ သံသေဒဇပဋိသန္ဓေဖြစ်၍ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဣတ္ထိဘာဝ၊ ဝတ္ထု ကမ္မဇကလာပ် (၇)စည်းတို့ကို ဥက္ကဋ္ဌနည်းအရ ရနိုင်ပါသည်။

သုဂတိသံသေဒဇပုဂ္ဂိုလ်ဖြစ်၍ "စက္ခု၊ သောတ၊ ဃာန" ဒသကများ ချို့နိုင်သောကြောင့် ဩမကနည်းအရ အယုတ်အလျော့အားဖြင့် ချို့သောဒသကမှ ကြွင်းသော ရုပ်ကလာပ်စည်းများကိုသာ ရပါမည်။

**နိဗ္ဗာန်ကို အာရုံပြုရာ၌ ပုထုဇဉ်နှင့် အရိယာတို့ ကွဲပြားခြားနားပုံ**

နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ် ၄-ပါးဖြင့် မျက်မှောက်ထင်ရှားရှိသော အာရုံအဖြစ်ဖြင့် အာရုံပြုနိုင်ကြ၍ ပုထုဇဉ်တို့မှာမူ အစဉ်လျှောက်၍ သိတတ်သော အနုမာနဉာဏ်အားဖြင့်သာ မှန်းဆ၍ အာရုံပြုနိုင်ကြ၏။

**နိဗ္ဗာန်ကို ပုထုဇဉ်တို့ မှန်းဆအာရုံပြုပုံ** (၁၉၉၂ နံပါတ်-၄)

---

http://www.dhammadownload.com



**၁၉၉၈**

၁။ ဟဒယဝတ္ထု တည်ရှိနေပုံကို ဖော်ပြ၍၊ "စိတ်ပျိုကိုယ်နု၊ စိတ်ထောင်းကိုယ်ကြေ" ဟူသော စကားသည် အဘိဓမ္မာနည်းအရ မှန်ကန်မှု ရှိ-မရှိ စိစစ်ဝေဖန်ပါ။

**ဟဒယဝတ္ထု တည်ရှိနေပုံမှာ –**

နှလုံးသားအတွင်း ပုန်းညက်စေ့လောက် ပမာဏရှိသော တွင်းငယ်၌တည်သော တစ်လက်ဆွမ်းခွဲမျှလောက်သော သွေးကိုမှီ၍ တည်ရှိပါသည်။

**"စိတ်ပျိုကိုယ်နု၊ စိတ်ထောင်းကိုယ်ကြေ" ဟူသော စကားသည် အဘိဓမ္မာနည်းအရ မှန်ကန်မှုရှိပါသည်။ စိစစ်ပြရသော်** – ရူပသမုဋ္ဌာနအရ, ရုပ်ဖြစ်ကြောင်းတရားသည် ကံ, စိတ်, ဥတု, အာဟာရဟူ၍ ၄-ပါးရှိသဖြင့် "စိတ်"သည် ကိုယ် (ရူပကာယ)ကို ဖန်တီးစီရင်နိုင်သောကြောင့်လည်းကောင်း၊ ကိုယ်ခန္ဓာ နုးနုးညံ့ညံ့ရှိမှု ကာယမုဒုတာ အပါအဝင် လဟုတာဒိရုပ် ၃-ပါးတို့သည်လည်း စိတ်၊ ဥတု၊ အာဟာရအကြောင်း ၃-ပါးကြောင့် ဖြစ်နိုင်ကြောင်း ဆိုထားသဖြင့် စိတ်အကြောင်းတရား ပါဝင်နေခြင်း ကြောင့်လည်းကောင်း "စိတ်ပျိုကိုယ်နု၊ စိတ်ထောင်းကိုယ်ကြေ" ဖြစ်နိုင်ကြောင်း ထင်ရှားပါသည်။

---

၂။ ဥပစယနှင့် သန္တတိရုပ်တို့၏ ထူးခြားမှုကို နှိုင်းယှဉ်ပြ၍၊ လူနှင့်နတ်တို့ ဥတုဇရုပ် ချုပ်ပုံ တူညီပါသလော၊ ရှင်းပြပါ။

**ဥပစယနှင့် သန္တတိရုပ်တို့၏ ထူးခြားမှုကို နှိုင်းယှဉ်ပြရသော် –**

| ဥပစယ | သန္တတိ |
| --- | --- |
| – တစ်ဘဝ၌ နိပ္ဖန္နရုပ်တို့၏ ရှေးဦးစွာဖြစ်ခြင်း, ပြည့်စုံသည့်တိုင်အောင် တိုးတက်၍ဖြစ်ခြင်းသည် "ဥပစယ" မည်၏။ (တစ်နည်း) | – တစ်ဘဝအတွက် ရထိုက်သမျှ နိပ္ဖန္နရုပ်တို့ ပြည့်စုံပြီးနောက် ဆက်စပ်၍ အထပ်ထပ်ဖြစ်ခြင်းသည် "သန္တတိ" မည်၏။ (တစ်နည်း) |

http://www.dhammadownload.com



– ပဋိသန္ဓေမှစ၍ စက္ခုအစရှိသော ဒသကတို့ ဖြစ်သည့်တိုင်အောင် ဤအတွင်း၌ ရုပ်တို့၏ဖြစ်ခြင်းသည် "ဥပစယ" မည်၏။

ဥပမာ – မြစ်ကမ်းပါး၌ လက်ယက်တွင်း တူးရာ ပထမရေထွက်ခြင်းသည်လည်းကောင်း၊ တစ်တွင်းလုံး ရေပြည့်အောင် အထက်ထက်၌ တိုးတက်၍ ထွက်လာခြင်းသည်လည်းကောင်း၊ "ဥပစယ"နှင့် တူ၏။

– ထို စက္ခုအစရှိသော ဒသကတို့ဖြစ်ရာ အခါမှ နောက်၌ ရုပ်တို့၏ဖြစ်ခြင်းသည် "သန္တတိ" မည်၏။

ဥပမာ – ရေပြည့်ပြီးနောက် တွင်းကို လျှံ၍ ရေများစီးသွားခြင်းသည် "သန္တတိ" နှင့် တူလေသည်။

ဤသို့အားဖြင့် ဥပစယနှင့် သန္တတိရုပ်တို့၏ ထူးခြားမှုကို နှိုင်းယှဉ်နိုင်ပါသည်။

**လူနှင့် နတ်တို့၏ ဥတုဇရုပ်ချုပ်ပုံ တူညီမှုမရှိပါ။**

**လူတို့၏ ဥတုဇရုပ်သည်** – လူသေကောင်သန္တာန်မှာ ပါသွား၍ သုသာန်တစ်သချိုင်းဝကျအောင် မကုန်မဆုံး မပျက်ပြုန်းသေးဘဲ ရုပ်ကလာပ် ရုပ်ကြွင်းရှိသမျှ ကာလပတ်လုံး ဖြစ်နိုင်၏။ (ဝါ) ကမ္ဘာပျက်သည့်တိုင်အောင် ဖြစ်နိုင်၍ ကမ္ဘာပျက်မှ ဥတုဇရုပ်များ ချုပ်ကြပါသည်။

**နတ်တို့၏ ဥတုဇရုပ်** – ဥပပါတ်သတ္တဝါများ စုတေက ခန္ဓာကြွင်းမကျန်သောကြောင့် နတ်တို့၏ ဥတုဇရုပ်သည် စုတိစိတ်နှင့်အတူ တစ်ပြိုင်နက် ချုပ်ပါသည်။

ဤသို့အားဖြင့် လူနှင့်နတ်တို့၏ ဥတုဇရုပ်ချုပ်ပုံ ကွဲပြားပါသည်။

---

၃။ အာဟာရဇရုပ် စတင်ဖြစ်ပေါ်လာပုံကို စုံလင်စွာရေးသား၍၊ ဗြဟ္မာတို့၌ အဘယ့်ကြောင့် ဘာဝရုပ်မရှိသနည်း၊ ဖြေဆိုပါ။

**အာဟာရဇရုပ် စတင်ဖြစ်ပေါ်လာပုံ** – အာဟာရဇရုပ်သည်

– **ဂဗ္ဘသေယျက သတ္တဝါတို့အား** တစ်သတ္တာဟ, နှစ်သတ္တာဟ လွန်၍ အမိမျိုသော

http://www.dhammadownload.com



အစာအာဟာရမှဖြစ်သောဩဇာ၏ ကိုယ်ခန္ဓာအတွင်း ပျံ့နှံ့သောအခါမှစ၍ ဖြစ်ကုန်၏။

– **သံသေဒဇ, ဥပပါတ်သတ္တဝါတို့အား** မျိုအပ်သော မိမိတံတွေးသလိပ်နှင့် အာဟာရမှဖြစ်သောဩဇာ၏ ကိုယ်ခန္ဓာအတွင်း၌ ပျံ့နှံ့သောအခါမှစ၍ ဖြစ်ကုန်၏။

**ဗြဟ္မာတို့၌ ဘာဝရုပ်မရှိခြင်းအကြောင်းမှာ** – ဘာဝရုပ် ၂–ပါးသည် အားကြီးထူထဲသော ကာမဂုဏ်တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာရ၏၊ ဗြဟ္မာတို့မှာ အားကြီးထူထဲသော ကာမဂုဏ်အကြောင်း မရှိသောကြောင့် ဘာဝရုပ်၂–ပါး မရှိခြင်း ဖြစ်ပါသည်။

---

**၁၉၉၉**

၁။ အမျိုးသား၏ ဦးခေါင်းပိုင်း၌ ပါဝင်သောရုပ်များကို ရေတွက်ပြ၍ "ဦးနှောက်ကောင်းလျှင် ဉာဏ်ထက်မြက်သည်"ဟု ပြောဆိုကြရာ ဉာဏ်သည် ဦးနှောက်နှင့် ဆက်သွယ်မှု ရှိပါသလော၊ အဘိဓမ္မာ သုံးသပ်လျက် ဆုံးဖြတ်ချက် ချခဲ့ပါ။

**အမျိုးသား၏ ဦးခေါင်းပိုင်း၌ ပါဝင်သောရုပ်များ**

ဟဒယဝတ္ထုရုပ်နှင့် ဣတ္ထိဘာဝရုပ်မှလွဲ၍ ကျန်သောရုပ် ၂၆–ပါးလုံး ရနိုင်၏။

**ဉာဏ်သည် ဦးနှောက်နှင့် ဆက်သွယ်မှုမရှိပါ။**

စိတ်, စေတသိက်, နာမ်တရားတို့သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်၊ ဆိုင်ရာဝတ္ထုရုပ် ၆–ပါးကို မှီ၍ ဖြစ်ကြရာ၊ ဉာဏ်သည် တိဟိတ်စိတ် ၄၇–ပါးနှင့် ယှဉ်ပြီး၊ ဟဒယဝတ္ထုရုပ်ကို မှီ၏၊ ဦးနှောက်ကို မှီသည် မဟုတ်ချေ၊ ထို့ကြောင့် ဉာဏ်သည် ဦးနှောက်နှင့် ဆက်သွယ်မှု မရှိပါ။

---

၂။ သိပ္ပံနည်းဖြင့် ရေကို ဓာတ်ခွဲလျှင် ဓာတ်နှစ်မျိုးသာရှိသည်ဟု ဆိုကြရာ အဘိဓမ္မာနည်းဖြင့် ခွဲခြားရေတွက်လျှင် ဓာတ်မည်မျှရှိသနည်း၊ စိစစ်ဝေဖန်၍ ငရဲသား၏ ပဋိသန္ဓေအခါ ဖြစ်နိုင်သော ရုပ်နာမ်များကို ဖော်ပြပါ။

http://www.dhammadownload.com



**အဘိဓမ္မာနည်းဖြင့် ရေကို ဓာတ်ခွဲလျှင်** –

ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်နှင့် ဓမ္မဓာတ်ဟူ၍ ဓာတ် ၅–ပါး ရပါသည်။

**ရေသွား၏ ပဋိသန္ဓေအခါ ဖြစ်နိုင်သော ရုပ်နာမ်**

**နာမ်** – အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့် ယှဉ်ဘက်စေတသိက်များ

**ရုပ်** – ကမ္မဇကလာပ် ၇–စည်းဖြစ်သော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဘာဝ၊ ဝတ္ထုဒသက ကလာပ်စည်းများ

---

၃။ ပုထုဇဉ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်ပါသလော၊ ရှင်းလင်းဖြေဆို၍ (က) သဉပါဒိသေသ နိဗ္ဗာန်သို့ ရောက်ရှိသူ (ခ) အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်ရှိသူများကို ပြဆိုပါ။

**ပုထုဇဉ်အာရုံပြုပုံ** (၁၉၉၂ နံပါတ်–၄)

(က) ခန္ဓာငါးပါး ကြွင်းကျန်သေးသော ဘုရား၊ ရဟန္တာ

(ခ) ခန္ဓာငါးပါး အကြွင်းမရှိသော (ဝါ) ပရိနိဗ္ဗာန်စံပြီးသော ဘုရား၊ ရဟန္တာ

---

**၂၀၀၀**

၁။ ကာယပသာဒ တည်ရှိနေပုံကို ပြဆို၍၊ လဟုတာ၊ မုဒိတာ၊ ကမ္မညတာရုပ်တို့၏ လက္ခဏာများကို ဥပမာဖြင့် ဖော်ပြပါ။

**ကာယပသာဒတည်ရှိပုံ**

ကမ္မဇတေဇော(ပါစကဝမ်းမီး)၏ တည်ရာအရပ်၊ ဆံပင်ဖျား၊ အမွေးဖျား၊ ခြေသည်းဖျား၊ ခြောက်သောအရေတို့ကို ထား၍ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်၏။

**လဟုတာရုပ်၏လက္ခဏာ** = နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးခြင်းအမူအရာ
ဥပမာ–အနာမရှိသူ၏ ကိုယ်ပေါ့ပါးခြင်းကဲ့သို့

**မုဒုတာရုပ်၏လက္ခဏာ** = နိပ္ဖန္နရုပ်တို့၏ နူးနူးညံ့ညံ့ဖြစ်သော အမူအရာ
ဥပမာ–ကောင်းစွာထက်၍ ညက်စွာနယ်ပြီးသော သားရေ၏ နူးညံ့ပုံကဲ့သို့

http://www.dhammadownload.com



**ကမ္ဗညတာရုပ်၏လက္ခဏာ** = နိပ္ဖန္နရုပ်တို့၏ အမှုအမျိုးမျိုး၌ ကောင်းသော, လျော်သော ခံ့သည်၏ဖြစ်ကြောင်း အမှုအရာ ဥပမာ–လျော်ပြီးဦးပြီးသော ရွှေသည် လက်ဝတ်တန်ဆာ ပြုမှု၌ ကောင်းမွန် ခံ့ညားသကဲ့သို့။

(၁၉၉၆ နံပါတ်–၁ လည်းရှု)

---

၂။ ဆေးပညာရှင်အချို့က "လူသန္ဓေသားသည် သန္ဓေတည်ပြီးနောက် လေးလကြာမြင့်မှ အသက်ဝင်သည်"ဟု အဆိုပြုထား၏၊ ယင်းစကားရပ်ကို အဘိဓမ္မာနည်းအရ သင့်မသင့် စိစစ်၍၊ သန္ဓေသားဘဝ အဆင့်ဆင့် ကြီးထွားခဲ့ရပုံကိုလည်း ရေးသားပါ။

**ဆေးပညာရှင်အချို့က "လူသန္ဓေသားသည် သန္ဓေတည်ပြီးနောက် လေးလကြာမြင့်မှ အသက်ဝင်သည်" ဟူသော အဆိုပြုချက်သည် မသင့်ပါ။**

အဘိဓမ္မာနည်းအရ စီစစ်ပြရသော် ဂဗ္ဘသေယျက သတ္တဝါဖြစ်သော လူသားသည် ပဋိသန္ဓေအခါ, ကလလရေကြည်တည်စကတည်းကပင် ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ် ၃–စည်းနှင့် ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာ ၄–ပါး၊ ပေါင်း ခန္ဓာ ၅–ပါးဖြင့် စတင် ပဋိသန္ဓေနေခဲ့၏။

ဤတွင် **ရုပ်ကလာပ်စည်း၌** ဇီဝိတရုပ်ဟူသော ရုပ်အသက်, **နာမက္ခန္ဓာ၌** ဇီဝိတိန္ဒြေဟူသော နာမ်အသက်တို့ ပါဝင်ကြသဖြင့် ပဋိသန္ဓေတည်စကပင် "အသက်" ပါရှိပြီး ဖြစ်သောကြောင့်တည်း။

**သန္ဓေသား အဆင့်ဆင့် ကြီးထွားပုံ** (၁၉၉၃ နံပါတ်–၂)

---

၃။ နိဗ္ဗာန်သည် အဘယ်ကြောင့် "သုညတ" မည်ပါသနည်း၊ စုံလင်စွာရေးသား၍ အောက်ပါတို့ကို ယုတ္တိပြ၍ ဖြေဆိုပါ။

(က) ပျက်စီးခြင်းမရှိသော နာမ်တရား (ခ) သစ်ပင်၌ အသက်ရှိ–မရှိ

**နိဗ္ဗာန်၏ "သုညတ" မည်ပုံ**

နိဗ္ဗာန်သည် ရာဂ, ဒေါသ, မောဟ စသော ကိလေသာတို့ကို အာရုံမပြုသောကြောင့် အာရုံအားဖြင့် ဆိတ်၏၊ ရာဂစသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်အပ်

http://www.dhammadownload.com



သည်ဖြစ်၍ သမ္ပယောဂအားဖြင့်လည်း ဆိတ်၏၊ ဤသို့ အာရုံအားဖြင့်လည်းကောင်း၊ သမ္ပယောဂအားဖြင့်လည်းကောင်း၊ ကိလေသာအနှောင့်အယှက် မရှိ၊ ကိလေသာတို့ ဆိတ်သုဉ်းရာ ဖြစ်သောကြောင့် သုညတနိဗ္ဗာန် မည်၏။

(က) **ပျက်စီးခြင်းမရှိသော နာမ်တရားသည် နိဗ္ဗာန်ဖြစ်၏။**

နိဗ္ဗာန်၏ဂုဏ်ရည်တို့၌ အစ္စုတံ = စုတေခြင်းသဘောမရှိခြင်း,
အစ္စန္တံ = (စုတေခြင်း)အပိုင်းအခြားကို လွန်ပြီးသော,
ဟု ဖော်ပြချက်အရ ဖြစ်ပါသည်။

(ခ) **သစ်ပင်၌ အသက်မရှိပါ။**

သစ်ပင် (ဗဟိဒ္ဓသန္တာန်)၌ ပါဝင်သောရုပ်များမှာ ဥတုဇရုပ်များဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈-ပါးနှင့် သဒ္ဒရုပ်တို့ဖြစ်၏၊ အသက်ဟု ဆိုရသောရုပ်မှာ (ကမ္မဇဖြစ်သော) ဇီဝိတရုပ်ဖြစ်၏၊ ဇီဝိတရုပ် မရှိသဖြင့် သစ်ပင်၌ အသက် မရှိပါ။

---

**၂၀၀၁**

၁။ ခန္ဓာကိုယ်၌ ကာယပသာဒ၏ တည်နေရာကိုပြဆို၍၊ အရူပရုပ်များကိုလည်း ပြည့်စုံအောင် ရေတွက်ပြပါ။

**ကာယပသာဒ၏တည်နေရာ** (၂၀၀၀ နံပါတ်-၁)

**အရူပရုပ်** (အနိပ္ဖန္နရုပ် ၁၀-ပါး ရေတွက်ပြရန်)

---

၂။ ရယ်ရွှင်ခြင်းကို ဖြစ်စေသော စိတ်တို့ကို သက်ဆိုင်ရာပုဂ္ဂိုလ်နှင့် အသီးသီးတွဲစပ်ပြ၍၊ ခန္ဓာကိုယ်တွင်းရှိသောသွေးနှင့် ပုလင်းထဲတွင်ရှိသောသွေးတို့၏ ဓာတ်အားဖြင့် ထူးခြားမှု ရှိ-မရှိကိုလည်း အဘိဓမ္မာနည်းအရ ဝေဖန်ပြပါ။

**ရယ်ရွှင်ခြင်းကိုဖြစ်စေသောစိတ်** (၁၉၉၂ နံပါတ်-၂)

http://www.dhammadownload.com



**ခန္ဓာကိုယ်တွင်းရှိသောသွေးနှင့် ပုလင်းထဲတွင်ရှိသောသွေးတို့မှာ ဓာတ်အားဖြင့် ထူးခြားမှု မရှိပါ၊**

၂-မျိုးစလုံး၌ ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်နှင့် ဓမ္မဓာတ် ဟူ၍ ဓာတ် ၅-ပါး ရှိပါသည်။

---

၃။ အဘယ်ကြောင့် "နိဗ္ဗာန်"ဟု ခေါ်ဆိုပါသနည်း၊ ရှင်းလင်းဖြေဆို၍ ပုထုဇဉ်နှင့် အရိယာတို့၏ နိဗ္ဗာန်ကို အာရုံပြုရာ၌ ကွာခြားပုံကိုလည်း ရေးသားပါ။

**နိဗ္ဗာန်မည်ပုံ**

ခန္ဓာအစရှိသည် ပြားကုန်သော တေဘူမကတရားတို့ကို အောက်အထက်ဖြစ်ခြင်း၏အစွမ်းဖြင့် ဖွဲ့တတ်သောကြောင့် ဝါန ဟု ဆိုအပ်သော တဏှာ၏အာရုံကို လွန်ခြင်းအစွမ်းဖြင့် လွန်သည်အဖြစ်ကြောင့် နိဗ္ဗာန်မည်၏။

**ပုထုဇဉ်နှင့် အရိယာတို့၏ နိဗ္ဗာန်ကို အာရုံပြုပုံ** (၁၉၉၇ နံပါတ်-၃)

---

**၂၀၀၂**

၁။ ဟဒယဝတ္ထုတည်နေပုံကို ဖော်ပြ၍၊ ဇာတိရုပ်တစ်ခုတည်းကို ဥပစယ, သန္တတိဟု ၂-ပါး ခွဲခြားဟောရခြင်းအကြောင်းကို ဖြေဆိုပါ။

**ဟဒယဝတ္ထု** (၁၉၉၈ နံပါတ်-၁)

**ဥပစယ, သန္တတိ** (၁၉၉၅ နံပါတ်-၂)

---

၂။ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ်တို့ကို ပုဂ္ဂိုလ်နှင့်တကွ ဖော်ပြ၍ "တေရသ ဓာတုဋ္ဌိတိပ္ပတ္တာဝ" ဟူသော စကားကို အရှင်အနုရုဒ္ဓါ ဆိုရခြင်းအကြောင်းကို ဖြေဆိုပါ။

**ရယ်ရွှင်ခြင်းစိတ်** (၁၉၉၂ နံပါတ်-၂)

http://www.dhammadownload.com



**"တေဇောဓာတုဋ္ဌိတိပ္ပတ္တာဝ"ဟူသော စကားကို အရှင်အနုရုဒ္ဓါ ဆိုရခြင်းအကြောင်း**

တေဇောဓာတု (ဥတု)သည် ပဏ္ဍာဇာတ အစရှိသော ပစ္စည်းတို့၏ အထောက်အပံ့ကို ရသဖြင့် ဋ္ဌိခဏာဌ်သာလျှင် အားရှိသောကြောင့် ဋ္ဌိခဏာဌ်သာလျှင် ရုပ်ကိုဖြစ်စေ၏၊ ထို့ကြောင့် "တေဇောဓာတု ဋ္ဌိတိပ္ပတ္တာဝ" တေဇောဓာတ်သည် ဋ္ဌိသို့ရောက်သည်ဖြစ်၍သာလျှင် ဟူသော စကားရပ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုရခြင်း ဖြစ်ပါသည်။

---

၃။ အာဟာရဇရုပ်၏ စတင်ဖြစ်ပေါ်ရာကာလနှင့် နောက်ဆုံးချုပ်ရာကာလကို ဖော်ပြပါ။

**အာဟာရဇရုပ်၏ စတင်ဖြစ်ပေါ်ရာကာလ**

ဂဗ္ဘသေယျကသတ္တဝါများမှာ အမိစားမျိုအပ်သော အာဟာရမှ ဖြစ်သောဩဇာ၊

သံသေဒဇ, ဩပပါတိက သတ္တဝါများမှာ ခံတွင်း၌ဖြစ်သော သလိပ်အစရှိသည်မှ ဖြစ်သောဩဇာ၏ အရသာကို ဆောင်တတ်သောအကြောကို အစဉ်လျှောက်သဖြင့် ခန္ဓာကိုယ်၌ ပျံ့နှံ့ရာအခါမှစ၍ အာဟာရဇရုပ်များ ဖြစ်ကြပါသည်။ (၁၉၉၈ နံပါတ်-၃ လည်းရှု)

**အာဟာရဇရုပ် နောက်ဆုံးချုပ်ရာကာလ** (၁၉၉၅ နံပါတ်-၃)

---

**၂၀၀၃**

၁။ မဟာဘုတ်တို့၏ မျက်လှည့်ဆရာနှင့်တူပုံကို ဖြေဆိုပြီးလျှင်၊ ရုပ် ၂၈-ပါးတို့တွင် ဝတ္ထုရုပ်တို့ကို ထုတ်ပြ၍ ဝတ္ထုရုပ်မည်ခြင်း၏အကြောင်းကိုလည်း ဖြေဆိုပါ။

**မဟာဘုတ်တို့၏ မျက်လှည့်ဆရာနှင့်တူပုံ**

မျက်လှည့်သမားသည် ပတ္တမြားမဟုတ်သောရေကို ပတ္တမြားလုပ်၍ ရွှေမဟုတ်သော ခဲကို ရွှေလုပ်၍၊ များပြားလှသော အုံဩဖွယ်တို့ကို (တစ်နည်း) များပြားလှကုန်သော မဟုတ်မမှန်သော အရာဝတ္ထုတို့ကို ပြကြကုန်သကဲ့သို့၊ ထို့အတူ ပထဝီစသော ဓာတ်တို့သည် မိမိတို့က အညို၊ အရွှေစသော သဘောမရှိပါဘဲလျက် အညို၊ အရွှေအဆင်းစသော ဥပါဒါရုပ်ကို ပြတတ်ကြပါသည်။

ဤသို့ မဟာဘုတ်တို့သည် မျက်လှည့်ဆရာနှင့် တူပါသည်။

http://www.dhammadownload.com



**ဝတ္ထုရုပ်** = ပသာဒရုပ် ၅–ခုနှင့် ဟဒယရုပ် ၁–ခု၊ ပေါင်း ၆–ခု
**ဝတ္ထုရုပ်မည်ခြင်း** = ဝိညာဏဓာတ် ၇–ပါးတို့၏ မှီရာဖြစ်သောကြောင့် ထိုရုပ် ၆–ခုသည် ဝတ္ထုရုပ်မည်ပါသည်။

---

၂။ သန့်ရှင်းသောရေ၊ မသန့်ရှင်းသောရေတို့ကို အဘိဓမ္မာနည်းဖြင့် ဓာတ်ခွဲကြည့်လျှင် ကွဲပြားခြားနားမှု ရှိ–မရှိ ဓာတ်ခွဲပြ ဖြေဆို၍၊ ပဋ္ဌိသန္ဓေတည်ခြင်းအကြောင်းတရားများကို ဖြေဆိုပါ။

**သန့်ရှင်းသောရေ** ၌ ပါဝင်သောရုပ်သည် အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ ဓာတ်အားဖြင့် ရူပဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်နှင့် ဓမ္မဓာတ်တို့ဖြစ်ပြီး၊

**မသန့်ရှင်းသောရေ** ၌ ပါဝင်သောရုပ်သည်လည်း အဝိနိဗ္ဘောဂရုပ် ၈–ပါး, ဓာတ်အားဖြင့်လည်း ရူပဓာတ် စသည်တို့သာဖြစ်၍၊ **ဓာတ်ကွဲပြားမှု မရှိပါ**။

**ပဋ္ဌိသန္ဓေတည်ခြင်းအကြောင်းတရားများ** (၁၉၉၅ နံပါတ်–၄ မေးခွန်း(ဘုံပိုင်း) ကြည့်ပါ။)

---

၃။ ရူပဗြဟ္မာ၊ အရူပဗြဟ္မာများ စုတေသောအခါ အသေကောင် အထည်ဒြပ် ကျန်ပါသေးသလော၊ ရှင်းလင်းဖြေဆို၍ (က) ကာမဘုံ (ခ) ရူပဘုံတို့၌ ရရှိနိုင်သော စတုသမုဋ္ဌာနိကရုပ်တို့ကိုလည်း ခွဲခြားပြပါ။

**ရူပဗြဟ္မာ, အရူပဗြဟ္မာများ စုတေသောအခါ အသေကောင်အထည်ဒြပ် မကျန်ပါ။**

(၁) ရူပဗြဟ္မာတို့၏ ကံ, စိတ်, ဥတုကြောင့် ဖြစ်သောရုပ်တို့သည် စုတိစိတ်နှင့် အတူတကွသာလျှင် ချုပ်ဆုံးကုန်ကြသောကြောင့် အသေကောင် မကျန်ပါ။

(၂) အရူပဗြဟ္မာတို့သည် ရူပဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ရုပ်တရားကို ပယ်ထားသောကြောင့်၊ ရုပ်မရှိ နာမ်ချည်း သက်သက်သာ ဖြစ်သောကြောင့် အသေကောင် မကျန်ပါ။

**ကာမဘုံ၌ ရနိုင်သော စတုသမုဋ္ဌာနိကရုပ်**
**ရူပဘုံ၌ ရနိုင်သော စတုသမုဋ္ဌာနိကရုပ်** } (၁၉၉၅ နံပါတ်–၂)

---

http://www.dhammadownload.com



၂၀၀၄

၁။ စာဖြေသူတို့ သန္တာန်၌ရှိသော ရုပ်တရားသည် ပဟာတဗ္ဗ (ပယ်အပ်သော) တရားလော၊ အပဟာတဗ္ဗ (မပယ်အပ်သော) တရားလော၊ အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ဩဠာရိကရုပ်ဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

**စာဖြေသူ၏ သန္တာန်၌ရှိသော ရုပ်တရားသည် ပဟာတဗ္ဗ (ပယ်အပ်သော) တရားမဟုတ်၊ အပဟာတဗ္ဗ (မပယ်အပ်သော)တရားသာ ဖြစ်ပါသည်၊** အကြောင်းမှာ – ရုပ်မှန်သမျှ တဒင်္ဂပဟာန် စသည်တို့၏ အစွမ်းဖြင့် ကာမာဝစရကုသိုလ်စသည်တို့က ပယ်ထိုက်သည်၏အဖြစ်မရှိ၊ အပဟာတဗ္ဗ ဖြစ်သောကြောင့်တည်း။

**ဩဠာရိကရုပ်မည်ပုံ**

ပသာဒရုပ် ၅–ပါး, ဂေါစရရုပ် ၇–ပါး၊ ပေါင်း ၁၂–ပါးသောရုပ်တို့သည် အာရုံ, အာရမ္မဏိကအဖြစ်သို့ ရောက်သည်အစွမ်းဖြင့် ရန့်ရင်းကြမ်းတမ်းသည်အဖြစ်ကြောင့် (ဝါ) ထင်ရှားသောကြောင့် ဩဠာရိကရုပ် မည်ပါသည်။

---

၂။ ရုပ်ကိုမဖြစ်စေနိုင်သော စိတ်တို့ကို အကြောင်းနှင့်တကွ ဖြေဆိုပြီးလျှင်၊ ဇာဂရဏ (နိုးကြားတက်ကြွကြောင်း)စိတ်များကိုလည်း ဖော်ပြခဲ့ပါ။

**ရုပ်ကိုမဖြစ်စေနိုင်သောစိတ်** (၁၉၉၁ နံပါတ်–၃)

**ဇာဂရဏ(နိုးကြားတက်ကြွကြောင်း)စိတ်များမှာ** –

အပ္ပနာဇော ၂၆, မနောဒွါရာဝဇ္ဇန်း ၁, ကာမဇော ၂၉, အဘိညာဉ် ၂, ပေါင်း ၅၈–ပါးသောစိတ်တို့ ဖြစ်ပါသည်။

---

၃။ ရူပဗြဟ္မာ့ဘုံမှာ ဘာဝရုပ် ၂–ခုကို အဘယ့်ကြောင့် မရပါသနည်း၊ ဖြေဆိုပြီးလျှင် အနိမိတ္တနိဗ္ဗာန်၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

**ရူပဗြဟ္မာ့ဘုံ၌ ဘာဝရုပ်မရခြင်း** (၁၉၉၈ နံပါတ်–၃)

http://www.dhammadownload.com



**အနိမိတ္တနိဗ္ဗာန်**

- ရာဂစသော ကိလေသာနိမိတ်တို့၏ ကင်းရာဖြစ်သောကြောင့် အနိမိတ္တနိဗ္ဗာန် မည်၏။
- အလုံးစုံသော သင်္ခါရအကြောင်း(သင်္ခါရနိမိတ်) မရှိရာဖြစ်သောကြောင့် အနိမိတ္တ-နိဗ္ဗာန် မည်၏။

---

**၂၀၀၅**

၁။ ပထဝီ, အာပေါ, တေဇော, ဝါယောဟု ဓာတ်ကြီးလေးပါးရှိရာ "ဖောဋ္ဌဗ္ဗာရုံ"အရ၌ မပါဝင်သောဓာတ်ကို အကြောင်းပြ၍ ဖော်ပြပါ။

**"ဖောဋ္ဌဗ္ဗာရုံ" အရ၌ မပါဝင်သောဓာတ်မှာ အာပေါဓာတ် ဖြစ်ပါသည်၊** အကြောင်းမှာ–အာပေါဓာတ်သည် အလွန်သိမ်မွေ့လွန်းသည့်အတွက် တွေ့ထိစမ်းသပ်၍ မရသောကြောင့် ဖြစ်ပါသည်။

---

၂။ ဟဒယဝတ္ထုရုပ်၏ တည်နေရာနှင့် အကျယ်အဝန်းတို့ကို ဖော်ပြ၍၊ ၎င်းဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သောဓာတ်တို့ကိုလည်း ဖော်ပြပါ။

**ဟဒယဝတ္ထုရုပ်** (၁၉၉၄ နံပါတ်–၁)

---

၃။ လဟုတာ, မုဒုတာ, ကမ္မညတာ ရုပ်သုံးပါးသည် အဘယ့်ကြောင့် ကမ္မဇရုပ်မဖြစ်နိုင်ပါသနည်း၊ အကယ်၍ ကမ္မဇရုပ်ဖြစ်သည်ဟုဆိုခဲ့သော် အဘယ်သို့သော အပြစ်ဖြစ်နိုင်ပါသနည်း ရှင်းလင်းစွာ ဖြေဆိုပါ။

**လဟုတာ, မုဒုတာ, ကမ္မညတာ ရုပ်သုံးပါးသည် ကမ္မဇရုပ် မဖြစ်နိုင်ခြင်း**

လဟုတာ, မုဒုတာ, ကမ္မညတာ ရုပ်သုံးပါးသည် စိတ်, ဥတု, အာဟာရ ဟူသော ပစ္စုပ္ပန်အကြောင်းတရားကိုသာ ငဲ့၏၊ အတိတ်ဖြစ်သော ကံအကြောင်းတရားကို မငဲ့သောကြောင့် ကမ္မဇရုပ်မဖြစ်နိုင်ပါ။

http://www.dhammadownload.com



ဤရုပ်၃-ပါးသည် ပစ္စုပ္ပန်ကာလ၌သာဖြစ်၏၊ အတိတ်,အနာဂတ်တို့၌ မဖြစ်၊ အကယ်၍ ကံကြောင့်ဖြစ်သည်ဟု ယူလျှင် ကာလ၃-ပါးလုံး၌ ဖြစ်သည်ဟူသော အပြစ်ဖြစ်နိုင်ပါသည်။

---

**၂၀၀၆**

၁။ ကလာပ်တစ်ခုနှင့်တစ်ခု ထိစပ်နေပါလျက် အဘယ်ကြောင့် အာကာသ-ဟု ဆိုပါသနည်း, အာကာသဖြစ်ပုံကို ရေး၍၊ ဓာတုရုပ်တစ်ခုတည်းဖြစ်ပါလျက် ဥပစယ+ သန္တတိ-ဟူသော နာမည်နှစ်မျိုးဖြင့် ခွဲ၍ ဟောရခြင်းအကြောင်းကို ရေးပါ။

**အာကာသမည်ပုံ**

ရုပ်ကလာပ်တစ်ခုနှင့် တစ်ခုအကြား၊ ပတ်ဝန်းကျင် ဟင်းလင်းလဟာဖြစ်သော အကြားအပေါက်သဘောသည် ရေးခြစ်၍ မရသောကြောင့် အာကာသ မည်ပါသည်။

**ဥပစယ, သန္တတိဟု ၂-မျိုး ခွဲခြားဟောရခြင်း** (၁၉၉၅ နံပါတ်-၂)

---

၂။ ကမ္မဇရုပ်တို့ကို စောင့်ရှောက်သော ဇီဝိတိန္ဒြေရုပ်သည် မိမိကိုယ်တိုင် အဘယ်သို့လျှင် တည်နေနိုင်ပါသနည်း, ဖြေဆို၍၊ ပဋိသန္ဓေစိတ်သည် အဘယ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါသနည်း, ဖြေဆိုပါ။

ကမ္မဇရုပ်တို့ကို စောင့်ရှောက်သော ဇီဝိတိန္ဒြေသည် မိမိကိုယ်ကို မိမိကပင် စောင့်ရှောက်၍ တည်နေနိုင်ပါသည်၊ ဥပမာ - လှေကို တစ်ဖက်ကမ်းသို့ရောက်အောင် ပို့ဆောင်သော လှေသမားကဲ့သို့ ဖြစ်ပါသည်။

**ပဋိသန္ဓေစိတ်က ရုပ်ကိုမဖြစ်စေနိုင်ပုံ** (၁၉၉၁ နံပါတ်-၃)

---

၃။ လက္ခဏာရုပ်လေးခုသည် အဘယ်ကြောင့် "န ကုတောစိ" ဖြစ်ရပါသနည်း, ဖြေဆို၍၊ ရုပ်တရားတို့၏ ဖြစ်ပုံအခြင်းအရာမည်မျှ ရှိသည်ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



**လက္ခဏရုပ်၄-ခု "န ကုတောစိ" ဖြစ်ပုံ**

လက္ခဏရုပ် ၄-ခုသည် နိပ္ဖန္နရုပ်တို့၏ ဥပါဒ်အခိုက်, ဌီအခိုက်, ဘင်အခိုက်အတန့်မျှသာ ဖြစ်၍ မိမိတို့၏ သဘောလက္ခဏာအားဖြင့် ထင်ရှားမရှိသောကြောင့် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားကြောင့် ဖြစ်သောတရားမျိုး မဟုတ်ပါ။ ဤသို့ တစ်စုံတစ်ခုသော အကြောင်းကြောင့်မျှ မဖြစ်သောကြောင့် "န ကုတောစိ" ဖြစ်ရပါသည်။

**ရုပ်တရားတို့၏ဖြစ်ပုံအခြင်းအရာ**

ကမ္မသမုဋ္ဌာန၊ စိတ္တသမုဋ္ဌာန၊ ဥတုသမုဋ္ဌာနနှင့် အာဟာရသမုဋ္ဌာနဟူ၍ ၄-မျိုး ရှိပါသည်။

---

**၂၀၀၇**

၁။ အာကာသဓာတ်ဖြစ်သော ပရိစ္ဆေဒရုပ်၏ ပိုင်းခြားပုံ အခြင်းအရာကို ဋီကာကျော်မြန်မာပြန်လာသည့်အတိုင်း ပိုင်းခြားဝေဖန်ပြပါ။

**အာကာသဓာတ်ဖြစ်သော ပရိစ္ဆေဒရုပ်၏ ပိုင်းခြင်းပုံအခြင်းအရာ**

စက္ခုဒသကအစရှိသော တစ်ခုတစ်ခုသော ကလာပ်၌ ဖြစ်ကုန်သော ရုပ်တို့၏ ကလာပ်တစ်ပါး၌ တည်ကုန်သော ရုပ်တို့နှင့် ရောနှောခြင်းမရှိကုန်သည်၏ အဖြစ်သို့ ရောက်စေခြင်းသည် အာကာသဓာတ်ဖြစ်သော ပရိစ္ဆေဒရုပ်၏ ပိုင်းခြားပုံအခြင်းအရာ ဖြစ်ပါသည်။

---

၂။ ဩဠာရိကရုပ်-ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကို ရေးသားပြီးလျှင်၊ သန္တိကေရုပ်-ဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း ရေးသားခဲ့ပါ။

**ဩဠာရိကရုပ်မည်ပုံ** (၂၀၀၄ နံပါတ်-၁)

http://www.dhammadownload.com



**သန္တတိကေရုပ်မည်ပုံ**

ပသာဒရုပ် ၅-ပါး, ဂေါစရရုပ် ၇-ပါး, ပေါင်း ၁၂-ပါး၊ ဤရုပ် ၁၂-ပါး သည်ပင် ရန့်ရင်းကြမ်းတမ်းသည်ဖြစ်၍ ထိုးထွင်းသိမြင်ရန် လွယ်ကူသောကြောင့်ပင် (ဉာဏ်ဖြင့် သိလွယ်သောကြောင့်) သန္တတိကေရုပ်ဟု ခေါ်ပါသည်။

---

၃။ လူတစ်ယောက် အမှန်တကယ် သေ/မသေ သိနိုင်ရန် တိုင်းတာဆုံးဖြတ်ရမည့် နည်းလမ်းများကို အဘိဓမ္မာဒေသနာလာသည့်အတိုင်း ဖော်ပြပြီးလျှင်၊ ရှပဗြဟ္မာကြီး များသည် ပါတီပွဲကျင်းပ၍ စားသောက်နေကြသည်ဆိုသော် သင့်/မသင့် ဆုံးဖြတ်ပြပါ။

**သေခြင်းကို တိုင်းတာပုံ** (၁၉၉၄ နံပါတ်-၃)

**ရှုပဗြဟ္မာကြီးများ ပါတီပွဲကျင်းပ၍ စားသောက်နေကြသည်ဆိုသော် မသင့်ပါ။**

ပါတီပွဲကျင်းပ၍ စားသောက်ခြင်းသည် ကာမဂုဏ်အာရုံ ၅-ပါးတို့ကို ခံစားခြင်း သာဖြစ်၏၊ ရှုပဗြဟ္မာတို့၌ စက္ခုဝတ္ထုနှင့် သောတဝတ္ထုသာရှိပြီး၊ ထိုဝတ္ထုတို့ရှိခြင်းမှာ လည်း ဘုရားဖူးရန်၊ တရားနာရန်အလို့ငှာသာ ဖြစ်၏၊ ထို့ကြောင့် ရှုပဗြဟ္မာကြီးမှာ ပါတီပွဲကျင်းပ၍ စားသောက်နေကြသည်ဆိုသောစကားမှာ မသင့်သောစကားသာ ဖြစ်ပါသည်။

http://www.dhammadownload.com

# အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)

## ဒုတိယဆင့်

## မေးခွန်းဟောင်းနှင့် အဖြေများ

## (နောက်ဆက်တွဲ)

http://www.dhammadownload.com

http://www.dhammadownload.com



# အဘိဓမ္မာ(ဂုဏ်ထူးဆောင်) ဒုတိယဆင့်
# မေးခွန်းနှင့် အဖြေများ (နောက်ဆက်တွဲ)

## ၂၀၀၈-ခုနှစ်

၁။ အလွန်များသော စိတ္တက္ခဏအသက်ရှိသောအာရုံသည် အတိမဟန္တာရုံ မည်၏ ဟု ဆိုရာ အလွန်များသောစိတ္တက္ခဏအသက်ကို ပိုင်းခြားပြပြီး၊ များသောစိတ္တက္ခဏ အသက်ရှိသော အာရုံသည် မဟန္တာရုံမည်၏ ဟုဆိုရာ၌ များသောစိတ္တက္ခဏအသက်ကိုလည်း ပိုင်းခြား ဝေဖန်ပြခဲ့ပါ။

**အလွန်များသော စိတ္တက္ခဏအသက်**

စိတ္တက္ခဏ ၁-ချက်လွန်ပြီးမှ ငါးဒွါရ၌ ထင်လာသောအာရုံ၏သက်တမ်း ဖြစ်သော စိတ္တက္ခဏ ၁၆-ချက် ဖြစ်ပါသည်။

**များသောစိတ္တက္ခဏအသက်**

စိတ္တက္ခဏ ၂-ချက် ၃-ချက် လွန်ပြီးမှ ငါးဒွါရ၌ ထင်လာသောအာရုံ၏သက်တမ်း ဖြစ်သော စိတ္တက္ခဏ ၁၅-ချက် ၁၄-ချက် ဖြစ်ပါသည်။

---

၂။ သင်္ဂြိုဟ်ရေးချင်း တူပါလျက် စိတ်သက်မှာ တို၍၊ ရုပ်သက်မှာ ရှည်ရခြင်း အကြောင်းကို ရှင်းပြပြီး၊ ဖြူ နီ ပြာ ဝါ စသော အဆင်းများကို "ငါ့မျက်စိနဲ့ သေသေချာချာ မြင်ရတယ်" ဟုဆိုရာ အဆင်းများကို မျက်စိက မြင်နိုင်/မမြင်နိုင် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

စိတ်သက်မှာ တို၍၊ ရုပ်သက်မှာ ရှည်ရခြင်းအကြောင်း (၂၀၀၃ - ၁)
အဆင်းများကို မျက်စိကမြင်နိုင်/မမြင်နိုင် (၁၉၉၀ - ၁)

---

၃။ ဇောနောင် တဒါရုံများ ဖြစ်နိုင်ပုံကို အသီးသီးရနိုင်သမျှ ယှဉ်တွဲပြပြီး၊ ကာမဘုံ၌သာ ဝိထိစိတ်ရှစ်ဆယ်လုံး ရခြင်း၏အကြောင်းကိုလည်း ရေးသားဖြေဆိုပါ။

ဇောနောင် တဒါရုံများ ဖြစ်နိုင်ပုံ (၁၉၉၇ -၂)

http://www.dhammadownload.com



**ကာမဘုံ၌သာ ဝိထိစိတ်ရှစ်ဆယ်လုံး ရခြင်း၏အကြောင်း**

ကာမဘုံ၌သာ ဒွါရ ၆-ပါးလုံးနှင့် ပုဂ္ဂိုလ် ၁၂-ယောက်လုံး ဖြစ်နိုင်သောကြောင့် ကာမဘုံ၌သာ ဝိထိစိတ်ရှစ်ဆယ်လုံးရခြင်း ဖြစ်ပါသည်။

---

**၄။ လူ-ဟု ခေါ်ဆိုပုံ အကြောင်းအရာများကို ဋီကာကျော်မြန်မာပြန်လာသည့်အတိုင်း ဖြေဆိုပြီး၊ လောကီသဒ္ဒါဆရာတို့အလို လူ-ဟု ခေါ်ဆိုပုံကိုလည်း ရေးသားခဲ့ပါ။ (၁၉၉၁ - ၁)**

---

**၅။ မိမိ၏အကျိုးကို ဖြစ်စေတတ်ခြင်း ဟူသော ဇနကကံ, ဥပဃာတကကံတို့၏ အကျိုးပေးထူးခြားဟန်ကို ဂုဏ်ထူးဆောင်ဝိဝိ ရှင်းလင်းရေးသားပြီး၊ သေခါနီးအခါ၌ ဖြစ်သော အာသန္နကံ၏ ဖြစ်ပုံအခြင်းအရာကိုလည်း ရေးသားခဲ့ပါ။**

**ဇနကကံ, ဥပဃာတကကံတို့၏ အကျိုးပေးထူးခြားဟန်**

အဋ္ဌကထာဆရာအလို - ဇနကကံသည် ကံတစ်ပါး၏အကျိုးကို မတားမြစ်ဘဲ မိမိ၏ အကျိုးကို ပေးတတ်၏၊

- ဥပဃာတကကံသည်ကား ကံတစ်ပါး၏အကျိုးကို ဖြတ်၍ မိမိ၏အကျိုးကို ပေး၏၊ ဤသို့ ထူး၏။

အပရေဆရာအလို - ဥပဃာတကကံသည် ကံတစ်ပါး၏အကျိုးကို ဖြတ်၍ တစ်ပါးသောကံ၏ အကျိုးပေးခွင့်ကို ပြု၏၊ မိမိမူကား အကျိုးမပေး၊ ဤသို့ ဇနကကံနှင့် ဥပဃာတကကံတို့၏ အထူးကို ဆိုကြ၏။

**အာသန္နကံ၏ ဖြစ်ပုံအခြင်းအရာ (၁၉၉၀ -၂)**

---

**၆။ ကံသုံးပါးတို့၏ အကျိုးပေးရာကာလကို ကျော်သွားသောကာလသည်ပင် အဟောသိကံ၏ အကျိုးပေးရာအခါ ဖြစ်၏ ဟု ဆိုရာ ယင်းကံသုံးပါးတို့၏ အကျိုးပေးရာကာလကို ဖော်ပြပြီး အဟောသိကံ၏အကျိုးပေးရာအခါကိုလည်း ဖော်ပြခဲ့ပါ။ (၁၉၉၅ -၂)**

---

**၇။ တစ်ခုသောကုသိုလ်ကံသည် အဘယ်မျှသောပဋိသန္ဓေကို ဖြစ်စေ၍၊ မည်မျှသော ပဝတ္တိအကျိုးကို ဖြစ်စေသည်ကို ဖြေဆိုပြီး၊ အသညသတ်ဘုံ၌ ဖြစ်ကြကုန်သောပုဂ္ဂိုလ်များ၏ ပုံဟန်သဏ္ဌာန်အနေအထားကိုလည်း ညွှန်ပြပါ။**

http://www.dhammadownload.com



**တစ်ခုသောကုသိုလ်ကံသည် -**

တစ်ခုသောပဋိသန္ဓေကို ဖြစ်စေ၍ ပဝတ္တိအကျိုးကိုကား ဘဝအရာ, ဘဝ အထောင်၌ ဖြစ်စေပါသည်။

**အသညသတ်ဘုံ (၁၉၉၇ - ၄)**

---

၈။ **ရှေးဆရာတို့က "ပျော့ပျောင်းနူးညံ့သည်၏ အဖြစ်သည် အာပေါဓာတ် မည်သောကြောင့် အာပေါဓာတ်ကိုတွေ့ထိ၍ ယူနိုင်သည်"ဟု ဆို၏၊ ထိုဆရာတို့၏အယူအဆကို အဘယ်သို့ မှတ်ယူရပါမည်နည်း၊ ရှင်းလင်းဖြေဆိုပါ။**

**"ပျော့ပျောင်းနူးညံ့သည်၏အဖြစ်သည် အာပေါဓာတ်မည်သောကြောင့် အာပေါဓာတ်ကို တွေ့ထိ၍ ယူနိုင်သည်"ဟု ဆိုသော ရှေးဆရာတို့၏အယူအဆကို အောက်ပါအတိုင်း မှတ်ယူရပါမည်။**

ပထဝီ တေဇော ဝါယော - ၃-ပါးသော မဟာဘုတ်တို့ကို တွေ့ထိ၍ "ငါသည် သဏ္ဌာန်ကို တွေ့ထိ၏" ဟု မှတ်ထင်ခြင်းသည် မှားသောမှတ်ထင်ခြင်း ဖြစ်သကဲ့သို့ "ပျော့ပျောင်းနူးညံ့သည်၏အဖြစ်သည် အာပေါဓာတ် မည်သောကြောင့် အာပေါဓာတ်ကို တွေ့ထိ၍ ယူနိုင်သည်"ဟုမှတ်ထင်ခြင်းသည် ထိုဆရာတို့၏ မှားယွင်းသောအယူအဆသာ ဖြစ်၏- ဟု မှတ်ယူရပါမည်။

---

၉။ **ဝဏ္ဏ, ဩဇတို့၏အဓိပ္ပါယ်ကို အသီးသီးဖော်ပြပြီး၊ စိတ်ကြောင့်ဖြစ်သောရုပ်သည် အဘယ်ကြောင့် ဥပ္ပါဒက္ခဏ၌သာလျှင် ဖြစ်စေပါသနည်း ရှင်းပြခဲ့ပါ။**

ဝဏ္ဏ - ရှုအပ် ကြည့်အပ်သောကြောင့် ရူပါရုံသည် ဝဏ္ဏ မည်၏။
ဩဇ - မိမိဟု ဆိုအပ်သော ဩဇာဓာတ်ဖြစ်ပြီးသည့်နောက် ဌီကာလ၌ ရုပ်ကို ဖြစ်စေတတ်သောကြောင့် ဩဇာ မည်၏။

**စိတ်ကြောင့်ဖြစ်သောရုပ်သည် ဥပ္ပါဒက္ခဏ၌သာလျှင် ဖြစ်စေပုံ**

အနန္တရစသော ပစ္စည်းကို ရသဖြင့် ဥပါဒ်ခဏ၌သာလျှင် အားရှိ၍, ရုပ်ကိုဖြစ်စေနိုင်သောအစွမ်းသတ္တိနှင့်ယှဉ်သောကြောင့် စိတ်သည် ဥပ္ပါဒက္ခဏ၌သာလျှင် ရုပ်ကို ဖြစ်စေပါသည်။

---

http://www.dhammadownload.com



**၁၀။ ရုပ်ပေါင်းဆယ်ခုရှိသော စက္ခုဒသကကလာပ်၌ အဘယ်ကြောင့် စက္ခုဖြင့် မှတ်၍သော စက္ခုဒသကကလာပ်ဟု ဆိုရပါသနည်း? အကြောင်းရင်းမှန်အလုံးစုံကို ဖြေဆိုပြီးလျှင်၊ ရူပပြဟ္မာတို့သန္တာန်၌ ဘာဝရုပ် ရှိ/မရှိ အဘိဓမ္မာသဘောဖြင့် ဆန်းစစ်၍ တင်ပြခဲ့ပါ။**

**စက္ခုဖြင့် မှတ်၍သော စက္ခုဒသကကလာပ်ဟု ဆိုရခြင်း**

အခြားသောရုပ်များသည် အခြားသောကလာပ်များနှင့် ဆက်ဆံနေသည် ဖြစ်၍ စက္ခုသည်သာ အခြားသောကလာပ်များနှင့် မဆက်ဆံရကား - စက္ခုသည် ထင်ရှားသော အမှတ်အသားဖြစ်သောကြောင့်လည်းကောင်း၊ ပြဓာန်းသောကြောင့်လည်းကောင်း စက္ခုဖြင့်မှတ်၍သာ စက္ခုဒသကကလာပ်ဟု ဆိုရခြင်း ဖြစ်ပါသည်။

**ရူပပြဟ္မာတို့သန္တာန်၌ ဘာဝရုပ် ရှိ/မရှိ (၁၉၉၈ - ၃)**

ဿ ဏ ဿ ဏ ဿ ဏ ဿ ဏ

## ၂၀၀၉-ခုနှစ်

၁။ **"တဒါရုံတို့သည် ဇောသို့ အစဉ်လိုက်၏" ဟုဆိုရာ တဒါရုံတို့၏ ဇောသို့ အစဉ်လိုက်ပုံကို ပေါ်လွင်စွာ ရေးသားဖြေဆို၍၊ "ယံကိဉ္စိ လဒ္ဓပစ္စယံ" ၌ လဒ္ဓပစ္စယ၏ အဓိပ္ပါယ်ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။**

**တဒါရုံတို့၏ ဇောသို့ အစဉ်လိုက်ပုံ (၂၀၀၆ -၂)**

**လဒ္ဓပစ္စယ၏ အဓိပ္ပါယ်**

ယောနိသောမနသိကာရ စသည်တို့၏**အစွမ်းဖြင့်** ရအပ်သောအကြောင်းရှိသော အမှတ်မရှိ တစ်စုံတစ်ခုသော ကာမဇောသည် လဒ္ဓပစ္စယ မည်၏။

---

၂။ **မနောဒွါရ၌ဖြစ်သော ဝိသယပ္ပဝတ္တိတို့ကို အတိမဟန္တာရုံ စသော အမည်ဖြင့် မဆိုဘဲ ဝိဘူတ, အဝိဘူတအမည်ဖြင့် ဆိုရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။**
**(က) ပရိကံ (ခ) ဥပစာ (ဂ) အနုလုံ (ဃ) ဂေါတြဘူ။**

http://www.dhammadownload.com



**မနောဒွါရ၌ဖြစ်သော ဝိသယပ္ပဝတ္တိတို့ကို အတိမဟန္တာရုံ စသော အမည်ဖြင့် မဆိုဘဲ ဝိဘူတ, အဝိဘူတ အမည်ဖြင့် ဆိုရခြင်းအကြောင်း**

မနောဒွါရိကစိတ်တို့၏အာရုံသည် ပစ္စုပ္ပန်သာမဟုတ် အတိတ်, အနာဂတ်, ကာလဝိမုတ်တို့လည်း ရှိသောကြောင့် မနောဒွါရ၌ဖြစ်သော ဝိသယပ္ပဝတ္တိတို့ကို အတိမဟန္တာရုံ စသောအမည်ဖြင့် မဆိုဘဲ ဝိဘူတ, အဝိဘူတအမည်ဖြင့် ဆိုရခြင်း ဖြစ်ပါသည်။

(က) ပရိက်ံ (ခ) ဥပစာ (ဂ) အနုလုံ (ဃ) ဂေါတြဘူ။ (၂၀၀၅ -၂)

---

၃။ **"ဝိပါက်အမှန် ဇောအပြန်" ဟူသော စကား၏အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆို၍၊ ဒေါမနဿ ဇော၏အဆုံး၌ သောမနဿသဟဂုတ်ဖြစ်သော တဒါရုံ, ဘဝင်တို့ မဖြစ်ကြခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

ဝိပါက်အမှန် ဇောအပြန် (၁၉၉၄ -၂)

**ဒေါမနဿဇော၏အဆုံး၌ သောမနဿသဟဂုတ်ဖြစ်သော တဒါရုံ, ဘဝင်တို့ မဖြစ်ကြခြင်း အကြောင်း**

ဒေါမနဿနှင့် သောမနဿတို့သည် မီးနှင့် ရေပမာ အချင်းချင်း ဆန့်ကျင်သော သဘောရှိသောကြောင့် ဒေါမနဿဇော၏အဆုံး၌ သောမနဿသဟဂုတ် ဖြစ်သော တဒါရုံ, ဘဝင်တို့ မဖြစ်ကြခြင်း ဖြစ်ပါသည်။

---

၄။ **"လောကုတ္တရာ စိတ်ရှစ်ဖြာသည် ဆိုင်ရာပုဂ္ဂလ ဖြစ်ကြရ၏" ဟု ဆိုရာ မဂ်စိတ်လေးခုတို့သည် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၌သာ ဖြစ်ရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ အောက်ပါပုဂ္ဂိုလ်တို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**
**(က) အဟိတ်ပုဂ္ဂိုလ်၊ (ခ) ဒွိဟိတ်ပုဂ္ဂိုလ်၊ (ဂ) တိဟိတ်ပုဂ္ဂိုလ်၊ (ဃ) သေက္ခပုဂ္ဂိုလ်။**

မဂ်စိတ်လေးခု (၁၉၉၁ - ၃)

(က) အဟိတ်ပုဂ္ဂိုလ် = ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော ဟိတ်မရှိသောပုဂ္ဂိုလ်၊
(ခ) ဒွိဟိတ်ပုဂ္ဂိုလ် = ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်သော အလောဘ, အဒေါသ ဟူသော ဟိတ် ၂-ပါးရှိသော ပုဂ္ဂိုလ်၊
(ဂ) တိဟိတ်ပုဂ္ဂိုလ် = ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်သော အလောဘ, အဒေါသ, အမောဟ ဟူသော ဟိတ်၃-ပါးရှိသောပုဂ္ဂိုလ်၊

http://www.dhammadownload.com



(တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁-ယောက်နှင့် အရိယာပုဂ္ဂိုလ် ၈-ယောက် ရ၏။)

(ဃ) သေက္ခပုဂ္ဂိုလ် = သိက္ခာ ၃-ပါးကို ကျင့်ဆဲဖြစ်သောပုဂ္ဂိုလ်၊
(မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက် ရ၏။)

---

၅။ **"မကောင်းမှုမှာ၊ အပါယ်ရွာ၊ မှန်စွာအကျိုးပေးသည်" ဟု ဆိုကြရာ အပါယဘူမိ၌ (က) အပါယ၊ (ခ) ဘူမိ-တို့၏ အဓိပ္ပါယ်ကို ဖြေဆို၍၊ အသညသတ်ပြဟ္မာ ဟု ခေါ်ဆိုရခြင်း အကြောင်းကိုလည်း အကြောင်းအကျိုးဆက်စပ်၍ ဖြေဆိုခဲ့ပါ။**

**(က) အပါယ၏ အဓိပ္ပါယ်** = လူ နတ် ပြဟ္မာ ၃-ဖြာသော သမ္ပတ္တိတို့၏ ဖြစ်ကြောင်း၊ ကုသိုလ်ကောင်းမှုမှ ကင်းခြင်း။

**(ခ) ဘူမိ၏ အဓိပ္ပါယ်** = သတ္တဝါတို့၏ ဖြစ်ရာအရပ်၊

**အသညသတ်ပြဟ္မာ မည်ပုံ**

သညာကို စက်ဆုပ်ရွံရှာသည့် "သညာဝိရာဂဘာဝနာ"ကြောင့်ဖြစ်သောရုပ်အစဉ်မျှသာ ရှိသည့်အတွက် သညာ, ထိုသညာကို အဦးပြုသဖြင့် ဆိုအပ်သော သညာမှကြွင်းသော နာမ်ခန္ဓာများလည်း မရှိသော, သတ္တဝါလည်းဖြစ်သော ပြဟ္မာသည် အသညသတ်ပြဟ္မာ မည်ပါသည်။

---

၆။ **"မုသားမပါ လက်ာမချော" ဟု ပြောဆိုကြရာ မုသာဝါဒေါ-၌ မုသာ-အရနှင့် မုသာဝါဒ-အရ တို့ကို ခွဲခြားကောက်ပြ၍၊ ကမ္မပထမြောက်သော မုသာဝါဒနှင့် မမြောက်သော မုသာဝါဒတို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။**

**မုသာ-အရ နှင့် မုသာဝါဒ-အရ**

မုသာ-အရ မဟုတ်မမှန်သော ဒိဋ္ဌ, အဒိဋ္ဌစသော အကြောင်းအရာဝတ္ထုကို ရ၏၊ မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတစ်ပါးကို သိစေခြင်းငှာ အလိုရှိသူ၏ ထိုဟုတ်မှန်သောအားဖြင့် သိစေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သောစေတနာကို ရ၏။

**ကမ္မပထမြောက်သော မုသာဝါဒနှင့် မမြောက်သော မုသာဝါဒ**

မုသာဝါဒသည် သူတစ်ပါးအကျိုးစီးပွား ပျက်စီးခြင်းကို ပြုမှသာ ကမ္မပထ မြောက်ပါသည်၊ သူတစ်ပါးအကျိုးစီးပွား ပျက်စီးခြင်းကို မပြုလျှင် ကမ္မပထ မမြောက်ပါ။

http://www.dhammadownload.com



(အပါယ်သို့ လားရောက်ကြောင်းကံ ဖြစ်သည်ကို 'ကမ္မပထမြောက်သည်' ဟု ဆိုပါသည်။)

---

၇။ **ကောင်းကျိုး၏တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်များဖြစ်သော ပုညကိရိယဝတ္ထု(၁၀)ပါးတို့တွင် ပတ္တိဒါန၏သဘောအဓိပ္ပါယ်ကို ရေးသားဖြေဆို၍၊ အောက်ပါတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**
**(က) ဥက္ကဋ္ဌကုသိုလ်ကံ (ခ) ဩမကကုသိုလ်ကံ။**

**ပတ္တိဒါန၏ သဘောအဓိပ္ပါယ်**

မိမိသန္တာန်၌ဖြစ်သော ကုသိုလ်ကောင်းမှု၏ သူတစ်ပါးနှင့် ဆက်ဆံသည်၏အဖြစ်ကို တောင့်တလျက် ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း ဖြစ်၏။

(က) ဥက္ကဋ္ဌကုသိုလ်ကံ = ရှေ့နောက်ကုသိုလ်ခြံရံသော ကာမကုသိုလ်ကံ
(ခ) ဩမကကုသိုလ်ကံ = ရှေ့နောက်အကုသိုလ်ခြံရံသော ကာမကုသိုလ်ကံ

---

၈။ **စက္ခုစသော ရုပ်ငါးပါးကို ပသာဒရုပ်ဟု ခေါ်ဆိုရခြင်း၏အကြောင်းကို ရေးသားဖြေဆို၍ (က) စက္ခုပသာဒ၏လက္ခဏာ (ခ) စက္ခုပသာဒ၏ တည်နေရာတို့ကိုလည်း ဂုဏ်ထူးဆောင်ပီပီ ဋီကာကျော်ကို ရှု၍ ဖြေဆိုခဲ့ပါ။**

**ပသာဒရုပ်မည်ပုံ**

မဟာဘုတ်ရုပ် ၄-ပါးတို့ကို ကြည်လင်စေတတ်သောကြောင့် ပသာဒရုပ်မည်ပါသည်။

**(က) စက္ခုပသာဒ၏ လက္ခဏာ**

ရူပါရုံကို ရှုခြင်းငှာ အလိုရှိသည်၏အဖြစ်ဟု ဆိုအပ်သော ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့် ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်း လက္ခဏာ။

**(ခ) စက္ခုပသာဒ၏ တည်နေရာ**

မျက်နက်ဝန်းအလယ်, သန်းဦးခေါင်းပမာဏရှိသော, ရှေ့၌ရပ်သောသူ၏ ကိုယ်သဏ္ဌာန်ပေါ်ရာအရပ်၌ မျက်လွှာ ၇-ထပ်တို့၌ ပျံ့နှံ့၍တည်၏။

---

http://www.dhammadownload.com



၉။ အရူပဝိပါက်စိတ်လေးပါးသည် ရုပ်ကို မဖြစ်စေနိုင်ခြင်း၏အကြောင်းကို ရေးသားဖြေဆို၍၊ စက္ခုဒသကကလာပ်၏ အဓိပ္ပါယ်ကိုလည်း နည်းစုံအောင် ဖြေဆိုခဲ့ပါ။

**အရူပဝိပါက်စိတ်လေးပါးသည် ရုပ်ကိုမဖြစ်စေနိုင်ခြင်း၏ အကြောင်း (၁၉၉၁ - ၃)**

**စက္ခုဒသကကလာပ်၏ အဓိပ္ပါယ်**

စက္ခုပသာဒရုပ်ဖြင့် မှတ်သားအပ်သော ၁၀-ခုအတိုင်းအရှည်ရှိသော ရုပ်အပေါင်း ဖြစ်ပါသည်။

---

၁၀။ ပြဟ္မစိုရ်ိတရားတို့ထွန်းကားရာ ပြဟ္မာ့ပြည်၌ ဘာဝရုပ်နှစ်ပါးမရခြင်း အကြောင်းကို ဖြေဆို၍၊ သဉပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်တို့၏အထူးကိုလည်း ဖြေဆိုခဲ့ပါ။

**ပြဟ္မာ့ပြည်၌ ဘာဝရုပ်နှစ်ပါး မရခြင်း (၁၉၉၈ - ၃)**

**သဉပါဒိသေသနိဗ္ဗာန် နှင့် အနုပါဒိသေသနိဗ္ဗာန်တို့၏အထူး**

ကိလေသာအပေါင်းသာ ကုန်ခမ်း၍ ခန္ဓာ ၅-ပါးမှာ ကြွင်းကျန်နေသဖြင့် ညစ်ကြေးသန့်ရှင်းသော ရွှေစင်ပမာ အာသဝေါအညစ်အကြေးမှ ကင်းစင်သောခန္ဓာ ၅-ပါး ရှိနေသေးသောကြောင့် နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန် မည်၏။

ကိလေသာလည်း မရှိ, ကိလေသာတို့မှ ကြွင်းကျန်သော ခန္ဓာ ၅-ပါးလည်း မရှိသောကြောင့် နိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန် မည်၏။

## ၂၀၁၀-ခုနှစ်

၁။ ပုဗ္ဗာပရနိယာမိတ်-၌ ရှေ့စိတ်ဖြင့် မှတ်သားပုံ, နောက်စိတ်ဖြင့် မှတ်သားပုံတို့ကို ပေါ်လွင်အောင် ရေးသားဖြေဆို၍၊ ဥပ္ပါဒဌီတိဘင်္ဂဝသေန-၌ ဥပ္ပါဒ, ဌီတိ, ဘင်-တို့၏ အဓိပ္ပါယ်ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



**ရှေ့စိတ်ဖြင့် မှတ်သားပုံ, နောက်စိတ်ဖြင့် မှတ်သားပုံ**

"အာဝဇ္ဇန်းသည် ဘဝင်ုပစ္ဆေဒနောက်၌ ဖြစ်၏၊ အာဝဇ္ဇန်းနောက်၌ ပဉ္စဝိညာဉ် စသောစိတ်များ ဖြစ်၏"ဟု ဤသို့စသည် မှတ်သားခြင်းကို ရှေ့စိတ်, နောက်စိတ်တို့ဖြင့် မှတ်သားသည် ဟု ဆိုလိုပါသည်။

**ဥပ္ပါဒ၏ အဓိပ္ပါယ်**

စိတ်ဟူသော ပရမတ္ထသဘာဝအထည်ကိုယ် ထင်ရှားစွာ စတင်ဖြစ်ပေါ်လာခြင်းသည် ဥပ္ပါဒ် မည်ပါသည်။

**ဌီတိ၏ အဓိပ္ပါယ်**

ဥပ္ပါဒ်နှင့် ဘင်တို့၏အလယ်၌ ဘင်သို့ ရှေ့ရှု၍ စိတ်ဖြစ်နေခြင်းသည် ဌီတိ မည်ပါသည်။

**ဘင်၏ အဓိပ္ပါယ်**

ဥပ္ပါဒအခိုက်၌ ဖြစ်ခဲ့သည့် စိတ်ဟူသော ပရမတ္ထသဘာဝအထည်ကိုယ်၏ ပျောက်ပျက်သွားခြင်းသည် ဘင် မည်ပါသည်။

---

၂။ **မဟန္တာရုံဝီထိ၌ "နတ္ထိ တဒါရမ္မဏုပ္ပါဒေါ" ဟု ဆိုရခြင်းအကြောင်းကို ရေးသားဖြေဆိုရှ်၊ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း သိသာပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။**
**(က) ဘဝင်လှုပ်ခြင်း၊ (ခ) ဘဝင်ကျခြင်း**

**မဟန္တာရုံဝီထိ၌ "နတ္ထိ တဒါရမ္မဏုပ္ပါဒေါ" ဟု ဆိုရခြင်းအကြောင်း**

ထင်ပြီးသည်မှစ၍ ရေတွက်လျှင် စိတ္တက္ခဏ ၁၄-ချက်အသက်ကြွင်းရှိသော အာရုံ (ဒုတိယမဟန္တာရုံ)၌ သတ္တမဇောတွင် အာရုံချုပ်သောကြောင့် တဒါရုံ ဖြစ်ခွင့် မရှိတော့။

ထင်ပြီးသည်မှစ၍ ရေတွက်လျှင် စိတ္တက္ခဏ ၁၅-ချက်အသက်ကြွင်းရှိသော အာရုံ (ပထမမဟန္တာရုံ)၌ ဇောနောင် စိတ္တက္ခဏ ၁-ချက်သာ အသက်ကြွင်းရှိသောကြောင့် တဒါရုံ ၂-ကြိမ်ဖြစ်ခွင့် မရှိ။

ဤသို့ တဒါရုံဖြစ်ခွင့် မရှိသောကြောင့် မဟန္တာရုံဝီထိ၌ "နတ္ထိ တဒါရမ္မဏုပ္ပါဒေါ" ဟု ဆိုရခြင်း ဖြစ်ပါသည်။

**(က) ဘဝင်လှုပ်ခြင်း**

http://www.dhammadownload.com



ဝီထိစိတ်မဖြစ်ခင် ဖြစ်နေကျဘဝင်အစဉ်နှင့် မတူသော အာဝဇ္ဇန်းစသော ဝီထိစိတ်များ ဖြစ်ပေါ်လာခြင်း၏ အကြောင်းအဖြစ်ဖြင့် လှုပ်ရှားလာသောဘဝင်ကို ဘဝင်လှုပ်ခြင်းဟု ဆိုပါသည်။

(ခ) ဘဝင်ကျခြင်း

ဝီထိစိတ်၏ အစွမ်းဖြင့် မဖြစ်ဘဲ ဘဝင်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာခြင်းကို ဘဝင်ကျခြင်းဟု ဆိုပါသည်။

---

၃။ **မနောဒွါရ အပ္ပနာဇောဝါရ၌ ယထာဘိနီဟာရ၏ အဓိပ္ပါယ်ကို ရေးသားဖြေဆို၍၊ သောမနဿဥပစာရသမာဓိဇောနောင် သောမနဿအပ္ပနာဇောသာ ကျရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**မနောဒွါရ အပ္ပနာဇောဝါရ၌ ယထာဘိနီဟာရ၏ အဓိပ္ပါယ်မှာ**

ရူပ, အရူပ, လောကုတ္တရာမဂ်, ဖိုလ်အားလျော်စွာ သမထဝိပဿနာသို့ ရှေးရှုသည်၏အစွမ်းဖြင့် ဟု ဆိုလိုပါသည်။

**သောမနဿဥပစာရသမာဓိဇောနောင် သောမနဿအပ္ပနာဇောသာ ကျရခြင်းအကြောင်း**

ပဋ္ဌာန်းပါဠိတော် အာသေဝနပစ္စည်း၌ ဝေဒနာကွဲပြားသော ဇောအချင်းချင်း အာသေဝနပစ္စည်းဖြစ်ပုံကို ဘုရားရှင်ဟောတော် မမူသောကြောင့် သောမနဿဥပစာရသမာဓိဇောနောင် ဥပေက္ခာအပ္ပနာဇော မဇောနိုင်ပါ၊ သောမနဿအပ္ပနာဇောသာ ဇောရပါသည်။

---

၄။ **ဒေါမနဿဇော၏အဆုံး၌ သောမနဿ တဒါရုံ, ဘဝင်တို့ မဖြစ်ရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ ဝိပဿနာဘာဝနာတရားအားထုတ်နေစဉ် "မိမိသန္တာန်၌ မဂ်စိတ်များ အကြိမ် များစွာ တဖွားဖွားဖြစ်ပေါ်လာသည်" ဟု တစ်စုံတစ်ယောက်သော ယောဂီပုဂ္ဂိုလ်မှ ပြောဆိုလာလျှင် ထိုစကား မှန်နိုင် မမှန်နိုင် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ဖြေဆိုခဲ့ပါ။**

**ဒေါမနဿဇော၏အဆုံး၌ သောမနဿ တဒါရုံ, ဘဝင်တို့ မဖြစ်ရခြင်းအကြောင်း**

ဒေါမနဿနှင့် သောမနဿတို့သည် မီးနှင့် ရေပမာ အချင်းချင်း လွန်စွာ ဆန့်ကျင်သောသဘော ရှိကြသောကြောင့်ဖြစ်ပါသည်။

http://www.dhammadownload.com



"မိမိသန္တာန်၌ မင်္ဂစိတ်များ အကြိမ်များစွာ တဖွားဖွားဖြစ်ပေါ်လာသည်" ဟူသောစကား မမှန်ပါ။ (၁၉၉၀ - ၁)

---

၅။ ဇစ္စန္ဓာဒိနံ-၌ ဇစ္စန္ဓပုဂ္ဂိုလ်ဟု ခေါ်ဆိုရခြင်းအကြောင်းနှင့် အာဒိအရ ယူရမည့်ပုဂ္ဂိုလ်တို့ကို လည်း မမှားအောင် သတိဆောင်၍ ဖြေဆိုခဲ့ပါ။

**ဇစ္စန္ဓပုဂ္ဂိုလ်**

စက္ခုဖြစ်သင့် ဖြစ်ထိုက်ရာကာလ၌ စက္ခုဖြစ်ခြင်း မရှိသူကို ဇစ္စန္ဓပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

**အာဒိအရ ယူရမည့်ပုဂ္ဂိုလ်များ**

ဇစ္စဗဓိရ၊ ဇစ္စဗမူဂ၊ ဇစ္စဇဠ၊ ဇစ္စဗဓိရ၊ ဇစ္စုမ္မတ္တက၊ ပဏ္ဍုက်၊ ဥဘတောဗျည်း၊ နပုံး၊ စကားထစ်အသောသူတို့ ဖြစ်ပါသည်။

---

၆။ အပါယ်သို့ ကျရောက်စေနိုင်သော မုသာဝါဒနှင့် အပါယ်သို့ မကျရောက်စေနိုင်သော မုသာဝါဒတို့ကို ခွဲခြားဖြေဆို၍ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။

(က) ပါကဋ္ဌာန (ခ) ကာယကမ္မ (ဂ) ကာမေသုမိစ္ဆာစာရ။

မုသာဝါဒ (၂၀၀၉ -၆ ကို မှီး၍ ဖြေရန်)

(က) ပါကဋ္ဌာန

ပဋိသန္ဓေအကျိုးပေးရာ အပါယ်ဘုံ, ကာမသုဂတိဘုံ, ရူပဘုံ, အရူပဘုံတို့ ဖြစ် ပါသည်။

(ခ) ကာယကမ္မ

ကာယဒွါရ၌ ဖြစ်သော ပါဏာတိပါတ စသောကံသည် ကာယကမ္မ မည်ပါသည်။

(ဂ) ကာမေသုမိစ္ဆာစာရ

မေထုန်မှုကို လွန်ကျူးခြင်း ဝါ - လွန်ကျူးကြောင်း အကုသိုလ်စိတ္တုပ္ပါဒ် ဟူသော ကိလေသာကာမတို့၌ ကဲ့ရဲ့စွာ ယုတ်ယုတ်မာမာ ပြုကျင့်ကြောင်းစေတနာသည် ကာမေသုမိစ္ဆာစာရ မည်ပါသည်။

---

http://www.dhammadownload.com



၇။ ပညာတံခွန် ထူနိုင်သည့် လူရည်ချွန်အာဇာနည်ဘဝမျိုး ရရှိအောင် ဖန်တီးပေးနိုင်သော ကုသိုလ်ကံ၏အမည်ကို ဖော်ပြ၍၊ ထိုကုသိုလ်ကံ၏ အဓိပ္ပါယ်ကိုလည်း ပုဂ္ဂိုလ်အများ နားလည်ပြုလုပ်နိုင်အောင် ရှင်းလင်းဖြေဆိုခဲ့ပါ။

ပညာတံခွန် ထူနိုင်သည့် လူရည်ချွန်အာဇာနည်ဘဝမျိုး ရရှိအောင် ဖန်တီးပေးနိုင်သော ကုသိုလ်ကံ၏အမည်မှာ - တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ ဖြစ်ပါသည်။ (၁၉၉၈ - ၄)

---

၈။ ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့၍ တည်သော ကာယပသာဒသည် အခြားသောပသာဒတို့နှင့် ရောနိုင် မရောနိုင် အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ပထဝီစသော ဓာတ်လေးပါးတို့၏ လက္ခဏာများကိုလည်း ဖြေဆိုခဲ့ပါ။

ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့၍ တည်သော ကာယပသာဒသည် အခြားသောပသာဒတို့နှင့် ရောနိုင် မရောနိုင် အကြောင်းပြ ဖြေဆိုချက်

ကာယပသာဒသည် ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့၍ တည်နေပါသော်လည်း ကွဲပြားသော မှီရာမဟာဘုတ်, ကွဲပြားသော လက္ခဏာတို့ ရှိသောကြောင့် အခြားသော ပသာဒတို့နှင့် မရောနိုင်ပါ။

ပထဝီဓာတ်သည် - ခက်မာကြမ်းတမ်းခြင်းလက္ခဏာ ရှိပါသည်။
အာပေါဓာတ်သည် - ယိုစီးဖွဲ့စည်းခြင်းလက္ခဏာ ရှိပါသည်။
တေဇောဓာတ်သည် - ပူလောင်ခြင်းလက္ခဏာ ရှိပါသည်။
ဝါယောဓာတ်သည် - ထောက်ကန်ခြင်းလက္ခဏာ ရှိပါသည်။

---

၉။ စာဖြေရှင်တို့၏ ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ခြင်း၏အကြောင်းကို ဋီကာကျော်နှင့်အညီ ရေးသားဖြေဆိုပြီး၍၊ သန္တိကေရုပ်ဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း (၁၉၉၀ - ၃)
သန္တိကေရုပ် မည်ပုံ (၂၀၀၇ -၂)

---

၁၀။ ဗုဒ္ဓဘာသာဝင်တို့၏ မျှော်မှန်းရာ မြတ်နိဗ္ဗာန်၏ (က) အစ္စုတ (ခ) အစ္စန္တ (ဂ) အသင်္ခတ (ဃ) အနုတ္တရ မည်ပုံတို့ကို သေချာစိစစ် ဖြေဆို၍၊ အဘယ့်ကြောင့် အဘယ်ပုဂ္ဂိုလ်ကို ဝါနမုတ္တ-ဟု ခေါ်ပါသနည်း? ဋီကာကျော်ကို ရှု၍ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



**မြတ်နိဗ္ဗာန်၏ (က) အစ္စုတ (ခ) အစ္စန္တ (ဂ) အသင်္ခတ (ဃ) အနုတ္တရ မည်ပုံ**

- စုတေခြင်း ရွေ့လျောခြင်း မရှိသောကြောင့် နိဗ္ဗာန်သည် အစ္စုတ မည်ပါသည်။
- ဘင်ဟူသော အဆုံးကို လွန်ပြီးဖြစ်သောကြောင့် နိဗ္ဗာန်သည် အစ္စန္တ မည်ပါသည်။
- ကံအစရှိသောအကြောင်းတို့သည် မပြုပြင်အပ်သောကြောင့် နိဗ္ဗာန်သည် အသင်္ခတ မည်ပါသည်။
- မိမိထက် သာလွန်သောတရား မရှိသောကြောင့် (တစ်နည်း) အကြောင်းယုတ္တိနှင့် ပြောဆိုထိုက်သော မိမိထက် လွန်မြတ်သောတရား မရှိသောကြောင့် နိဗ္ဗာန်သည် အနုတ္တရ မည်ပါသည်။

**ဝါနမုတ္တ-ဟု ခေါ်ဆိုပုံ**

ဝါန- ဟု ဆိုအပ်သော တဏှာမှ လွတ်ကင်းပြီး ဖြစ်သောကြောင့် ဘုရားရှင်တို့ကို ဝါနမုတ္တ-ဟု ခေါ်ပါသည်။

ဢ ဨ ဢ ဨ ဢ ဨ ဢ ဨ

## ၂၀၁၁-ခုနှစ်

၁။ **သင်္ခတတရားချင်း တူပါလျက် နာမ်တရားက အသက်တို၍ ရုပ်တရားက အသက်ရှည်ရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ အောက်ပါတို့၏အသက်ကိုလည်း ခဏငယ်ဖြင့်သာ တွက်စစ်၍ ဖြေဆိုခဲ့ပါ။**
**(က) စက္ခုဝိညာဏ်စိတ် (ခ) လောဘစေတသိက် (ဂ) ရူပါရုံ။**

**သင်္ခတတရားချင်းတူပါလျက် နာမ်တရားက အသက်တို၍ ရုပ်တရားက အသက်ရှည်ရခြင်း အကြောင်း (၁၉၉၀ - ၁ )**

(က) စက္ခုဝိညာဏ်စိတ်၏အသက် = ခဏငယ် ၃-ချက်
(ခ) လောဘစေတသိက်၏အသက် = ခဏငယ် ၃-ချက်
(ဂ) ရူပါရုံ၏အသက် = ခဏငယ် ၅၁-ချက်

---

http://www.dhammadownload.com



၂။ ပဋ္ဌာန်းရှုံသည် ပဋ္ဌပသာဒ၌ ထိခိုက်သောအခါ ဟဒယဝတ္ထု၌ မှီသောဘဝင်က လှုပ်ရှားခြင်း အကြောင်းကို အကျဉ်းမျှရေးသားဖြေဆိုရ၍၊ အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ်မဖြစ်ဘဲ ဘဝင်-စလနချည်းသာ ဖြစ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

ပဋ္ဌာန်းရှုံသည် ပဋ္ဌပသာဒ၌ ထိခိုက်သောအခါ ဟဒယဝတ္ထု၌ မှီသောဘဝင်က လှုပ်ရှားခြင်း အကြောင်းကို အကျဉ်းမျှဖြေဆိုရသော်-

ရုပ်, နာမ်တရားတို့သည် တစ်ခုတည်းသောသန္တာန် အစဉ်အဆက်၏အစွမ်းဖြင့် တစ်စပ်တည်း စပ်နေကြောင့် ဟဒယဝတ္ထု၌ မှီသောဘဝင်က လှုပ်ရှားခြင်းဖြစ်ပါသည်။

အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ်မဖြစ်ဘဲ ဘဝင်စလနချည်းသာ ဖြစ်ရခြင်းအကြောင်း (၂၀၀၃-၂)

---

၃။ အရိုးကျေကျေ အရေခန်းခန်း မည်မျှပင် ကြိုးစားအားထုတ်ပါသော်လည်း ဤဘဝတွင် တစ်မဂ်တစ်ဖိုလ် မရနိုင်သောပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွ ရေးသားဖြေဆို၍၊ မဂ်စိတ်လေးခုတို့သည် မိမိဆိုင်ရာမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မှတပါး အခြားသောပုဂ္ဂိုလ်တို့၌ မဖြစ်ရခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

တစ်မဂ်တစ်ဖိုလ် မရနိုင်သောပုဂ္ဂိုလ်နှင့် အကြောင်း (၁၉၈၉-၂)
မဂ်စိတ်လေးခုတို့သည် မိမိဆိုင်ရာမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မှတပါး အခြားသောပုဂ္ဂိုလ်တို့၌ မဖြစ်ရခြင်းအကြောင်း (၁၉၉၁-၃)

---

၄။ အပါယ်လေးဘုံ၌ပါသော ပြိတ္တာ,တိရစ္ဆာန်တို့၏အဓိပ္ပါယ်ကို ပေါ်လွင်အောင်ရေးသားဖြေဆို၍၊ လူတော်လူကောင်းတစ်ယောက်ဖြစ်ရန် လိုအပ်သောအချက်များကိုလည်း ဋီကာကျော် လာ မနုဿ-အဖွင့်ကို ရှုမျှော်၍ ဖြေဆိုခဲ့ပါ။

ပြိတ္တာ၏အဓိပ္ပါယ် = ချမ်းသာသုခမှ ဝေးကွာနေကြသော သတ္တဝါများ။
တိရစ္ဆာန်၏အဓိပ္ပါယ် = လူနတ်ကဲ့သို့ ထောင်ထောင်မတ်မတ် မသွား၊ ဖီလာကန့်လန့် သွားတတ်သော သတ္တဝါများ။
လူတော်လူကောင်းတစ်ယောက်ဖြစ်ရန် လိုအပ်သောအချက်များ(၁၉၉၁-၁)

---

http://www.dhammadownload.com



၅။ **အဘာယ်စေတနာမျိုးကို ဒါန-ဟု ခေါ်ဆိုပါသနည်း? ဋီကာကျော်လာသည့်အတိုင်း ပြည့်စုံစွာရေးသားဖြေဆို၍၊ ထင်ရှားမရှိသောဝတ္ထုကို အာရုံပြု၍ စိတ်ကူးဖြင့် ပေးလှူခြင်းသည် ဒါနမြောက်/မမြောက် သေချာစွာ သုံးသပ်ဆုံးဖြတ်၍ ဖြေဆိုခဲ့ပါ။**

**ဒါန-ဟု ခေါ်ဆိုရသောစေတနာ**

အနုသယနှင့်တကွဖြစ်သော ခန္ဓာအစဉ်ရှိသော ပုထုဇဉ်, သေက္ခ၏သန္တာန်၌ သူတစ်ပါးတို့ကို ပူဇော်လို ချီးမြှောက်လိုသောကြောင့် မိမိမှာ ထင်ရှားရှိသောဝတ္ထုကို စွန့်လှူခြင်း ၏အစွမ်းဖြင့် ဖြစ်သောစေတနာသည် ဒါန-ဟုခေါ်ဆိုရသော စေတနာ ဖြစ်ပါသည်။

ထို့ကြောင့် **ထင်ရှားမရှိသောဝတ္ထုကို အာရုံပြု၍ စိတ်ကူးဖြင့် ပေးလှူခြင်းသည် ဒါနမမြောက်ပါ။**

---

၆။ **ရူပဘုံသို့ ရောက်စေနိုင်သော ရူပကုသိုလ်ကံ၏ မနောကံသာ ဖြစ်ရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ အောက်ပါတို့ကို ဋီကာဆရာပြဆိုသည့်အတိုင်း ရေးသားဖြေဆိုခဲ့ပါ-**
**(က)ဝေယျာဝစ္စအမည်ရသောစေတနာ၊ (ခ)ပတ္တာနုမောဒနအမည်ရသောစေတနာ။**

**ရူပဘုံသို့ ရောက်စေနိုင်သော ရူပကုသိုလ်ကံ၏ မနောကံသာဖြစ်ရခြင်းအကြောင်း**

ရူပကုသိုလ်ကံသည် အလွန်ငြိမ်သက်သဖြင့် ကာယဝိညတ်, ဝစီဝိညတ်ကို ဖြစ်စေတတ်သည်၏အဖြစ် မရှိသောကြောင့် ကာယဒွါရ, ဝစီဒွါရတို့၌ မဖြစ်၊ ထို့ကြောင့် မနောကံသာ ဖြစ်ရခြင်း ဖြစ်ပါသည်။

**(က) ဝေယျာဝစ္စ အမည်ရသောစေတနာ**

လာဘ်လာဘတို့၌ မြော်လင့်တောင့်တခြင်းမှ ကင်းသော, မညစ်နွမ်းသော အလိုဆန္ဒဖြင့် အသက်, ဂုဏ်အားဖြင့် ကြီးသောပုဂ္ဂိုလ်များ, ဝိလာနများ၏ ထိုထိုကိစ္စကို ပြုကြောင်းဖြစ်သောစေတနာသည် ဝေယျာဝစ္စ-အမည်ရသောစေတနာ ဖြစ်ပါသည်။

**(ခ) ပတ္တာနုမောဒန အမည်ရသောစေတနာ**

သူတစ်ပါးတို့ ပေးအပ်, မပေးအပ်သော ကုသိုလ်ကောင်းမှုကို မစ္ဆေရ အညစ်အကြေးကင်းသော, စင်ကြယ်သောစိတ်ဖြင့် အဖန်ဖန် ဝမ်းမြောက်ကြောင်း စေတနာသည် ပတ္တာနုမောဒနာ-အမည်ရသောစေတနာ ဖြစ်ပါသည်။

---

http://www.dhammadownload.com



၇။ 'လူတစ်ယောက်သေဆုံးပြီးနောက် ၇-ရက်စေ့မှ ဘဝသစ်၌ ဖြစ်သည်'ဟု အချို့သော ပုဂ္ဂိုလ်များ ယုံကြည်ယူဆလျက်ရှိကြရာ ထိုယုံကြည်ယူဆချက်သည် မှန်/မမှန် အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ဖြေဆိုရှ်၊ အောက်ပါတို့ကိုလည်း မှန်ကန်စွာ ဖြေဆိုခဲ့ပါ- (က) ပသာဒရုပ်မည်ခြင်းအကြောင်း၊ (ခ) စက္ခုပသာဒ၏လက္ခဏာ။

'လူတစ်ယောက်သေဆုံးပြီးနောက် ၇-ရက်စေ့မှ ဘဝသစ်၌ ဖြစ်သည်'ဟု အချို့သော ပုဂ္ဂိုလ်များ ယုံကြည်ယူဆချက်မှာ မမှန်ပါ။(၁၉၉၀-၄)

(က) ပသာဒရုပ်မည်ခြင်းအကြောင်း

မဟာဘုတ်လေးပါးတို့ ကြည်လင်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ပသာဒရုပ် မည်ပါသည်။

(ခ) စက္ခုပသာဒ၏လက္ခဏာ

ကြည့်ရှုခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော ရူပတဏှာလျှင် အရင်းခံရှိသောကံ ကြောင့် ဖြစ်သော မဟာဘုတ်လေးပါးတို့ကို ကြည်လင်စေခြင်းလက္ခဏာ ရှိပါသည်။

---

၈။ ဇီဝိတိန္ဒြေသည် အဘယ့်ကြောင့် တကွဖြစ်ဘက်ကမ္မဇရုပ်တို့ တည်တံ့ခြင်း၏ အကြောင်း ဖြစ်ရသည်ကို ရေးသားဖြေဆိုရှ်၊ ဇာတိရူပမေဝ-၌ ဇာတိမည်ခြင်းအကြောင်းနှင့် ရူပ မည်ခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

ဇီဝိတိန္ဒြေသည် တကွဖြစ်ဘက်ကမ္မဇရုပ်တို့ တည်တံ့ခြင်း၏အကြောင်း ဖြစ်ရပုံ

ကံသည် ကမ္မဇရုပ် ဖြစ်ဆဲခဏ၌ ထင်ရှားမရှိတော့ပြီ ဖြစ်သောကြောင့် တကွဖြစ် ဘက်ကမ္မဇရုပ်တို့ တည်တံ့ခြင်း၏အကြောင်း မဖြစ်နိုင်ပါ၊ ထို့ကြောင့် ဇီဝိတိန္ဒြေသည် တကွဖြစ်ဘက်ကမ္မဇရုပ်တို့ တည်တံ့ခြင်း၏အကြောင်း ဖြစ်ရပါသည်။

ဇာတိရူပမေဝ-၌ ဇာတိမည်ခြင်းအကြောင်းနှင့် ရူပမည်ခြင်းအကြောင်း

ပဋိသန္ဓေအခါမှစ၍ စတုသမုဋ္ဌာနိကရုပ်တို့၏ ခဏတိုင်း ခဏတိုင်း၌ ဖြစ်ခြင်း သဘောတရား ဖြစ်သောကြောင့် ဇာတိမည်ပါသည်။

စတုသမုဋ္ဌာနိကရုပ်တို့၏ ဖြစ်ခြင်းသဘော၏အဖြစ်ဖြင့် ၄-ပါးသော သန္တတိရုပ် နှင့် စပ်သောဖြစ်ခြင်း ရှိသောကြောင့် ဇာတိသည် ဌာနူပစာအားဖြင့် ရုပ်မည်ပါသည်။

---

http://www.dhammadownload.com



**၉။ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန်အတွက် ရုပ်ခန္ဓာကိုယ်ကြီးကို ပယ်စွန့်ရန် လို/မလို စိစစ် ဖြေဆို၍၊ ဥတုနှင့်သြဇာတို့သည် ဌီခဏ၌သာလျှင် ရုပ်ကိုဖြစ်စေကြခြင်း၏အကြောင်း ကိုလည်း ဖြေဆိုပါ။**

**ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန်အတွက် ရုပ်ခန္ဓာကိုယ်ကြီးကို ပယ်စွန့်ရန် မလိုပါ။**

ရုပ်တရားသည် ပယ်စွန့်၍ မရသော အပ္ပဟာတဗ္ဗတရားဖြစ်၍ ရုပ်ခန္ဓာကိုယ်ကြီးကို ပယ်စွန့်ရန် မလိုပါ၊ ကမ္မဇရုပ် ဖြစ်ဆဲခဏ၌ ထင်ရှားမရှိတော့ပြီ ဖြစ်သောကြောင့် တကွဖြစ်ဘက်ကမ္မဇရုပ်တို့ တည်တံ့ခြင်း၏အကြောင်း မဖြစ်နိုင်ပါ၊ ထို့ကြောင့် ဇီဝိတိန္ဒြေသည် တကွဖြစ်ဘက်ကမ္မဇရုပ်တို့ တည်တံ့ခြင်း၏အကြောင်း ဖြစ်ရပါသည်။

**ဥတုနှင့် သြဇာတို့သည် ဌီခဏ၌သာလျှင် ရုပ်ကိုဖြစ်စေကြခြင်း၏အကြောင်း**

ပစ္ဆာဇာတစသော ပစ္စည်းတို့၏ အထောက်အပံ့ကို ရသဖြင့် ဌီခဏ၌သာလျှင် ဥတုနှင့် သြဇာတို့သည် အားရှိကြသောကြောင့် ရုပ်ကိုဖြစ်စေကြခြင်း ဖြစ်ပါသည်။

---

**၁၀။ စုတေသွားသော ဗြဟ္မာကြီး၏ဦးခေါင်းကို နတ်သမီးများက အလှည့်ကျကိုင်ဆောင် ထားရသည်-ဟု သကြံန်စာ၌ ရေးသားရာ ထိုစကားသည် အဘိဓမ္မာအမြင်ဖြင့် မှန်/မမှန် သုံးသပ်ဖြေဆို၍၊ နိဗ္ဗာန်၏ အသင်္ခတမည်ခြင်း၏အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**စုတေသွားသော ဗြဟ္မာကြီး၏ဦးခေါင်းကို နတ်သမီးများက အလှည့်ကျကိုင်ဆောင် ထားရသည်-ဟု သကြံန်စာ၌ ရေးသားရာ ထိုစကားသည် အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ဖြေဆို ရလျှင် မမှန်ပါ။(၁၉၉၅-၃)**

**နိဗ္ဗာန်၏ အသင်္ခတမည်ခြင်း၏အကြောင်း**

ကံအစရှိသောအကြောင်းတို့သည် မပြုပြင်အပ်သောကြောင့် နိဗ္ဗာန်သည် အသင်္ခတ မည်ပါသည်။

ဿ ဏ ဿ ဏ ဿ ဏ ဿ ဏ

http://www.dhammadownload.com



## ၂၀၁၂-ခုနှစ်

၁။ ပဋ္ဌာရုံသည် ပဋ္ဌပသာဒ၌ ထိခိုက်သောအခါ ပဋ္ဌပသာဒကို မှီသော ပဋ္ဌဝိညာဉ်သည်သာ လျှင် လှုပ်သင့်ပါလျက် ဟဒယဝတ္ထုကိုမှီသော ဘဝင်က လှုပ်ရခြင်းအကြောင်းကိုရေးသား ဖြေဆို၍၊ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း မှန်ကန်စွာဖြေဆိုခဲ့ပါ။
(က) ဝိဘူတာရုံ (ခ) အဝိဘူတာရုံ (ဂ) အတီတဘဝင်။

ပဋ္ဌာရုံသည် ပဋ္ဌပသာဒ၌ ထိခိုက်သောအခါ ပဋ္ဌပသာဒကို မှီသော ပဋ္ဌဝိညာဉ်သည်သာ လျှင် လှုပ်သင့်ပါလျက် ဟဒယဝတ္ထုကိုမှီသော ဘဝင်က လှုပ်ရခြင်းအကြောင်း (၂၀၁၁ - ၂)

| | | |
|---|---|---|
| (က) ဝိဘူတာရုံ | = | ထင်ထင်ရှားရှား ထင်လာသောအာရုံ။ (မနောဒွါရ၌ ထင်ရှားပေါ်လွင်သော အာရုံ ၆-ပါး) |
| (ခ) အဝိဘူတာရုံ | = | မထင်ရှားသောအာရုံ။ (မနောဒွါရ၌ မထင်ရှား မပေါ်လွင်သော အာရုံ ၆-ပါး) |
| (ဂ) အတီတဘဝင် | = | အာရုံနှင့်ပသာဒတို့ မထိခိုက်မီ ချုပ်ပျောက်လွန်သွားသော ဘဝင်။ |

---

၂။ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော စေတီများကို ငါကိုယ်တိုင်မျက်စိဖြင့် မြင်ခဲ့ရသည်- ဟု ဆိုရာ ပျက်စီးသွားသောစေတီများကို မျက်စိ(အကြည်ရုပ်)ဖြင့် မြင်နိုင်-မမြင်နိုင် အကြောင်းသွင်း၍ ရှင်းလင်းဖြေဆိုပြီး၊ မနောဒွါရ၌ ထင်လာနိုင်သောအာရုံတို့ကိုလည်း ဖြေဆိုခဲ့ပါ။

ပျက်စီးသွားသောစေတီများကို မျက်စိ(အကြည်ရုပ်)ဖြင့် မမြင်နိုင်ပါ။ (၁၉၉၀-၁)

မနောဒွါရ၌ ထင်လာနိုင်သောအာရုံများမှာ -
အတိတ်, အနာဂတ်, ပစ္စုပ္ပန်၊ ကာလဝိမုတ်ဖြစ်သောအာရုံ ၆-ပါးတို့ ဖြစ်ပါသည်။

---

http://www.dhammadownload.com



၃။ အဆိုးပြီးလျှင် အကောင်းလာသည်-ဟု ဆိုသော်လည်း နှလုံးမသာခြင်း၏ အခြားမဲ့၌ ဝမ်းမြောက်ခြင်း ဖြစ်နိုင်-မဖြစ်နိုင် အကြောင်းသွင်း ဖြေဆိုပြီးလျှင်၊ အာဝဇ္ဇန်းကင်း၍ စိတ်ဖြစ်နိုင်-မဖြစ်နိုင်ကိုလည်း စိစစ်ဆုံးဖြတ်ပြခဲ့ပါ။

**နှလုံးမသာခြင်း၏ အခြားမဲ့၌ ဝမ်းမြောက်ခြင်း မဖြစ်နိုင်ပါ။ (၁၉၉၀-၁)**

နှလုံးမသာခြင်း(ဒေါမနဿဝေဒနာ)နှင့် ဝမ်းမြောက်ခြင်း(သောမနဿဝေဒနာ) တို့သည် မီးနှင့် ရေပမာ လွန်စွာဆန့်ကျင်ကြသောကြောင့် အနန္တရပစ္စည်း မတပ်နိုင်ပါ၊ ထို့ကြောင့် နှလုံးမသာခြင်း၏အခြားမဲ့၌ ဝမ်းမြောက်ခြင်း မဖြစ်နိုင်ပါ။

**အာဝဇ္ဇန်းကင်း၍ စိတ်မဖြစ်နိုင်ပါ။ (၁၉၉၀-၃ ကို မှီး၍ ဖြေပါ။)**

---

၄။ ယခုအခါ လူတို့၏နယ်ပယ်၌ တွင်ကျယ်စွာ သုံးနေသော အပါယ်ဘုံ, ကာမသုဂတိဘုံ ဟူသော ဝေါဟာရတို့၏သဘောအဓိပ္ပါယ်ကို ရှင်းပြဖြေဆို၍၊ အောက်ပါတို့၏ သဘော အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။
(က) တုသိတာနတ် (ခ) ပြဟ္မပါရိသဇ္ဇာပြဟ္မာ (ဂ) မဟာပြဟ္မာ။

| | | |
|---|---|---|
| အပါယ်ဘုံ | - | လူ နတ် ပြဟ္မာ သုံးဖြာသော သမ္ဗတ္တိတို့၏ ဖြစ်ကြောင်း ကုသိုလ်ကောင်းမှုပြုခွင့် မရသောအရပ်ဌာန။ |
| ကာမသုဂတိဘုံ | - | ကာမတဏှာနှင့်တကွ ဖြစ်သော တင့်တယ်ကောင်းမြတ် ကောင်းမှုပြုသူတို့ ရောက်အပ်သောအရပ်ဌာန။ |

| | | |
|---|---|---|
| (က) တုသိတာနတ် | - | မိမိအသရေ၏ ပြည့်စုံခြင်းဖြင့် နှစ်သက်ရွှင်လန်းခြင်းသို့ ရောက်သောနတ်။ |
| (ခ) ပြဟ္မပါရိသဇ္ဇာပြဟ္မာ | - | မဟာပြဟ္မာတို့၏ အလုပ်အကျွေးဖြစ်၍ မဟာပြဟ္မာတို့၏ပရိသတ်၌ ဖြစ်သောပြဟ္မာ။ |
| (ဂ) မဟာပြဟ္မာ | - | (၁၉၉၀-၁) |

---

၅။ မိမိအမေကို သတ်ပြီးမှ နောင်တရ၍ ကြီးကျယ်သော ကုသိုလ်ကောင်းမှုကို အမြဲကြိုးစား အားထုတ်နေသောပုဂ္ဂိုလ်သည် ယခုဘဝ၏အခြားမဲ့၌ သုဂတိဘဝသို့ ရောက်နိုင် မရောက်နိုင် အဘိဓမ္မာသဘာဝဖြင့် ဆုံးဖြတ်ဖြေဆို၍၊ အာသန္နကံ, အာစိဏ္ဏကံတို့၏ သဘော အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



**မိမိအမေကို သတ်ပြီးမှ နောင်တရ၍ ကြီးကျယ်သော ကုသိုလ်ကောင်းမှုကို အမြဲကြိုးစား အားထုတ်နေသောပုဂ္ဂိုလ်သည် ယခုဘဝ၏အခြားမဲ့၌ သုဂတိဘဝသို့ မရောက်နိုင်ပါ။**

အမေကို သတ်ခြင်းသည် အကုသိုလ်ဂရုကံ ဖြစ်ပြီး၊ ကြီးကျယ်သောကုသိုလ်ကောင်းမှုကို အမြဲကြိုးစား အားထုတ်နေခြင်းသည် ကုသိုလ်အာစိဏ္ဏကံ ဖြစ်ပါသည်၊ ကံတို့၏ အကျိုးပေးပုံ အလှည့်အကြိမ်အရ ဂရုကံရှိက စုတိ၏အခြားမဲ့၌ ဒုတိယဘဝ၌ အကျိုးပေး၏၊ ဥပမာ - အနည်းငယ်သောရေကို ကြီးစွာသောရေအယဉ်သည် လွှမ်းမိုး သွားသကဲ့သို့ - ကုသိုလ်အာစိဏ္ဏကံကို အကုသိုလ်ဂရုကံက လွှမ်းမိုး၍ ရှေးဦးစွာအကျိုး ပေးပါသည်။

**အာသန္နကံ** - ရှေးက ပြုခဲ့ဖူး၍ သေခါနီးကာလ၌ အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ်ကံ။
(တစ်နည်း) သေခါနီးကာလ၌ ပြုအပ်သော ကုသိုလ်, အကုသိုလ်ကံ။

**အာစိဏ္ဏကံ** - (၁) အမြဲမပြတ် လေ့လာပြုလုပ်မေ့အပ်သော ကုသိုလ်, အကုသိုလ်ကံ
(၂) တစ်ကြိမ်ပြုပြီးနောက် အမြဲမပြတ် မှီဝဲ ဆင်ခြင် အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ်ကံ။

---

၆။ **ငါးဖြာအာရုံကာမဂုဏ်တရားတို့ကို ခုံမင်နှစ်ခြိုက်ကြသူများ သတိထားသင့်သော ကာမေသု-မိစ္ဆာစာရ၌ (က) ကာမ-အရ (ခ) မိစ္ဆာစာရ-အရ (ဂ)ကာမေသုမိစ္ဆာစာရ-အရ တို့ကို မှန်ကန်စွာ ကောက်ပြ၍၊ မသွားလာထိုက်သောဌာန၏ အရေအတွက်ကိုလည်း သင်္ချာမျှ သာ ပြခဲ့ပါ။**

**ကာမေသုမိစ္ဆာစာရ၌**

**(က) ကာမ-အရ** - မေထုန်အမှုကို လွန်ကျူးကြောင်း အကုသိုလ်စိတ္တုပ္ပါဒ် ဟူသော ကိလေသာကာမ။

**(ခ) မိစ္ဆာစာရ-အရ** - ယုတ်ယုတ်မာမာကျင့်ကြောင်း ဝီတိက္ကမစေတနာ။

**(ဂ) ကာမေသုမိစ္ဆာစာရ-အရ** - သူယုတ်တို့၏အကျင့်-ဟူသော မေထုန်အမှုကို မှီဝဲခြင်း၏အစွမ်းဖြင့် ကာယဒွါရ၌ဖြစ်သော မသွားလာထိုက်သောအရပ်ဌာနကို လွန်ကျူးကြောင်းဖြစ်သော ဝီတိက္ကမစေတနာ။

**မသွားလာထိုက်သောဌာန၏ အရေအတွက် = ၁၂။**

---

http://www.dhammadownload.com



**၇။ အမျိုးသမီးတို့သည် မဟာပြဟ္မာကြီး ဖြစ်နိုင်-မဖြစ်နိုင်အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်၊ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**
**(က) ဥပလဘိတဗ္ဗဂတိနိမိတ် (ခ) ဥပဘောဂဂတိနိမိတ်။**

**အမျိုးသမီးတို့သည် မဟာပြဟ္မာကြီး မဖြစ်နိုင်ပါ။**

အမျိုးသမီးတို့သည် ယုတ်ညံ့သောဆန္ဒစသည်တို့နှင့်ယှဉ်သောကြောင့် ပြဟ္မာ့ဘုံ၌ ဖြစ်သော်လည်း အခြံအရံပရိသတ် ဖြစ်သော ပြဟ္မာငယ်တို့၌သာ ဖြစ်၍ မဟာပြဟ္မာကြီး မဖြစ်နိုင်ပါ။

(က) ဥပလဘိတဗ္ဗဂတိနိမိတ် - တိုက်ရိုက်ရထိုက်, ခံစားထိုက်သည့် အမိဝမ်းရေ, နတ်ဘုံ, ငရဲဘုံ, တောတောင်ခြေရင်းစသော အာရုံနိမိတ်။
(ခ) ဥပဘောဂဂတိနိမိတ် - နတ်သမီး, ဗိမာန်, ပဒေသာပင်, ငရဲမီး, ငရဲထိန်း စသော သုံးဆောင်ထိုက်သော အတွင်းအပ အသုံးအဆောင် အာရုံနိမိတ်။

---

**၈။ သတ္တဝါများရရှိထားသောရုပ်တို့တွင် မဟာဘုတ်တို့၏ ဘီလူးမနှင့် တူပုံကို သေချာစွာ ရှင်းပြဖြေဆို၍၊ ဘာဝရုပ်တို့၏တည်ရာဌာနကိုလည်း ဖြေဆိုခဲ့ပါ။**

**မဟာဘုတ်တို့၏ ဘီလူးမနှင့် တူပုံ**

ဘီလူးမသည် နဂိုက မြတ်နိုးဖွယ် မဟုတ်သော်လည်း မြတ်နိုးဖွယ်အဆင်း, ပုံသဏ္ဍာန်စသည်ကို ဖန်ဆင်း၍ သတ္တဝါတို့ကို လှည့်စားသကဲ့သို့ မဟာဘုတ်တို့သည်လည်း မြတ်နိုးဖွယ်ရာ မိန်းမရုပ်, ယောကျ်ားရုပ်ကို ပြခြင်းစသည်ဖြင့် သတ္တဝါတို့ကို လှည့်စားတတ်ကြပါသည်၊ ဤသို့ တူကြပါသည်။

**ဘာဝရုပ်တို့၏တည်ရာဌာန**

ဘာဝရုပ်သည် ကာယိန္ဒြေကဲ့သို့ တစ်ကိုယ်လုံးကို ပျံ့နှံ့ တည်ပါသည်။

---

**၉။ စာဖြေရှင်တို့၏သန္တာန်၌ ဖြစ်သော အဆင်းရူပါရုံ၏ အနာရမ္မဏမည်ပုံကို ရေးသားဖြေဆို၍၊ ဝိညတ်ကို ဖြစ်စေနိုင်သောစိတ်တို့သည် အဘယ့်ကြောင့် ဣရိယာပုထ်ကိုလည်း ခိုင်စေနိုင်ပါသနည်း?ဖြေဆိုခဲ့ပါ။**

**အဆင်းရူပါရုံ၏ အနာရမ္မဏမည်ပုံ**

http://www.dhammadownload.com



အဆင်းရုပ်ဝါရုံသည် စိတ်စေတနာမရှိသည့်အတွက် နာမ်တရားတို့ကဲ့သို့ အာရုံကို မယူနိုင်သောကြောင့် အနာရမ္မဏမည်ပါသည်။

**ဝိညတ်ကို ဖြစ်စေနိုင်သောစိတ်တို့သည် ဣရိယာပုထ်ကိုလည်း ခိုင်စေနိုင်ပုံ**

ဣရိယာပုထ်သည် ကာယဝိညတ်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် ဝိညတ်ကို ဖြစ်စေနိုင်သောစိတ်တို့သည် ဣရိယာပုထ်ကိုလည်း ခိုင်စေနိုင်ပါသည်။

---

**၁၀။ သံသေဒဇသတ္တဝါ, ဩပပါတိကသတ္တဝါတို့၏ သဘောအဓိပ္ပါယ်ကို ရေးသားဖြေဆို၍၊ ရူပဗြဟ္မာတို့၌ အဘယ့်ကြောင့် အာဟာရဇရုပ်များ မရပါသနည်း? ဖြေဆိုခဲ့ပါ။**

**သံသေဒဇသတ္တဝါ** = ပဒုမ္မာကြာတိုက်, ကိုယ်ဝန်အညစ်အကြေးစသော စိမ်းစော် ညှီဟောက်သောအနံ့ရှိသောအရပ်၌ ဖြစ်သောသတ္တဝါ။

**ဩပပါတိကသတ္တဝါ** = ကပ်၍ ကျရောက်လာသကဲ့သို့ ကျရောက်ခြင်းရှိသောသတ္တဝါ။

**ရူပဗြဟ္မာတို့၌ အာဟာရဇရုပ်များ မရခြင်း**

စားမျိုအပ်သောဗဟိဒ္ဓအာဟာရ မရှိသည့်အတွက် ခန္ဓာကိုယ်၌ရှိသော အဇ္ဈတ္တ အာဟာရသည် ရုပ်ကို ဖြစ်စေနိုင်ခြင်း မရှိသောကြောင့် ရူပဗြဟ္မာတို့၌ အာဟာရဇရုပ် များ မရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



## ၂၀၁၃-ခုနှစ်

၁။ ဤမေးခွန်းလွှာကို ဖတ်ရှုနေသော စာဖြေရှင်၏သန္တာန်၌ ပဋ္ဌဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့သည် အဘယ့်ကြောင့် ဖြစ်ပေါ်လာသည်ကို ရေးသားဖြေဆိုပြီးလျှင်၊ ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောတစ်ကြိမ်ဖြစ်ပြီး စိတ္တက္ခဏ(၆)ချက် အသက်ကြွင်း ရှိပါသေးလျက် ဇောမဖြစ်ရခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

ဤမေးခွန်းလွှာကို ဖတ်ရှုနေသော စာဖြေရှင်၏သန္တာန်၌ ပဋ္ဌဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့ ဖြစ်ပေါ်လာခြင်းအကြောင်း (၁၉၉၂-၂)

ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောတစ်ကြိမ်ဖြစ်ပြီး စိတ္တက္ခဏ (၆)ချက် အသက်ကြွင်း ရှိပါသေးလျက် ဇောမဖြစ်ရခြင်းအကြောင်း (၂၀၀၁-၂)

---

၂။ ဥပစာရသမာဓိဇောတို့သည် အဘယ်အခါ၌ ဥပစာစသော အမည်သုံးမျိုးကိုသာ ရပါသနည်း၊ ဖြေဆို၍၊ ကောင်းမြတ်သော ဘုရား စသော အာရုံကို တွေ့မြင်ရသူတိုင်း ကုသိုလ်ဇောများ ဖြစ်နိုင်မဖြစ်နိုင် ဋီကာလာအတိုင်း သုံးသပ်ဖြေဆိုခဲ့ပါ။

ဥပစာရသမာဓိဇောတို့သည် တိက္ခပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ခိုက် ဥပစာ စသော အမည်သုံးမျိုးကိုသာ ရပါသည်။

ကောင်းမြတ်သော ဘုရားစသောအာရုံကို တွေ့မြင်ရသူတိုင်း ကုသိုလ်ဇောများ မဖြစ်နိုင်ပါ။ ဋီကာလာအတိုင်း သုံးသပ်ဖြေဆိုရသော် -(၁၉၉၇-၂)

---

၃။ ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေစဉ် မိမိသန္တာန်၌ သောတာပတ္တိမဂ်စိတ်များ အကြိမ်ကြိမ် ဖြစ်ပေါ်လာသည်ဟု တစ်စုံတစ်ယောက်သောယောဂီက ပြောဆိုလာလျှင် ထိုစကား မှန်မမှန် အဘိဓမ္မာသဘောတရားကို သုံးသပ်၍ ဆုံးဖြတ် ဖြေဆိုပြီးလျှင်၊ တဒါရုံ၏မျိုးစေ့ကိုလည်း ဖြေဆိုခဲ့ပါ။

သောတာပတ္တိမဂ်စိတ်များ အကြိမ်ကြိမ် ဖြစ်ပေါ်လာသည် ဆိုသောစကား မမှန်ပါ။ (၁၉၉၀-၂)
တဒါရုံ၏မျိုးစေ့မှာ ကာမာဝစရပဋိသန္ဓေ ဖြစ်ပါသည်။

---

http://www.dhammadownload.com



၄။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၌ သကဒါဂါမိဖိုလ်ဇောများ မဖြစ်နိုင်ခြင်း အကြောင်းကို ရေးသားဖြေဆို၍၊ အပါယ်လေးဘုံသားတို့သည် အဘယ့်ကြောင့် ကံသာလျှင် လိုရင်းပမာဏ ဖြစ်ရသည်ကိုလည်း ဖြေဆိုခဲ့ပါ။

အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၌ သကဒါဂါမိဖိုလ်ဇောများ မဖြစ်နိုင်ခြင်းအကြောင်း (၁၉၉၁-၃ ကို မှီး၍ ဖြေရန်)

အပါယ်လေးဘုံသားတို့သည် ကံသာလျှင် လိုရင်းပမာဏ ဖြစ်ရခြင်း

အပါယ်လေးဘုံသားတို့သည် အကုသိုလ်ကံ မကုန်သေးသမျှကာလပတ်လုံး စုတေခြင်း မရှိသောကြောင့် ကံသာလျှင် လိုရင်းပမာဏ ဖြစ်ရပါသည်။

---

၅။ စကားမပြောနိုင်အောင် ဆွံ့အနေသောသူသည် မုသာဝါဒကံကို ကျူးလွန်နိုင်ခြင်း ရှိ မရှိ စိစစ်ဖြေဆိုပြီးလျှင်၊ မနောကံ၌ပါသော မိစ္ဆာဒိဋ္ဌိအရ ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိတို့ကိုလည်း အဓိပ္ပါယ်နှင့်တကွ ဖြေဆိုခဲ့ပါ။ (၁၉၉၄-၂)

---

၆။ မိစ္ဆာဒိဋ္ဌိ ဖြစ်ရခြင်းအကြောင်းကို ရေးသားဖြေဆို၊ ပုညကိရိယဝတ္ထု၌ပါသော ဒိဋ္ဌိဇုကမ္မ မည်ပုံကိုလည်း ဋီကာကျော်အဖွင့်နှင့်အညီ ရေးသားဖြေဆိုခဲ့ပါ။

မိစ္ဆာဒိဋ္ဌိ ဖြစ်ရခြင်းအကြောင်း

(၁) အယူဖောက်ပြန်ပျက်စီးသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊
(၂) သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော မှီရာရှိသူဖြစ်ခြင်းတို့ ဖြစ်ပါသည်။

ဒိဋ္ဌိဇုကမ္မ မည်ပုံ

'အတ္ထိ ဒိန္နံ' အစရှိသောနည်းဖြင့် မှန်ကန်စွာမြင်ခြင်း၏အစွမ်းဖြင့် အယူကို ဖြောင့်မှန်အောင်ပြုခြင်းသည် ဒိဋ္ဌိဇုကမ္မ မည်ပါသည်။

---

၇။ ပညာတံခွန်ကို မြင့်မြင့်မားမား လွှင့်ထူနိုင်သော လူရည်ချွန်တစ်ယောက် ဖြစ်ရန် မည်သို့မည်ပုံ ကုသိုလ်ပြုရမည်ကို ဋီကာဆရာအလိုကျ သုံးသပ်ဖြေဆို၍၊ တစ်ခုသောကုသိုလ်ကံသည် အဘယ်မျှသော ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ပေးနိုင်ပါသနည်း။ ဖြေဆိုခဲ့ပါ။

ပညာတံခွန်ကို မြင့်မား လွှင့်ထူနိုင်သော လူရည်ချွန်တစ်ယောက် ဖြစ်ရန် (၁၉၉၂-၃)

http://www.dhammadownload.com



**တစ်ခုသောကုသိုလ်ကံသည်** တစ်ခုသော ပဋိသန္ဓေအကျိုးပေးနိုင်ပြီး၊ ပဝတ္တိအကျိုးကိုကား ဘဝအရာ ဘဝအထောင် ပေးနိုင်ပါသည်။

---

၈။ "လူတစ်ယောက်သေဆုံးပြီးနောက် (၇)ရက်ပြည့်မှ အိမ်ပေါ်မှ ဆင်း၍ ဘဝသစ်၌ ဖြစ်သည်" ဟု အချို့သောလူများ ယုံကြည်လျက်ရှိရာ ထိုယုံကြည်ချက်သည် မှန်ကန်မှု ရှိ မရှိ အဘိဓမ္မာကို သုံးသပ်၍ ဖြေဆိုပြီးလျှင်၊ တစ်ကိုယ်လုံးပျံ့နှံ့၍ တည်သော ကာယပသာဒသည် အခြားသောပသာဒတို့နှင့် ရော မရော ရှင်းလင်း ဖြေဆိုခဲ့ပါ။

"လူတစ်ယောက်သေဆုံးပြီးနောက် (၇)ရက်ပြည့်မှ အိမ်ပေါ်မှ ဆင်း၍ ဘဝသစ်၌ ဖြစ်သည်"ဟု အချို့သောလူများ ယုံကြည်ချက် (၁၉၉၀-၄)

ကာယပသာဒသည် အခြားသောပသာဒတို့နှင့် ရော မရော (၂၀၁၀-၈)

---

၉။ လူသားတို့၏ လက်လှုပ်ခြင်းဖြစ်ရာ၌ ပဓာန ဖြစ်သောအကြောင်းနှင့် အပဓာန ဖြစ်သော အကြောင်းတို့ကို ဖော်ပြ၍၊ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။
(က) ဥပစယ (ခ) သန္တတိ (ဂ) အနာရမ္မဏ

လူသားတို့၏ လက်လှုပ်ခြင်းဖြစ်ရာ၌
**ပဓာန ဖြစ်သော အကြောင်းမှာ** သတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်၊
**အပဓာန ဖြစ်သော အကြောင်းမှာ** ဝိညတ် ဖြစ်ပါသည်။

(က) ဥပစယ ရုပ်တို့၏ ပထမဖြစ်ခြင်း, စ၍ ဖြစ်ခြင်း။
(ခ) **သန္တတိ** ရုပ်တို့၏ ဆက်စပ်ကျယ်ပွားခြင်း, ဆက်စပ်လျက် ဖြစ်ခြင်း။
(ဂ) **အနာရမ္မဏ** ရုပ်တို့၏ စိတ်စေတနာမရှိသောကြောင့် နာမ်တရားတို့ကဲ့သို့ အာရုံကို မယူနိုင်ခြင်း။

---

၁၀။ "လူသားအစ ကကလရေကြည်က" ဟု ဆိုကြရာ အဘယ်ကို ကကလရေကြည်ဟု ဆိုပါ ဖြေဆို၍၊ တဏှာကို ဝါနဟု ဆိုရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

ကကလရေကြည် (၁၉၈၉-၁)
တဏှာကို ဝါနဟု ဆိုရခြင်းအကြောင်း (၂၀၀၁-၃ မှီး၍ ဖြေပါ)

http://www.dhammadownload.com



## ၂၀၁၄-ခုနှစ်

၁။ စိတ်နှင့် ရုပ်သည် သဘ်တတရားချင်း အတူတူဖြစ်ပါလျက် စိတ်က အသက်တို၍ ရုပ်က အသက်တမ်းရှည်ရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ ဘဝင်နှစ်ကြိမ်လှုပ်ရာ၌ ပဌမဘဝင်ကို ဘဝင်္ဂစလန-ဟု ဆိုရခြင်းအကြောင်းကိုလည်း ရေးသားဖြေဆိုပါ။

စိတ်က အသက်တို၍ ရုပ်က အသက်တမ်းရှည်ရခြင်းအကြောင်း (၂၀၀၃-၁)
ပဌမဘဝင်ကို ဘဝင်္ဂစလန-ဟု ဆိုရခြင်းအကြောင်း (၁၉၉၅-၂ ကို မှီးပါ။)

---

၂။ မနောဒွါရ၌ဖြစ်သော ဝိသယပ္ပဝတ္တိတို့ကို အတိမဟန္တာရုံ စသော အမည်ဖြင့် မဆိုဘဲ ဝိဘူတ, အဝိဘူတအမည်ဖြင့် ဆိုရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။

(က) ပရိကံ (ခ) ဥပစာ (ဂ) အနုလုံ (ဃ) ဂေါတြဘူ။ (၂၀၀၉-၂)

---

၃။ "လောကုတ္တရာ စိတ်ရှစ်ဖြာသည် ဆိုင်ရာပုဂ္ဂလ ဖြစ်ကြရ၏" ဟု ဆိုရာ မဂ်စိတ်လေးခုတို့သည် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၌သာ ဖြစ်ရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ အောက်ပါပုဂ္ဂိုလ်တို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

(က) အဟိတ်ပုဂ္ဂိုလ်၊ (ခ) ဒွိဟိတ်ပုဂ္ဂိုလ်၊ (ဂ) တိဟိတ်ပုဂ္ဂိုလ်၊ (၂၀၀၉-၄)

---

၄။ မူလအခြေခံအားဖြင့် ပျော်ရွှင်တက်ကြွသော ပုထုဇဉ်လူသားတို့၏သန္တာန် ဖြစ်နိုင်သော အာဂန္တုကဘဝင်သည် တိရစ္ဆာန်တို့၏သန္တာန်၌ ဖြစ်နိုင် မဖြစ်နိုင် သုံးသပ်ဖြေဆိုပြီးလျှင် တိရစ္ဆာန်ယောနိ-၌ တိရစ္ဆာန်မည်ပုံကိုလည်း ဋီကာကျော်နှင့်အညီ ရေးသားဖြေဆိုခဲ့ပါ။

အာဂန္တုကဘဝင်သည် တိရစ္ဆာန်တို့၏သန္တာန်၌ မဖြစ်နိုင်ပါ။

တဒါရုံ မကျသောဝါရများ၌ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူ၏ ဒေါသဇောနောင်တွင် ဘဝင်ကျရသည် ဖြစ်ရာ ထိုဘဝင်စိတ်သည် ပဋိသန္ဓေနှင့် လျော်သော သောမနဿဘဝင်ဖြစ်က ရှေ့က ဒေါသဇောနှင့် ဆန့်ကျင်၏၊ ထိုအခါမျိုး၌သာ အာဂန္တုက

http://www.dhammadownload.com



ဘဝင် ကျရသည်၊ တိရစ္ဆာန်တို့၏ဘဝင်သည် ဥပေက္ခာဘဝင်သာ ဖြစ်၍ အာဂန္တုကဘဝင် မကျနိုင်ပါ။

တိရစ္ဆာန်မည်ပုံ (၂၀၁၁-၄)

---

၅။ **လောကလူသားတို့ ဖြစ်လိုကြသော တုသိတာနတ်တို့သည် အဘယ်ကဲ့သို့သော နတ်မျိုး ဖြစ်သည်ကို ရေးသားဖြေဆို၍၊ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ဋီကာကျော်နှင့်အညီ ရေးသားဖြေဆိုခဲ့ပါ။**

**(က) ဘုမ္မဿိတ၊ (ခ) ဝိနိပါတိက၊**

တုသိတာနတ် (၂၀၁၂-၄)

(က) ဘုမ္မဿိတ

ဘုမ္မဇိုဝ်းနတ်တို့၏ ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်းရှိသောကြောင့် ဘုမ္မဇိုဝ်းနတ်တို့ကို မှီခိုကပ်ရပ်နေရသော ဘုန်းကံနည်းပါး အညံ့စားနတ်တို့သည် ဘုမ္မဿိတ-မည်ကြပါသည်။

(ခ) ဝိနိပါတိက

ချမ်းသာအပေါင်းမှ ဖောက်ပြန်၍ ကျရောက်သော ပုဂ္ဂိုလ်တို့သည် ဝိနိပါတိက-မည်ကြပါသည်။

---

၆။ **လောကလူသားတို့သည် "ရှိမှ ပေးနိုင်သည်"ဟု ဆိုကြရာ မိမိ၌ ထင်ရှားမရှိသောဝတ္ထုကို စိတ်ကူးဖြင့် ပေးလှူခြင်းသည် ဒါန မြောက် မမြောက် ဋီကာကျော်နှင့်အညီ သုံးသပ်ဖြေဆို၍၊ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း မှန်ကန်စွာဖြေဆိုခဲ့ပါ။**

**(က) အပစာယန၊ (ခ) ပတ္တိဒါန၊**

စိတ်ကူးဖြင့် ပေးလှူခြင်းသည် ဒါန မြောက်မမြောက်(၂၀၁၁-၅)

(က) အပစာယန - ပူဇော်ခြင်း၏အစွမ်းဖြင့် ရိုသေမှုကို ပြုကြောင်း ဖြစ်သောကြောင့် အပစာယန မည်ပါသည်။ (၁၉၉၆-၃)

(ခ) ပတ္တိဒါန (၂၀၀၉-၇)

---

http://www.dhammadownload.com



၇။ "ကံသည် သတ္တဝါတို့ကို ဝေဘန်၏"ဟု ဆိုကြရာ လူပင် ဖြစ်သော်လည်း လူစဉ်မမီသော ဇစ္စန္ဓစသော ပုဂ္ဂိုလ်တို့ကို ဖြစ်စေနိုင်သောကံကို မှန်ကန်စွာ ဖော်ပြ၍ ၎င်းကံ၏သဘော အဓိပ္ပါယ်ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။ (၁၉၉၁-၂)

---

၈။ ဈာန်မရသော သုက္ခဝိပဿက အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဗြဟ္မာဘုံ၌ အဘယ်နည်းဖြင့် ဖြစ်နိုင်သည်ကို ရှင်းလင်းဖြေဆို၍၊ ဓမ္မလမ်းစဉ်ကို မှန်မှန်ကန်ကန် ပြုကျင့်၍ ရူပါဝစရ ပဉ္စမဈာန်ကို ရသော ပုထုဇဉ်အမျိုးသမီးသည် မဟာဗြဟ္မာကြီး ဖြစ်နိုင် မဖြစ်နိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် သုံးသပ်ဖြေဆိုခဲ့ပါ။

ဈာန်မရသော သုက္ခဝိပဿက အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဗြဟ္မာဘုံ၌ ဖြစ်နိုင်ပုံ

သုက္ခဝိပဿက အနာဂါမ်ပုဂ္ဂိုလ်တို့သည် သမာဓိပြည့်စုံလုံလောက်ပြီး ဖြစ်သောကြောင့် သေခါနီးကာလ၌ မုချအားဖြင့် ဈာန်ရနိုင်ကြပါသည်၊ ထို့ကြောင့် ဗြဟ္မာဘုံ၌ ဖြစ်နိုင်ပါသည်။

ရူပါဝစရ ပဉ္စမဈာန်ကို ရသော ပုထုဇဉ်အမျိုးသမီးသည် မဟာဗြဟ္မာကြီး ဖြစ်နိုင် မဖြစ်နိုင် (၂၀၀၂-၇)

---

၉။ ခန္ဓာကိုယ်အတွင်းရှိ နှလုံးသွေးကို မှီ၍ ဖြစ်တည်သော ဟဒယဝတ္ထုရုပ်သည် အတွင်းရုပ် ဖြစ်သင့် မဖြစ်သင့် ဋီကာကျော်အဆိုဖြင့် သုံးသပ်ဖြေဆို၍၊ အဘယ်ရုပ်သည် အဘယ်ကြောင့် သနိဒဿနရုပ်မည်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

ဟဒယဝတ္ထုရုပ်သည် အတွင်းရုပ် ဖြစ်သင့် မဖြစ်သင့်ကို ဋီကာကျော်အဆိုဖြင့် သုံးသပ်ဖြေဆိုပြရသော် -

အတွင်းရုပ်ဟူသောအမည်သည် စက္ခုပသာဒစသော ရုပ် ၅-ပါးကိုသာ ခေါ်တွင်ထား၏။

အထင်ရှဋီ၏အစွမ်းဖြင့် စက္ခုပသာဒစသော ရုပ် ၅-ပါးတို့သာ အတွင်းရုပ်အမည် ရသောကြောင့်လည်းကောင်း၊

http://www.dhammadownload.com



တစ်နည်းအားဖြင့် - ခန္ဓာကိုယ်အတ္တဘောအား အလွန်အကဲ ကျေးဇူးပြုတတ်သောကြောင့် စက္ခုပသာဒစသော ရုပ် ၅-ပါးတို့သာ အတွင်းရုပ်အမည် ရသောကြောင့်လည်းကောင်း -

ခန္ဓာကိုယ်အတွင်းရှိ နှလုံးသွေးကို မှီ၍ ဖြစ်တည်သော ဟဒယဝတ္ထုရုပ်သည် အတွင်းရုပ် မဖြစ်သင့်ပါ (မမည်တော့ပါ)။

**သနိဒဿနရုပ်မည်ပုံ**

မြင်အပ်မြင်ထိုက်ခြင်းနှင့်တကွ ဖြစ်သောကြောင့် ရူပါရုံရုပ်သည် သနိဒဿနရုပ် မည်ပါသည်။

---

**၁၀။ ရူပပဝတ္တိက္ကမ၌ လာသော သံသေဒဇစသော ပုဂ္ဂိုလ်သုံးမျိုးတို့တွင် စာဖြေရှင်တို့သည် အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်မျိုး၌ ပါဝင်ကြသည်ကို ရေးသားဖြေဆို၍၊ ဗုဒ္ဓဘာသာဝင်တို့၏ လိုလားတောင့်တရာ မြတ်နိဗ္ဗာန်၏ အနုတ္တရမည်ပုံကိုလည်း နည်းစုံအောင် ရေးသားဖြေဆိုခဲ့ပါ။**

**စာဖြေရှင်တို့သည် ဂဗ္ဘသေယျကပုဂ္ဂိုလ်တွင် ပါဝင်ပါသည်။**

အကြောင်းမှာ အမိဝမ်း၌ ကိန်းအောင်း၍ ရူပါရုံစသောအာရုံတို့၌ ငြိကပ်တတ်သည်၏အဖြစ်ကြောင့် ဂဗ္ဘသေယျကပုဂ္ဂိုလ်တွင် ပါဝင်ပါသည်။

**မြတ်နိဗ္ဗာန်၏ အနုတ္တရ မည်ပုံ (၂၀၁၀-၁၀)**

ဆ ဖ ဆ ဖ ဆ ဖ ဆ ဖ

http://www.dhammadownload.com



## ၂၀၁၅-ခုနှစ်

၁။ ကာမဇောတို့သည် မထင်ရှားသောအာရုံကို အာရုံပြု၍ ဖြစ်နိုင်ကြသကဲ့သို့ အပ္ပနာဇောတို့သည်လည်း မထင်ရှားသောအာရုံကို အာရုံပြု၍ ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ပရိကံ ဥပစာ တို့၏အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။

**အပ္ပနာဇောတို့သည် မထင်ရှားသောအာရုံကို အာရုံပြု၍ မဖြစ်နိုင်ပါ၊ အကြောင်းပြ ဖြေဆိုရသော်-**

အပ္ပနာဇောဝါရ၌ ကသိုဏ်းပညတ်စသော မဟဂ္ဂုတ်အာရုံများနှင့် နိဗ္ဗာန်အာရုံတို့ ထင်ထင်ရှားရှား ဖြစ်ပေါ်သောအခါ၌သာလျှင် အပ္ပနာဇောဖြစ်နိုင်သောကြောင့် အပ္ပနာဇောတို့သည် ထင်ရှားသောအာရုံကိုသာ အာရုံပြုနိုင်ပါသည်၊ မထင်ရှားသောအာရုံကို အာရုံမပြုနိုင်ပါ။

**ပရိကံ ဥပစာ တို့၏အဓိပ္ပါယ် (၂၀၁၄-၂)**

---

၂။ ရူပကုသိုလ်ပဉ္စမဈာန်၏ ရှေ့၌ ရှိသော ဂေါတြဘူနှင့် သောတာပတ္တိမဂ် ပဉ္စမဈာန်၏ ရှေ့၌ ရှိသော ဂေါတြဘူတို့၏ သဘောအဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင် ရေးသား ဖြေဆို၍၊ ယထာဘိနီဟာရ၏ သဘောအဓိပ္ပါယ်ကိုလည်း မှန်ကန်စွာဖြေဆိုခဲ့ပါ။

**ဂေါတြဘူနှစ်မျိုး (၂၀၀၂-၂)**
**ယထာဘိနီဟာရ၏ သဘောအဓိပ္ပါယ် (၂၀၁၀-၃)**

---

၃။ သောမနဿဖြစ်သော မဟာကုသိုလ်ပဉ္စမဇော၏ အခြားမဲ့၌ သောမနဿဖြစ်သော ရူပကြိယာပဉ္စမဈာန် ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြဖြေဆိုပြီးလျှင် အောက်ပါတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

(က) ဥပစာရသမာဓိဇော၊ (ခ) အာဂန္တုကဘဝင်။

http://www.dhammadownload.com



**သောမနဿဖြစ်သော မဟာကုသိုလ်ပဌမဇောၢ်အခြားမဲ့၌ သောမနဿဖြစ်သော ရူပ ကြိယာပဌမဈာန် မဖြစ်နိုင်ပါ၊ အကြောင်းမှာ - (၂၀၀၆-၃)**

## (က) ဥပစာရသမာဓိဇော၏ သဘောအဓိပ္ပါယ်

အပ္ပနာဈာန်ရရန် ကသိုဏ်းနိမိတ်စသည်ကို အာရုံပြုကာ ပွါးများအားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်များ ထင်လာလျက် အပ္ပနာဖြစ်လုလတ်သော် ဉာဏသမ္ပယုတ် ကာမာဝစရဇော ၈-ခုတို့တွင် အမှတ်မရှိ တစ်ခုခုသောဇောသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ အမည်ဖြင့် ၄-ကြိမ်, ၃-ကြိမ် ဖြစ်ပြီးလျှင် မန္ဒပညာပုဂ္ဂိုလ်, တိက္ခပညာပုဂ္ဂိုလ်တို့၌ ထိုက်သည့်အားလျော်စွာ ၄-ကြိမ်မြောက်, ၅-ကြိမ်မြောက်၌ အပ္ပနာဇောများဖြစ်ကြသည်၊ ထိုတွင် အပ္ပနာဇောမဖြစ်မီ ရှေ့၌ ဖြစ်သောဉာဏသမ္ပယုတ်ကာမဇောတို့သည် ဥပစာရသမာဓိဇောတို့ ဖြစ်ပါသည်။

## (ခ) အာဂန္တုကဘဝင်

တဒါရုံမကျသောဝါရများ၌ သောမနဿဖြင့်ပဋိသန္ဓေနေခဲ့သူ၏ ဒေါသဇောနောင်တွင် ဘဝင်ကျရသည်ဖြစ်ရာ ထိုဘဝင်စိတ်သည် ပဋိသန္ဓေနှင့်လျော်သော သောမနဿဘဝင်ဖြစ်က ရှေ့က ဒေါသဇောနှင့် ဆန့်ကျင်၏၊ ဒေါသဇောနှင့်လျော်သော ဥပေက္ခာဘဝင်ဖြစ်က ပဋိသန္ဓေနှင့် ဆန့်ကျင်၏၊ ဤအခါမျိုး၌ နှစ်ဘက်လုံးနှင့်လျော်သောဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် အာဂန္တုကဘဝင်ကိစ္စတပ်၍ တစ်ကြိမ်ဖြစ်၏၊ ဘဝင်စိတ်သည် ပဋိသန္ဓေစိတ်နှင့်တူစွာ ရိုးရာကျမြဲ အာဝါသိကဘဝင် မဟုတ်၊ လတ်တလောဖြစ်ရသော ဘဝင်ဖြစ်၍ အာဂန္တုကဘဝင် မည်၏။

---

**၄။ လူဖြစ်သော်လည်း လူစဉ်မမီသည့် ဇစ္စန္ဓပုဂ္ဂိုလ်၏ အဓိပ္ပါယ်ကို ရေးသားဖြေဆို၍၊ အောက်ဖော်ပြပါကံတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**

**(က) ဂရုကံ (ခ) အာသန္နကံ (ဂ) အာစိဏ္ဏကံ**

**(၂၀၁၀-၅) (၁၉၉၁-၃) (၂၀၁၂-၅)**

---

**၅။ မိမိကိုယ်ကျင့်တရားကောင်းမွန်အောင် ကြိုးစားနေကြသောပုဂ္ဂိုလ်တို့ အထူးသတိထားသင့်သော ကာမေသုမိစ္ဆာစာရ၏ သဘောအဓိပ္ပါယ်ကို သိသာပေါ်လွင်အောင် ရေးသား**

http://www.dhammadownload.com



**ဖြေဆို၍၊ အရက် ဘီယာ သောက်သုံးခြင်းသည် မည်သည့်ဒုစရိုက်၌ ပါဝင်သည်ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။**

**ကာမေသုမိစ္ဆာစာရ၏ သဘောအဓိပ္ပါယ်**

သူတော်မဟုတ် သူယုတ်တို့၏အကျင့်ဟူသော မေထုန်ကို မှီဝဲခြင်း၏အစွမ်းဖြင့် ကာယဒွါရ၌ဖြစ်သော မသွားလာထိုက်သောအရပ်ဌာနကို လွန်ကျူးခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်း၍ ကျင့်ခြင်းဟု ဆိုအပ်သောယုတ်မာသောအကျင့်သည် ကာမေသုမိစ္ဆာစာရ မည်၏။ (၂၀၁၂-၆)

**အရက် ဘီယာ သောက်သုံးခြင်း (၁၉၉၃-၁)**

---

၆။ **ကြက်သားစားချင်၍ ကြက်ကို ရိုက်သတ်သောသူအား အဘယ်မူလကြောင့် အဘယ်ကံ မြောက်သည်ကို သုံးသပ်ဖြေဆို၍၊ အောက်ပါတို့ကိုလည်း သေချာစွာ စိစစ် ဖြေဆိုခဲ့ပါ။**

**(က) ကြမ်းတမ်းသောစကားကို ဖြစ်စေသောမူလအကြောင်းတရား၊**

**(ခ) အပါယ်ကျစေနိုင်သော ကြမ်းတမ်းသောစကား။**

**ကြက်သားစားချင်၍ ကြက်ကို ရိုက်သတ်သောသူအား**

ဒေါသမူလကြောင့် ပါဏာတိပါတ ကာယကံမြောက်ပါသည်။

**(က) ကြမ်းတမ်းသောစကားကို ဖြစ်စေသော မူလအကြောင်းတရား** = ဒေါသမူလ

**(ခ) အပါယ်ကျစေနိုင်သော ကြမ်းတမ်းသောစကားဟူသည်**

သူတစ်ပါးမြတ်နိုးခြင်းကို ဖြတ်တတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော၊ စင်စစ်ကြမ်းတမ်းသောစကား ဖရုသဝါစာ ဖြစ်ပါသည်။

---

၇။ **ဗုဒ္ဓအဘိဓမ္မာကို ကြိုးစားအားထုတ်၍ သင်ယူထားကြသော စာဖြေရှင်တို့သည် ဘဝ သံသရာကျင်လည်ရာ၌ ပညာတံခွန်ကို မြင့်မြင့်မားမားလွှင့်ထူနိုင်ပြီး စွမ်းရည်ပြည့်ဝသော လူသားတစ်ယောက်ဖြစ်ရန် မည်ကဲ့သို့ ကုသိုလ်ကောင်းမှုပြုရမည်ကို ဋီကာကျော်နှင့်အညီ ဖြေဆို၍၊ တစ်ခုသောကုသိုလ်ကံသည် အဘယ်မျှသောပဋိသန္ဓေအကျိုးကို ပေးနိုင်ပါ သနည်း? ဖြေဆိုခဲ့ပါ။ (၁၉၉၃-၃) (၂၀၀၈-၇)**

http://www.dhammadownload.com



၈။ ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့၍ တည်သော ကာယပသာဒသည် အခြားသောပသာဒတို့နှင့် ရောနှောမှု ရှိ/မရှိ အကြောင်းပြ ဖြေဆိုပြီးလျှင်၊ အောက်ပါတို့၏တည်နေရာကိုလည်း လည်း ဖြေဆိုခဲ့ပါ။

(က) ဘာဝရုပ် (ခ) ဟဒယဝတ္ထု (၂၀၁၀-၈) (၁၉၉၈-၁) (၁၉၉၄-၁)

---

၉။ သတ္တဝါတို့၏ဘဝကို စီမံခန့်ခွဲသောကံတရားသည် ရုပ်ကိုဖြစ်စေရာ၌ အဘယ်အခါမှ စ၍ အဘယ်သို့ဖြစ်စေသည်ကို ပေါ်လွင်အောင် ရေးသားဖြေဆို၍၊ စာဖြေရှင်တို့၏မြင်သိစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်/ မဖြစ်စေနိုင်ကိုလည်း အကြောင်းသွင်း၍ ဖြေဆိုခဲ့ပါ။

**သတ္တဝါတို့၏ဘဝကို စီမံခန့်ခွဲသောကံတရားသည် ရုပ်ကို ဖြစ်စေပုံ**

ကာမာဝစရကုသိုလ်ကံ, အကုသိုလ်ကံ, ရူပါဝစရကုသိုလ်ကံအားဖြင့် ၂၅-ပါးသော ကံသည် (အဇ္ဈတ္တိကသန္တာန်၌ပြုပြင်အပ်သောကံကြောင့်ဖြစ်သော)ကမ္မဇရုပ်ကို ပဋိသန္ဓေ စိတ်၏ဥပါဒ်ခဏမှစ၍ ခဏတိုင်းခဏတိုင်း မပြတ်မလပ် စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ဥပါဒ်တိုင်အောင် ဖြစ်စေ၏၊ ၎င်း ၁၇-ချက်မြောက်သော စိတ်၏ဌီကာလမှစ၍ ကမ္မဇရုပ်ကို မဖြစ်စေတော့ပြီ။

အရူပါဝစရကုသိုလ်ကံသည်ကား ရုပ်ကိုမဖြစ်စေလိုသော ရူပဝိရာဂဘာဝနာ၏အစွမ်းကြောင့် ရုပ်ကို မဖြစ်စေနိုင်။

**မြင်သိစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်/ မဖြစ်စေနိုင် (၁၉၉၁-၃)**

---

၁၀။ ပြဟ္မာတို့၏သန္တာန်၌ အာဟာရဇရုပ်များ မရခြင်းအကြောင်းကို မှန်ကန်စွာ ရေးသားဖြေဆို၍၊ အောက်ပါတို့ကိုလည်း မှန်ကန်စွာဖြေဆိုခဲ့ပါ။

(က) တဏှာကို ဝါနဟု ဆိုရခြင်းအကြောင်း၊ (၂၀၁၃-၁၀)

(ခ) နိဗ္ဗာန်၏ တဏှာမှ ထွက်မြောက်ပုံ၊ (၂၀၀၁-၃)

**ပြဟ္မာတို့၏သန္တာန်၌ အာဟာရဇရုပ်များ မရခြင်းအကြောင်း (၂၀၁၂-၁၀)**

ဢ ဨ ဢ ဨ ဢ ဨ ဢ ဨ

http://www.dhammadownload.com



## ၂၀၁၆-ခုနှစ်

၁။ **အပွနာဇောဝါရ၌ ဝိဘူတာရုံတစ်မျိုးတည်းသာ ဖြစ်ရခြင်းအကြောင်းကို ရေးသားဖြေဆိုရ၍၊ ကုသိုလ်ဖြစ်သော ဥပစာရ သမာဓိဇောနောင် ကြိယာအပ္ပနာဇောများ မစောရခြင်း အကြောင်းကိုလည်း မှန်ကန်စွာဖြေဆိုခဲ့ပါ။**

ကသိုဏ်းပညတ်စသောအာရုံများနှင့် နိဗ္ဗာန်အာရုံတို့ ထင်ရှားရာအခါ၌သာလျှင် ဈာန်ဇော မဂ်ဇော ဖိုလ်ဇောဟူသော အပ္ပနာဇောများ ဖြစ်သင့်သောကြောင့် **အပ္ပနာ ဇောဝါရ၌ ဝိဘူတာရုံတစ်မျိုးတည်းသာ ဖြစ်ရခြင်း ဖြစ်ပါသည်။**

ကုသိုလ်ဇောသည် ပုထုဇဉ်, သေက္ခတို့၏သန္တာန်၌ ဖြစ်၏၊ ကြိယာဇောများသည် ရဟန္တာတို့၏သန္တာန်၌ ဖြစ်၏။ ထိုသို့ သန္တာန်ကွဲပြားသောကြောင့် **ကုသိုလ်ဥပစာရ သမာဓိဇောနောင် ကြိယာအပ္ပနာဇောများ မစောရခြင်း ဖြစ်ပါသည်။**

---

၂။ **ဝိပါက်စိတ်တို့သည် အဘယ်ကြောင့် ထင်လာတိုင်းသော အာရုံအားလျော်စွာသာ ဝေဒနာ ယှဉ်မှုဖြစ်ရသည်ကို ဥပမာဆောင်၍ဖြေဆိုပြီးလျှင်၊ အာဘဿရာဘုံ၌ဖြစ်ကုန်သောပုဂ္ဂိုလ် တို့၏သန္တာန်၌ တဒါရုံဖြစ်နိုင်/မဖြစ်နိုင်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ဖြေဆိုခဲ့ပါ။**

ကြေးမုံပြင်၌ထင်လာသော မျက်နှာရိပ်သည် အထူးပြုပြင်ရခြင်းမရှိသကဲ့သို့ ထို့ အတူ အကြောင်းကံကြောင့်ဖြစ်ရသော **ဝိပါက်စိတ်သည်လည်း အထူးပြုပြင်အားထုတ်၍ အာရုံကိုယူခြင်းမရှိသောကြောင့် ထင်လာတိုင်းသောအာရုံအားလျော်စွာသာ ဝေဒနာယှဉ်မှု ဖြစ်ရပါသည်။**

**အာဘဿရာဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏သန္တာန်၌** တဒါရုံ၏ အားကြီးသော အကြောင်းဖြစ်သော ကာမာဝစရ ပဋိသန္ဓေမျိုးစေ့မရှိသောကြောင့် တဒါရုံမဖြစ်နိုင်ပါ။

---

၃။ **ပကတိရိုးရာအခါ၌ (၇)ကြိမ်စောသော ကာမဇောတို့သည် သေခါနီးအခါ၌ (၅)ကြိမ်သာ စောရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ ဒွိဟိတ်ပုဂ္ဂိုလ်သည် ယခုဘဝ၌ မည်မျှပင်**

http://www.dhammadownload.com



**တရားအားထုတ်သော်လည်း အရိယာမဖြစ်နိုင်ခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**ကာမဇောတို့သည် သေခါနီးအခါ၌ (၅)ကြိမ်သာ စောရခြင်းအကြောင်း**

ကာမဇောတို့သည် သေခါနီးအခါ မှီရာဝတ္ထု၏အားနည်းသည်၏အဖြစ်ကြောင့် (၅)ကြိမ်သာ စောရခြင်း ဖြစ်ပါသည်။

**ဒွိဟိတ်ပုဂ္ဂိုလ်သည် ယခုဘဝ၌ တရားအားထုတ်သော်လည်း အရိယာမဖြစ်နိုင်ခြင်း အကြောင်း**

ဒွိဟိတ်ပုဂ္ဂိုလ်သည် ဈာန်မဂ်ဖိုလ်တို့ကို တားမြစ်တတ်သော ဒွိဟိတ်ပဋိသန္ဓေ ဝိပါက်ထင်ရှားရှိနေသောကြောင့် (ဝိပါကန္တရာယ်တားမြစ်ထားသောကြောင့်) ယခုဘဝ၌ မည်မျှပင် တရားအားထုတ်သော်လည်း အရိယာမဖြစ်နိုင်ခြင်း ဖြစ်ပါသည်။

---

၄။ **'ဝိထိနိုင်လျှင် သတ္တိုဟ်ပိုင်သည်'ဟု ဆိုကြရာ မဟာကုသိုလ်ပဥ္စမဇောနောင် အရူပကုသိုလ်ဇောများ ဖြစ်နိုင်/မဖြစ်နိုင် ဋီကာကျော်နှင့်အညီ သုံးသပ်ဖြေဆို၍၊ အောက်ပါတို့ကို မှန်စွာဖြေဆိုခဲ့ပါ။**

**(က) ငရဲမည်ပုံ (ခ) တိရစ္ဆာန်မည်ပုံ**

**မဟာကုသိုလ်ပဥ္စမဇောနောင် အရူပကုသိုလ်ဇောများ မဖြစ်နိုင်ပါ။**

အကြောင်းမှာ- မဟာကုသိုလ်ပဥ္စမဇောသည် သောမနဿဝေဒနာ ဖြစ်၏၊ အရူပကုသိုလ်ဇောများသည် ဥပေက္ခာဝေဒနာ ဖြစ်ပါသည်၊ ထိုသို့ဝေဒနာပြားသော ဇောတ်အချင်းချင်း အာသေဝနပစ္စည်းမတပ်နိုင်သောကြောင့် ဖြစ်ပါသည်။

**(က) ငရဲ** - ချမ်းသာသုခမှ ထွက်မြောက်တတ်သောကြောင့် ငရဲ မည်ပါသည်။
**(ခ) တိရစ္ဆာန်** - လူနတ်တို့ကဲ့သို့ ထောင်ထောင်မတ်မတ် မသွားဘဲ ဖီလာကန့်လန့် သွားတတ်သောကြောင့် တိရစ္ဆာန် မည်ပါသည်။

---

http://www.dhammadownload.com



**၅။ ယခုအခါ ဒါနခေတ်ဟု ဆိုရလောက်အောင် လှူဒါန်းမှုများ အလွန်များပြားလျက်ရှိရာ ဒါန၏သဘောအဓိပ္ပါယ်ကို ဋီကာလာအတိုင်း ရေးသားဖြေဆို၍၊ သူတစ်ပါးကုသိုလ်ပြု လျှင် မိမိလည်း ကုသိုလ်ရသည်-ဟု ဆိုနိုင်သော ပတ္တာနုမောဒန၏အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။**

**ဒါန** - အနုသယနှင့်တကွဖြစ်သော ခန္ဓာအစဉ်ရှိသော ပုထုဇဉ်, သေက္ခတို့၏သန္တာန်၌ သူတစ်ပါးတို့ကို ပူဇော်လို ချီးမြှောက်လိုသော, မိမိ၌ ထင်ရှားရှိသောဝတ္ထုကို စွန့်လွှတ် ခြင်း၏အစွမ်းဖြင့်ဖြစ်သော စေတနာ။

**ပတ္တာနုမောဒန** - သူတစ်ပါးတို့သည် ပေးအပ်, မပေးအပ်သော ကုသိုလ်ကောင်းမှု ကို မငြူစူရအညစ်အကြေးကင်းဝေးစင်ကြယ်သောစိတ်ဖြင့် အဖန်ဖန်ဝမ်းမြောက်ကြောင်း စေတနာ။

---

**၆။ 'အကြောင်းကောင်းလျှင် အကျိုးလှသည်'ဟု ဆိုရာ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ ဖြစ်အောင် ကြိုးစားအားထုတ်ရပုံကို ရေးသားဖြေဆို၍၊ သူတစ်ပါး၏အသက်ကို သတ်ခြင်းကြောင့် ပဋိသန္ဓေအားဖြင့် ရောက်နိုင်သောဘုံကိုလည်း ဖြေဆိုခဲ့ပါ။**

**တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံဖြစ်စေရန်**

ကုသိုလ်ကောင်းမှုပြုလုပ်နေစဉ် ကံ,ကံ၏အကျိုးကို သိမြင်ယုံကြည်သော ကမ္မ- ဿကတာဉာဏ် (သို့) ဝိပဿနာဉာဏ်တို့ကို ဖြစ်ပေါ်စေလျက် ရှေ့နောက်နှစ်တန်၌ ကုသိုလ်တရားများ ခြံရံနေအောင် ကြိုးစားအားထုတ်ရပါမည်။

**သူတစ်ပါးအသက်ကို သတ်ခြင်းကြောင့်** ပဋိသန္ဓေအားဖြင့် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာ ဘုံ၊ အသူရကာယ်ဘုံသို့ ရောက်နိုင်ပါသည်။

---

**၇။ သတ္တဝါတို့၏ သေဆုံးကာနီး၌ ကမ္မနိမိတ်များ ထင်လာတတ်ရာ ထိုကမ္မနိမိတ်သည်**

http://www.dhammadownload.com



**ဆိုင်ရာတန်ခိုးရှင်၏ဖန်ဆင်းမှုကြောင့် ထင်လာခြင်း ဟုတ်/မဟုတ် အကြောင်းသွင်း၍ ဖြေဆိုပြီးလျှင်၊ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**
**(က) ဥပလဒ္ဓိတဗ္ဗဂတိနိမိတ် (ခ) ဥပဘောဂဂတိနိမိတ်။**

**သတ္တဝါတို့သေဆုံးကာနီး၌ ထင်လာတတ်သောကမ္မနိမိတ်သည် ဆိုင်ရာတန်ခိုးရှင်၏ ဖန်ဆင်းမှုကြောင့် ထင်လာခြင်း မဟုတ်ပါ။** မိမိကိုယ်တိုင်ပြုခဲ့သော, ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံကြောင့် ထင်လာခြင်း ဖြစ်ပါသည်။

**(က) ဥပလဒ္ဓိတဗ္ဗဂတိနိမိတ်**

တိုက်ရိုက်ရထိုက်ခံစားထိုက်သည့် အမိဝမ်းရေ နတ်ဘုံ ငရဲဘုံ တော တောင်စသောအာရုံနိမိတ်ကို ခေါ်ပါသည်။

**(ခ) ဥပဘောဂဂတိနိမိတ်**

နတ်သမီး ပဒေသာပင် ငရဲမီး ငရဲထိန်းအစရှိသော သုံးဆောင်ထိုက်သော အတွင်းအပ အသုံးအဆောင် အာရုံနိမိတ်ကို ခေါ်ပါသည်။

---

၈။ **ပုထုဇဉ်ဖြစ်သောအရှုပြပ္ပာကြီး စုတေလျှင် ကာမဘုံ၌ ထက်မြက်သောပုဂ္ဂိုလ်ဖြစ်ရခြင်း အကြောင်းကို ရေးသားဖြေဆို၍၊ ဓာတ်ကြီးလေးပါးတို့တွင်ပါဝင်သော တေဇောဓာတ်သည် တွေ့ထိ၍ရသကဲ့သို့ အာပေါဓာတ်သည်လည်း တွေ့ထိ၍ ရ/မရ အကြောင်းနှင့် တကွ ဆုံးဖြတ်ဖြေဆိုခဲ့ပါ။**

**ပုထုဇဉ်အရှုပြပ္ပာကြီး စုတေလျှင် ကာမဘုံ၌ ထက်မြက်သောပုဂ္ဂိုလ်ဖြစ်ရခြင်းမှာ-**

အရှုပဈာန်၏အနီး၌ဖြစ်သော ကာမကုသိုလ်ဥပစာရသမာဓိဇောသည် အားကြီးသောကြောင့် ကာမတိဟိတ်ပဋိသန္ဓေ ၄-ခုကို နှောင်းနိုင်ကြခြင်း ဖြစ်ပါသည်။

**အာပေါဓာတ်သည် တွေ့ထိ၍ မရနိုင်ပါ။ အကြောင်းမှာ** အလွန်သိမ်မွေ့သောကြောင့် တွေ့ထိခြင်းငှာ မတတ်ကောင်းသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



**၉။ စာဖြေရှင်တို့၏ အဆင်းရူပါရုံသည် (က) သမ္ဘသနရုပ်မည်ပုံ (ခ) သဒ်တမည်ပုံတို့ကို ရေးသားဖြေဆို၍၊ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန်အတွက် ရုပ်ခန္ဓာကြီးကို ပယ်စွန့်ရန် လို/မလို စိစစ်ဖြေဆိုခဲ့ပါ။**

**(က) သမ္ဘသနရုပ်မည်ပုံ**

အဆင်းရူပါရုံသည် ပရိစ္ဆေဒ အစရှိသည်တို့၏အဖြစ်ကိုလွန်လျက် သဘောအားဖြင့်သာလျှင် ရအပ်သည်ဖြစ်၍ လက္ခဏာယာဉ်သုံးပါးသို့တင်ကာ သုံးသပ်ခြင်းငှာထိုက်သောကြောင့် ဖြစ်ပါသည်။

**(ခ) သဒ်တမည်ပုံ**

အဆင်းရူပါရုံသည် ကံအစရှိသော အကြောင်းတရားလေးပါးတို့သည်ပေါင်း၍ ပြုစီမံအပ်သောကြောင့် ဖြစ်ပါသည်။

**ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန်အတွက် ရုပ်ခန္ဓာကြီးကို ပယ်စွန့်ရန် မလိုပါ။**

အကြောင်းမှာ အလုံးစုံသောရုပ်တရားတို့သည် အဗျာကတဓမ္မတရား ဖြစ်သောကြောင့် ပယ်စွန့်ရန် မလိုပါ။

---

**၁၀။ တုသိတာနတ်ပြည်မှ နတ်သားတစ်ဦးစုတေလျှင် ရုပ်အလောင်းကောင်ကြီး(ရုပ်ခန္ဓာ) ကျန်ရစ်/မကျန်ရစ် သုံးသပ်ဆုံးဖြတ် ဖြေဆိုပြီးလျှင်၊ ဗုဒ္ဓဘာသာဝင်တို့၏ပန်းတိုင်ဖြစ်သော နိဗ္ဗာန်၏ သုညတမည်ပုံကိုလည်း ဖြေဆိုခဲ့ပါ။**

**တုသိတာနတ်ပြည်မှ နတ်သားတစ်ဦး စုတေလျှင် ရုပ်အလောင်းကောင်ကြီး (ရုပ်ခန္ဓာ) မကျန်ရစ်ပါ။** ဥပပါတ်ပုဂ္ဂိုလ်များဖြစ်၍ အလုံးစုံသောရုပ်များသည် စုတိစိတ်နှင့် အတူတကွသာလျှင် ချုပ်ကြသောကြောင့် ဖြစ်ပါသည်။

**နိဗ္ဗာန်၏ သုညတမည်ပုံ (၂၀၀၀-၃)**

ဿ ဏ ဿ ဏ ဿ ဏ ဿ ဏ

http://www.dhammadownload.com



## ၂၀၁၇-ခုနှစ်

**၁။ အလွန်အလိုရှိအပ်သောအာရုံ၌ သန္တီရဏနှင့် တဒါရုံတို့သည် သောမနဿသာ ဖြစ်ရခြင်းအကြောင်းကို ဥပမာဆောင်၍ ပေါ်လွင်အောင် ရေးသားဖြေဆိုပြီးလျှင် "ဝိပါက်အမှန် ဇောအပြန်"ဟူသော စကား၏အဓိပ္ပါယ်ကိုလည်း မှန်ကန်စွာ ဖြေဆိုခဲ့ပါ။**

**အလွန်အလိုရှိအပ်သောအာရုံ၌ သန္တီရဏနှင့် တဒါရုံတို့သည် သောမနဿသာ ဖြစ်ရခြင်းအကြောင်းမှာ -**

ကြေးမုံပြင်၌ထင်လာသောမျက်နှာရိပ်သည် အထူးပြုပြင်ရခြင်း မရှိသကဲ့သို့ ထို့အတူ အကြောင်းကံကြောင့်ဖြစ်ရသော ဝိပါက်စိတ်သည်လည်း အထူးပြုပြင်အားထုတ်၍ အာရုံကိုယူခြင်း မရှိသောကြောင့် ထင်လာတိုင်းသောအာရုံအားလျော်စွာသာ ဝေဒနာ ယှဉ်မှုဖြစ်ရပါသည်။

**"ဝိပါက်အမှန် ဇောအပြန်" (၁၉၉၄-၂)**

---

**၂။ ဇောသို့ အစဉ်လိုက်တတ်သောကြောင့် တဒါရုံဟု ဆိုရာ မဂ်ဇော၏အဆုံး၌ တဒါရုံကျနိုင်/မကျနိုင် အကြောင်းပြ၍၊ ဆုံးဖြတ်ဖြေဆိုပြီးလျှင် ယံ ကိဉ္စိ ပရိစိတပုဗ္ဗံ-၌ ပရိစိတပုဗ္ဗ၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**

**မဂ်ဇော၏အဆုံး၌ တဒါရုံ မကျနိုင်ပါ။ (၁၉၉၄-၃)**

**ပရိစိတပုဗ္ဗ-၏အဓိပ္ပါယ်**

ဤပစ္စုပ္ပန်တစ်ဘဝတည်းမှာပင် အာဂန္တုကဘဝင်စိတ်ဖြစ်ရာကာလမှ ရှေ့အဖို့ဖြစ်သောကာလ၌ လေ့ကျက်အပ်ဖူးသော များသောအားဖြင့် ယူအပ်ဖူးသော ကာမအာရုံကို **ပရိစိတပုဗ္ဗ** ဟု ဆိုပါသည်။

---

**၃။ နိဝရဏတရားတို့မှ ငြိမ်းအေးစေရန် သမထဘာဝနာကို ပွားများအားထုတ်နေသောပုဂ္ဂိုလ်အား ရှေးဦးစွာရရှိသော ရူပကုသိုလ်ပဥ္စမဈာန်ဇောသည် တစ်ကြိမ်သာဖြစ်ရခြင်းအကြောင်း**

http://www.dhammadownload.com



**ကို ရေးသားဖြေဆို၍၊ အောက်ပါဇောတို့၏ တစ်ကြိမ်သာစောရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**
**(က) အဘိညာဉ်ဇော (ခ) မဂ်ဇော (၁၉၉၀-၂)**

---

၄။ **"ခြင်အသက် ခုနစ်ရက်" ဟု ပြောဆိုကြရာ ထိုသို့ပြောဆိုသတ်မှတ်ခြင်းသည် အဘိဓမ္မာနှင့် ညီညွတ်မှုရှိ/မရှိ အကြောင်းပြ၍ ဆုံးဖြတ်ဖြေဆိုပြီးလျှင် အဘယ်နတ်မျိုးကို ပရနိမ္မိတဝသဝတ္တီနတ်ဟု ခေါ်ဆိုရသည်ကိုလည်း ဖြေဆိုခဲ့ပါ။**

**"ခြင်အသက် ခုနစ်ရက်"ဟု ပြောဆိုသတ်မှတ်ခြင်းသည် အဘိဓမ္မာနှင့် ညီညွတ်မှုမရှိပါ။**

အဘိဓမ္မာဒေသနာတော်တွင် အပါယ်ဘုံသားတို့၏ အသက်အပိုင်းအခြားကို အတိအကျသတ်မှတ်၍မရ၊ ကံသာလျှင်ပမာဏဖြစ်၏-ဟုဆိုသောကြောင့် ဖြစ်သည်။

**ပရနိမ္မိတဝသဝတ္တီနတ်**

သူတစ်ပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာ၌ မိမိအလိုသို့ ဖြစ်စေတတ်သောနတ်မျိုးဖြစ်သောကြောင့် ပရနိမ္မိတဝသဝတ္တီနတ် မည်ပါသည်။

---

၅။ **ပါကဒါနပရိယာယအားဖြင့်ပြားသော ကံလေးပါးတို့၏အကျိုးပေးပုံအစဉ်ကို ရေးသားဖြေဆို၍၊ အာစိဏ္ဏကံ၏ သဘောအဓိပ္ပါယ်ကိုလည်း ဋီကာကျော်နှင့်အညီ ရေးသားဖြေဆိုခဲ့ပါ။**

**ပါကဒါနပရိယာယအားဖြင့်ပြားသော ကံလေးပါးမှာ-**

ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံတို့ဖြစ်ပြီး၊ အကျိုးပေးပုံအစဉ်မှာ- အကြြင်ပုဂ္ဂိုလ်၌ ထိုကံလေးပါးလုံး ရှိအံ့၊ ဂရုကံသည် ရှေးဦးစွာ အကျိုးပေး၏၊ ထိုကံမရှိခဲ့သော် အာသန္နကံ အကျိုးပေး၏၊ ထိုကံမရှိခဲ့သော် အာစိဏ္ဏကံ အကျိုးပေး၏၊ ရှေ့ကံသုံးပါးထင်ရှားမရှိခဲ့သော် ကဋတ္တာကံက အကျိုးပေး၏။

**အာစိဏ္ဏကံ (၁၉၉၈-၂)**

http://www.dhammadownload.com



၆။ **"ညီညွတ်ခြင်းသည် အင်အား" ဟု ဆိုရာ ထိုညီညွတ်ခြင်းကို ဖျက်ဆီးတတ်သော ပိသုဏာဝါစာ၏သဘောအဓိပ္ပါယ်ကို ဋီကာကျော်နှင့်အညီ ရေးသားဖြေဆို၍၊ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**

**(က) ပါဏာတိပါတ (ခ) အဒိန္နာဒါန။**

**ပိသုဏာဝါစာ**

သူတစ်ပါးအား အချစ်ပျက်စေ၍ မိမိကို ချစ်စေလိုသဖြင့် သူတစ်ပါးအချစ်ပျက်ခြင်းကို ဖြစ်စေတတ်သော ကာယ ဝစီပယောဂကို ဖြစ်စေတတ်သော ညစ်နွမ်းသောစေတနာသည် **ပိသုဏာဝါစာ** မည်၏။

**(က) ပါဏာတိပါတ**

ဇီဝိတိန္ဒြေကို ဖြည်းဖြည်းမကျစေဘဲ လျင်မြန်စွာကျစေခြင်း (သေစေလိုသောစေတနာ)သည် **ပါဏာတိပါတ** မည်ပါသည်။

**(ခ) အဒိန္နာဒါန**

ပိုင်ရှင်၏ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူခြင်း (ယူကြောင်းဖြစ်သောစေတနာ)သည် **အဒိန္နာဒါန** မည်ပါသည်။

---

၇။ **ယခုအခါတရားပွဲများ၌ တရားနာယူသူများပေါ်များလျက်ရှိရာ မှန်ကန်သောတရားနာနည်းကို ဋီကာကျော်နှင့်အညီရေးသားဖြေဆို၍၊ အသိဉာဏ်နည်းပါးသော ဒွိဟိတ်လူသားတစ်ဦး စုတေလျှင် ပရိတ္တာသုဘာဘုံသို့ ရောက်နိုင်/မရောက်နိုင် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။**

**မှန်ကန်သောတရားနာနည်း (ဓမ္မဿဝန)**

လောကီလောကုတ္တရာဂုဏ်အထူး၏အဖို့ရှိသည် ဖြစ်ရပါလို၏ဟုလည်းကောင်း၊ အကြားအမြင်ရှိသည်ဖြစ်၍ သူတစ်ပါးတို့အား တရားဟောခြင်း စသည်တို့ဖြင့် ချီးမြှောက်အံ့ဟုလည်းကောင်း၊ ဤသို့ မိမိနှင့်သူတစ်ပါးတို့၏အကျိုးစီးပွါးဖြစ်စေခြင်း၏ အစွမ်းဖြင့်ဖြစ်သော ညစ်ညူးခြင်းမရှိသော မြတ်သောအလိုဖြင့် တရားကြားနာခြင်း ဖြစ်ပါသည်။ ထို့ပြင် အပြစ်ကင်းသောအတတ်ပညာအစရှိသည်ကို ကြားနာခြင်းသည်လည်း မှန်ကန်သောတရားနာနည်း ဖြစ်ပါသည်။

http://www.dhammadownload.com



**ဒွိဟိတ်လူသားတစ်ဦး စုတေလျှင် ပရိတ္တာသုဘာဘုံသို့ မရောက်နိုင်ပါ။**

အကြောင်းမှာ- ဒွိဟိတ် ကာမစုတိနောင် ကာမပဋိသန္ဓေသာ နှောင်းနိုင်သော ကြောင့် ဖြစ်ပါသည်။

---

၈။ **ဥပါဒါရုပ်တို့၏မှီရာဖြစ်သော မဟာဘုတ်တို့၏ ဘီလူးမနှင့်တူပုံကို ပေါ်လွင်အောင် ရေးသားဖြေဆို၍ အောက်ပါတို့ကိုလည်း ဖြေဆိုခဲ့ပါ။**

**(က) ပသာဒရုပ်မည်ခြင်းအကြောင်း**

**(ခ) ဂေါစရရုပ်မည်ခြင်းအကြောင်း။**

**မဟာဘုတ်တို့၏ ဘီလူးမနှင့်တူပုံ**

ဘီလူးမသည် နှစ်လိုဖွယ် အဆင်းသဏ္ဍာန် အစရှိသည်တို့ဖြင့် သတ္တဝါတို့အား လှည့်စားသကဲ့သို့ ပထဝီစသောဓာတ်တို့သည် နှစ်လိုဖွယ်သော မိန်းမ ယောက်ျားတို့၏အဆင်းကို ပြခြင်း အစရှိသည်ဖြင့် သတ္တဝါတို့ကို လှည့်စားတတ်ကြပါသည်။

**(က) ပသာဒရုပ်မည်ခြင်းအကြောင်း**

မဟာဘုတ်ရုပ် ၄-ပါးတို့ကို ကြည်လင်စေတတ်သောကြောင့် ဖြစ်ပါသည်။

**(ခ) ဂေါစရရုပ်မည်ခြင်းအကြောင်း**

ပဉ္စဝိညာဏ်၏အာရုံဖြစ်သောကြောင့် ဖြစ်ပါသည်။

---

၉။ **ခန္ဓာကိုယ်အတွင်း၌ရှိသောနှလုံးသွေးကို မှီ၍တည်သော ဟဒယဝတ္ထုရုပ်သည် အဇ္ဈတ္တိကရုပ် ဖြစ်သင့်/မဖြစ်သင့် ဋီကာကျော်နှင့်အညီ နည်းစုံအောင် ဆုံးဖြတ်ဖြေဆို၍၊ မိန်းမဟုသိကြောင်းဖြစ်သော ဣတ္ထိဘာဝရုပ်၏ တည်ရာဌာနကိုလည်း ဖြေဆိုခဲ့ပါ။**
(၂၀၁၄-၉) (၂၀၁၂-၈)

---

၁၀။ **"ကလလရေကြည် သန္ဓေတည်စ ထိုခဏဝယ်" စသည်ဖြင့် ဆိုကြရာ အဘယ်ကို ကလလရေကြည်ဟု ခေါ်ဆိုရသည်ကို ဖြေဆို၍၊ နိဗ္ဗာန်၏ သုညတမည်ပုံကိုလည်း ဖြေဆိုခဲ့ပါ။**
(၂၀၁၃-၁၀) (၂၀၀၀-၃)

http://www.dhammadownload.com



## ၂၀၁၈-ခုနှစ်

၁။ ခဏတ္တယ(ခဏငယ်) အမည်ရသော ဥပါဒ်ခဏ ဌီခဏ ဘင်ခဏတို့၏သဘောအဓိပ္ပါယ်ကို ရေး၍ ခဏငယ်သုံးပါးတို့တွင် ဇရတာသည် မည်သည့်ခဏမှ အသက်ရှည်၍ ခဏငယ်ပေါင်း မည်မျှရှိသည်ကိုလည်း သချာမှု ဖော်ပြပါ။ (၁၉၉၂-၂)

---

၂။ အပ္ပနာဝီထိ၌ လေးခုမြောက်စိတ်၏ ဂေါတြဘူအမည်ရပုံကို ဋီကာကျော်လာသည့်အတိုင်း ရေး၍ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောတို့သာ ပရိကံစသည် ဖြစ်နိုင်၍ ဒွိဟိတ်ဉာဏဝိပ္ပယုတ်ဇောလေးခုတို့၏ ပရိကံစသည် မဖြစ်နိုင်ခြင်း အကြောင်းကိုလည်း ရေးပါ။ (၂၀၀၂-၂)

**ဒွိဟိတ်ဉာဏဝိပ္ပယုတ်ဇောလေးခုတို့၏ ပရိကံစသည် မဖြစ်နိုင်ခြင်းအကြောင်းမှာ**

ဉာဏ်ကင်းကုန်သည် ဖြစ်၍ မခိုင်ခံ့၊ တုန်လှုပ်ချောက်ချားတတ်သဖြင့် အပ္ပနာအား အနန္တရူပနိဿယပစ္စည်း မတပ်နိုင်သောကြောင့် ဖြစ်ပါသည်။

---

၃။ မည်သည့်ပုဂ္ဂိုလ်တို့သည် မည်သည့်အကြောင်းကြောင့် သေက္ခဟူသော အမည်ကို ရပါသနည်း? ဖြေဆို၍၊ အရူပဗြဟ္မာကြီးများ သောတာပန်ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြဖြေဆိုပါ။

**သေက္ခဟူသော အမည်ရပုံ**

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက် ပေါင်း ၇-ယောက်တို့သည် သီလ သမာဓိ ပညာသိက္ခာ ၃-ပါးကို ကျင့်ဆဲဖြစ်သောကြောင့် သေက္ခ မည်ပါသည်။

**အရူပဗြဟ္မာကြီးများ သောတာပန်မဖြစ်နိုင်ပါ၊ အကြောင်းမှာ-**

အရူပဗြဟ္မာကြီးများသည် ရုပ်မရှိ၊ နာမ်ချည်းသက်သက်သာ ရှိသောကြောင့် တရားသံကို နာရန် သောတပသာဒရုပ် မရှိပါ၊ ထို့ကြောင့် သောတာပတ္တိမဂ် မဖြစ်၊ သောတာပန်လည်း မဖြစ်နိုင်ပါ။

http://www.dhammadownload.com



၄။ **အပါယ်ဘုံသားဖြစ်သော တိရစ္ဆာန် ပြိတ္တာတို့အား ငရဲသားတို့ကဲ့သို့ သီးခြားဘုံ ရှိ/မရှိ ဋီကာကျော်လာသည့်အတိုင်း ရေး၍၊ လူကို မနုဿ ဟု ခေါ်ရပုံနှင့် သိကြားမင်း၏နေရာကို တာဝတိံသာ ဟု ခေါ်ဆိုရပုံကိုလည်း ရေးပါ။ (၁၉၉၁-၁)**

**တိရစ္ဆာန် ပြိတ္တာတို့အား ငရဲသားတို့ကဲ့သို့ သီးခြားဘုံ မရှိပုံ**

တိရစ္ဆာနယောနိ၊ ပေတ္တိဝိသယ-ပုဒ်တို့၏ အရကို တိရစ္ဆာန်, ပြိတ္တာတို့၏နေရာအရပ်ကို မယူရ၊ ၎င်းတို့၏ခန္ဓာများကိုပင် ယူရပါမည်၊ အကြောင်းကား ထိုတိရစ္ဆာန်, ပြိတ္တာတို့သည် ငရဲဘုံကဲ့သို့ ပိုင်းခြားသတ်မှတ်အပ်သောအရပ်ဌာန မရှိသောကြောင့်တည်း။

**တာဝတိံသာ ဟု ခေါ်ဆိုရပုံ**

မာဃလုလင်နှင့် နတ်သား ၃၃-ယောက်တို့ ဖြစ်ရာဌာန ဖြစ်သောကြောင့် တာဝတိံသာ ဟု ခေါ်ဝေါ်ပညတ်ထားခြင်း ဖြစ်ပါသည်၏။

---

၅။ **လူတို့အား အသက်တိုခြင်းရှည်ခြင်းအားဖြင့် အသက်အပိုင်းအခြားမမြဲ (မတူညီ)ရခြင်းအကြောင်းကို ရေး၍၊ လောကလူသားတို့သည် 'အဟောသိကံ' ဟူသော စကားရပ်ကို ပြောဆိုလေ့ရှိကြရာ ယင်းအဟောသိကံ၏အဓိပ္ပါယ်ကိုလည်း ဋီကာကျော်လာသည့်အတိုင်း ရှင်းပြပါ။ (၁၉၉၂-၁) (၁၉၉၀-၂)**

---

၆။ **လောဘ ဒေါသ မူလအကြောင်း နှစ်ပါးစုံကြောင့် ဖြစ်ပေါ်လာနိုင်သော အကုသိုလ်ဒုစရိုက်ကံတို့ကို ဖော်ပြ၍၊ မုသာဝါဒ၏ အဓိပ္ပါယ်နှင့် ယင်းမုသာဝါဒ၏ အပါယ်လားကြောင်း ကံမြောက်မှု/မမြောက်မှုကိုလည်း သိသာရုံမျှ ရေးပါ။ (၂၀၀၉-၆)**

**လောဘ ဒေါသ မူလအကြောင်း နှစ်ပါးစုံကြောင့် ဖြစ်ပေါ်လာနိုင်သော အကုသိုလ်ဒုစရိုက်ကံတို့မှာ** - အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ။

---

၇။ **အမျှပေးဝေမှု၊ သာဓုခေါ်ဆိုမှုသည် ဒါန-သီလ-ဘာဝနာ ကုသိုလ်ကောင်းမှုတို့တွင် မည်သည့်အမျိုးအစား၌ ပါဝင်သနည်း? အကြောင်းနှင့်တကွ ဖြေဆို၍၊ တိဟိတ်ဥက္ကဋ္ဌကံ**

http://www.dhammadownload.com



**နှင့် တိဟိတ်ဩမကကံတို့၏ ခြားနားပုံကိုလည်း ဋီကာကျော်လာသည့်အတိုင်း ရေးပါ။ (၁၉၉၀-၃)**

**တိဟိတ်ဥက္ကဋ္ဌကံနှင့် တိဟိတ်ဩမကကံတို့၏ ခြားနားပုံ**

ကံကို ပြုဆဲ၌ ဉာဏ်ပညာနှင့် ယှဉ်ပြီး ကံမပြုခင် ရှေးအဖို့နှင့် ကံပြုပြီး နောက်အဖို့နှင့် ကုသိုလ်အခြံအရံရသောကံ (တစ်နည်း) ကံပြုရာကာလမှနောက်၌ အဖန်ဖန်တလဲလဲ မှီဝဲခြင်း ထုံမွမ်းခြင်းကို ရသဖြင့် မပြတ်မလပ် အထပ်ထပ်လေ့ကျက်အပ်သောကံမျိုးသည် **တိဟိတ်ဥက္ကဋ္ဌကံ။**

ကံကို ပြုဆဲ၌ ဉာဏ်ပညာနှင့် ယှဉ်သော်လည်း ကံမပြုခင် ရှေးအဖို့နှင့် ကံပြုပြီး နောက်အဖို့နှင့် အကုသိုလ်အခြံအရံရသောကံ (တစ်နည်း) ကံပြုရာကာလမှနောက်၌ "ငါသည် ဤကုသိုလ်ကို မကောင်းသဖြင့် ပြုအပ်ပြီ"-ဟု နှလုံးမသာခြင်းကို ဖြစ်စေခြင်းဖြင့် အဖန်ဖန်တလဲလဲ မှီဝဲခြင်းထုံမွမ်းခြင်းကို ရသဖြင့် မပြတ်မလပ် အထပ်ထပ်လေ့ကျက်အပ်သောကံမျိုးသည် **တိဟိတ်ဩမကကံ။**

---

၈။ **ရေ-မြေ-လေ-မီး ဓာတ်ကြီးလေးပါးတို့တွင် တေဇော (မီး) ဓာတ်၏ သဘောသဘာဝလက္ခဏာကို ရေး၍၊ ဇီဝှာပသာဒ (လျှာ)၏ ပုံသဏ္ဌာန်နှင့် တည်နေရာအရပ်ကိုလည်း ဖော်ပြပါ။**

**တေဇောဓာတ်သည်**- တကွဖြစ်ဘက် ဘူတရုပ် ၃-ခုအပေါင်းကို ရင့်ကျက်စေတတ်သောသဘော ရှိပါသည်။ (တစ်နည်း) တကွဖြစ်ဘက် ဘူတရုပ် ၃-ခုအပေါင်းကို ထက်စေတတ်သည်၏အဖြစ်ဖြင့် ပူစေတတ်သော သဘော ရှိပါသည်။
- ပူလောင်ခြင်းလက္ခဏာ ရှိပါသည်။

**ဇီဝှာပသာဒ (လျှာ)သည်** လျှာ၏အလယ်၌ ကြာညိုပွင့်ဖတ်၏ အဖျားသဏ္ဌာန် ရှိသောအရပ်၌ တည်ပါသည်။

---

၉။ **သဘာဝရုပ်မည်ခြင်း၏အကြောင်းနှင့် ယင်းသဘာဝရုပ်၌ပါဝင်သောရုပ်တို့ကို ရေတွက်**

http://www.dhammadownload.com



ပြပြီး၊ ဇာတိရုပ်တစ်ခုတည်းကိုပင် ဥပစယ သန္တတိဟု နှစ်မျိုးခွဲခြား၍ ဟောကြားရခြင်း အကြောင်းကိုလည်း ရေးပါ။ (၁၉၉၅-၂)

**သဘာဝရုပ်မည်ခြင်း၏အကြောင်း** - ကက္ခဠစသော မိမိတို့၏သဘောအားဖြင့် ရအပ်သောကြောင့် သဘာဝရုပ် မည်ပါသည်။

**သဘာဝရုပ်၌ပါဝင်သောရုပ် ၁၈-ပါးတို့ကို ရေတွက်ပြရသော် -**

(၁) ပသာဒရုပ် ၅-ပါး
(၂) ဂေါစရရုပ် ၄-ပါး
(၃) ဘာဝရုပ် ၂-ပါး
(၄) ဟဒယရုပ် ၁-ပါး
(၅) ဇီဝိတရုပ် ၁-ပါး
(၆) အာဟာရရုပ် ၁-ပါး

---

၁၀။ မည်သည့်အရပ်မှ ဖြစ်ပေါ်လာသော သတ္တဝါသည် သံသေဒဇသတ္တဝါမည်ပါသနည်း? ဖြေဆို၍၊ ရူပပြဟ္မာ့ဘုံ၌ ပြဟ္မာကြီးများဝယ် ဣတ္ထိဘာဝ ပုမ္ဘာဝ (ဖို+မ) ဗီဇသဘောရုပ် ရှိ/မရှိ အကြောင်းနှင့်တကွ ဖြေဆိုပါ။ (၁၉၉၀-၃) (၁၉၉၈-၃)

ဆ ဖ ဆ ဖ ဆ ဖ ဆ ဖ